www.burmeseclassic.com

စိုးမိုးစာပေ

# မြမုလဲသွယ်

နက္ခတ်အသစ်ရဲ့အချစ်ရက်စွဲများ

graphic designed by YuWa

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြပုလဲသွယ်

## နက္ခတ်အသစ်ရဲ့ အချစ်ရက်စွဲများ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၅၄၀၈၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၂၇၀၉၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀ ကျပ် |


# အခန်း (၁)

"ဟိုမှာလာနေတာ တော်ဝင်ဆိုတဲ့မိန်းမ ပေါ့တ်လား ခုနှင်း"

ဖူးအိစကားကြောင့် ဂမုန်းက ခြံဝင်းထဲ လှမ်းဝင်လာသော တော်ဝင်ရှိရာကို ဖတ်လက်စစာအုပ်ကို ဘေးချပြီး လှမ်းကြည့်လိုက်သည်။

"ပုံစံကိုက သူကြီးသမီးဂိုက်နဲ့၊ ပန်းရဂုံကိုလာပြီး ဘယ်လောက်အထိများ သိက္ခာချ အရှက်ခွဲနေကြဦးမယ် မသိဘူး၊ ဖူးတော့ သူတို့သားအဖကို နည်းနည်းမှ ကြည့်လို့မရဘူး၊ သူတို့သားအဖ ပန်းရဂုံကို ရောက်လာကထဲက ဖူးအတွက် အကုသိုလ်ချည်း ဖြစ်နေတော့တာပဲ"

ဖူးအိအသံက မကျေမနပ်နိုင်သလို လှပသောမျက်နှာလေးကလည်း အကြည့်ရဆိုးလောက်အောင် ရှုပုပ်ညှိုမှောင်ကောက်ချိတ်နေတာကိုကြည့်ပြီး ဂမုန်းကိုယ်တိုင်လည်း မျက်ခုံးစိမ်းလေး တွန့်

www.burmeseclassic.com



ကွေးသွားရပါသည်။

"မြင်လား၊ ဟိုမှာ ဖူးတို့တွေ အရှက်ကွဲ သိက္ခာကျအောင် ဘာတွေလုပ်လာပြန်ပြီလည်း မသိဘူး"

ဖူးအိအသံလေးက တုန်နေသလို လှုက်လည်း လှုပ်လှုပ်ရွရွဖြစ်နေသည်။ မျက်စိရှေ့ကမြင်ကွင်းကို လှမ်းကြည့်လိုက်တော့ ဆိုက်ကားတစ်စီးပေါ်မှာ မိန့်မိန့်ကြီးထိုင်လာသည့် တော်ဝင်နှင့် သူမနောက်ပိုင်း ကျောချင်းကပ်လျက်မှာ ဝယ်လာသည့် မီးသွေးအိတ်နှင့် ဆန်အိတ်၊ ဆီပုံးနှင့် ဈေးခြင်းတစ်ခုကို ထင်းခနဲတွေ့လိုက်၏။

တော်ဝင် သူမမိသားစုအတွက် ဈေးဝယ်လာခြင်းဖြစ်သည်။ ဒါကို ညီအစ်မနှစ်ယောက်စလုံး မြင်တွေ့နေရပါလျက် မကျေမချမ်းနိုင် ဒေါသကြီး အဆက်မပြတ် ပြောဆိုနေသူက ဖူးအိဖြစ်သည်။

"ဖူးတော့ ဒီအတိုင်း ကြည့်မနေနိုင်တော့ဘူး၊ မမ"

"ကြည့်မနေနိုင်လို့ ဖူးက သူ့ကို ဘာသွားပြောမလို့လဲ"

"အို့ ဟိုမှာ သူ လုပ်လာပုံ မမ မမြင်ဘူးလား၊ ပန်းရဂုံလို အိမ်ကြီးထဲကို ဆိုက်ကားအစုတ်ပလုတ်စီးပြီး ပစ္စည်းအစုတ်အပြတ်တွေ ဝယ်လာတာလေ"

ဖူးအသံက ဒေါသသံအပြည့်။ လှပသော မျက်နှာလေးမှာ ရှက်စိတ်၊ ခံပြင်းအလိုမကျစိတ်တွေနှင့် နီရောင်ပြောင်းပြီး လှုပ်လှုပ်ရှားရှား ဖြစ်နေပေမယ့် ဂမုန်းက ဖူးအိနှင့်ဆန့်ကျင်ဘက် တည်ငြိမ်အေးဆေးစွာပင် တော်ဝင်လုပ်သမျှကို လက်ပိုက်ကြည့်နေသည်။





"သူ့အိမ်အတွက် သူ့ဘာသာ ဈေးဝယ်လာတာကို ဖူးသွားပြီး ရန်တွေ့လို့ကတော့ ဖူးပဲရှုံးမှာပေါ့"

"ဒါဖြင့် ဖူးတို့က သူလုပ်ချင်ရာလုပ်သမျှ ဒီအတိုင်း ထိုင်ကြည့်ပေးနေရမှာလားလို့"

"ကြည့်သင့်လို့ ကြည့်နေရပြီပဲ၊ ဖူး ကြားထဲက ဖူး မနေ တတ်ရင် ဖူးပဲ ဒေါသဖြစ် အကုသိုလ်ဖြစ်နေရမှာပဲ"

"ဩော် မမကတော့ ဘာမှမဖြစ်ဘူးပေါ့လေ"

ဖူးက အစ်မဖြစ်သူ၏စကားကို မကျေနပ်ဘဲ ဒေါသဖြင့် ရန်တွေ့စကားဆိုတော့ ဂမုန်းက ဖူးကို ပခုံးနှစ်ဖက်တွန့်ပြလိုက်ကာ

"ဖြစ်နေတော့ရော ဘာတတ်နိုင်မှာမို့လဲ၊ ပန်းရဂုံကို တို့မိသားစုပိုင်သလို သူတို့လည်း ပိုင်တာပဲလေ၊ နင်တို့လုပ်သမျှ ငါတို့မိသားစု သိက္ခာကျတယ်၊ အရှက်ရတယ်၊ အခုချက်ချင်း ဒီကထွက်သွားလို့ ပြောခွင့်မှမရှိဘဲ ဖူးရဲ့၊ ဒီတော့ ဒီလိုပဲ ဘာမှမဖြစ်သလို နေနေရတာပေါ့"

ဂမုန်းစကားအဆုံးမှာ ဖူးတစ်ယောက် ဘာတစ်ခုမှ မပြောနိုင်ဘဲ အကြာကြီး ငိုင်ကျသွားသည်။ ဖူးရင်ထဲမှာ တော်ဝင်တို့သားအဖ ပန်းရဂုံကို ရောက်လာသည့်အတွက် နည်းနည်းမှ ကြည့်မရဘဲ သူမတို့မိသားစု၏ အရှက်နှင့်သိက္ခာကိုခွဲဖို့ ရောက်လာကြသူများအဖြစ် စိတ်ဆိုးဒေါသဖြစ်စွာ ရန်လိုနေမိသည် မှန်သော်လည်း အခု ဂမုန်းပြောလိုက်သည့် စကားထဲမှာ တစ်လုံးမှ အမှား မပါတော့လည်းခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီတို့ကြောင့် သိပ်ခက်တာပဲ၊ ဖူးသာဆိုရင် ဒီအစုတ်အပြတ်သားအဖကို အစောကြီးထဲက ငွေပေးပြီး မောင်းထုတ်ပစ်လိုက်ပြီ သိလား"

"ငွေပေးလည်း သူတို့ကမှ မသွားဘဲ ဖူးရဲ့"

"အဲဒါလည်းဟုတ်တာပဲ၊ သူတို့သားအဖက ဖူးတို့မိသားစုကို တမင်သက်သက် အရှက်ခွဲချင်လို့ အဲဒီလိုလုပ်တာပဲနေမှာ၊ ပြောတော့ဖြင့် မာမို့အစ်ကိုတဲ့"

"သူတို့သားအဖကြောင့် ကိုယ့်ညီမမိသားစု အရှက်တကွဲဖြစ်နေတာကိုသိသိနဲ့ ဘာမှမဖြစ်သလို နေနိုင်တာ ဖူးဖြင့် သိပ်အံ့သြတာပဲ"

ဖူးက သူမကိုယ်လေးကို နီးရာဆိုဖာပေါ် ပစ်၍ထိုင်ချခိုက်မှာ တော်ဝင်စီးလာသည့် ဆိုက်ကားက ပန်းရုံမြိုင်၏ ထင်ရှားကျော်ကြားလှသော အဆောက်အဦးကြီးနှင့် အိမ်ရှေ့တည့်တည့် ဆင်ဝင်အောက်ရှိ လင်ခရဆာကားဖြူဘေးမှ ပွတ်ကာသီကာ ကျော်ဖြတ်သွားပါသည်။

"ရပြီ ဆိုက်ကားဆရာ၊ မီးသွေးနဲ့ ဆန်အိတ်ကို အိမ်ထဲအထိရောက်အောင် ပို့ပေးခဲ့ဦးနော်"

"ဩော် နေဦး နေဦး၊ ကျွန်မပဲ ဆန်အိတ်နဲ့ မီးသွေးအိတ်ထားရမယ့်နေရာကို လိုက်ပြပေးမယ်"

ဖျတ်လတ်သွက်လက်စွာပင် တော်ဝင် ဆိုက်ကားပေါ်က ဆင်းပြီး လက်ထဲက ဈေးခြင်းနှင့် ဆီပုံးကို နေရာချပြီး ဆိုက်ကားဆရာကို ဆန်အိတ်နှင့် မီးသွေးအိတ် ထားရမည့်နေရာတွေကို လိုက်ပြသည်။

"ဖေဖေမှာတဲ့ ကောက်ညှင်းပေါင်းနဲ့ပဲ ဝယ်လာခဲ့တယ် ဖေဖေ၊ ခဏလေးနော်"

တော်ဝင်က ဆိုက်ကားသမားကို ကျသင့်ငွေ ရှင်းပေးလိုက်ပြီးနောက် ဈေးခြင်းထဲက သူမဝယ်လာသည့် ပစ္စည်းတွေကို ကမန်းကတန်းလေး ပြင်ဆင်နေရာချနေ၏။

"ဖြည်းဖြည်းလုပ်ပါသမီးရယ်၊ ဖေဖေ မဆာသေးပါဘူး၊ အနားလေးဘာလေးယူပါဦး၊ ဖေဖေ့သမီး မောနေပါ့မယ်"

လှပသော မျက်နှာလေးထက် ချွေးဥလေးများသီးနေသော သမီးဖြစ်သူ၏ မျက်နှာလေးကိုကြည့်ပြီး ဦးချမ်းငြိမ်းဆိုလိုက်တော့ တော်ဝင်မျက်နှာမှာ အပြုံးလှလှလေးပေါ်လာ၏။

"သမီး မမောပါဘူး ဖေဖေရဲ့၊ ဒီလောက်တော့ အေးဆေးပါ"

"ရော့ ဟောဒီမှာ ဖေဖေ့အတွက်"

ပြောပြောဆိုဆို ကောက်ညှင်းနှင့်ပဲကို ဆီဆမ်းအနေထားနှင့် ဖခင်ကြီးစားပွဲရှေ့ ချပေးလိုက်တော့ ဦးချမ်းငြိမ်းက သမီးဖြစ်သူကိုကြည့်ကာ တစ်ချက်သက်ပြင်းရှိုက်လိုက်သည်။

တစ်လောကလုံး ပြေးကြည့်မှ ဒီအဖေနှင့် ဒီသမီးသာရှိကြသည့်ဘဝမှာ သမီးအတွက် သူ မသေချင်သေးပါ။ ဘယ်လိုအကြောင်းအရာကိုစွမိုးပဲဖြစ်ဖြစ် သမီးလေးရှေ့မှာ ဖခင်တစ်ယောက်

www.burmeseclassic.com



အနေနှင့် မားမားကြီးရပ်ပေးလိုပါသေးသည်။

ညီမမိသားစုရှိသည်ဟုဆိုသော်လည်း ဘဝအခြေအနေက မိုးနှင့်မြေလို ကွာခြားနေကြသူများအဖြစ် သူတို့သားအဖကို လူရာမသွင်း၊ အရေးမထားကြမှန်း သိပါသည်။

ပန်းရဂုံကို သူတို့သားအဖ ပြန်ရောက်လာကတည်းက ညီမ အပါအဝင် မိသားစုအားလုံး မျက်နှာညိုနေကြကာ စကားပင်ဟဟ မပြောခဲ့ကြပါ။ ယောက်ဖဖြစ်သူက ဖာသိဖာသာပင် စကားတစ်ခွန်း နှစ်ခွန်းမျှ ဝင်ပြောသည်ဆိုရုံလေး ပြောဆိုကာ အလုပ်ကိစ္စ အကြောင်းပြပြီး ရှောင်ထွက်သွားသည်။ ညီမဖြစ်သူ ဒေါ်တင်မှီနှင့် စကားပြောဖြစ်တော့မှ ပန်းရဂုံအိမ်ကြီးပေါ် ဦးချမ်းငြိမ်းတို့သားအဖကို မထားလိုကြောင်း နားလည်လိုက်သည်။ အကြောင်းပြချက်နှင့် စကားအရာတွေက ယဉ်ကျေးသိမ်မွေ့သော်လည်း လိုရင်းအဖြေကို သိပြီးနောက်မှာ ဦးချမ်းငြိမ်းက ပန်းရဂုံအိမ်ကြီး၏ နောက်နားမှာ ဆောက်ထားသည့် နှစ်ထပ်တိုက်လေးမှာပဲ သူတို့သားအဖနေဖို့ သဘောတူလက်ခံလိုက်သည်။

နေပါစေ ရှိပါစေ။

အခုချိန်မှာ သမီးလေးအတွက်ဆိုရင် ဘာမဆိုသည်းခံဖို့ ဦးချမ်းငြိမ်း ဆုံးဖြတ်ထားသည်။ အရင်လိုစိတ်နှင့်သာဆိုလျှင်တော့ ဒေါ်တင်မှီ ဘာပြောပြော ဂရုမစိုက်မည်မဟုတ်။ အခု သူ့မှာ သမီးတော်ဝင် ရှိနေသည်။

လိမ္မာရေးခြားရှိသော သမီးကို သူ သိပ်ချစ်သည်။





ပြီးတော့ သမီးတော်ဝင်က သိပ်လှသည်။ လှပလွန်းသည့်သမီးကို လူ့လောကကြီးထဲ တစ်ယောက်တည်း ခွေမဲ့မျိုးမဲ့ အသိုင်းအဝိုင်းမဲ့ထဲမှာ ထားမပစ်နိုင်။

မြင်သူ့ဗွာကာဝေးရသော အလှပိုင်ရှင်အဖြစ် သမီးတော်ဝင်၏အလှကို အံ့သြချီးမွမ်းကြရသလို သမီး၏ဘဝပေးကို တင့်တယ်ဖြောင့်ဖြူးစေလိုသည်မှာ ဖခင်တစ်ယောက်၏ အတုမဲ့မေတ္တာသာ။

ထိုအတွေး ထိုစိတ်ကူးကြောင့်လည်း နှစ်ပေါင်းများစွာ စွန့်ခွာခဲ့သော ဤပန်းရဂုံသို့ ဦးချမ်းငြိမ်း ပြန်လည်ခြေချခဲ့တာဖြစ်သည်။

"စားလေ ဖေဖေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးကွယ်၊ သမီးရော စားလေ"

"သမီးက ဈေးထဲက မုန့်ဟင်းခါး စားလာခဲ့ပြီ၊ ဖေဖေပဲ ဝအောင်စားပါ၊ ဒီနေ့တော့ ဖေဖေ့အကြိုက် ဟင်းတွေချည်း ရွေးဝယ်လာခဲ့တယ် သိလား"

"ဘာတွေများလည်း သမီးရဲ့"

ကောက်ညှင်းပေါင်းကို ရေနွေးဖြင့်မျောရင်း ဦးချမ်းငြိမ်း မေးလိုက်တော့ သမီးငယ်က ချစ်စဖွယ်ရယ်သည်။ ပြီးတော့ သူဝယ်လာသည့်ပစ္စည်းတွေကို စီစဉ်တကျထည့်ထားသည့် ဇန်းတစ်ချပ်ကို သူ့ရှေ့လာချသည်။

"ဒီမှာလေ ဟောဒါက ဆိတ်သား၊ ဟောဒါက ချဉ်ပေါင်ကြီးရွက်၊ ဒီမှာ ငြုပ်သီးစိမ်းနဲ့ ပဲအပြင် ကြက်သည်းကြက်မြစ်တောင်

www.burmeseclassic.com



ပါလိုက်သေးတယ်''

''ဟင်းတွေစုံလှချည်လား သမီးရဲ့၊ ဖေဖေ့အတွက် ဟင်း တစ်မယ်ဆို ရပါပြီ''

''ဖေဖေမှ နေမကောင်းဘဲ၊ အားရှိအောင် စားမှဖြစ်မှာပေါ့ ဖေဖေရဲ့''

''ဖေဖေ့အတွက် ငွေအပိုကုန်မှာစိုးလို့ပါကွယ်''

''အမလေး အဲဒီအတွက်တော့ မပူနဲ့ ဖေဖေရေ၊ အထူးကု ဆေးခန်းတစ်ခါသွားရသလောက်တော့ မကုန်ပါဘူး၊ စိတ်ချမ်းချမ်း သာသာထားပြီး စားစရာရှိတာစား သိလား''

''ဆေးရုံတစ်ခါသွားမှ ငွေလည်းကုန် လူလည်းပင်ပန်းနဲ့၊ သိပ်ဒုက္ခရောက်တာ၊ တခြား ဘာမှမတွေးနဲ့၊ ဖေဖေစိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး အားရှိနေမှ သမီးလည်း စိတ်အေးရတာ၊ နို့မို့ရင် ဖေဖေ့အတွက် သမီးရင်ထဲမှာ အမြဲပူနေရတာချည်းပဲ''

ပြောရင်း တော်ဝင့်အသံလေးက တုန်လာတာမို့ ဦးချမ်းငြိမ်း စိတ်မကောင်းဖြစ်သွားသည်။

''ဖေဖေ ဘာမှမဖြစ်ပါဘူးကွယ်၊ နေကောင်းပါတယ်''

''သမီးကလည်း ဖေဖေအမြဲနေကောင်းပါစေ၊ စိတ်ချမ်း သာကိုယ်ချမ်းသာ ရှိပါစေလို့ နေ့စဉ်ဘုရားမှာ ဆုတောင်းနေရတာ ပါပဲ ဖေဖေရယ်''

သြော် သမီးလေးရယ်။

ဦးချမ်းငြိမ်းရင်ထဲ တော်ဝင်၏စကားကြောင့် အတော်လေး





ထိခိုက်ကြေကွဲသွားသည်။ တစ်လောကလုံးပြေးကြည့်မှ ဒီအဖေနဲ့ ဒီသမီး နှစ်ယောက်သာရှိကြသည့်ဘဝ။

အဒေါ်ဖြစ်သူနဲ့ ဝမ်းကွဲညီမတွေရှိသော်လည်း တော်ဝင် အတွက် ဘာတစ်ခုမှ အသုံးမဝင်။ ဆွေမျိုးသားချင်းစိတ်မရှိ။ အပြိုင် အဆိုင်စိတ်တွေနှင့် မနာလိုဝန်တိုစိတ်တွေများလွန်းသည့်အတွက် ညီအစ်ကိုမောင်နှမရယ်လို့ပင် မမြင်။

ခင်ခင်မှင်မင်လည်းမရှိ။

ရွှေရှိမှ အမျိုးတော်ချင်ကြသူတွေပီပီ ဂုဏ်မဲ့ငွေမဲ့သော ဦးချမ်းငြိမ်းတို့သားအဖကို သူတို့အစ်ကို၊ သူတို့ဦးလေး၊ သူတို့တူမ၊ ညီမရယ်လို့ပင် လူစာရင်းသွင်းလိုကြသူတွေမဟုတ်။

မတတ်သာလွန်း၍ သူတို့သားအဖကို လက်ခံထားမှန်း ဦးချမ်းငြိမ်းသိသလို သမီးတော်ဝင်လည်း သိသည်။ မသိချင်လို့ လည်းမရ။ ညီမဖြစ်သူ ဒေါ်တင်မှီသမီးတွေက သမီးတော်ဝင်ကို လူလစ်လျှင်လစ်သလို စောင်းကြမြောင်းကြ ပြောဆိုကြတာကို ဦးချမ်းငြိမ်း နားနှင့်ဆတ်ဆတ်ကြားခဲ့ရပြီးပါပြီ။

စိတ်ထဲမှာ ခံပြင်းဒေါသဖြစ်မိပေမယ့် ပြဿနာအကျယ် မချဲ့လိုတာနှင့် ဒေါသစိတ်ကို ရင်ထဲမှာ မျိုသိပ်ပြီး ရေငုံနေလိုက် သည်။ ဒါမှ ပန်းရဂုံမှာ သူတို့သားအဖ တည်မြဲစွာရပ်တည်နိုင်မည်။ ထိုသို့ မဟုတ်လျှင် ဦးချမ်းငြိမ်းတို့သားအဖကို အကြောင်းပြချက် ကောင်းကောင်းနှင့် ပန်းရဂုံမှာ မနေနိုင်အောင် မောင်းထုတ်ကြတာ ခံရမည်။

www.burmeseclassic.com



ဦးချမ်းငြိမ်းဘက်က ထိုသို့အဖြစ်မခံနိုင်။

ကိုယ်တစ်ယောက်တည်းဆိုလျှင် အကြောင်းမဟုတ်။ ဦးလေးသားချင်းမှန်းမသိ။မတူသလို မတန်သလို အဆက်မဆံမလုပ်ချင် မခေါ်မပြောချင်ရုံမျှမက ဦးချမ်းငြိမ်းကိုတွေ့တိုင်း မျက်စိမျက်နှာပျက်ဖြစ်နေသည့် တူမနှင့် ညီမကို နှစ်ပြားမတန်အောင် ပြောဆိုပြီး ပန်းရဂုံက ထွက်သွားရုံဖြစ်သော်လည်း သူမှာ သမီးတော်ဝင် ရှိနေသည်။

ပန်းရဂုံရဲ့သွေး။

ပန်းရဂုံရဲ့မြေ။

ပြီးတော့ ပန်းရဂုံရဲ့ အမွေဆိုင်တစ်ယောက်အဖြစ် ဦးချမ်းငြိမ်းတို့သားအဖကိုယ်တိုင်လည်း ပန်းရဂုံမှာ နေထိုင်ခွင့်အပြည့်ရှိသည်။ ညီမဖြစ်သူက ဦးချမ်းငြိမ်းကို မဖြစ်စလောက်ငွေလေးပေးပြီး ပန်းရဂုံက နှင်ထုတ်ဖို့ ကြိုးစားပေမယ့် ဦးချမ်းငြိမ်းလက်မခံ။

သူတို့သားအဖ ပန်းရဂုံက ထွက်ခွာရမည်ဆိုလျှင် အိမ်ကြီးကို ကာလပေါက်ဈေးအတိုင်း အဖိုးမှန်ဖြတ်၍ ငွေကို မောင်နှမနှစ်ယောက် တစ်ယောက်တစ်ဝက် အတိအကျခွဲယူကြမည်ဆိုတော့ ဒေါ်တင်မီကိုယ်တိုင် အတော်ကြီး တုန်လှုပ်ချောက်ချားသွားကာ မျက်စိ မျက်နှာပျက်နှင့် နောက်ထပ် ဘာစကားမှမစတော့။

ပန်းရဂုံအိမ်ကြီးကို ရောင်းချလိုက်ရမည်ဆိုလျှင် နောင်ဘယ်တော့မှ ထိုအဆင့်အတန်း ထိုအိမ်ကြီးမျိုးနှင့် ဝယ်မနေနိုင်တာ ဒေါ်တင်မီ သဘောပေါက်သလို ဦးချမ်းငြိမ်းလည်း သိသည်၊





နားလည်သည်။

ဦးချမ်းငြိမ်း သဘောအတိုင်းဆိုလျှင် ပန်းရဂုံဆိုတာ သူတို့မိဘဘိုးဘွားပိုင် အမွေအနှစ်ဆိုပေမယ့် အခုလိုချိန်မှာ ပန်းရဂုံကို ဆုံးရှုံးစွန့်လွှတ်လိုက်ရလို့လည်း ထူးပြီး ဝမ်းနည်းနေမိတော့မည် မဟုတ်သလို ညီမဖြစ်သူကဲ့သို့လည်း တုန်လှုပ် ချောက်ချားမည့်သူလည်း မဟုတ်တော့ပါ။

ရသင့်ရထိုက်သည့် အမွေအနှစ်ကလေးရမည်ဆိုလျှင် ကျေနပ်နှစ်သိမ့်နိုင်ပြီဟု ဆိုရမည်။ မသေခင်အချိန်မှာ လှူသင့်တာလေးတွေ လှူဒါန်းပြီး ထိုက်သင့်သော အိုးအိမ်ခြံမြေလေးဝယ်ယူကာ သူ ဝါသနာပါသည့် သီးပင်စားပင်လေးများ စိုက်ပျိုးရင်း လက်ကျန်ဘဝ တစ်စိတ်တစ်ပိုင်းကို သမီးတော်ဝင်နှင့်အတူ ငြိမ်းငြိမ်းအေးအေး ဖြတ်သန်းကုန်ဆုံးလိုသည်။

ညီမတို့မိသားစုလို ဂုဏ်တွေ ပကာသနတွေကြားမှာ ပူလောင်မွန်းနစ်ရင်း တစ်ယောက်နှင့်တစ်ယောက် သူ့ထက်ငါ သာရမည်ဆိုသည့်စိတ်နှင့် စိန်နားကပ်အပြိုင်ဝယ်၊ ကားအပြိုင်ဝယ်၊ အဝတ်အစားအသစ်အဆန်းမထပ်အောင် ကြိုးစား။ နိုင်ငံခြားသွားရမှ နိုင်ငံခြားထွက်ရမှ လူ့ဘဝနေပျော်သည်ဟု ထင်ကြသူတွေ။ သူ့ယောက်ျား၊ ကိုယ့်ယောက်ျား၊ ကိုယ့်သားသမီး၊ သူ့သားသမီး ဘယ်သူဘယ်ဝါ ထက်သာရမှဆိုသည့် အပြိုင်အဆိုင်လောကကြီးထဲမှာ ကိုယ့်ကြောင့် သူ ပူလောင်ရသလို သူ့ကြောင့် ကိုယ့်ရင်မှာ ပူလောင်ရခြင်းအဖြစ်ကိုလည်း အလိုမရှိတော့ပါ။

www.burmeseclassic.com



အပြိုင်အဆိုင်ရှိမှ တိုးတက်သည်ဆိုသည်ကိုက ဦးချမ်းငြိမ်းကိုယ်တိုင် လက်ခံပါသည်။ သို့သော် အတိုင်းအတာတော့ ရှိသင့်သည်။ ညီမတို့မိသားစု အဲမြပူလောင်နေတော့ ဦးချမ်းငြိမ်းကိုယ်တိုင်လည်း ရင်မအေးချမ်းနိုင်။

ဖူးအိနှင့်ဂမုန်းက တော်ဝင်နှင့် သက်တူရွယ်တူတွေဖြစ်နေတော့ တော်ဝင်ဘာလုပ်လုပ် သူတို့ညီအစ်မက ကြည့်မရတာ ဦးချမ်းငြိမ်းသိသည်။ သမီးတော်ဝင်ကိုမှ မဟုတ် ဦးချမ်းငြိမ်းခြံထဲမှာ ပေါင်းသင်မြေဆွ ခြံသန့်ရှင်းရေးလုပ်နေလျှင် ထိုညီအစ်မ မျက်နှာညိုကြ၊ စုပုပ်ကြနှင့်။

ကိုယ့်အပေါ် မကြည်မသာရှိကြသူများနှင့် တစ်မိုးအောက်ထဲ၊ တစ်ဝင်းတစ်ခြံထဲ အတူမနေလိုပေမယ့် မတတ်နိုင်။ ကိုယ်ကိုတိုင်က ယန်းရဂုံရဲ့သွေးဆိုတော့ ယန်းရဂုံနှင့် ဘယ်လိုမှ ကင်းကွာ၍မရ။ အိမ်ရှေ့ပူတော့ အိမ်နောက်မချမ်းသာတိုင်း သက်ပြင်းသာ ကျိတ်ချနေရသည့် အကြိမ်တွေကလည်း ဦးချမ်းငြိမ်းကိုယ်တိုင် မရေ မတွက်နိုင်တော့ချေ။

• • •



## အခန်း (၂)

"ဘယ်လိုလုပ်ကြမလည်း ကိုရယ်၊ တင်မိုတော့ သိပ်စိတ်ညစ်တာပဲ"

"ဘယ်တတ်နိုင်မလဲ မိန်းမရယ်၊ သူတို့တောင်းသလောက် ငွေမှ ကိုယ်တို့က မပေးနိုင်ဘဲ၊ ဒီလိုပဲ ကြည့်နေကြရုံပေါ့"

"တင်မိုတို့က ကြည့်နေနိုင်တာက ဟုတ်ပါပြီ၊ သမီးနှစ်ယောက်က အစ်ကိုတို့သားအဖနဲ့နေရတာ ရှက်လှချည့်ရဲ့ လုပ်နေတော့ တင်မိုလည်း ဘာလုပ်ရမှန်းမသိဘူး၊ သိပ်စိတ်ညစ်တာပဲ"

"ကိုယ်က အိမ်ကြီးရှင်ပဲ၊ ကိုယ့်စဝိုင်လ်နဲ့ ကိုယ်နေရင်ပြီးတာပဲ၊ အပြင်မှာ စီးပွားရေးလုပ်ရတာ အဆင်မပြေရတဲ့အထဲ ခေါင်းရှုပ်အောင် လာလုပ်မနေစမ်းပါနဲ့ကွာ"

"သူပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဘာတစ်ခုမှကို အားမကိုးရဘူး"

ခင်ပွန်းဖြစ်သူ ဦးဉာဏ်မင်းနားက စုအောင့်အောင့် အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာဖြင့် ဒေါ်တင်မှီ ထွက်လာခဲ့သည်။ အိမ်တွင်းရေးကိစ္စ တစ်ခုခု ဖြစ်လို့ တိုးတိုးတိတ်တိတ် လင်မယားနှစ်ယောက် တိုင်ပင်ချင်၍ မရ။ ဘာလေးပြောပြော ခေါင်းကိုက်တာ၊ ခေါင်းရှုပ်တာ၊ အပြင်မှာ စီးပွားရေးလုပ်ရတာ အဆင်မပြေတာနှင့် အကြောင်းပြချက်တွေပေး ပြီး ဘယ်နေရာမှ စိတ်ရှုပ်ခေါင်းရှုပ်မခံတတ်သူကြောင့် ကြာတော့ အိမ်မှာ ဘာကိစ္စပဲဖြစ်ဖြစ် ဒေါ်တင်မှီကိုယ်တိုင်ပဲ ဦးဆောင်ဖြေရှင်း သူဖြစ်မှန်းမသိ ဖြစ်လာသည်မှာ ကြာပါပြီ။

ဦးညဏ်မင်းက စီးပွားရေးမှာ ဦးဆောင်ရှာဖွေနိုင်တာမှန် ပေမယ့် တခြားအိမ်တွင်းရေး ပြဿနာတွေကြတော့ ခေါင်းရှုပ်မခံ တော့။ အရေးကြီးသည့် ဆုံးဖြတ်ချက်များနှင့် မဖြစ်မနေ ဝင်ပါရ မည့်ကိစ္စများတွင် ရှေ့တန်းက မားမားရပ်သော်လည်း ကျန်အချိန် တွေမှာတော့ အိမ်တွင်းမှာဖြေရှင်း၍ ရနိုင်သည့်ကိစ္စများနှင့် သမီး နှစ်ယောက်အရေးကို ဇနီးဖြစ်သူလက်မှာသာ ပုံအပ်ထားသူဖြစ် သည်။

ဇနီးပြောတိုင်း ဘာတစ်ခုမှမလုပ်။ သမီးတွေ ပြောဆိုပူ ဆာလာသမျှကိုလည်း အလိုလိုက်သင့်တာလိုက်ပြီး အလိုမလိုက် သင့်ဟုထင်လျှင် ပြတ်ပြတ်သားသား ပြောဆိုခြင်းကြောင့် သမီးတွေ ကလည်း ဦးညဏ်မင်းဆိုလျှင် တော်ရုံမပြောရဲ။

အဖေကို အားကိုး၍မရတော့ သမီးတွေက အမေလုပ်သူ ကို တစ်ဖက်လှည့်နှင့် သူတို့လိုချင်တာ သူတို့ဖြစ်ချင်တာတွေ ပြောနိုင်းကြသည်။ အခုကိစ္စမှာလည်း ဖူးအိနှင့်ဂမုန်းက တော်ဝင်တို့





သားအဖကို ပန်းရဂုံအိမ်ကြီးထဲက ထွက်သွားစေချင်ကြသည်။ တော်ဝင်တို့ သားအဖ ပန်းရဂုံမှာ သူတို့မိသားစုနှင့် အတူလာနေတာ ကို သူတို့ကို ဂုဏ်သိက္ခာထိခိုက် တမင်အရှက်ခွဲတာဟု မြင်နေ သည်။

ပန်းရဂုံမိသားစုဆိုပြီး ငယ်ငယ်ကလေးထဲက အခုချိန်ထိ လူတွေ ငေးကြည့်ရအောင် အထက်စီးက ခေါင်းမော့နေလာခဲ့သမျှ အခု တော်ဝင်တို့သားအဖ ရောက်လာပြီးထဲက ဖူးအိတို့ညီအစ်မ အရှက်ရမျက်နှာငယ်ရပါသည်ဆိုတော့ ဒေါ်တင်မှီကိုယ်တိုင်ကလည်း သမီးတွေလို ပါးစပ်က ဖွင့်မပြောပေမယ့် စိတ်ထဲမှာတော့ သမီး တွေနည်းတူ တစ်ထပ်တည်း ခံယူထားသူဖြစ်သည်။

အစ်ကိုကြီးဆိုတော့လည်း ဒေါ်တင်မှီ စိတ်ရှိသလောက် ဘာတစ်ခုမှ မလုပ်ရဲ။ မိဘသဘောမတူသည့် မိန်းမနှင့် လက်ထပ် သွားသဖြင့် ပန်းရဂုံကို စွန့်ခွာသွားသော်လည်း မိဘတွေက သား ဖြစ်သူကို အမွေပြတ်စွန့်လွှတ်ကြသည်မဟုတ်။ ပန်းရဂုံ၏အမွေဆိုင်။

မောင်နှမကလည်း နှစ်ယောက်ထဲရှိသည်။ အစ်ကို မရှိသည့် အချိန်မှာ မိဘနှစ်ပါးစလုံး ဆုံးသွားကြတာမို့ ဒေါ်တင်မှီက အိမ်ကြီးနှင့်တကွ အတွင်းပစ္စည်းတွေအားလုံးရလိုက်သည်။ အစ်ကို ဖြစ်သူကို အခုချိန်ထိ ထိုကိစ္စနှင့်ပတ်သက်ပြီး ဘာတစ်ခုမှမပြော သေး။

ပန်းရဂုံကို ဦးချမ်းငြိမ်း ပြန်ရောက်လာတော့ ဒေါ်တင်မှီ တော်တော် တုန်လှုပ်သွားသည်။ ရှေ့နေရှေ့ရပ်တွေဘာတွေခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် ပိုင်ဆိုင်သမျှ ခွဲဝေယူဖို့ လာသည်ဟုထင်ပြီး မျက်စိမျက်နှာပျက် ခြေမကိုင်လက်မကိုင်မိ စားမဝင်အိပ်မပျော် ဖြစ်လိုက်သေးသည်။

အစ်ကိုဖြစ်သူ ဦးချမ်းငြိမ်း၏ အခြေအနေကို တဖြည်းဖြည်း အကဲခတ် လေ့လာပြီးမှ ဦးချမ်းငြိမ်းတို့သားအဖကို ယန်းရဂုံရဲ့ အနောက်ဘက်မှာ ကားဂိုဒေါင်နှင့်အတူ တွဲလျက်ရှိနေသည့် နှစ်ထပ် တိုက်ကလေးမှာ စကားလှလှတွေသုံးပြီး နားဝင်အောင် ပြောဆိုနေ ထိုင်စေခဲ့သည်။

ဦးချမ်းငြိမ်းကလည်း ဒေါ်တင်မှီနှင့် ဘာတစ်ခုမှ အတိုက် အခံမပြောဘဲ အလွယ်ပင် သဘောတူလက်ခံလိုက်သဖြင့် သားအမိ တစ်တွေ အတော်ရင်ပေါ့သွားသည်။ ယန်းရဂုံအိမ်ကြီးပေါ်မှာပဲ အတူ နေမည်ဟု အရေးဆိုလာမည်ဆိုရင်လည်း ဒေါ်တင်မှီမှာ ဘာတစ်ခုမှ ငြင်းခွင့်မရှိ။

နေခွင့်ပြုရမည်သာ။

အခုတော့ ဦးချမ်းငြိမ်းကိုယ်တိုင်က အိမ်ကြီးပေါ်မှာမနေဘဲ သူတို့သားအဖဘာသာ သီးခြားနေထိုင်ကြပြန်တော့လည်း နားက မအေးသေး။ နေ့ရှိသ၍ နိုင်ငံခြားဖြစ် အသုံးအဆောင် အဖိုးတန် စိန်ရွှေနှင့် နောက်ဆုံးပေါ် အကွရာနံ့ပါတ်နှင့် ကားအမျိုးမျိုးစီးပြီး ယန်းရဂုံအိမ်ကြီးထဲကို ဝင်ထွက်သွားလာနေသည့် မိတ်ဆွေများ ဧည့်သည်များနှင့် တော်ဝင်တို့သားအဖဆုံလျှင် ဒေါ်တင်မှီကိုယ်တိုင် ဧည့်သည်တွေရှေ့မှာ နွမ်းနယ်သော အဝတ်အစားများနှင့် ပြောင်





ပြောင်ရောင်ရောင် ဘာတစ်ခုမှမရှိသော အစ်ကိုဖြစ်သူကြောင့် မကြာ ခဏ စိတ်ဆင်းရဲ စိတ်ဒုက္ခရောက်ရသည်။

တချို့ဧည့်သည်တွေက အလိုက်ကမ်းဆိုးမသိ မေးမြန်း စပ်စုလာတော့ ပိုဆိုးသည်။

''ဒါ တင်မှီ့အစ်ကိုလေ ဦးချမ်းငြိမ်း''ဆိုပြီး ပွဲထုတ်မိတ် ဆက်ပေးရအောင် ဦးချမ်းငြိမ်းမှာ ယန်းရဂုံ၏သွေး၊ ယန်းရဂုံအိမ်ကြီး သခင် ဒေါ်တင်မှီ၏ အစ်ကိုအဖြစ်ကလွဲပြီး တခြားဂုဏ်ထူးရာခံမရှိ တော့ ခက်သည်။ တချို့ဧည့်သည်ကို ဒေါ်တင်မှီက ဦးချမ်းငြိမ်း မှာ သူ့မအစ်ကိုဖြစ်ကြောင်း အမှန်အတိုင်းပြော၍ တချို့အရေးကြီး သော ဧည့်သည်များကိုတော့ စကားကို အဆင်ပြေအောင် ဒီလိုပဲ လိုးလွဲဖြေဆိုရတာမျိုးကလည်း မကြာခဏ။

ဒေါ်တင်မှီကိုယ်တိုင် ဒီလိုဝေဒနာမျိုးတွေ မကြာခဏ ခံစား နေရသူပီပီ သမီးတွေဆီက ထိုခံစားချက်မျိုး ပြောဆိုလာတော့ ဒေါ်တင်မှီကိုယ်တိုင် ထပ်တူခံစားမိသည်ဆိုပေမယ့် ထိုကိစ္စအရေး အခင်းကို သူမကိုယ်တိုင်လည်း ဘယ်ပုံဘယ်နည်း ကိုယ်တွယ်ဖြေ ရှင်းရမှန်းမသိ ဖြစ်နေပါသည်။

လွယ်တော့မလွယ်။

ခင်ပွန်းဖြစ်သူကြတော့လည်း ဒါမျိုးကိစ္စမှာ ဘာတစ်ခုမှ အားကိုးလို့မရ။ သမီးတွေပြောသလို တော်ဝင်တို့သားအဖကို ရသင့် ရထိုက်တဲ့ငွေကို ခွဲပေးလိုက်ပါဟု ဆိုပေမယ့် ဒီကိစ္စက အပြောလွယ် သလောက် လက်တွေ့မှာကြတော့ အင်မတန်ခက်ခဲသည့် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ဖြစ်နေသည်။

ဒေါ်တင်မှိတို့မှာ ဦးချမ်းငြိမ်းတို့သားအဖကို ခွဲဝေပေးရမည့် ငွေက ဒီနေ့ခေတ်ပေါက်ဈေးနှင့် သိန်းထောင်ချီနေသည်။ ဒေါ်တင်မှိတို့လက်ထဲမှာ လောလောဆယ် ထိုလောက်ငွေမရှိ။ ငွေအားလုံး လုပ်ငန်းထဲမှာ လည်ပတ်နေတာမို့ ထုတ်ယူဖို့ကြပြန်တော့လည်း အဆင်မပြေ။

ယောကျ်ားဖြစ်သူကို ထိုကိစ္စနှင့်ပတ်သက်ပြီး ဒေါ်တင်မှိကိုယ်တိုင် ခေါင်းချင်းရိုက်ပြီး ဆွေးနွေးကြည့်ပြီးပြီ။ ပြော၍မရ။

"မင်းတို့သားအမိကိုက ဘာဖြစ်နေတာလည်း၊ သူလည်း သူ့ဘာသာသူနေ၊ ကိုယ်လည်း ကိုယ့်ဘာသာနေရင် ပြီးပြီမဟုတ်လား၊ သူတို့မိသားစုအရေးကိုလည်း တို့ဘက်က ဝင်မစွက်ဘူး၊ အေး တို့မိသားစုအရေးကိုလည်း သူတို့ဘက်က ဘာတစ်ခုမှ ဝင်မစွက်သ၍ ကိုယ်လည်း ကိုယ်နေတတ်သလိုနေ၊ သူတို့လည်း သူတို့ဘာသာနေလိမ့်မယ်"

"မင်းတို့သာ သူတို့သားအဖကို ဘာပြဿနာမှ သွားမရှာကြနဲ့၊ အမွေကိစ္စအရှုပ်အရှင်းဖြစ်ပြီး ကျော်မကောင်းကြားမကောင်း ယန်းရုံအိမ်ကြီးကို လက်လွှတ်လိုက်ရတဲ့အထိ မဖြစ်စေနဲ့၊ ငါပြောချင်တာက ဒါပဲ"

ဟွန်း။

ပြောတော့ဖြင့် လွယ်လိုက်တာ။

ဘယ်သူကရော ကိုယ်တစ်သက်လုံး နေလာတဲ့ ယန်းရုံကို





လက်လွှတ်ခံမှာလည်း။

ဟင်း အခုမှ သိပ်ခက်တာပဲနော်။

သမီးတွေကလည်း ပြောလုပြီ။ အစ်ကိုတို့သားအဖကို ယန်းရုံက ထွက်သွားအောင်လုပ်ဖို့ဆိုတာလည်း အခြေအနေကမပေးနဲ့၊ စိတ်ညစ်ပါတယ်နော်။

ဒီကြားထဲ တော်ဝင်ဆိုတဲ့ ကလေးမကလည်း တစ်မျိုး။ အမေတူသမီးပီသစွာ ရုပ်ကလေးမှုန်နေအောင်ချောလိုက် လှလိုက်သည်မှာ ပြောစရာမရှိ။ ဘာတစ်ခုမှ မပြင်မဆင်ဘဲနှင့်ကို ဝင်းစိုနုဖတ်နေအောင် လှပဲလှနိုင်လွန်း၍ပဲ ဒေါ်တင်မှိကိုယ်တိုင် ကိုယ့်သမီးတွေနှင့် တစ်ဝင်းတစ်ခြံထဲမှာ အတူရှိနေတာကို စိတ်ထဲက သဘောမတွေ့ဖြစ်နေသည်။

သမီးဖြစ်သူ ဂမုန်းနှင့် ဖူးအိတို့လည်း သူတို့အလှနှင့်သူတို့ လှကြပါသည်။ ခေတ်မီအသုံးအဆောင် အဖိုးတန်အလှပြင်ပစ္စည်းတွေနှင့်ဆိုတော့ ကော်ပတ်ရုပ်ကလေးတွေချထားသလို ချစ်စရာကောင်းအောင် လှပပေမယ့် တော်ဝင့်အလှကိုတော့မမီ။

တော်ဝင့်အလှနှင့် သမီးတို့အလှကို နှိုင်းယှဉ်လိုက်တော့ လမင်း နှင့် ပိုးစုန်းကြူးလိုဖြစ် ဖြစ်သွားတာကိုလည်း ဒေါ်တင်မှိစိတ်ထဲမှာ မကျေနပ်။ ကမ္ဘာပေါ်မှာရှိကြသည့် မိဘတိုင်း ကိုယ့်သားသမီးကိုယ်သာ အလှဆုံး အချောဆုံးဖြစ်စေချင်သလို ဒေါ်တင်မှိစိတ်မှာလည်း မိခင်တစ်ယောက်၏ အတ္တဖြင့် သမီးနှစ်ယောက်စလုံးကို ဘက်စုံထောင့်စုံ တော်ဝင်ထက်သာစေလိုသည်မှာ မဆန်း။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ လှတာတစ်ခုတည်းနဲ့လည်း ဘာတစ်ခုမှ သုံးစားလို့မရပါဘူး။

ဒီကနေ့ခေတ်မှာ သားရှင်သမီးရှင်တွေ အမြင်ကျယ်၊ အတွေး အခေါ်မြင့်လာကြသလို သားသမီးဆိုတဲ့ လူငယ်လေးတွေမှာလည်း အိုင်ဒီယာကောင်းကောင်းနဲ့ ကိုယ့်ဘဝမြင့်မားတိုးတက်မဲ့ ဘဝခရီးလမ်းကို ကွန်ပျူတာဦးနှောက်နဲ့ တွက်ချက်ရှာဖွေနေတာ ပြီဆိုတော့ တော်ဝင်လို အလှတစ်ခုထဲရှိနေတဲ့သူကို ဘယ်သူမှ သဘောကျမှာမဟုတ်ပါဘူး။

ဦးနှောက်ကြီးကြီးရှိတဲ့လူတိုင်း။

ကိုယ့်အဆင့်အတန်းကို ကိုယ်သိရင် ဂမုန်းနဲ့ ဖူးအိဆိုတဲ့ ဘက်စုံထောင့်စုံ ဘာတစ်ခုမှ ပြန်လှည့်ကြည့်စရာမလိုတဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေးတွေကို ရွေးချယ်လိမ့်မပေါ့။

"ဘာတဲ့လဲ မာမီ၊ ဒက်ဒီက ဘာတဲ့လဲ"

ဂမုန်းအသံက အားတက်သရော။

သူတို့ညီအစ်မ မရှင်းနိုင်သည့်ကိစ္စကို သူတို့မာမီရှင်းနိုင်လိမ့်မည်ဆိုသော ယုံကြည်စိတ်က အပြည့်။ မိခင်ရှိရာကို အပြေးရောက်လာပြီး ညီမနှစ်ယောက် သိချင်သည့် အဖြေကို မျှော်လင့်ချက်အပြည့်ဖြင့် မေးကြသည်။

"ဒီကိစ္စက မလွယ်သေးပါဘူး သမီးတို့ရယ်"

"အင်း မာမီကလည်း၊ အဲဒီအစုတ်အပြတ်သားအဖနဲ့ အတူ မနေချင်ပါဘူးဆို"





"ရှူး တိုးတိုးပြောလေ ဖူးအိ၊ မခေါ်ချင်ရင်နေလို့ရတယ်၊ မတော်ချင်ဘဲ နေလို့မှမရဘဲ၊ အဲဒါ သမီးတို့ ဦးကြီးဆိုတာလည်း သတိရဦး၊ စကားကို အဲဒီလို လျှောက်မပြောရဘူး၊ မတော်ကြားသွားလို့ ပြဿနာတစ်ခုခုဖြစ်ရင် သမီးတို့ဒက်ဒီနဲ့မာမီက အရင် ရန်ပွဲဖြစ်ရမှာသိလား"

"သူတို့နဲ့ ဒက်ဒီက ဘာဆိုင်လို့လဲလို့"

"ဒက်ဒီ့အမျိုးမှမဟုတ်တာ၊ ဒက်ဒီက ဘာနာစရာရှိလို့လဲ မာမီရဲ့"

ဖူးအိနှင့် ဂမုန်းတို့ညီအစ်မက လောကကြီးကို အမြင်ကျဉ်းကျဉ်း အတွေးနုနုဖြင့် ဖြစ်ချင်တာလောက်ပဲတွေးပြီး ပြောနေကြသည်။ ဦးချမ်းငြိမ်းတို့သားအဖနှင့် ပြဿနာဖြစ်ပြီး အမွေကိစ္စရှုပ်ထွေးလာမှာကို မမြင်။

"နာလို့ပြောတာ မဟုတ်ဘူးလေ၊ အမွေကိစ္စတွေရှုပ်လာရင် ရှင်းရမှာ မလွယ်လို့ ပြဿနာမဖြစ်ချင်တာမျိုးပါ"

"ဒါနဲ့ပဲ သမီးတို့က သူတို့သားအဖနဲ့ တစ်သက်လုံး ဒီအတိုင်း နေကြရတော့မှာလား မာမီရဲ့"

"မာမီတို့ အဆင်ပြေလာတဲ့အချိန်အထိတော့ သည်းခံပြီး စောင့်ရဦးမှာပေါ့ သမီးတို့ရဲ့၊ သူတို့ကို ပေးရမယ့်ပိုက်ဆံကလည်း နည်းနည်းမှမဟုတ်တာ"

"မာမီတို့က သူဌေးတွေပဲ၊ ဒီလောက်ချမ်းသာနေတာ၊ ထုတ်ပေးလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဖူးအိက မကျေမနပ်နှင့်ထပြောတော့ ဒေါ်တင်မှို မျက်လုံးပြူးကြီးနှင့် သမီးမျက်နှာကို လှမ်းကြည့်သည်။

"အမလေး ပြောတော့ဖြင့် လွယ်လိုက်တာ ဖူးအိရယ်၊ အဲဒီပိုက်ဆံတွေက လုပ်ငန်းထဲမှာအေ့ သိလား၊ ရှော့အင့်ဆိုပြီး အလွယ်တကူ ထုတ်ပေးချင်လို့ ရတာမဟုတ်ဘူး"

"ဒါဖြင့်လည်း မာမ့်စိန်တွေ ရွှေတွေ ထုတ်ရောင်းလိုက်ပေါ့၊ ဒီနေ့ခေတ်ရွှေဈေးနဲ့ဆို လိုချင်တဲ့ငွေတော့ အသာလေး ရမှာပါနော်"

"ဟုတ်တယ် ဟုတ်တယ်၊ ဂမုန်းလည်း ဟိုတစ်နေ့က မာမ့်မီးခံသေတ္တာကိုကြည့်ပြီးပြီ၊ အထဲမှာ တကယ့်ရတနာသိုက်ပဲ"

"ဟဲ့ ဘာတွေလျှောက်ပြောနေတာလဲ၊ နင်တို့နဲ့တော့ ခက်ပါသေးတယ်နော်၊ အဲဒီကိစ္စ အစ်ကိုတို့သားအဖကြားသွားမှဖြင့် ငါ ရထားတဲ့ အထုပ်ထဲက တစ်ဝက်ခွဲပေးနေရလိမ့်ဦးမယ်"

"နင်တို့ပါးစပ်တွေ ပိတ်ထား နားလည်လား၊ မိဘတွေ ။ အလိုလိုက်မှန်းသိလို့ ဘာတစ်ခုမှကို အရိပ်သုံးပါး နားမလည်ဘူး"

"မာမိပဲပြောတော့ မာမ့်သမီးလေးတွေ တော်လှချည်ရဲ့ဆို"

"အေး အခု မတော်ဘူး၊ ရှော်နေပြီ သိလား၊ နောက်ဘယ်တော့မှ မာမ့်ရတနာပစ္စည်းတွေအကြောင်း မပြောမိစေနဲ့၊ အထူးသဖြင့် တော်ဝင်တို့သားအဖရှေ့မှာ ပိုသတိထား နားလည်လား"





"သားအမိချင်းရှေ့မှာမို့ ပြောတာပါ မာမိရဲ့၊ ဟိုသားအဖရှေ့မှာ ဘာကိစ္စသွားပြောရမှာလဲ၊ မာမ့်သမီးတွေပဲ၊ ဒီလောက်မတုံးပါဘူးနော်"

"အေးပါကွယ်၊ မာမိက ပို သတိထားဖို့ပြောတာပါ၊ မာမိမှာရှိတာအကုန်လုံး သမီးတို့အတွက်ချည်းပဲ၊ တော်ဝင်တို့သားအဖကိစ္စကိုလည်း ခေါင်းအလေးခံပြီး ဦးနှောက်ထဲထည့်မနေပါနဲ့ကွယ်"

"သူတို့လည်း သူတို့ဘာသာနေကြတာပဲ၊ ကိုယ်လည်းကိုယ့်ဘာသာနေပါ၊ တော်ကြာ ပြဿနာရှုပ်လို့ အမွေကိစ္စထဖြစ်လာရင် မာမိတို့ပဲ နစ်နာဆုံးရှုံးရမှာကွဲ့ နားလည်လား"

"သူတို့သားအဖဟာ သူတို့ဘဝနဲ့သူတို့ နေသားကျနေပြီဆိုတော့ ဘယ်လိုနေနေ ဘယ်လိုစားစားရတယ်၊ မာမိတို့ကျတော့ သူတို့လို မနေနိုင် မစားနိုင် မသွားနိုင်တော့ သူတို့နဲ့ဘက်ပြိုင်လို့ကတော့ မာမိပဲ ဆုံးရှုံးနစ်နာစရာဖြစ်နေလိမ့်မယ်"

"ဒီတော့ သူတို့သားအဖကိစ္စကို ခေါင်းထဲမထည့်ကြနဲ့တော့ ဟုတ်လား"

"မာမိပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ် ဖူးအိရယ်၊ ဂမုန်းတော့ ပန်းရဂုံကလွဲပြီး တခြားဘယ်နေရာမှ နေနိုင်မှာမဟုတ်ဘူး၊ ပန်းရဂုံမှာပဲ ပျော်တယ်၊ တော်ဝင်တို့သားအဖကို အာရုံထဲ ထည့်မထားဘဲ ပစ်ထားလိုက်ရင် ပြီးပြီပေါ့"

"မာမ့်သမီးတွေက လိမ္မာပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မှိစရှားအဆုံးမှာ ညီအစ်မနှစ်ယောက် လေသံပျော့သွားသည်။ မာမီပြောတာတွေ မှန်နေတော့ ဘာမှထပ်မပြောဖြစ်တော့။ တော်ဝင်တို့သားအဖကို စိတ်ထဲမကျေနပ်တာကို စိတ်ထဲမှာပဲ ကျိတ်မှိုသိပ်ထားလိုက်ပါတော့မည်-တိတ်တိတ်ဆုံးဖြတ်လိုက်ကာ ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက် အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်ကြ၏။

သူတို့ဆုံးဖြတ်ချက် ဘယ်နေ့ဘယ်ရက်အထိ ခံမည်ဆိုသည်ကိုက ညီအစ်မနှစ်ယောက်စလုံး သေချာမသိချေ။

♦ ♦ ♦



## အခန်း (၃)

"ဟား လှတယ်ကွာ၊ ရင်ထဲကို အေးသွားတာပဲ"

"ဘယ်သူ့ကို ပြောတာလည်း နေဗလ"

"ဟိုမှာလာနေတဲ့အုပ်စုထဲက အဝါလေး"

နေဗလစကားကြောင့် အားလုံး၏အကြည့်တွေက တစ်ပြိုင်ထဲ တစ်ချိန်ထဲမှာ နေဗလ ညွှန်ပြသည့် မိန်းကလေးအုပ်စုရှိရာသို့ တိုင်ပင်ထားသလို ရောက်သွားကြသည်။

သူတို့နှင့် မျက်နှာချင်းဆိုင်နေရာက လျှောက်လာသည့် မိန်းကလေးအုပ်စုထဲက အဝါလေးရှိရာသို့ တည့်မတ်စွာ ရောက်သွားသည့်အချိန်မှာတော့

"ဟင်"

ဖူးအိရင်ထဲ ဒိန်းခနဲဖြစ်သွားကာ ကွက်ခနဲ မျက်နှာပျက်သွားစေသည်အထိ တော်ဝင်အလှက အားလုံးအတူယှဉ်ပြီး လျှောက်နေကြသူတွေထဲမှာ ထင်ထင်ရှားရှား ဝင်းဝင်းပပကြီးဖြစ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရ၏။

"လှတယ်နော်၊ ဘယ်သူလေးလည်းမသိဘူး"

ဖူးအိသူငယ်ချင်းမ မိဓာက ဖူးအိနားကပ်ပြီး တိုးတိုးလေး ပြောတာကို နားထဲမရောက်။ နေဗလနှင့် သူ့သူငယ်ချင်းတွေ ပုစွန်မျက်လုံးကြီးတွေနှင့် တော်ဝင့်တစ်ကိုယ်လုံးကို စားတော့ဝါးတော့မလို ပြူးပြဲကြည့်နေတာကိုပဲ အခံရခက် မြင်ပြင်းကပ်စွာ ရှုးစိုက်ကြည့်ရင်း ဖူးအိစိတ်ထဲ တော်ဝင်ဆိုသည့် မိန်းမကို ပိုမုန်းလာ၏။

"ပုံစံကြည့်ရတာ တကယ့်ကို ရိုးရိုးလေးပဲ၊ မဟာဆန်သူလေးဆိုတာ ဒါပဲကွ"

အနားက ကျော်ဇေဆိုသည့် နေဗလသူငယ်ချင်းထံမှ ထေဖန်သံ ဖူးအိရင်ကို အရှိန်ပြင်းပြင်းနှင့် လာထိသည်။

"ဘာမဟာဆန်သူလည်း၊ တောသူမက တောသူမပေါ့၊ ဝတ်စားထားတာပဲ ကြည့်ပါဦး၊ မင်းတုန်းမင်းခေတ်က လှည်းမဆန့်လို့ ကျန်ခဲ့ပုံနဲ့"

"ဖူးအိကလဲဟယ်၊ သူများသားသမီးကို ဘာတွေလျှောက်ပြောနေတာလည်း"

"လျှောက်ပြောတာမဟုတ်ဘူး၊ အမှန်တွေပြောနေတာ၊ ဒီနေ့ခေတ်ကြီးမှာ ဘယ်သူများ သူ့လို ဝတ်စားထားတာရှိလို့လည်း"

ပန်းထိုးထားသည့် ရင်ဖုံးအင်္ကျီလက်စက အဝါနုနု။ လုံချည် ဝါဝါလေးပေါ်မှာ အဖြူရောင်အပျောက်အမွှန်းလေးတွေပါသည့် ဝတ်စုံဖြင့် ဆံပင်အရှည်ကြီးကို ဖဲကြိုးအနက်ဖြင့် စုချည်ထားသည့် တော်ဝင့်အလှက မြင်ရသူတိုင်း ရိုးရှင်းတင့်တယ်စွာ လှပနေခြင်းကို ဖူးအိစိတ်မှာ မနာလို။

သူမကိုယ်ပေါ်မှာ ဝတ်ဆင်ထားသည့် သိန်းချီ၍ပေးရသော ဖိနပ်၊ အဖိုးတန်အင်္ကျီ ဘောင်းဘီနှင့် အချိန်ယူကာ စိတ်ကြိုက်ပြင် ဆင်ခြယ်မှုန်းလာခဲ့ရသော အလှအပတွေအားလုံး နေဗလပါးစပ်က လှတယ်ဟု တစ်ခါပင် ချီးကျူးတာမခံရဘူး။

တော်ဝင်လို ဘာမဟုတ်သည့် မိန်းမနှင့် ဘာတန်ဖိုးမှမရှိသည့် အဝတ်အစားတွေနှင့် ပြင်ဆင်ထားသည့် မိန်းမကိုကျတော့ နေဗလက လှပါသည်ဟု ဆိုလာတော့ ဖူးအိမှ အသည်းမနာလျှင် မည်သူနာမည်နည်း။ နေဗလအပေါ်မှာ တစ်ဖက်သတ်ကျိတ်ပြီး သဘောကျနေသည့် ဖူးအိရှေ့မှာ နေဗလက တခြားမိန်းကလေး တစ်ယောက်၏အလှကို ချီးကျူးနေသည်။

ထိုမိန်းကလေးကလည်း တခြားသူမဟုတ်။ ဖူးအိကြည့်မရအောင်မုန်းသည့် တော်ဝင်ဆိုသည့် တောသူမဖြစ်နေတော့ ပိုဆိုးသည်။

"နင်တို့ မိန်းကလေးတွေ တစ်ယောက်လှရင် တစ်ယောက် မနာလိုဖို့ပဲသိတယ်၊ တကယ့်အလှအပအစစ်ဆိုတာ နင်တို့နားလည်လို့လား"

"အံမယ် ပြောပုံကိုက၊ တကယ့်အလှအပအစစ်ဆိုတော့ ငါဝို့ကိုယ်ပေါ်မှာရှိနေတာက အတုအလှအပတွေမို့လို့လား"







www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေ့စကားကို ဖူးအိက ခံပြင်းဒေါသအဖြစ်ဆိုလိုက်တော့ ကျော်ဇေက ဖူးအိတစ်ကိုယ်လုံးကို စေ့စေ့ကြည့်လိုက်ပြီးမှ

"အင်း နင်က လှတော့လှပါတယ်၊ ဒါပေမယ့် နင့်အလှက အတုတွေပဲလို့ ပြောမရသလို အစစ်ချည်းပဲလို့လည်း မဆိုနိုင်ပြန်ဘူး"

"နင် နင် ငါ့ကို ဘာစော်ကားတာလဲ ကျော်ဇေ၊ နင် ငါ့လက်ချက်နဲ့ သေချင်လို့လား"

"ဟ စိတ်မဆိုးနဲ့ဦးလေ၊ ငါ့စကားကို ဆုံးအောင်နားထောင်ဦးမှပေါ့"

"ဘာမှ နားမထောင်ဘူး၊ ဘာမှလည်း မကြားချင်ဘူး"

"အေး ငါကတော့ နင် မကြားချင်လည်း ပြောရမှာပဲ၊ ဟိုမဟာဆန်သူလေးကို နင့်လို ပြင်လိုက်ဆင်လိုက်လို့ ပိုလှချင်ရင် လှသွားမယ်၊ နင့်ကို သူဝတ်သလို ဝတ်စားပြင်ဆင်လိုက်မယ်ဆိုရင်တော့ သူ့လောက် လှချင်မှလှမယ်၊ အဲဒါ အမှန်ပဲ"

"အေး ငါကလည်း နင့်ကို ဒီထက်ပိုမှန်သွားအောင် လက်တွေ့လုပ်ပြရဦးမှာပေါ့"

"ကဲဟယ်"

"ကဲဟယ်"

"ဟ ဖူးအိ၊ ငါ့ကို တကယ်မလုပ်နဲ့လေ၊ ငါက နင့်ကို စတာပါ၊ ဒီကမ္ဘာမှာ ငါ့သူငယ်ချင်း ဖူးအိလောက် ဘယ်သူမှ မချောဘူး မလှဘူး သိလား"





ကျော်ဇေ ဘယ်လိုပြောပြော မရတော့။

ဖူးအိက ကျော်ဇေကို သူမလွယ်အိတ်နှင့် လိုက်ရိုက်ရာ ကျော်ဇေမှာ နေဗလကို အကာအကွယ်ပြုရင်း လှည့်ပတ်ပြေးနေသဖြင့် နေဗလမှာ မျက်စိရှုပ်စိတ်ရှုပ်လာ၏။

"မင်းတို့ကွာ ကြားထဲကနေ အာရုံနောက်အောင် လုပ်နေပြန်ပါပြီ၊ ငါ့ဘာသာ မဟာဆန်သူလေးနောက်လိုက်သွားတာပဲကောင်းတယ်"

"ဟော့ကောင် နေဗလ၊ ငါလည်း မင်းနဲ့အတူလိုက်ခဲ့မယ်၊ နေပါဦးကွ"

နေဗလက နောက်ကိုလှည့်မကြည့်။ ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားတော့ ကျော်ဇေပါ သူ့နောက်ကို အပြေးလိုက်သွားတာမို့ ဖူးအိပဲ မကျေမနပ်နှင့် ဒေါသနိုးဆူဝေစွာ နေရာမှာ ရပ်ကျန်ရစ်သည်။

တော်ဝင်ဆိုသည့် မိန်းမကြောင့် ဖူးအိ အခုလိုဖြစ်ရတာဟုတွေးပြီး ဘာမဟုတ်တဲ့ တောသူမက တွေးမိတော့ ဖူးအိ အသည်းမှာခါးသွားသည်။

"ဒါနဲ့ပဲ ဖူးအိက နေဗလကို အရှုံးပေးလိုက်ရောလား"

"ပေးလိုက်ရတာပေါ့၊ နေဗလဆိုတဲ့ကောင်ကလည်း မလွယ်ပါဘူး၊ မိန်းမလှလှမြင်တိုင်း လိုက်ကြိုက်ချင်နေတာ၊ ဒီလိုကောင်မျိုး ရည်းစားတော်မိရင်လည်း နှလုံးရောဂါရမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကလည်း တစ်ပိုင်းပေါ့၊ တော်ဝင်ဆိုတဲ့ မိန်းမကိုမှ နေဗလကရွေးပြီး ကြိုက်တာကတော့ လွန်ပါတယ်၊ တခြားတစ်ယောက်ဆိုတော်ဦးမယ်"

"ဖူးအိစိတ်ထဲ မခံချင်ဖြစ်နေတာ အဲဒီကိစ္စပေါ့၊ ဒီမိန်းမနဲ့တော့ မလွယ်ဘူး၊ နေဗလဆိုတဲ့ကောင်တောင် တော်ဝင်ကို ပစ်ကျသွားတာ ကြည့်ပါလား"

"ဟော ဟိုမှာ ပြောရင်းဆိုရင်း ခြံထဲဝင်လာတာ တော်ဝင်မဟုတ်လား"

အိမ်နေရင်း တစ်ပတ်နွမ်းအဝတ်အစားလေးနှင့်ပင် တော်ဝင့်ပုံစံက တစ်မျိုးကြည့်ကောင်းနေတာကို ညီအစ်မနှစ်ယောက်စလုံး ငြိမ်ပြီး ကြည့်နေမိကြသည်။

တော်ဝင်က ဖူးအိတို့ညီအစ်မကို မမြင်။

စာတိုက်ပုံးထဲက နှိုက်ယူလာသော စာတွေကို ငုံ့ကြည့်ကာလှပသော မျက်နှာလေးမှာ ပီတိပြုံးတွေ ဝေနေသည်။ ဖူးအိတို့ညီအစ်မကြည့်နေဆဲမှာ တော်ဝင်က ပန်းရုံနောက်ထဲကို ဝင်ရောက်ပျောက်ကွယ်သွား၏။

"လက်ထဲမှာလည်း စာတွေနဲ့၊ သူ့အဆက်ဆီကလား မသိဘူး၊ မျက်နှာကို ပြုံးနေတာပဲ"

"တောက သူ့ရည်းစားနေမှာပေါ့၊ ဒီနေ့ခေတ်ကြီးထဲမှာ သူတို့မို့ စာတစ်တန် ပေတစ်တန်ရေးပြီး အလွမ်းသယ်နေနိုင်ကြသေးတယ်၊ တစ်ယောက်နဲ့တစ်ယောက် သတိရတယ်၊ လွမ်းတယ်ဆိုရင်





ဖုန်းလေးတစ်ချက် ဆက်လိုက်ရုံနဲ့ သူ့အသံကိုယ့်အသံကြားနေရတာပဲ၊ ဂမုန်းတို့ဖြင့် စာရေးရမှာပျင်းလွန်းလို့ ကျောင်းစာကလွဲရင်အားလုံး နိုးပဲ"

"သူတို့မှာက ဖုန်းရှိနေဦးမှကိုး ဂမုန်းရဲ့၊ တော်ကြာ အိမ်ကဖုန်းကို သုံးပါရစေ လာလုပ်နေလို့ကတော့ ဖူးအိက အပြတ်ပြောပစ်လိုက်မယ် သိလား"

"တော်ဝင်ကလည်း ဒါကိုကြိုသိလို့ထင်တယ်၊ တို့အိမ်ပေါ်ကဖုန်းကို တစ်ခါမှမသုံးဘူး"

"သုံးချင်လို့လည်းမရဘူးလေ၊ ကိုယ့်ဘဝ အခြေအနေနဲ့ကိုယ့်အဆင့်ကို သိမှပေါ့"

ညီအစ်မနှစ်ယောက် တော်ဝင့်မကောင်းကြောင်းပြောပြီး တော်ဝင့်ကို ဖိနှိပ်ဖို့ ကြိုးစားနေချိန်မှာ တော်ဝင်ကတော့ သူမထံရောက်လာသည့် သူငယ်ချင်းဖြစ်သူ မိုးတိမ်၏စာတွေကို ဖတ်နေပါသည်။

ထုံးစံအတိုင်း မိုးတိမ်စာတွေက လောကကြီးရဲ့ဒုက္ခ၊ သုခမှန်သမျှ အရာရာတိုင်းကို ဟာသဉာဏ်ဖြင့် ကြည့်တတ်မြင်တတ်သော သူတစ်ယောက်ဖြစ်သည့်အတိုင်း သူ ရေးထားသည့်စာတွေကလည်း ပြုံးရယ်ချင်စရာတွေချည်းဖြစ်နေသည်။ 'ငါ ရန်ကုန်ရောက်တဲ့အချိန်တော့ နင်နဲ့ဦးလေးရှိရာကို ရောက်အောင် ဝင်ခဲ့ပါဦးမယ်' ဆိုတာနှင့် အဆုံးသတ်ထားသည်။

မိုးတိမ်နှင့်နေရတာ တစ်မျိုးတော့ ပျော်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်က ဘယ်တော့မှ စိတ်မညစ်တတ်။ စိတ်မညစ်တတ်တဲ့သူနဲ့ နေတော့ ကိုယ့်မှာ စိတ်ညစ်ရတာတွေပါ ပျောက်သွားသည်။ တော်ဝင်နဲ့အတူ ဆယ်တန်းအောင်ပေမယ့် မိုးတိမ်က တက္ကသိုလ်မတက်။ အဓေးသင်ပြောင်းယူပြီး သူ့အဘိုးပိုင် ဆီစက်၊ ဆန်စက်တွေကို ဦးစီးပြီး အုပ်ချုပ်နေရသူဖြစ်သည်။

ဘဝအတွေ့အကြုံစုံသည့်လူတွေနှင့် ပေါင်းရသဖြင့် မိုးတိမ်ကိုယ်တိုင်လည်း လူငယ်လေးပေမယ့် အတွေးအခေါ်ပိုင်းကျတော့ တော်ဝင်တို့ထက်ပင် ရင့်ကျက်တည်ကြည်သည်။ ဖြစ်ချင်သည့်ဆန္ဒနှင့် ဖြစ်နေသည့်ဘဝကို ခွဲခြားသိမြင်သူ။ ဖြူဖြူမြင့်မြင့် မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် မိုးတိမ်က လူချောတစ်ယောက်ဖြစ်သလို တော်ဝင်ကလည်း မိန်းမချော၊ မိန်းမလှမို့ သူငယ်ချင်းတွေက တော်ဝင် နှင့်မိုးတိမ်ကို လိုက်ဖက်သည့် ချစ်သူစုံတွဲလေးအဖြစ် မြင်လိုကြသော်လည်း တော်ဝင်ရော မိုးတိမ်ပါ ထိုခံစားချက်မျိုးမရှိ။

ငယ်ငယ်လေးထဲက လည်ပင်းဖက်ကြီးလာခဲ့ရ၍ပဲလားမသိ။ တစ်ယောက်အကြောင်း တစ်ယောက်အတွင်းသိ အစင်းသိမို့လည်း တစ်ယောက်နှင့်တစ်ယောက် ဟန်လုပ်စရာမလိုသလို အထင်မကြီးကြတာလည်းပါသည်။ မိုးတိမ်တို့က သူတို့မြို့မှာတော့ မြို့မျက်နှာဖုံးမိသားစုဝင်တွေဖြစ်ပေမယ့် မိသားစုအားလုံးက သဘောကောင်းကြသူတွေဖြစ်ပြီး လူတန်းစားမခွဲခြား။

တော်ဝင်ကိုလည်း သမီး သမီးနှင့် မိုးတိမ်မိဘတွေက ချစ်ကြသလို တော်ဝင်အဖေနှင့်ကြပြန်တော့လည်း ရပ်ဆွေရပ်မျိုး





လိုဖြစ်ကာ တော်ဝင်တို့သားအဖတွက် လိုအပ်သည့် အကူအညီရှိလျှင် ချက်ချင်းလုပ်ကိုင်ပေးကြသူတွေဖြစ်သည်။

တော်ဝင့်အဖေ ဦးချမ်းငြိမ်းတစ်ယောက် အသည်းအသန် မကျန်းမမာဖြစ်ပြီးနောက်မှာ ဖေဖေက မေမေခေါင်းချခဲ့သည့်မြို့ကလေးကို သံယောဇဉ်ဖြတ်လိုက်ပြီး တော်ဝင်ရှေ့ရေးအတွက် ပန်းရဂုံကို အပြီးပြန်ရန် ဆုံးဖြတ်ခဲ့တာဖြစ်သည်။ မေမေက တစ်ဦးတည်းသောသမီးဖြစ်၍ တခြားသွေးသားရင်းချာမရှိ။

ဖေဖေက တော်ဝင်တို့မိသားစုပိုင် အိမ်လေးကို ရောင်းမည်ဆိုတော့ မိုးတိမ်မိဘတွေကပဲ ဖေဖေပြောသည့်ဈေးနှင့်ပင် ဝယ်ယူထားလိုက်သည်။ တော်ဝင်တို့အိမ်ကို လိုချင်ကြ၍မဟုတ်။ တော်ဝင်တို့သားအဖနှစ်ယောက်၏ အခက်အခဲကို ဝင်ရောက်ကူညီဖြေရှင်းပေးကြရုံသက်သက်မို့ ဖေဖေရော တော်ဝင်ပါ မိုးတိမ်မိဘတွေကို အားနာ မျက်နှာပူပူနှင့်ပင် ကျေးဇူးတင်စကားဆိုခဲ့ရသည်။

တော်ဝင်တို့သားအဖ ပန်းရဂုံကို ထွက်လာတော့ သူငယ်ချင်းတွေနှင့်အတူ မိုးတိမ်က သူ့ဆီကို ဖုန်းဆက်ဖို့မှာပေမယ့် တော်ဝင်က ဖုန်းမဆက်။ ပန်းရဂုံက လူတွေကြောင့်လည်း ပန်းရဂုံက ဖုန်းကို မိုးတိမ်ကိုမပေး။ တစ်ခါနှစ်ခါ မိုးတိမ်ဆီကို အပြင်ကဖုန်းနှင့် စကားပြောတော့ ဖုန်းပြောခတွေက ဈေးကြီးတာနှင့် နောက်မပြောဖြစ်တော့။

နင် သတိရရင် စာရေးပေါ့။

လိပ်စာတော့ ပေးနိုင်ပါတယ်ဟုဆိုကာ ပန်းရဂုံလိပ်စာကို

www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်ကို ပေးလိုက်ပြီးကတည်းက မိုးတိမ်က တော်ဝင့်ဆီကို စာမပြတ်ရေးသည်။ ဒီတော့ တော်ဝင်ကလည်း ပန်းရဂုံအိမ်ကြီးနှင့် အိမ်ကြီးပေါ်က မိသားစုအကြောင်း မိုးတိမ်ဆီမှာ ရင်ဖွင့်ရေးရင်း နောက်ဆုံး မိုးတိမ်ကိုယ်တိုင် ပန်းရဂုံအိမ်ကြီးမှာနေရသည့်တိုင် မျှော်ရှင်မှု ဘာတစ်ခုမှမရှိသော တော်ဝင်တို့သားအဖအကြောင်း မသိချင်မှအဆုံး ဖြစ်လာရခြင်းဖြစ်သည်။

သူတို့ကိုလည်း အပြစ်မတင်ပါဘူး မိုးတိမ်ရယ်။

သူတို့နေရာမှာ တော်ဝင်ဆိုရင်လည်း အခု သူတို့တွေဖြစ်သလို ဖြစ်ချင်ဖြစ်နေမှာပါပဲ။ မြို့ကြီးပြကြီးမှာ ပန်းရဂုံအိမ်ကြီးနဲ့နေပြီး ကားထည်လဲစီးနိုင်တဲ့ စိန်ရွှေရတနာတွေ ဖျတ်ဖျတ်လက်နေတဲ့ မိသားစုထဲကို တော်ဝင်တို့သားအဖလို ဂုဏ်မဲ့ငွေမဲ့ လူနှစ်ယောက်ဝင်လာတာ သူတို့အသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ အနေရခက်၊ အဖြေရခက်ဖြစ်မှာကို ဖေဖေရော တော်ဝင်ပါ နားလည်ကြပါတယ်လေ။

ဒါကြောင့်လည်း တတ်နိုင်သမျှ ပန်းရဂုံကိုလာတဲ့ ဧည့်သည်တွေနဲ့မတွေ့အောင် သားအဖနှစ်ယောက်စလုံး ကိုယ့်အသိတရားနဲ့ ကိုယ်နေပေးနေတာပါပဲ။ ဒီကြားထဲက ပန်းရဂုံကိုလာတဲ့ ဧည့်သည်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးမိတဲ့အခါ တွေ့ကြတော့လည်း မတတ်နိုင်။

အန်တီဒေါ်တင်မီ မျက်နှာပျက်သွားတတ်တာ။ ဂမုန်းနဲ့ ဖူးအိတို့ ဆူကြဆောင့်ကြနဲ့ တော်ဝင်တို့သားအဖ တမင်မကြားကြားအောင် စောင်းချိတ်ပြောသည့် စကားတွေကို မကြားဟန်ဆောင်၊





မမြင်ဟန်ဆောင်ပြီးနေခဲ့ကြရင်း အခုဆိုလျှင် တော်ဝင်တို့သားအဖ ပန်းရဂုံအိမ်ခြံဝင်းထဲမှာ ခြေချနေထိုင်မိသည်မှာ ခြောက်လတင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။

ဒီကြားထဲ ဖေဖေ့ကျန်းမာရေးက သိသိသာသာဆိုးလာတော့ တော်ဝင်မှာ ဖေဖေမမြင်အောင် ဖေဖေ့ကွယ်ရာမှာ ကျိတ်ငိုမိသည်ကလည်း အကြိမ်ပေါင်း မရေတွက်နိုင်တော့ပါ။ ဖေဖေ့အတွက် ဆေးကုသစရိတ်နှင့် သားအဖနှစ်ယောက် နေထိုင်စားသောက်စရိတ်ကို ကိုယ်ပိုင်ငွေလေးထဲက ထုတ်သုံးမှန်းမသိ သုံးလာလိုက်တာ အိမ်ရောင်းပြီးယူလာသည့်ငွေလေးမကုန်မီ တော်ဝင်အနေနဲ့ သူတို့ သားအဖနှစ်ယောက် ရေရှည်ရပ်တည်မှုအတွက် အလုပ်လုပ်မှဖြစ်တော့မည်ဆိုသည့် အသိလေးဖြင့် တစ်ရက်မှ ဖြောင့်ဖြောင့်မအိပ်နိုင်အောင် ဖြစ်နေပါသည်။

အပြင်ထွက်ပြီး အလုပ်လုပ်မည်ဆိုလျှင် ဖေဖေက တော်ဝင်ကို စိတ်မချတာနဲ့ သဘောတူမည်မဟုတ်တာကို တော်ဝင်သိသည်။

"အိမ်ထဲမှာပဲ အလုပ်လုပ်နိုင်ပြီး ဝင်ငွေပုံမှန်ရနိုင်တဲ့ အလုပ်မျိုး ဘာများရှိပါလိမ့်"

ဖေဖေ့ရှေ့မှာ အပြုံးမပျက်နေ နေပေမယ့် ဖေဖေ့ကွယ်ရာမှာ ခေါင်းပူအောင် စဉ်းစားအကြံဉာဏ်ထုတ်နေရသူက တော်ဝင်ဖြစ်သည်။

ပန်းရဂုံအိမ်ကြီးပေါ်ကို ဖေဖေနှင့်အတူ ပထမဆုံးရောက်စ



www.burmeseclassic.com

www.burmeseclassic.com



နေ့ကပဲ ရောက်ဖူးလိုက်သည်။ တော်ဝင်တို့သားအဖ ပန်းရဂုံနောက်က ကားဂိုဒေါင်နှင့်ကပ်လျက် နှစ်ထပ်တိုက်အိမ်လေးမှာနေပြီးထဲက ပန်းရဂုံအိမ်ကြီးပေါ်က လူတွေမခေါ်ပဲနှင့် ဘာအကြောင်းနှင့်မှ ပန်းရဂုံအိမ်ကြီးပေါ်ကို သားအဖနှစ်ယောက်စလုံး မရောက်ဖြစ်ခဲ့ကြသည်မှာလည်း ဒီနေ့အထိဖြစ်သည်။

♦ ♦ ♦



## အခန်း (၄)

"တော်ဝင်ရေ တော်ဝင်"

ဟော ဒေါ်လေးတင်မိုအသံပါလား။

"ရှင်"

"လာပါပြီ ဒေါ်လေး"

လက်ထဲကစာတွေကို ပစ်ချပြီး တော်ဝင်အခန်းထဲက ပြေးထွက်လာတော့ ဒေါ်လေးတင်မိုကို စိတ်ညစ်နေသည့်မျက်နှာဖြင့် ခပ်မှုန်မှုန်တွေ့လိုက်ရ၏။

"ဘာခိုင်းစရာရှိလို့လဲ ဒေါ်လေး၊ တော်ဝင် ဘာလုပ်ပေးရမလဲ"

"လုပ်စရာတွေကတော့ အများကြီးပဲ တော်ဝင်ရေ၊ ဒါနဲ့ အစ်ကိုရော ဘယ်နှယ်နေသေးလဲ၊ နေရောကောင်းရဲ့လား"

အပြင်ထွက်ခါနီး အပြင်အဆင်နှင့် ဒေါ်လေးတင်မို တစ်ကိုယ်လုံး မွှေးကြိုင်နေသလို ဝတ်စားထားပုံကလည်းအမြဲစား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လက်ထဲက ပိုက်ဆံအိတ်မည်းမည်းကြီးကို မာန်ပါပါ ကိုင်ရင်း အိမ်ထဲကို လှမ်းကြည့်ရင်း မေးလိုက်သော ဒေါ်တင်မို၏ အကြံအစည်ကို တော်ဝင် မရိပ်မိ။

"ဖေဖေ အိပ်နေတယ် ဒေါ်လေး၊ နေလည်းကောင်းပါတယ်၊ ဖေဖေနဲ့ စကားပြောချင်လို့ဆိုရင် ဖေဖေ အိပ်ရာကနိုးတော့ တော်ဝင် ပြောပေးမယ်လေ"

"ပြောစရာလည်း အထွေအထူးတော့ မရှိပါဘူး၊ နေကောင်းတယ်၊ ကျန်းမာတယ်ဆိုရင် ပြီးတာပါပဲ"

"အရေးကြီးတာက အိမ်မှာ ညွှဲခံပွဲလေးတစ်ခုလုပ်မလို့ဟာ၊ အိမ်မှာခိုင်းထားတဲ့ ကောင်မလေး သူ့အမေနေမကောင်းလို့ ပြန်ပါရစေဆိုပြီး သွားလိုက်တာ တစ်ခါထဲ ပေါ်မလာလို့ ဒေါ်လေးလည်း စိတ်ရှုပ်နေတာ"

"တော်ဝင် ကူညီနိုင်ရင် ဝင်ကူစမ်းပါဦးကွယ်၊ အိမ်မှာက ဒေါ်စိန်တစ်ယောက်တည်းနဲ့လည်း မဖြစ်ဘူး၊ ဟိုနှစ်ယောက်ကလည်း ဘာတစ်ခုမှကို အားမကိုးရဘူး၊ တစ်နေ့တစ်နေ့ သွားလိုက်လာလိုက်နဲ့ အိမ်မှာ မနေနိုင်တော့ ပိုဆိုးတာပေါ့ကွယ်"

"တစ်အိမ်လုံးရှိသမျှ အိမ်ဖော်လက်ထဲ ဝကွက်အပ်ထားရသာတာကြည့်တော့ တော်ဝင်ရေ၊ ဒေါ်စိန်ဆိုတာ အရင်ထဲက အတူနေလာတဲ့လူမို့သာပေါ့၊ တခြား အိမ်ဖော်တွေလိုသာဆိုရင် ရှိသမျှ မ,ပြေးတာကြာလှပြီ"

ထိုစကားမှာ အမှန်ဖြစ်သည်။





ပန်းရဂုံကို ရောက်လာသည့် အိမ်ဖော်တွေ မမြဲ၍ စိတ်ညစ် နေရသည်မှာ ကြာပြီဟုဆိုရမည်။ ရောက်လာသည့် အိမ်ဖော်တွေ ကြပြန်တော့လည်း စိတ်တိုင်းမကျ။ အိမ်ကြီးကကြီးကျယ်ခမ်းနားသလို အသုံးအဆောင်ပစ္စည်းတွေကြပြန်တော့လည်း အဖိုးတန် အကောင်းစားတွေချည်း သုံးထားသဖြင့် အိမ်ကြီးတစ်ခုလုံး ပြောင်လက်သန့်ရှင်းနေအောင် ထားဖို့ကိစ္စကလည်း အရေးကြီးသည့် အခန်းကဏ္ဍဖြစ်လာသည်။

ဒေါ်တင်မိုအပါအဝင် သမီးနှစ်ယောက်ဖြစ်သည့် ဖူးအိနှင့် ဂမုန်းတို့သားအမိက မိုးလင်းမိုးချုပ် ဘာတစ်ခုမှ အလုပ်လုပ်ကြတာမဟုတ်။ ထမင်းချက် ဒေါ်စိန်ကိုသာ သူတို့ဖြစ်ချင်တာ သူတို့လုပ်ချင်တာတွေကို အမိန့်ပေးခိုင်းကြ စေကြတာဖြစ်သည်။

တစ်ယောက်အကြိုက်တစ်မျိုးစီ စီစဉ်ချက်ပြုတ်ကျွေးမွေးနေရတာနှင့်ပင် ဒေါ်စိန်နှင့်အတူ မိန်းကလေးတစ်ယောက်တို့ မအားလပ်နိုင်ကြသည့်အထဲ အလုပ်လုပ်တာ အချိုးမပြေ ပုံစံမကျလျှင် အလုပ်များသည့်ကြား အလုပ်မအားသည့်ကြားက သားအမိသုံးယောက်၏ အဆူအငေါက်ကို ခံရတာကလည်း ရှိသေးသည်။

ချက်ပြုတ် လျှော်ဖွပ် မီးပူတိုက် အိမ်သန့်ရှင်းဖို့ဆိုသည်က ဒေါ်စိန်တို့အလုပ်သမားနှစ်ယောက်နှင့် မဖြစ်။ မီးဖိုချောင်ကိစ္စက အပြောမှာလွယ်သလောက် လုပ်ရတာ လက်ဝင်သလို အရသာကောင်းသည့် ဟင်းလျာတစ်ခွက်ဖြစ်ဖို့အရေး စိတ်ရှည်လက်ရှည် ချက်ပြုတ်တတ်ဖို့ကျပြန်တော့လည်း အရေးကြီးသည်။ —



www.burmeseclassic.com

www.burmeseclassic.com



အခု အကူကောင်မလေးတစ်ယောက် ထပ်ခေါ်ထားသည်မှာ ဘာမှမကြာလှသေး။ ကောင်မလေးက အကြောင်းပြချက်ပေးပြီး ပန်းရုံအိမ်ကြီးထဲက လစ်ပြေးသွားသည့်အတွက် အိမ်ကြီးကို သန့်ရှင်းရေးလုပ်ဖို့လူက လိုလာသည်။

နောက်ထပ် လူစားရဖို့ကြတော့လည်း ချက်ချင်းလိုချင်၍ မရ။ ဒီကြားထဲမှာ ပန်းရုံမှာ ဧည့်ခံပွဲတစ်ခု ကျင်းပစရာရှိနေသည်။ အိမ်ကြီးထဲကို စိတ်ကြိုက်ပြင်ဆင်သန့်ရှင်းဖို့ရာ လူရှာမတွေ့ဖြစ်ပြီး စိတ်ညစ်နေတုန်း ဒေါ်တင်မှီခေါင်းထဲကို တော်ဝင်ရောက်လာသည့်အတွက် အခုလို ဖြူးခနဲဖျတ်ခနဲ တော်ဝင်ရှိရာ ရောက်လာခြင်းဖြစ်သည်။

"အခု ဒေါ်လေးမှာ တစ်ဖက်က အလုပ်ကို သွားရဦးမှာမို့လို့ တော်ဝင် ကူညီနိုင်မယ်ဆိုရင် ဝင်ကူစမ်းပါဦးကွယ်"

"တော်ဝင် ဘာလုပ်ပေးရမလဲဆိုတာသာ ပြောပါ ဒေါ်လေးရယ်၊ တော်ဝင် လုပ်နိုင်ရင် အားလုံးလုပ်ပေးမှာပါ"

အဒေါ်ဖြစ်သူကိုယ်တိုင်က တော်ဝင့်ဆီကို လိုလိုလားလား အကူအညီပေးဖို့ တောင်းဆိုလာတာမို့ တော်ဝင်ဘက်ကလည်း သူမတတ်နိုင်သမျှ အစွမ်းကုန်ကူညီပေးဖို့ စဉ်းစားပြီးပါပြီ။

"လုပ်ရမဲ့ အလုပ်တွေကတော့ အများကြီးပဲကွယ်၊ တော်ဝင်သာ ဒေါ်လေးနဲ့ ဟိုကိုလိုက်ခဲ့ပါ၊ ဟိုရောက်မှ တော်ဝင် ဘာလုပ်ရမယ်ဆိုတာ ဒေါ်လေး ပြပေးမယ်ဟုတ်လား"

"ဒါဆို ဒေါ်လေး၊ ခဏလေးစောင့်ပါဦးနော်၊ တော်ဝင်





အဖေအိပ်ရာကနိုးမနိုး ကြည့်လိုက်ချင်သေးလို့ပါ"

"သွားကြည့်လေ သွား သွား၊ တော်ဝင့်ဖေဖေ အိပ်ရာကနိုးရင်လည်း ပန်းရုံကို ခဏသွားမယ့်အကြောင်း ပြောခဲ့ဦး"

"တူ တူ တူ"

"ဟော ဖုန်းလာနေပြီ တော်ဝင်ရေ၊ ပန်းရုံကိုသာ လိုက်ခဲ့တော့နော်၊ ဒေါ်လေးတော့ သွားနှင့်ပြီဟေ့"

"ဟုတ်ကဲ့ ဒေါ်လေး"

ဒေါ်တင်မှီ ဖုန်းပြောရင်း တော်ဝင်တို့နေသည့် တိုက်လေးထဲက ပန်းရုံအိမ်ကြီးရှိရာဘက်ကို ပြန်ကူးသွားသည်။ ဖေဖေ့အခန်းထဲကို တော်ဝင် လှမ်းအဝင်လိုက်မှာတော့

"ဟင် ဖေဖေ အိပ်ရာက နိုးနေပြီလား"

"နိုးပါပြီကွယ်၊ သမီးနဲ့ သမီးဒေါ်လေး ပြောနေတာတွေကိုလည်း ဖေဖေ အားလုံးကြားပြီးပါပြီ၊ သမီးဒေါ်လေးကိုယ်တိုင် သမီးကို လာခေါ်နေမှတော့ သူခိုင်းတာ လုပ်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကဲ ကဲ သွားတော့ သွားတော့၊ ဖေဖေ သောက်ရမဲ့ဆေးတွေ ကိုယ့်ဘာသာ သောက်လိုက်တော့မယ်၊ သမီး စိတ်မပူနဲ့တော့ ဟုတ်လား"

"ဒါဆို တော်ဝင်သွားပြီနော် ဖေဖေ"

"အေး အေး ကိုယ့်ကြောင့်တော့ ဘာပြဿနာမှ မဖြစ်စေနဲ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ဖေဖေ့ကို ဆေးသောက်ဖို့ အသင့်ပြင်ဆင်ပေးပြီးမှ တစ်ဖက် အိမ်ကြီးရှိရာသို့ တော်ဝင်ကူးခဲ့သည်။

"လာ လာ တော်ဝင်၊ ဒေါ်လေးလည်း အခုပဲ အပြင်သွားမလို့ တော်ဝင်ကို စောင့်နေတာ၊ အစ်ကို့ကို ပြောခဲ့ပြီလား"

"ပြောခဲ့ပါပြီ ဒေါ်လေး"

ဒေါ်လေးက တော်ဝင်ရှေ့ကဦးဆောင်ပြီး သွက်လက်စွာ ခေါ်သွားရာ တော်ဝင်လည်း ဒေါ်လေးနောက်က အတူလိုက်ပါလာရင်း ပန်းရဂုံအိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီး အံ့သြစိတ်တွေနှင့် မြင်သမျှတွေ့သမျှ အထူးအဆန်း ဖြစ်နေသည်။

အိမ်ကြီးကကြီးသလို အဆောင်အယောင် အခန်းခန်းတွေကလည်း များသည်။ အသုံးအဆောင်ပစ္စည်းတွေကလည်း စုံလင်များပြားရုံမက ထိုပစ္စည်းများကို သူ့နေရာနှင့် သူ့အလှအပမပျက်၊ ဖုန်တစ်စက်မတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရသည့်အလုပ်မှာလည်း အပြောလွယ်သလောက် အင်မတန် ခက်ခဲပင်ပန်းပေလိမ့်မည်။

"ကြည့်ပါဦး တော်ဝင်ရယ်၊ နှစ်ရက် သုံးရက်အချိန်လေးမှာ ဒီလောက်ဖုန်တွေပေနေတာ မြင်လို့တောင်မကောင်းဘူး၊ ဒါတွေကို တော်ဝင်က ဟော့ဒီ ဖုန်စုပ်စက်လေးနဲ့ သန့်ရှင်းရေးလုပ်ပေးရုံပဲ"





"ပြီးတော့ ဒီပန်းချီကားတွေ၊ သစ်ထွင်းပန်းပုတွေ၊ ဆိုဖာ ဆက်တီတွေ အိုကွယ် အမြင်မတော်တာအားလုံး အမြင်တင့်အောင် ကြည့်ကောင်းအောင် တော်ဝင်ပဲ ကြည့်လုပ်စမ်းပါဦးကွယ်"

"လိုက်ကာတွေကလည်း အသစ်လဲရဦးမှာ၊ ဟော့ဒီမှာ ဗီရိုသော့၊ အထဲမှာ တော်ဝင်ကြိုက်တဲ့ လိုက်ကာ ထုတ်လဲထားလိုက်"

"တူ ဝူ တူ"

"ဖုန်းကလည်း လာပြန်ပါပြီ"

"ဟုတ်ပါတယ် တင်မိုပါ၊ အင်း အင်း တင်မို အခုပဲ ထွက်လာခဲ့ပြီ ဟုတ်လား"

ဖုန်းပြောရင်း တော်ဝင့်လက်ထဲကို အဝတ်တွေသိမ်းထားသည့် ဗီရိုသော့ကိုပေးသဖြင့် လှမ်းယူထားလိုက်သည်။

"တခြားလိုအပ်တာရှိရင် အောက်မှာ ဒေါ်စိန်ရှိတယ်၊ သူ့ကိုခိုင်း ဟုတ်လား၊ ကဲ ဒေါ်လေး သွားတော့မယ်"

အပေါ်ထပ် ကျွန်းလှေကားကြီးအတိုင်း ခပ်သွက်သွက် ပြန်ဆင်းသွားသည့် အဒေါ်ဖြစ်သူနှင့် တော်ဝင့်လက်ထဲရောက်လာသည့်သော့ကို တစ်ချက်ငုံ့ကြည့်ကာ တော်ဝင် သက်ပြင်းရှိုက်လိုက်သည်။

ပြီးတော့ အပေါ်ထပ်တစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်သည်။ ဒေါ်လေးပြောတော့ အပေါ်ထပ်ကို နှစ်ရက်သုံးရက်ပဲ ပစ်ထားသလိုလို ပြောပေမယ့် တော်ဝင် မြင်နေရသည့် မြင်ကွင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုမျှလောက်မကဟု ထင်သည်။

ဂမုန်းနှင့်ဖူးအိတို့ ညီအစ်မနှစ်ယောက်ရှိသော်လည်း အိမ်အလုပ်တွေကို ဘာတစ်ခု စိတ်ဝင်စားပုံမရ။ ဒီလိုအလုပ်တွေဆိုတာ သူတို့နှင့် မသက်ဆိုင်ဟု ထင်ကြဟန်တူသည်။ ဒေါ်လေးပြောတော့ တော်ဝင်ကို နည်းနည်းဝင်ကူပါဦးဟုဆိုပေမယ့် အိမ်ပေါ်ထပ်ကြီး တစ်ခုလုံး လုပ်ရမည့်အလုပ်တွေကဖြင့် မနည်းပါ။

လိုက်ကာစတွေကို အနီးကပ်ကြည့်လိုက်တော့ ဖုန်တက်နေတာ မြင်ရသည်။ ဒေါ်လေးပြောတော့ လိုအပ်တာရှိရင် ဒေါ်စိန်ကို ခေါ်ခိုင်းဟုဆိုပေမယ့် ဒေါ်စိန်နှင့် ဆယ့်နှစ်နှစ်အရွယ် ပုရူးဆိုသည့် ကလေးမတို့ရှိနေသည့် မီးဖိုမှာလည်း ချက်ပြုတ်ကြော်လှော်စရာ ဟင်းအမယ်တွေနှင့် ဆေးကြောလှီးဖြတ်စရာတွေကလည်း တောင်လိုပုံနေတာ တော်ဝင်ဖြတ်လာတုန်းက မြင်ခဲ့တွေ့ခဲ့ရပြီးပါပြီ။

ဒေါ်လေးကိုယ်တိုင်ကလည်း ဒါကို သိသိနှင့် လူကြားကောင်းအောင် ဒေါ်စိန်ကိုခေါ်ခိုင်း ဘာညာနှင့် လက်တွေ့မှာ တော်ဝင်တစ်ယောက်တည်း အပေါ်ထပ်တစ်ခုလုံးကို ရှင်းလင်းရန်သာ ရှိသည်။ ပထမဆုံး ဖုန်စုပ်စက်အကူအညီနှင့် ခြေချစရာမရှိအောင် ဖြစ်နေသည့် ဖုန်မှုန်တွေကို အရင်ရှင်းလင်းပစ်လိုက်သည်။

နောက်တော့ အရှိန်ရလာတာနှင့် အပေါ်ထပ်တစ်ခုလုံး သူ့နေရာနှင့်သူ သန့်ရှင်းတောက်ပြောင်လာအောင် တော်ဝင် မျက်နှာလှလှလေးပေါ်မှာ ချွေးဥချွေးပေါက်လေးတွေ သီးလာသည့်အထိ စိတ်လက်ပေါ့ပါးလုပ်ရင်း အချိန်တွေ ဘယ်လိုကုန်သွားမှန်းပင်





မသိလိုက်။

"တော်ဝင်ရယ်, တစ်ယောက်တည်းနဲ့ ရှိသမျှအလုပ်တွေ အကုန်သိမ်းကျုံးလုပ်နေမှတော့ သေရောပေါ့ကွယ်"

"ဒေါ်စိန်"

"ဟုတ်ပ့ါ ဟုတ်ပ့ါ၊ တော်ဝင်ကို ကူညီချင်ပေမယ့် အောက် ထပ်မှာကလည်း တော်ဝင်မြင်တဲ့အတိုင်း အလုပ်တွေပုံနေလို့ လူတောင် ယားလို့မကုတ်နိုင်လို့ တော်ဝင့်ဆီကို လာမကူနိုင်ဘူး ကွယ်"

"ရပါတယ် ဒေါ်စိန်ရယ်၊ ဒေါ်စိန်မအားတာ တော်ဝင်လည်း သိနေတာပဲ၊ အခုရော အလုပ်တွေပြီးခဲ့ပြီလား"

"ဘယ်ပြီးလိမ့်မလဲ တော်ဝင်ရဲ့၊ အဖေကတစ်မျိုး၊ အမေက တစ်ဖုံ၊ သမီးနှစ်ယောက်ကျပြန်တော့လည်း တစ်ယောက်တစ်မျိုးဂျီးများနဲ့၊ တစ်နေ့တစ်နေ့ သူ့တို့စားချင်တဲ့ ဟင်းအမယ်စုံကို အစပ်အဟပ်တည့်အောင် မနည်းစီစဉ်ရတာကိုက ခေါင်းကို ခြောက်နေတာပဲ"

"မနက်က ကျန်တဲ့ ထမင်း၊ ဟင်းတို့မစားဘူးဆိုတာက ပါသေးတော့ စားခါနီးသောက်ခါနီးကျမှ ပူပူနွေးနွေးဖြစ်အောင် ဖုတ်ပူမီးတိုက် အပြေးအလွှားလုပ်ပေးရတာကလည်း ပါသေးတယ်"

"ဒီကြားထဲ မျက်နှာကောင်းမရလို့ ဆူကြဆောင့်ကြတာ ရှိသေးတော့ တစ်ခါတစ်ခါ ဒီမှာ အလုပ်ဆက်လုပ်ချင်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့တာမျိုးဆိုတာလည်း ခဏခဏပဲ တော်ဝင်ရေ”

ဒေါ်စိန်က အချိန်အားရတုန်း သူ့ရင်ဘတ်ကြီးထဲမှာ အကြပ် အသိပ် မျှသိပ်ထားရဟန်တူသော ခံစားချက်တွေကို ပါးစပ်သေနတ်ပစ်သလို ဒရောသောပါး ရင်ဖွင့်နေတာကို နားထောင်ရင်း တော်ဝင်ကိုယ်တိုင် သူမကို ခိုင်းထားသည့် အလုပ်တွေကို လက်မှ မပြတ် လုပ်နေရသည်။

“ဘယ်အချိန်ထိအောင်များ ဒီအလုပ်တွေ လုပ်နေဦးမလို့လဲ တော်ဝင်ရဲ့၊ ထမင်းစားရမယ့်အချိန်တောင်ကျော်နေပြီ၊ လာ လာ ဒေါ်စိန့်လည်း ထမင်းမစားရသေးလို့ တော်ဝင်ကို ဆင်းလာနိုး စောင့်နေတာ၊ နောက်ဆုံး မနေနိုင်လို့ ကိုယ်တိုင်အပေါ်တက်ခေါ်ရ တာ၊ အောက်ထပ်မှာ ထမင်းဝိုင်းပြင်ခဲ့ပြီ၊ အလုပ်ကို နောက်မှဆက် လုပ်၊ အခု ထမင်းစားကြစို့ ဟုတ်လား”

“တော်ဝင် မစားတော့ပါဘူး ဒေါ်စိန်ရယ်၊ ဒေါ်စိန်တို့ပဲ စားကြပါ၊ အလုပ်ကလေး နည်းနည်းပါးပါးလုပ်တာနဲ့ပဲ အခွင့်အရေး ယူတယ်လို့ အပြောမခံနိုင်ပါဘူး၊ အိမ်မှာလည်း ထမင်းတွေ ဟင်း တွေ အသင့်ချက်ပြီးသား ရှိပါတယ်၊ ဖေဖေ့ကို ထမင်းကျွေးရင်းနဲ့ တော်ဝင်ပါ ပြန်စားလိုက်ဦးမယ်”

“မဟုတ်တာကွယ်၊ ဒါ အခွင့်အရေးယူတာမှမဟုတ်ဘဲ လုပ်ရတဲ့အလုပ်တွေဆိုတာကရော နည်းသလား၊ သူတို့အိမ်ကြီးမှာ တော်ဝင် မစားချင်ရင်၊ ပုရုံးကိုတော့ ဟင်းအပို့ခိုင်းလိုက်မယ် သိလား”





“မပို့နဲ့ ဒေါ်စိန်၊ သူတို့ဆီက ထမင်း ဟင်း ဘာတစ်ခုမှ မစားချင်ဘူး”

“သူတို့မသိလို့ကို ပို့ဆိုးတာပေါ့ ဒေါ်စိန်ရယ်၊ ဘာမဟုတ် တာလေးနဲ့ ဒေါ်စိန်ရော တော်ဝင်ပါ အပြောအဆိုခံနေရရင် မကောင်း ပါဘူး၊ ဒေါ်စိန့်စေတနာကို တော်ဝင် သိပါတယ်၊ တော်ဝင် ပြော တာကိုသာ နားထောင်ပါနော်”

ဒေါ်စိန်ကိုနှုတ်ဆက်ပြီး အိမ်ဘက်ကို တော်ဝင် ပြန်ကူးလာ ခဲ့သည်။ ဧည့်ခန်းထဲမှာ သတင်းစာတစ်စောင်ထိုင်ဖတ်နေသော ဖေဖေ့ကို တွေ့လိုက်ရတာမို့ တော်ဝင် ခြေအစုံရပ်တန့်သွားသည်။

“ထမင်းစားပြီးပြီလား ဖေဖေ”

“သမီးပြန်မလာတာနဲ့ ဆာလို့ ဖေဖေ ဘာသာပဲ ခူးစားလိုက် တယ်၊ သမီးရော ဟိုအိမ်မှာ အလုပ်တွေ ပြီးခဲ့ပြီလား”

“မပြီးသေးဘူး ဖေဖေ၊ ဗိုက်ဆာလို့ ထမင်းပြန်စားတာ”

“သမီးဒေါ်လေး ခိုင်းတာဆိုတော့ ပြီးအောင်သာလုပ်ပေး လိုက်ပါ”

“ဟုတ်ကဲ့ပါ ဖေဖေ”

ဘာအလုပ်ဟု ဖေဖေ မမေး။ သမီးဖြစ်သူ တော်ဝင်နှင့် အဒေါ်ဖြစ်သူတို့ကြားမှာ ပြေလည်မှုရစေလိုသော ဖေဖေ့ဆန္ဒ၊ ဖေဖေ့ သဘောထားကို တော်ဝင် နားလည်သဖြင့် ခေါင်းကလေး ညိတ် လိုက်၏။ အလုပ်ထဲမှာ အာရုံရောက်နေတုန်းက ကိုယ့်ကိုကိုယ် ဆာလို့ဆာနေမှန်းပင် သတိမထားမိ။ အိမ်ပြန်ရောက်ပြီး ထမင်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆောင်းဖွင့်လိုက်မှ သင်းပျံ့မွှေးကြိုင်သော ထမင်းနှင့်ဟင်းကို မြင်မှ ဗိုက်ထဲက ပိုဆာလာသည်။ ငြုပ်သီးအညာထောင်းရန့်က သင်းပျံ့နေသလို ချဉ်ရည်ဟင်းတစ်ခွက်၊ ငါးကြော်၊ ဆိတ်သားနှပ်၊ ပဲလိပ်ပြာရွက်သုပ်၊ ငံပြာရည်ဖျော် တို့စရာအစုံဆိုတော့ ထမင်းတစ်ပန်းကန်လောက်တော့ ပြိုက်ခနဲကုန်သွားသည်။

အပေါ်ထပ်တစ်ခုလုံး မှန်ကြည့်လို့ရအောင် တောက်ပြောင်နေအောင်လုပ်ရသည်ကမလွယ်။ တော်ဝင်တစ်ယောက်ထဲ ရှင်းလင်းရသည်မှာ ဖတ်ဖတ်မောနေ၏။ ထမင်းစားပြီး အိမ်ကြီးပေါ်ပြန်တက်လာချိန်မှာ အောက်ထပ်မှ ဆူဆူညံညံအသံတွေကို ကြားလိုက်ရပြီး အပေါ်ထပ်ကို တက်လာရင်း စကားပြောလာသည့် ဂမုန်းနှင့်ဖူးအိအသံကို ကြားလိုက်ရသည်။

အစိမ်းနုရောင်လှဲလှဲပြေးနေသည့် လိုက်ကာခန်းဆီးစကြီးကို ဖြုတ်ချကာ ပြာနုကြည်လွင်သော ဇာခန်းဆီးအသစ်ကို အာရုံစိုက်ပြီး လဲလှယ်နေရသဖြင့် တော်ဝင် နောက်ကျောဘက်မှာ အသံတွေကို ကြားပေမယ့် လှည့်မကြည့်အား။

"တစ်အိမ်လုံး တောက်ပြောင်လို့ပါလား ဂမုန်း၊ အိမ်ဖော်အသစ်ရောက်လာပြီ ထင်တယ်"

"ဟော့ ဟိုမှာ ဘယ်သူလဲ"

ခုံတစ်လုံးပေါ်တက်ပြီး လိုက်ကာခန်းဆီးစကြီးကို ခြေဖျားလေးထောက်ပြီး ချိတ်လေးတွေနှင့် လိုက်တွယ်ချိတ်နေသော တော့်ဝင်ကို နောက်မှိုင်းကျောခိုင်းအနေအထားနှင့် ညီအစ်မနှစ်ယောက်စလုံး လှမ်းမြင်ရပေမယ့် ရုတ်တရက်မမှတ်မိ။

ပန်းရုံအိမ်ကြီးပေါ်ကို တော်ဝင် တစ်ခါမှ မလာဘူးတာမို့ အိမ်အပေါ်ထပ်တစ်ခုလုံး အခုလို သန့်ရှင်းတောက်ပြောင်နေအောင် ရှင်းလင်းသန့်ရှင်းပေးနေသူကိုလည်း တော်ဝင်ဟု မထင်ကြ။

"ဟိတ် ဒီမှာ"

"ဟင် တော်ဝင်"

ညီအစ်မနှစ်ယောက်စလုံး တော်ဝင့်ကို ပန်းရုံအိမ်ကြီးပေါ်မှာ တွေ့လိုက်ရတော့ အံ့ဩသွားသည်။

"ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာလဲ၊ တို့က အိမ်ဖော်သစ်လို့ ထင်နေတာ"

ဂမုန်းက တော်ဝင့်မျက်နှာလှလှလေးကို ခပ်တည်တည်ကြည့်ပြီး မကြည်သလို မျက်နှာထားနှင့် မေးလိုက်တာမို့ တော်ဝင့်ရင်ထဲ အောင့်သက်သက်ဖြစ်သွားပေမယ့် သည်းခံနေလိုက်ပါသည်။

"ဒေါ်လေးကိုယ်တိုင် အိမ်ကိုလာခေါ်ပြီး ကူညီပါဦးလို့ ပြောလို့ လာလုပ်ပေးနေတာလေ၊ မှာထားတဲ့ အိမ်ဖော်ကလည်း မရသေးဘူးတဲ့"

"အပေါ်ထပ်တစ်ခုလုံး တစ်ယောက်တည်း ရှင်းထားတာလား"

"အေးလေ ဘာဖြစ်လို့လဲ"

ဂမုန်းနှင့်ဖူးအိက တစ်ထပ်လုံး အပြစ်ရှာသည့် မျက်စိဖြင့် ဆုံကြည့်ရင်း မေးလိုက်သလို တော်ဝင်ကလည်း သူတို့ကို အဲ







www.burmeseclassic.com

www.burmeseclassic.com



နတ်ရင်း ပြန်ပေးလိုက်၏။ မျက်နှာတွေကိုက မကြည်မသာနဲ့။ တော်ဝင်ကို ပန်းရဂုံအပေါ်ထပ်မှာ တွေ့လိုက်ရတာကို ညီအစ်မနှစ်ယောက်စလုံး သဘောမကျမှန်း သိလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ မာမီပြန်လာရင် နင့်ကို မုန့်ဖိုးပေးခိုင်းမလို့ပါ"

"မလိုပါဘူး ပိုက်ဆံလိုချင်လို့ ဒါတွေလာလုပ်နေတာမှ မဟုတ်တာ၊ အဒေါ်တစ်ယောက်က လိုအပ်နေတဲ့အကူအညီကို တူမတစ်ယောက်အနေနဲ့ လာလုပ်ပေးရုံသက်သက်ပဲ"

မိန်းမကိုက ကြီးကျယ်လိုက်တာဆိုသည့်စကားကို ညီအစ်မနှစ်ယောက်စလုံး စိတ်ထဲကိုယ်စီ ပြောလိုက်သံကို တော်ဝင်မကြားလိုက်ပါ။ သူမအလုပ်ကိုသာ ကျောခိုင်းအနေအထားနှင့် ဆက်လုပ်နေတာမို့ ညီအစ်မနှစ်ယောက်စလုံး တော်ဝင်ကို ဘာစကားမှ ဆက်မပြောနိုင်ဘဲ အိပ်ခန်းထဲဝင်ခဲ့ကြသည်။

"မာမီနဲ့တော့ သိပ်ခက်တာပဲ၊ ဘာဖြစ်လို့ တော်ဝင်ကို အိမ်ကြီးပေါ် တက်ခိုင်းရတာလည်းမသိဘူး၊ ခိုင်းစရာရှိလည်း ဒေါ်စိန် တို့ ပူစူးတို့အားမှခိုင်းရင်လည်း ရရဲ့သားနဲ့"

"ဒီလိုပုံစံဆက်လုပ်နေလို့ကတော့ ဟိုက ရောင့်တက်ပြီး အိမ်ကြီးပေါ်က မဆင်းဘဲနေမှ ဟုတ်ရပေ့ဖြစ်နေဦးမယ်"

ဖူးအိက မကျေမနပ် ခွာအောင့်ပြီး ပြောနေသည်။ တော်ဝင်နှင့်ပတ်သက်သမျှ အစထဲက ဖူးအိက အမြင်ကြည်တာမဟုတ်။ ဒီကြားထဲ နေဗလဆိုသည့် ဖူးအိတစ်ဖက်သတ် စိတ်ဝင်စားနေသည့်





[illegible]က တော်ဝင်ကိုမှ ရွေးပြီး လှသည်၊ စိတ်ဝင်စားသည်ဆိုတော့ [illegible]ဒီရင်မှာ တော်ဝင်ကို မုန်းသည့်အမုန်းက ပို၍ပြင်းထန်စူးရှသွား[illegible]

"ဒီလောက်တော့ မာမီလည်း သိပါတယ် ဖူးအိရဲ့၊ [illegible]ေါ်စိန် နဲ့ပူစူးတို့လည်း အားမှမအားတာ၊ အိမ်ဖော်မှာထားတာလည်း [illegible]ရ ဆိုတော့ တော်ဝင်ကို လိုသုံးသုံးရမှာပေါ့"

"တော်ဝင်သာ ဝင်မကူညီရင် ဒီအလုပ်တွေ ဘယ်သူ့စီ[illegible]ကောက်လာနိုင်သလဲဆိုတာလည်း သေချာတွေးဦး"

"ဒါ အိမ်ဖော်အလုပ်ပဲ၊ သူတို့ကိုခိုင်းပေါ့"

"အခု အိမ်ဖော်မရဘူးလေ၊ ဖူးအိ အမြင်ပဲ"

ဖူးအိက မျက်နှာလှလှလေးကို ရှုံ့မဲ့ပြီး နှုတ်ခမ်းစူလျက် [illegible]ပြောလိုက်တော့ ဂမုန်းပြုံးလိုက်သည်။ ဖူးအိလိုပဲ ဂမုန်းကိုယ်တိုင် [illegible]ည်း အိမ်မှုကိစ္စဆို ဘာတစ်ခုမှ စိတ်ဝင်စားသူမဟုတ်။ သူတို့ [illegible]ညီအစ်မ စိတ်ဝင်စားတာက တစ်နေ့တစ်နေ့ လည်မည်၊ ပတ်မည်၊ [illegible]ယ်မည်၊ သူငယ်ချင်းတွေနှင့် လျှောက်သွားရတာ၊ ဆိုင်ကောင်း[illegible]ကောင်းမှာ မုန့်ဝယ်စားရတာလောက် ပျော်စရာဟု သတ်မှတ်ထား[illegible]သည်။

သူငယ်ချင်းတွေနှင့် သင်တန်းစုတက်ကြသည်ကလည်း [illegible]ပျော်ချင်၍ဖြစ်သည်။

"အိမ်မှာ ညစာစားပွဲလုပ်တဲ့အခါကျရင် ဖူးအိ ဘာအရောင် [illegible]တ်မှာလဲ၊ ဂမုန်းတော့ ဒီတစ်ခါ အဖြူချည်းသက်သက် ဝတ်ရ



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ စဉ်းစားထားတယ်''

''အဲဒါတွေ ထားစမ်းပါ၊ တော်ဝင်ဆိုတဲ့မိန်းမကို ဖူးအိတော့ နည်းနည်းမှ ကြည့်မရဘူး''

''ဖူးအိသာ ကြည့်မရတာ၊ နေဗလမျက်ဝန်းထဲမှာတော့ တော်ဝင်ကို သိပ်ကြည့်လို့လှနေတာ မဟုတ်လား''

''အဲဒါကြောင့် နေဗလဆိုတဲ့ကောင်ကို အိမ်ကို လုံးဝမလာနဲ့လို့ ပြောထားတာသိလား''

ဂမုန်းစကားက ဖူးအိရင်ကို တည့်တည့်ကြီး လာမှန်သွားတာမို့ ဖူးအိစိတ်ထဲမှာ နေဗလကိုရော တော်ဝင်ကိုပါ ကြည့်မရတာခြင်းအတူတူ ဖြစ်သွားသည်။

◆ ◆ ◆



# အခန်း (၅)

''အမလေး မရွှေဖူးရယ်၊ ပြောတော့ဖြင့် လွယ်လိုက်တာ၊ အိမ်ဖော်ဆိုတိုင်း တွေ့တဲ့လူ ခေါ်လာလို့ဖြစ်တာမဟုတ်ဘူးဆိုတာရော သိရဲ့လား၊ လူတွေအကြောင်း လောကကြီးအကြောင်း ဘာတစ်ခုမှ မသိဘဲနဲ့ လျှောက်ပြောမနေစမ်းပါနဲ့ကွယ်၊ ဒီမှာ စိတ်ညစ်ရတဲ့ထဲ ခေါင်းအေးအေးနေစမ်းပါရစေ''

''မာမီကလည်း ဖူးအိက အကောင်းပြောတာကို''

''အကောင်းလည်းမပြောနဲ့၊ အဆိုးလည်း မပြောနဲ့၊ ညီ့ခံပွဲနေ့ကျရင်သာ ကိုယ့်ကိုကိုယ် အလှဆုံး ပြင်ဆင်ထားကြ၊ အဲဒီပွဲက မာမီ့သမီးနှစ်ယောက်စလုံးရဲ့ပွဲဖြစ်အောင်သာ ကြိုးစားကြစမ်းပါကွယ်၊ ဘာမဟုတ်တာကို ခေါင်းထဲထည့်မနေစမ်းပါနဲ့''

တော်ဝင်နဲ့ပတ်သက်သမျှ မာမီက ဘာတစ်ခုမှ စိတ်မဝင်စားတာမို့ ဖူးအိလည်း လေကုန်ခံပြီး ဘာမှဆက်မပြောနေတော့ဘဲ နေရာက ထွက်လာခဲ့သည်။ အခုဆိုလျှင် တော်ဝင်ကို မာမီကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် ပန်းရဂုံအိမ်ကြီးထဲကို ဝင်ထွက်ခွင့်ပြုထားရုံသာမက အိမ်ကြီးထဲမှာ အလှအပပြုပြင်တာ၊ သန့်ရှင်းရေးလုပ်တာအားလုံး တော်ဝင့်လက်ရာတွေဖြစ်လာသည်။

မာမီစိတ်ကြိုက် အိမ်ဖော်ကလည်း ရှာမတွေ့။ မာမီစိတ်တိုင်းကျ လုပ်နိုင်သူကျပြန်တော့လည်း တခြားသူမဟုတ်ဘဲ တော်ဝင်ဖြစ်နေသည်။ ဖူးအိကိုယ်တိုင် တော်ဝင်ကို မုန်းပေမယ့် တော်ဝင်လုပ်တာကိုင်တာတွေကိုကျတော့ စိတ်ထဲက သဘောကျမိသည်။ တော်ဝင်က ရှပ်လှသလို အလုပ်လုပ်တော့လည်း စေ့စပ်သေချာသည်။ သန့်ရှင်းသပ်ရပ်သည်။

တစ်ခုခုနိုင်းလျှင် နောက်ကို ပြန်လှည့်ကြည့်စရာမလို။ အိမ်ဖော်တွေလို နောက်က တကောက်ကောက်လိုက်ကြည့်ပြီး ပြောနေရသည်ထဲမှာ တော်ဝင်မပါ။ တော်ဝင်လိုတော်သည့် အိမ်ဖော်ကောင်းတစ်ယောက်ရရင် သိပ်စိတ်ချမ်းသာရမှာပဲဟု မာမီ့နှုတ်မှထုတ်ညည်းသံကို နားမှာကြားယောင်ရင်း ခြံထဲကို ဆင်းခဲ့သည်။

"ဒီမှာဗျာ ဒီမှာ"

ခြံရှေ့မှာ လူတစ်ယောက်။

ပုံစံက အချိုးမကျ။ ကုန်းကုန်းကွကွနှင့် ဖူးအိတို့ခြံထဲကို သူခိုးချောင်းချောင်းနေရာကနေ လှမ်းခေါ်တာမို့ စိတ်ညစ်နေသည့်ကြားက မျက်ခုံးလေးတွန့်ပြီး လှမ်းကြည့်လိုက်၏။

"ဒီမှာ ဗျို့ မမလေး"

အသံကျယ်ကြီးနှင့် လှမ်းအော်တာမို့ ဖူးအိ ဘေးပတ်ဝန်း





ကျင်ကို အလန့်တကြားလေး လှမ်းကြည့်လိုက်မိသည်။ ဘယ်ကတောသားလည်းမသိ။ လူခေါ်ဘဲလ်ကိုမနှိပ်ဘဲ ဖူးအိကိုမြင်တာနှင့် အသံကျယ်ကြီးနှင့် လှမ်းအော်နေသည်။

အော်သူကမရှက်ပေမယ့် အအော်ခံရသည့် ဖူးအိက သူ့အစား ရှက်တာနှင့် ခြံတံခါးနားကပ်သွားသည်။

"ဘာလဲရှင့် အသံအကျယ်ကြီးနဲ့ ခြံရှေ့လာပြီး အော်ကြီးဟစ်ကျယ်လုပ်နေတာ ဘာကိစ္စလဲ"

"တော်ဝင်နဲ့တွေ့ချင်လို့ပါ"

"ဘာ"

"ဦးချမ်းငြိမ်းသမီး တော်ဝင်လေ"

"ရှင်က တော်ဝင်ကိုမေးရအောင် ဘယ်သူမို့လို့လည်း၊ တောက တော်ဝင့်ရည်းစားလား"

ကော်လံလည်ကတုံး၊ ညိုနက်နက်ပုဆိုး၊ ကတ္တီပါဖိနပ်အသစ်နှင့် ခရီးဆောင်အိတ်ကို လွယ်ထားသည့် မိုးတိမ်ကသူ့မျက်စိရှေ့က မိန်းမလှလေးအမေးကို ပြန်မဖြေနိုင်ဘဲ ပထမဆုံးအကြိမ်အဖြစ် သူ့ကိုယ်သူ လှည့်ပတ်ငုံ့ကြည့်လိုက်၏။

တောသားနှင့်တူသော ခန့်ညားချောမောသော သူ့ကိုယ်သူသာ တွေ့သည်။

"ခင်ဗျား ဘယ်လိုလုပ်ပြီး ကျုပ် တောကလာတယ်ဆိုတာ သိလဲ"

"ဒါဆို တော်ဝင့်ရည်းစားဆိုတာ သေချာသွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မေးတာ အရင်ဖြေဦးလေ၊ ကျုပ် တောကလာတယ်ဆိုတာ ဘယ်လိုလုပ်သိတာလည်း"

"ဘယ်လိုသိသိပေါ့၊ ရှင့်အပူလား"

"ကျုပ်အပူပေါ့ တော်ကြာ ခင်ဗျားက အကြားအမြင်တွေ ဘာတွေရပြီး တခြားမမြင်အပ် မသိအပ်တာတွေပါ ကြိုပြီး မြင်နေသိနေမှာစိုးလို့ မေးရတာဗျ သိလား"

"ဘာ"

"ရှင် လူကို ဘာစကားပြောတာလည်း"

"သြော် ကျုပ်က ရက်တတ်လို့ပါ"

"ဟွန်း လူကိုက အူကြောင်ကြောင်နဲ့"

ဖူးအိနှုတ်ဖျားက ထိုစကားကို မကျေမချမ်း ရေရွတ်လိုက်ပေမယ့် စိတ်ထဲမှာတော့ တောက လိုက်လာသည့် တော်ဝင့်ရည်းစားဆိုသည့်လူကို မနာလိုဖြစ်နေသည်။

ကြည့်ပါဦး။

တောကသာဆိုသည်။

တော်ဝင့်ရည်းစား တောသားဆိုသည့်လူက မြို့သားတွေ လိုက်မမီနိုင်အောင် ဖြူဖြူမြင့်မြင့် ချောချောလှလှ ဗလကောင်းကောင်းနှင့် မြို့ကြီးသား နေဗလတို့နှင့် တခြားစီ။ တော်ဝင်နှင့်လည်း အချောအလှချင်း လိုက်ဖက်ညီကြသည်။ ဖူးအိတို့သီအစ်မမှာသာ တော်ဝင့်ရည်းစားလို ရုပ်ချော၍ ယောကျ်ားပီသသော ချစ်သူရည်းစားကိုယ်စီရှိမည်ဆိုလျှင် အဘယ်မျှ ပျော်စရာကောင်းလိုက်မည်





နည်း။

အခုတော့ တော်ဝင်က သူတို့သီအစ်မထက် သာသွားပြီ။

"ဘယ်လိုလည်းဗျား လူကို ဒီလိုပဲ ဘာမပြောညာမပြော ကြည့်နေတော့မှာလား ကျုပ် ရှက်တယ်ဗျ"

"အို"

အသံကျယ်ကြီးနှင့် အော်လိုက်သော တော်ဝင့်ရည်းစား တောသားကြောင့် ဖူးအိမှာ ပါးလေးများ နီထွေးသည်အထိ ရှက်သွားပြီး ကိုယ့်ကိုကိုယ်လည်း ဒေါသဖြစ်သွားသည်။

"ရှင့်ကို ဘယ်သူက ကြည့်နေလို့လည်း၊ ရှင် တောသား ပီပီ စကားပြောတော့လည်း အော်ကြီးဟစ်ကျယ်နဲ့"

"ကျုပ်က တောသားဆိုတော့ ဒီလိုပဲ ပြောတတ်တယ်"

မိုးတိမ်မျက်နှာက ပြုံးစိစိ။

သူ့ကို တောသားလို့ပြောလာသည့် မြို့သူလှလှလေးကို မိုးတိမ်က တမင်အရွဲ့တိုက်ပြောတော့ မိန်းမချောလေးဆီက ဒိုင်းခံနဲ့ ရောက်လာသည့် လှပသည့် မျက်စောင်းဆုကို ကျေနပ်စွာ လက်ခံသိမ်းပိုက်လိုက်သည်။

"တော်ဝင်ကို တွေ့ချင်ရင် ကျွန်မနောက်လိုက်ခဲ့"

လူတစ်ကိုယ်စာဝင်နိုင်သည့် တံခါးပေါက်လေးကို ဖူးအိကိုယ်တိုင် ဖွင့်ပေးလိုက်တာမို့ မိုးတိမ်လည်း ဗန်းရဂုံခြံကြီးထဲ ရောက်လာပြီး ဖူးအိနားမှာ ရပ်လိုက်သည်။ ရှည်မိုးမြင့်မားသော အရပ်ကြီးက ဖူးအိကိုယ်လေးကို မိုးသွားတော့ ဖူးအိရင်ထဲ တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်သွားသည်။

တော်ဝင့်ရည်းစားတဲ့။

လူကို မျက်လုံးပြူးပြီး စူးစိုက်ကြည့်နေပုံကြီးက မုန်းချင်စရာ။

ဒုတိယအကြိမ်မြောက် မျက်စောင်းရှယ်လိုက်မိပြီးမှ သူ့ရှေ့က ထွက်လာတော့ တော်ဝင့်ရည်းစား တောသားက ဖူးအိနားမှ ဖဝါးမခွာ အတူကပ်ပါလာ၏။ ရှိုးရှိုးပါလာခြင်းမဟုတ်။

ပန်းရဂုံအိမ်ကြီးနှင့်တကွ ခြံဝန်းကျယ်ကြီးထဲ ရှိရှိသမျှကို လှည့်ပတ်ကြည့်ရင်း အတူယှဉ်သွားနေသည့် ဖူးအိကိုယ်လေးကို သူ့အဝတ်အိတ်ကြီး ဝင်တိုးသည်အထိ လွန်လာတော့ ဖူးအိမှာ စိတ်ဆိုးဒေါသဖြစ်နေရပြန်သည်။

''ဘယ်လို ဖြစ်နေတာလည်းရှင်''

''ကျုပ်က ဘာဖြစ်နေလို့လည်းဗျာ''

''ရှင့်အဝတ်အိတ်ကြီးနဲ့ ကျွန်မကို ဝင်တိုးမိတာ ရှင်မမြင်ဘူးလား''

''ဆောရီးပါဗျာ၊ ပန်းရဂုံအိမ်ကြီးအကြောင်း ဦးချမ်းငြိမ်းပြောပြလို့ ကြားဖူးပေမယ့် ဒီလောက်ကြီးကျယ်ခမ်းနားမှန်းမသိလို့ အံ့ဩနေမိတာပါ၊ ဒါနဲ့ ခင်ဗျား ကျုပ်ကို ဘယ်ကိုခေါ်သွားနေတာလဲဗျာ''

''အိမ်ကြီးက ဟိုမှာ၊ ဘာလို့ ကျုပ်ကို ဒီဘက်ခေါ်လာရတာလဲ၊ ဘာလဲ ကျုပ်ကို တောသားအချဉ်ဆိုပြီး လိမ်ညာခေါ်လာ





တာလား''

''အောင်မယ် ရှင့်ကို လိမ်ညာခေါ်လာရအောင် ရှင်က ဘာမို့လို့လဲ''

''ကျုပ်က တောမြို့က တောသူဌေးရဲ့ တစ်ဦးတည်းသောသားဗျာ''

''အဲဒါ ကျွန်မက ဘာလုပ်ရမှာလဲ''

''တော်ဝင်ကို တွေ့ရမယ်ဆိုပြီး အိမ်မကြီးဘက်ကိုခေါ်မသွားဘဲ အိမ်နောက်ဘက် လူရှင်းတဲ့နေရာကို ရွေးပြီး ကျုပ်ကို ခေါ်လာကတည်းက ခင်ဗျားစိတ်ထဲက အကြံဉာဏ်ကို ခင်ဗျားဘာသာ သိမှာပေါ့''

''ဟင်''

ဖူးအိမှာ တော်ဝင့်ရည်းစား တောသား၏စကားကြောင့် ဒေါသလည်းဖြစ်၊ ရယ်လည်းရယ်ချင်နှင့် ခြေစုံရပ်ပြီး သူ့မျက်စိရှေ့က အရပ်ကလန်ကလားနှင့် တော်ဝင့်ရည်းစားမျက်နှာကို ခါးလေးထောက်ပြီး ဒေါသဖြစ်ဖြစ်နှင့် မော့ကြည့်လိုက်၏။

မျက်လုံးပြူးကြီးနှင့် ဘယ်အချိန်ထဲက ဖူးအိမျက်နှာလှလှလေးကို ငုံ့ကြည့်နေမှန်းမသိသည့် တော်ဝင့်ရည်းစားထံမှ အကြည့်ချင်းဆုံမိတော့ ဖူးအိရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ ဘယ်လိုလူလည်းမသိ။ ကိုယ့်မှာ ရည်းစားတစ်ယောက်လုံးရှိလျက်နှင့် ဖူးအိကိုကြည့်ပုံက ရဲတင်းလွန်းသည်။ ဒီကြားထဲ စကားပြောပုံကြတော့လည်း နည်းနည်းမှ အချိုးမပြေ။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောပုံက ယောကျ်ားဖြစ်ပြီး စီးစီးကျောကျောနှင့် လူပုံချောသလောက် မြင်ပြင်းကပ်စရာဖြစ်သည့်အတွက် ဖူးအိစိတ်တဲမှာ အချဉ်ပေါက်လာသည်။

"ဟုတ်တယ်၊ ရှင့်လိုယောကျ်ားတစ်ယောက်ကို ကျွန်မလိုမိန်းမက မတရားကြံစည်ချင်လို့ ဒီဘက်ကို ခေါ်လာတာသိလား"

"ခင်ဗျားနော် ကျုပ်ကို ဘာထင်နေလဲ၊ ကျုပ်အသားကို လာထိလို့ကတော့ တစ်ရပ်ကွက်လုံးကြားအောင် အော်ပစ်လိုက်မယ်"

မိုးတိမ်က ဖူးအိနားက ခြေတစ်လှမ်းစာ နောက်ကိုပြန်ဆုတ်လိုက်ပြီး လူရိပ်လူခြေမတွေ့ဘဲ ပကတိ တိတ်ဆိတ်ငြိမ်သက်နေကြသော ခြံဝင်းကျယ်ကြီးနှင့် သစ်ပင်များစိမ်းစိုဝေဆာနေသည့် ခမ်းနားကြီးကျယ်သည့် ပန်းရဂုံအိမ်ကြီးရှိရာကို လှည့်ပတ်ကြည့်ရင်း တမင်အရွဲ့တိုက်ပြီး ပြောလိုက်တော့ ဖူးအိမှာ မိုးတိမ်မျက်နှာချောချောနှင့် ဖြစ်ပျက်နေသော ကဲကဲဆတ် အမူအရာကိုကြည့်ပြီး အသည်းယားလာ၏။

"တော်ဝင် ဘယ်မှာလဲဆိုတာ မှန်မှန်ပြောနော် အမိ၊ ကျုပ်ကို မကောင်းကြံလို့ကတော့ အော်မှာပဲ"

"အဟွန့်"

"ပြောပုံကိုက စိတ်ပျက်စရာ၊ ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ သူ့ကိုပဲ ဒီက မကောင်းကြံရဦးမယ်တဲ့"

"ပြောနိုင်မလားဗျာ၊ ခင်ဗျားတို့ မြို့ကြီးသူ မြို့ကြီးသားတွေက ကျုပ်တို့ တောကလူတွေနဲ့မှ မတူပဲ"

"မတူရအောင် မြို့ကလူတွေက ဘာဖြစ်နေလို့လဲရှင်၊ ချို ပေါက်နေလား အမြီးထွက်နေလား"

မခံချင်စိတ်လေးနှင့် ဖူးအိပြန်ပြောမိတော့ သူက ဖူးအိတစ်ကိုယ်လုံးကို စေ့စေ့ရှုရှု စိုက်ကြည့်သည်။

"ဟိုကဖော် ဒီကဖော်နေတာနဲ့စာရင် ချိုပေါက်၊ အမြီးပေါက်နေတာကမှ တော်ဦးမယ်"

"ဘာ"

"ဟင် မိုးတိမ်"

"တော်ဝင်"

ခြံနောက်ဘက်မှ ရုတ်တရက် ထွက်လာသည့် တော်ဝင်မှာ ဖူးအိနှင့် စကားများရန်ဖြစ်နေသူ မိုးတိမ်ကို တွေ့လိုက်ရတာမို့ အံ့ဩနေခိုက်မှာပင် ဖူးအိက တော်ဝင်နှင့်မိုးတိမ်ကို မကျေမနပ်ကြည့်ကာ စိတ်ဆိုးဒေါသထွက်သွားပါသည်။

"နင်နဲ့ ဖူးအိ ဘယ်လိုလုပ်တွေ့ကြတာလည်း မိုးတိမ်"

"ဖူးအိတဲ့လား နာမည်နဲ့လူနဲ့ လိုက်သားပဲ၊ ဖူးအိနေအောင် လှတယ်"

မိုးတိမ်က ဖူးအိ ထွက်သွားရာနောက်ကို လိုက်ကြည့်ရင်း ပြုံးပြုံးကြီးပြောလိုက်တာကြောင့် တော်ဝင် လန့်သွားသည်။

"အမလေး ဖူးအိကိုတော့ သွားပြီး သဘောမကျလိုက်နဲ့ မိုးတိမ်ရေ၊ သူတို့က ဘဝင်တွေ၊ နင့်လို တောသားကို သူတို့







www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထဲတောင်ထည့်မှာမဟုတ်ဘူး''

''ငါကလည်း သူ့ခေါင်းထဲ ထည့်ခံရမှာ မကြိုက်ပါဘူး။ ထည့်ချင်းထည့် သူ့ရင်ဘတ်ထဲ ထည့်တာပဲ ကြိုက်တယ်''

''ငါတော့ နင့်ညီမကို ကြိုက်သွားပြီ တော်ဝင်ရေ၊ အမျိုး တော်ဖို့သာ အသင့်ပြင်ထား''

''အေး ဟိုကသာ နင်ပြောတာကြားရင် တက်သေနေဦး မယ် သိလား၊ လာ လာ ဖေဖေသာ နင်ရောက်လာတာသိရင် သိပ်ဝမ်းသာမှာ''

''ဝမ်းသာတာ နောက်ကိုထားဦး၊ ရော့ ဒီမှာ ငါ့အိတ်ကို နင်သယ်လာခဲ့၊ အထဲမှာ နင်တို့ဖို့ လက်ဆောင်တွေပါတယ်၊ တစ်လမ်းလုံး အလေးခံပြီး ယူလာရတာ၊ ဘယ်လောက်မောတယ် မှတ်နေလဲ''

''ရော့ အင့်''

မိုးတိမ်က သူ့ထုံးစံအတိုင်း ကျောမှာလွယ်လာသည့် အိတ်ကို တော်ဝင့်လက်ထဲ ဘုတ်ခနဲထည့်ပေးပြီး သူက အရင် တော်ဝင့်ရှေ့ကဦးဆောင်ပြီး ခပ်တည်တည်လျှောက်သွားတာမို့ တော်ဝင်မှာ နင့်နေအောင်လေးသော အိတ်ကြီးကို သယ်ယူလာရင်း သူတို့သားအဖအတွက် လက်ဆောင်ပစ္စည်းတွေ အမှတ်တရ သယ်ယူလာသော သူငယ်ချင်းမိုးတိမ်ကို ကျေးဇူးတင် အားနာပြုံး လေးဖြင့် တစ်ချက်လှမ်းကြည့်လိုက်ကာ သူ့နောက်ကို အပြေးလိုက် ပါခဲ့၏။

◆ ◆ ◆



## အခန်း (၆)

''ဟော ဟိုမှာ''

''ဘာလဲ''

''တော်ဝင့်ရည်းစား တောသားဆိုတာလေ''

''ဘယ်မှာလဲ''

ဖူးအိနားကိုတိုးတွေ့ပြီး ဂမုန်းက ခြံထဲကို လှမ်းကြည့်သည်။ ခြံထဲတစ်နေရာမှာ ဦးချမ်းငြိမ်းနှင့်အတူ ပန်းအိုးတွေရွှေ့နေသည့် မိုးတိမ်အသွင်က ဖြူဖြူမြင့်မြင့်။ မြင်လိုက်တာနှင့် လူချော တစ်ယောက်အဖြစ် ထင်းနေသည်။

''ရုပ်က အမိုက်စားပါလား၊ သူ့နာမည်က ဘယ်သူ တဲ့လဲ''

''မိုးတိမ့်တဲ့''

''ဟား နာမည်တွေက အဆင့်မြင့်လှချည်လား၊ တစ်ယောက်က တော်ဝင်၊ တစ်ယောက်က မိုးတိမ်၊ တောသူတော


www.burmeseclassic.com

www.burmeseclassic.com



...နှာခေါင်းလေးတတ်သေးတယ်''

ဂမုန်းက မိုးတိမ်ကိုလှမ်းကြည့်ရင်း ပြောလိုက်သည့်စကားကို ဖူးအိစိတ်ထဲမှာလည်း တိတ်တိတ်လေး ကျိတ်ထောက်ခံနေမိ... နှစ်ယောက်စလုံး ဖြူဖြူမြင့်မြင့် ချောချောတွေဆိုတော့ တော်ဝင်နှင့် မိုးတိမ်တို့စုံတွဲက နေနဲ့လလို ရှေ့သွားနောက်လိုက်ညီသည်က အမှန်ဖြစ်သည်။

''ဟော ဟိုမှာ ဂမုန်းတို့ဘက်ကို လှမ်းကြည့်နေတယ် ဖူးအိရေ၊ လိုက်ကာကိုချလိုက် ချလိုက်၊ တော်ကြာ တော်ဝင့်ရည်းစားက သူ့ကို မိုးပေါ်က နတ်သမီးလေးနှစ်ပါး ချောင်းကြည့်နေတာသိရင် ဘဝင်တွေ ရွတ်မြင့်နေဦးမယ်''

ဂမုန်းစကားကြောင့် ဖူးအိ လက်ထဲက လိုက်ကာစလေးကို လွှတ်ချလိုက်သည်။ တော်ဝင်ကတော့ တောက သူ့ရည်းစားလိုက်လာလို့ သိပ်ပျော်နေမှာ သေချာသည်။ လှပသော တော်ဝင့်မျက်နှာမှာ အပြုံးတွေချည်း။

''တူ တူ တူ''

''ဟော စွမ်း ဖုန်းပါလား''

ဂမုန်းက သူ့ဖုန်းလေးယူပြီး အပြုံးဖြင့် သူ့အဆက်စွမ်းနဲ့ ချွဲနွဲ့တီတာနေချိန်မှာ ဖူးအိကတော့ နေဗလနှင့် ရန်ဖြစ်ပြီးကတည်းက ပြန်မခေါ်ဘဲ ပစ်ထားသည်မှာ ကြာပြီမို့ တစ်ယောက်တည်း ယောင်... ချာချာနှင့် ကိုယ့်အခန်း ကိုယ်ပြန်ရောက်လာသည်။

မှန်တင်ခုံရှေ့ရပ်လိုက်တော့ လှပသော ဖူးအိမျက်နှာလေး...





...က ထင်းခနဲပေါ်လာသည်။ ဒါနဲ့တောင်မှ နေဗလက ဖူးအိကို ...ရေးမလုပ်။ သူ့လိုလူနားမှာ ဖူးအိလို အချောအလှလေးရှိနေတာ ...တ်မဝင်စားဘဲ တော်ဝင်လို ပုံစံခပ်တုံးတုံး မိန်းကလေးကို လှသည် ...သည်နှင့် ဖူးအိရှေ့မှာ မုန်းစရာကောင်းအောင် ချီးကျူးပြနေသည်။

ကြည့်နေပါ။

ညွှေ့ခံပွဲညကျရင် ဖူးအိဆိုတာ ဘယ်လောက်ချောတယ်၊ ...တယ်ဆိုတာ နေဗလ သိစေရမယ်ဟု ဖူးအိစိတ်ထဲက ကြိန်းလိုက်သည်။ ပြီးတော့ ဗီရိုထဲမှာ အသင့်ချိတ်ထားသည့် အသစ်စက်စက် ...တ်စုံလေးကို ထုတ်ယူပြီး မှန်ရှေ့မှာ သူမကိုယ်လေးနှင့်ကပ်ကြည့်သည်။ နိုင်ငံခြားဖြစ် ရယ်ဒီမိတ်လှလှလေးကို မာမီနဲ့အတူ ဘန်...ကောက်ကို လိုက်သွားတုန်းက ဝယ်လာတာဖြစ်သည်။

တစ်ခါမှပင် မဝတ်ရသေး။

အခုတော့ ဒီအနက်ရောင်ဂါဝန်ရှည်လေးက ဖူးအိအလှကို ...ခံ့ကြွားကြွား ဖော်ထုတ်ပေးတော့မည်။ ညွှေ့ခံပွဲကို လာတဲ့လူတွေ ...သွားအောင် ပြင်လိုက်ဆင်လိုက်မည်ဟု စိတ်ကူးယဉ်ရင်း ...တော်ဝင့်ရည်းစား မိုးတိမ်မျက်နှာချောချောကို ဖျတ်ခနဲ မြင်ယောင်...လိုက်မိ၏။

မိုးတိမ်ဆိုသည့် တော်ဝင့်ရည်းစားက ဖူးအိ အိမ်နေရင်း ...တ်ထားသည့် ဒူးဆစ်ဖုံးဘောင်းဘီနှင့် အင်္ကျီတိုလေးတွေ ဝတ်ထား...တာကိုပင် မျက်လုံးပြူးကြီးနှင့် လူကို အနေရခက်အောင် စူးစိုက်...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလျှင် ဖူးအိကိုယ်တိုင် စိတ်ကြိုက်ပြင်ဆင်လိုက်မည်ဆိုလျှင် ဘယ် လိုနေမည်မသိ။

တော်ဝင်တော့ သူ့ရည်းစားကို အတော်လေး ထိန်းရမည် ထင်သည်။ တစ်ဆက်တည်းမှာပင် ဖူးအိရဲ့အလှကိုလည်း မနာလို ဝန်တိုဖြစ်မှာကိုတွေးပြီး ဖူးအိဘာသာ ကျေကျေနပ်နပ် ပြုံးလိုက်သည်။

"ဖူးအိရေ အောက်ထပ်ကို ဆင်းခဲ့ပါဦး၊ ဒီမှာ သမီး သူငယ်ချင်းတွေ ရောက်နေတယ်"

"လာပြီ မာမီ"

သူငယ်ချင်းတွေတဲ့။

ဘယ်သူတွေလည်းမသိ။

လက်ထဲမှာ ကိုင်ထားဆဲဖြစ်သော ဒီဇိုင်းဆန်းဆန်းနှင့် လှပသောဝတ်စုံလေးကို ဗီရိုထဲမှာ ပုံစံမပျက် အသာပြန်ချိတ်လိုက်ပြီး အောက်ထပ်ကိုဆင်းခဲ့သည်။

"ဟင် နေဗလပါလား"

အပေါ်ထပ်မှ ပြေးဆင်းလာသော ဖူးအိခြေလှမ်းအစုံက လှေကားတစ်ဝက်မှာ ရပ်သွားပြီး ဧည့်ခန်းအလယ်မှာ အခန့်သားထိုင် ပြီး မာမီနှင့် လေပေးဖြောင့်နေသော နေဗလမျက်နှာကိုကြည့်ကာ မျက်ခုံးလေးတွန့်သွားသည်။

သူ့ကို အိမ်ကိုမလာနဲ့လို့ အပြတ်ပြောထားလျက်နှင့် အိမ်ကို သူ့သဘောနှင့်သူ ရောက်အောင်လာတာ ဒေါသဖြစ်မိ၏။ ပြီးတော့





န်းရဂုံအိမ်ကြီးထဲမှာ တော်ဝင် ရောက်နေသည်။ တော်ဝင်ကို တွေ့သွားရင် ဖူးအိကို ဘာပြောဦးမည်မသိ။

ပြောလည်း ဖူးအိ အရေးမစိုက်။ တော်ဝင့်နားမှာ တောက လိုက်လာသည့် မိုးတိမ်ဆိုသည့် သူ့ရည်းစားတစ်ယောက်လုံးရှိနေ သည်။

"ဟိတ် ကောင်မလေး၊ လာလေ ဘာလဲ၊ နင်က ငါ့ကို စိတ်ဆိုးစိတ်ကောက်နေတုန်းပဲလား"

"နင့်ကို ငါဘာပြောထားလဲ နေဗလ"

"ဘာပြောထားလို့လဲ၊ ငါ မမှတ်မိတော့ဘူး"

နေဗလမျက်နှာက ခပ်တည်တည်။

"သိလား အန်တီ၊ ဖူးအိက အခုထိ ကျွန်တော့်ကို အသေ ကောက်နေတုန်းပဲ၊ ကျွန်တော့်မှာ အိမ်ကလူကြီးတွေကို မကြောက်ရဘူး၊ စိတ်ဆိုးနေတဲ့ သူ့မျက်နှာကိုပဲကြည့်ပြီး ကြောက်နေရတယ်"

"နေဗလ နင်အခုပြန်တော့"

"သမီးကလည်းကွယ်၊ ကိုယ့်အိမ်လာတဲ့ ကိုယ့်သူငယ် ချင်းကို အဲဒီလိုမပြောရဘူးလေးကွယ်၊ ဒီမှာ သားကတောင် သမီးကို စောင့်ပေးနေပြီပဲ၊ စကားကို ကောင်းကောင်းပြောမှပေါ့"

မာမီက ဖူးအိဘက်ကို စကားလှည့်ပြောနေချိန်မှာ နေဗလ က မာမီမမြင်အောင် ဖူးအိကို မျက်လုံးတစ်ဖက်မှိတ်ပြ လျှာထုတ် ပြနေတာမို့ ဖူးအိမှာ နေဗလမျက်နှာပြောင်တာကို ထုရိုက်ပစ်ချင်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ မသိပါဘူး မာမီရယ်၊ နေဗလဆိုတဲ့ကောင်က သိပ်မျက်နှာပြောင်တာ၊ အခုပဲ မာမီမမြင်အောင် ဖူးအိကို ပြောင်နေတာ မာမီသိလား"

"ဩော်ကွယ် သားနဲ့သမီးကတော့ တွေ့လိုက်မှဖြင့် ရန်ချည်းဖြစ်နေတာပဲ၊ ပြီးကြတော့လည်း မခေါ်ဘဲမပြောဘဲ နေကြတာလည်း မဟုတ်ဘဲနဲ့၊ ကလေးတွေကျနေတာပဲ"

"သွား သွား၊ ခြံထဲကိုခေါ်သွားပြီး စကားပြောကြ၊ ဒီမှာ မာမီလုပ်စရာတွေ ရှိသေးတယ်"

"တော်ဝင်ရေ ဒီကို ခဏလာပါဦးကွယ်"

"ဟုတ်ကဲ့ လာပါပြီ ဒေါ်လေး"

မာမီက ဖူးအိတို့ကိုပြောရင်း တစ်ဆက်တည်း တော်ဝင်ကိုပါ လှမ်းအော်ခေါ်လိုက်တာမို့ ဖူးအိကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။ တော်ဝင်ကို နေဗလ မမြင်ခင် ဒီနေရာက ခေါ်ထုတ်သွားမှဟု စိတ်က ကြံစည်နေတုန်းရှိသေး ဧည့်ခန်းထဲကို တော်ဝင် ဝင်လာတာမို့ ဖူးအိအကြံ အထမမြောက်လိုက်ခင်မှာပင်

"ဟင်"

နေဗလက တော်ဝင်ကို မှတ်မိသွားသလို လုပသည့် တော်ဝင့် မျက်နှာလေးကို စူးစိုက်ကြည့်လျက် အံ့သြနေတာကို ဖူးအိ မြင်လိုက်ရသည့်အတွက် နေရာမှ ချာခနဲလှည့်ပြီး ဖူးအိက အရင် ခြံထဲဆင်းခဲ့သည်။

"သား သွားလေ လိုက်သွား၊ ဟိုမှာ လိုအပ်တာတွေရှိ





ရင်လည်း ကြည့်ပြီး ပြောခဲ့ဆိုခဲ့ဦးသိလား"

"ဟုတ်ကဲ့ အန်တီ"

နေဗလမှာ ဖူးအိမာမီက သူ့သမီးနောက်ကို လိုက်သွားဖို့ တိုက်တွန်းနေတာမို့ နေရာက မထချင်ထချင်နှင့် ဖူးအိနောက်ကို လိုက်ခဲ့ရသော်လည်း အိမ်ကြီးပေါ်မှာ သူကိုယ်တိုင် မြင်တွေ့ခဲ့ရသည့် မိန်းမချောလေးအတွက် သူ့မျက်စိ သူ မယုံကြည်နိုင်ဖြစ်နေသည်။

"ဖူးအိ ဖူးအိ နင်တို့အိမ်ပေါ်မှာ တွေ့ခဲ့တဲ့ တစ်ယောက်က ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ်ပေါ့"

"ဟင်"

"ဟိုတစ်နေ့ထဲက ငါ သူ့ကို စိတ်ဝင်စားနေတာကို သိရက်နဲ့၊ နင်တို့ တစ်အိမ်ထဲမှာနေကြတာ ငါ့ကို ဘာလို့မပြောရတာလဲကွာ"

"ပြောစရာ အကြောင်းမှမရှိဘဲ"

"ဟ ဘယ်လိုလဲ၊ နင့်ဟာက ပေါ်တင်ကြီးပါလား၊ သူ့နာမည်ကို တော်ဝင်လို့ ခေါ်လိုက်တာ ငါကြားတယ်၊ နင်တို့ ညီအစ်မတွေလား"

ဖူးအိ စိတ်သဘောထားကို နားလည်ထားပြီးသားမို့ နေဗလမှာ ဖူးအိကို စိတ်မဆိုး။ ဖူးအိက သူ့ကို တစ်ဖက်သတ် စိတ်ဝင်စားနေတာကို သိပေမယ့် သူက ဖူးအိကို စိတ်မဝင်စား။

www.burmeseclassic.com



ဒါကိုပဲ ဖူးအိက သူ့ကိုကြည့်မရ။

သူကလည်း ဖူးအိကို ဆားထားပြီး တခြားကောင်မလေးတွေ ထည့်လဲတွဲပြီး ရှုပ်ပွေနေပေမယ့် နေဗလ ချစ်သူကောင်မလေးဆိုတာကလည်း အတော်သဘောသက်သက်မို့ ဘယ်သူ့အပေါ်မှာမှ သူ့စိတ်က အလေးအနက်မထား။

လှတာလေးမြင်ရင် ကြိုက်သည်။

မိုက်တာလေးမြင်ရင် ခိုက်သည်။ သူ့ဘက်က မထိတရိ။ ဟိုဘက်ကလည်း ခပ်ငြိငြိဆိုတော့ ချစ်စကားတစ်ခွန်းမဆိုရဘဲ ဟိုလိုလိုတွေ ဖြစ်ကုန်တာတွေလည်းရှိသည်။

တော်ဝင်ဆိုသည့် မိန်းမလှလေးကိုအတွေ့မှာလည်း လှလို့ကြည့်မိရာက စိတ်ဝင်စားမိတာဖြစ်သည်။ အနီးကပ်လည်း မြင်ဖူးတာမဟုတ်တော့ တော်ဝင်လှတာကို သိပေမယ့် လှလို့ကြိုက်တာပဲရှိသည်။ စိတ်ထဲမှာ တစ်လေးတစ်နက် အသည်းအသန်ဖြစ်တာမျိုးမဟုတ်။

ယောကျ်ားတို့သဘာဝ လှတာမြင်လို့ ကြိုက်တာပဲရှိသည်။ ဒါကိုပဲ ကြားထဲက ဖူးအိက သဝန်တိုနေမှန်းသိတော့ နေဗလ ရယ်လိုက်သည်။

"နင်က ငါ့ကို ဘာရယ်တာလဲ"

"သဘောကျလို့ပေါ့ဟ၊ ငါက တော်ဝင့်ကို စိတ်ဝင်စားတာကို နင်မကြိုက်ဘူးမဟုတ်လား"

"ဘာမှမဆိုင်ဘူး၊ နင့်ဘာသာ ဘယ်သူ့ကြိုက်ကြိုက်





ငါ့အလုပ်မဟုတ်ဘူး"

နေဗလက ဖူးအိစိတ်ကို လှမ်းမြင်ရသလို ပေါ်တင်ကြီးပြောလိုက်တော့ ဖူးအိမျက်နှာမှာ ဖြန်းခနဲထူပူကာ ရှက်သွားသည်။ နေဗလဆိုသည့်ကောင်ကို အဲဒါတွေကြောင့် ကြည့်မရတာလည်းပါသည်။ စကားကို ဘယ်တော့မှ ဆင်ဆင်ခြင်ခြင်မပြော။ သူ့စိတ်ထဲရှိသမျှ ဒိုးခနဲဒေါက်ခနဲ ပြောချင်ရာပြောတတ်သလောက် တစ်ဖက်သားမျက်နှာကိုမကြည့်။

"ငါကလည်း သဘောပြောတာပါ၊ တော်ဝင်ကို ငါ ဘယ်လောက်စိတ်ဝင်စားမိ တကယ်ချစ်မိမယ်ဆိုရင်လည်း နင် ကြိုက်ကြိုက်မကြိုက်ကြိုက် ငါကလည်း ဂရုမစိုက်ပါဘူး"

"အေး ငါကလည်း ဂရုစိုက်ပါလို့ မပြောပါဘူး၊ ဒါပေမယ့် နင်သိထားအောင်လည်း ပြောစရာတစ်ခုတော့ရှိတယ်၊ တော်ဝင့်မှာ ရည်းစားရှိတယ်"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"လုပ်ချင်တာလုပ်ပေါ့၊ တော်ဝင့်ရည်းစားဆိုတာကလည်း တခြားဝေးဝေးမှာ မဟုတ်ဘူး၊ ဟော ဟိုမှာမြင်လား၊ ပန်းအိုးရွှေ့နေတဲ့ တစ်ယောက်ဟာလေ"

နေဗလက ဖူးအိညွှန်ပြရာကို မှုန်ကုတ်ကုတ်မျက်နှာထားနှင့် စိတ်ဝင်တစား လိုက်ကြည့်နေတာ မြင်ရတော့ ဖူးအိနှုတ်ခမ်းမှာ ကျေနပ်နှစ်သိမ့်သည့် အပြုံးတစ်ခုပေါ်လာသည်။ တစ်ချိန်လုံး မိန်းကလေးတွေရဲ့ အသည်းနှလုံးကို အပျင်းပြေဆော့စရာ ကစားစရာလို



www.burmeseclassic.com

www.burmeseclassic.com



သဘောထားပြီး အသည်းခွဲတမ်း ကစားနေသည့် နေဗလ။ ဒီတစ်ခါတော့ သူ့အသည်းနှလုံးကို အရှင်လတ်လတ် ဟက်တက်ကြီးကွဲအောင် ခွဲမယ့်သူမျိုး ပေါ်လာပါရစေဟု ဖူးအိစိတ်ထဲက ကျိတ်ဆုတောင်းနေမိသည်။

"သူ့နာမည်က မိုးတိမ်တဲ့၊ တော်ဝင်တို့တောကလိုက်လာတဲ့ သူ့ရည်းစားပေါ့၊ အခု တော်ဝင်တို့အိမ်မှာတည်းနေတယ်"

"တော်ဝင်က နင့်တို့အိမ်မှာ နေတာမဟုတ်ဘူးလား"

"မနေပါဘူး၊ သူ့အဖေနဲ့ ခြံနောက်ဘက်က ကားဂိုဒေါင်နဲ့ကပ်လျက် နှစ်ထပ်တိုက်လေးမှာ နေတယ်"

"ဒါဆို သူက နင်တို့အိမ်ဖော်လား"

"ညီမတစ်ဝမ်းကွဲ တော်သားပဲ၊ သူ့အဖေက ငါတို့မာမီရဲ့ အစ်ကိုအရင်းပဲလေ၊ အိမ်က သဘောမတူတဲ့ မိန်းမကိုယူလို့ အဘိုးအဘွားတွေက ပစ်ထားတာကြာလှပြီ၊ တော်ဝင် တစ်သက်ပဲ၊ အခုမှ ပန်းရဂုံကို ပြန်လာပြီးနေကြတာ"

"ဒါနဲ့ပဲ နင်တို့က တော်ဝင်တို့သားအဖကို ခြံနောက်ဘက်ကို ပို့ထားတာပေါ့"

"သိရင်လည်း မေးမနေနဲ့"

နေဗလစိတ်ထဲမှာ တော်ဝင်ဆိုသည့် မိန်းမလှလေးအပေါ် ပထမဆုံး ကရုဏာသက်သွားကာ ဖူးအိတို့သားအမိ အဆင့်အတန်းခွဲခြားတာကိုလည်း စိတ်ထဲမှာ နည်းနည်းတော့ အချဉ်ပေါက်သွားသည်။





"ခွေးမျိုးအရင်းကြီးပါဟာ၊ နင်တို့ တော်တော်ရက်စက်ကြပါလား"

"အမယ် ပြောပုံက၊ ဖူးအိတို့ကပဲ တော်ဝင်တို့သားအဖကို နှိပ်စက်နေတဲ့အတိုင်းပဲ၊ သူတို့ဘာသာ ပန်းရဂုံအိမ်ကြီးပေါ်မှာ မနေချင်လို့ သီးသန့်နေပါရစေဆိုတာကို ဘယ်သူက လေကုန်ခံပြီး လိုက် တားနေရမှာလဲ၊ သူများမိသားစုအကြောင်းမသိဘဲ ဘာမှမဝင်ပါပါနဲ့"

"အေးပါ နောက်မပြောတော့ပါဘူး၊ ဟိုမှာ တော်ဝင့်ရည်းစားက တို့ဘက်ကို လှမ်းကြည့်နေပုံက မကြည်သလိုပါလား ဖူးအိ"

ဖူးအိလှမ်းကြည့်လိုက်တော့ မိုးတိမ်က သူမနှင့် နေဗလကို မျက်ခုံးတွန့်ပြီး မျက်နှာထား ခပ်တင်းတင်းဖြင့် မကျေမနပ်လှမ်းကြည့်နေတာမြင်ရတော့ ဖူးအိလည်း မိုးတိမ်မျက်နှာကို ခပ်တည်တည်လေး ပြန်ကြည့်ပစ်လိုက်သည်။

"အလကား တောသားပါ၊ အရေးစိုက်မနေစမ်းပါနဲ့"

"ရုပ်ကတော့ အပျံစားပဲ၊ သူ့ကိုကြည့်ရတာ တစ်မျိုးတော့တစ်မျိုးပဲ၊ တောင်ဝင့်ရည်းစားဆိုတာရော သေချာရဲ့လား"

"အဲဒါတော့ ဖူးအိလည်း ဘယ်သိမလဲ၊ သေချာသိချင်ရင် နင့်ဘာသာ သွားမေးကြည့်ပေါ့"

နေဗလက နှုတ်ခမ်းစူနေသော ဖူးအိ၏ မကြည်သလိုမျက်နှာလေးကိုတစ်လှည့်၊ တော်ဝင့်ရည်းစားဆိုသူ ကိုလူချောကိုတစ်လှည့်ကြည့်ရင်း စိတ်ထဲမှာ တစ်စုံတစ်ခုကို နားလည်နေမိသလို



www.burmeseclassic.com

www.burmeseclassic.com



ထို ထိုလိုလို ဒီလိုလိုနှင့် ဝေခွဲမရ ဇဝေဇဝါဖြစ်နေ၏။

ဖူးအိတွေကတော့ တော်ဝင့်ရည်းစားတဲ့။

နေဗလ လောလောဆယ် မြင်နေရတာကတော့ တော်ဝင့်ရည်းစားဆိုသည့်လူက ဖူးအိကို စိတ်ဝင်စားနေမှန်း သိလိုက်ရသည့်အပြင် နေဗလနှင့် ဖူးအိကို အထင်အမြင်လွဲနေပုံဖြင့် နေဗလနှင့် မျက်လုံးချင်းအဆုံမှာ ရန်လိုသောအကြည့်ကို ထင်းခနဲ မြင်လိုက်ရ၏။

ယောကျ်ားချင်းမို့ ပုံစံကိုမြင်တာနှင့် တစ်ယောက်နှင့်တစ်ယောက် မြွေမြွေချင်း ခြေမြင်ဆိုသလို အရိပ်အကဲကိုကြည့်ပြီး စိတ်ထဲမှာ သူ့အလိုလို ခံစားနားလည်ပြီးသားဖြစ်နေတော့ ခက်သည်။

ဖူးအိကတော့ တော်ဝင့်ရည်းစားဆိုသည့်လူကို ဂရုပင်မစိုက်။ သူတို့ကြားမှာ နားလည်မှုလွဲပြီး တစ်ခုခုတော့မှားနေပြီဟု တွေးလိုက်ကာ ပခုံးနှစ်ဘက်ကိုတွန့်လိုက်သည်။

“အဲဒါတွေထားပါ၊ နင် ငါ့ကို စိတ်ဆိုးနေမှန်းသိလို့လာချော့တာ၊ အခု စိတ်ဆိုးပြေပြီမဟုတ်လား၊ မနက်ဖြန်ညနေကျမှလာခဲ့မယ်၊ အခုတော့ မာမီခိုင်းထားတဲ့ ကိစ္စလေးရှိလို့ ပြန်လိုက်ဦးမယ်”

“သွားမယ် ဖူးအိ”

“အင်း”

နေဗလက ဖူးအိကိုနှုတ်ဆက်ပြီး သူ့ကားနှင့် ဝေါခနဲပြန်ထွက်သွားချိန်မှာ ဖူးအိက ဘာရယ်မဟုတ် မိုးတိမ်ရှိရာကို





ဖျတ်ခနဲလှမ်းကြည့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် ဘယ်အချိန်ထဲကဖူးအိကို လိုက်ကြည့်နေမှန်းမသိသော မိုးတိမ်ထံမှ စူးရဲလှသောမကျေမနပ်အကြည့်နှင့် ဆုံလိုက်ရတာမို့ ဖူးအိပင် မိုးတိမ်အမူအရာကိုကြည့်ပြီး လန့်သွားသည်။

ဘယ်လိုလူလဲမသိ။

လူကို ကြည့်နေလိုက်တာများ၊ သူ့ရည်းစား တခြားကောင်တစ်ကောင်နဲ့ တွဲတာမြင်လိုက်ရတဲ့ ပုံစံကြီးနဲ့။

ဟွန်း ဖူးအိကိုများ သူ့ရည်းစား တော်ဝင်များ ထင်နေသလားမသိဘူး။

ရုပ်ကြီးကိုက မုန်းစရာ။

အတွေးစိတ်ကူးနှင့်အတူ မိုးတိမ်ရှေ့မှာ ဖူးအိက ခြေကိုဆောင့်ပြီး နှုတ်ခမ်းစူလျက် ပန်းရုံအိမ်ကြီးထဲကို ကျော့ကျော့လေးဝင်ရောက်ပျောက်ကွယ်သွား၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ရောင်စုံမီးတွေက ဖျတ်ဖျတ်လက်ခါနေသည်။ ကားကြီးကားငယ်အသွယ်သွယ်နှင့် ကြွရောက်လာသည့် မင်းပရိသတ်များမှာလည်း အလှဆုံးအပြုံး အတောက်ပအခမ်းနားဆုံး ဝတ်စုံ၊ စိန်ရောင်ရွှေရောင်တလက်လက် တောက်ပနေသူတွေချည်းဖြစ်သည်။

သာယာငြိမ့်ညောင်းသော တေးဂီတသံနှင့်အတူ ရယ်မောနှုတ်ဆက်သံတွေကလည်း စီစီလွှင်လွှင်။ အားလုံးထဲမှာ သူအမြင်ချင်အတွေ့ချင်ဆုံး ဖူးအိဆိုသည့် မိန်းမလှလေးကို မိုးတိမ် မျက်တောင်မခတ် လိုက်ကြည့်နေသည်။

အနက်ရောင်ဝတ်စုံလေးနှင့် ဖူးအိက မိုးတိမ်ဆိုသည့်လူတစ်ယောက် သူမ လှပ်ရှားမှုမှန်သမျှကို အသေးစိတ်အာ[illegible] ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေသည့် အဖြစ်ကိုမသိ။ သူမသူငယ်ချင်းအပေါင်းအသင်းတွေကြားမှာ လှပသော လိပ်ပြာလေးပျံဝဲနေသလို ဟိုဒီကူးသန်းလျက် ရယ်မောပျော်ရွှင်နေသည်။





မိုးတိမ်ရာဇဝင်မှာ ပထမဆုံး မိန်းကလေးတစ်ယောက်အပေါ် ရင်ခုန်စိတ်လှုပ်ရှားမိခြင်းဖြစ်သည်။ အစတုန်းကတော့ ဟော်ဝင်တို့ သားအဖဆီကို ခေတ္တခဏ အလည်သဘောမျိုး ဝင်ရုံဖြစ်သော်လည်း ဖူးအိဆိုသည့် မိန်းမလှနှင့်ဆုံပြီးနောက်မှာ မိုးတိမ်အစီအစဉ်တွေအားလုံး ပြောင်းပြန်ဖြစ်ကုန်သည်။

ဘာကြောင့်မှန်းမသိ။

ဖူးအိဆိုသည့် မိန်းမလှလေးကို မြင်မြင်ခြင်း စိတ်ဝင်စားသွားမိသလို အနီးကပ် နှစ်ယောက်အတူ ဆုံမိချိန်ကြပြန်တော့ တစ်သက်လုံး တည်ငြိမ်နေခဲ့သော မိုးတိမ်နှလုံးသားမှာ တုန်ရီလှုပ်ရှားလာသည်။

နဖူးစာ ရွာလည်ဆိုတာ ဒါမျိုးလားမသိ။

ဖူးအိကို ရင်ခုန်စိတ်လှုပ်ရှားမိပြီမို့ သူမနှင့် နီးနီးကပ်ကပ်နေချင်လာသည်။ လှပသော ဖူးအိမျက်နှာလေးကို မြင်ချင်တွေ့ချင်မိသည်။ ချစ်သူ၏ အသံလေးကို ကြားချင်သည်။ ချစ်သူ၏ လှုပ်ရှားမှုတိုင်းကို စိတ်ဝင်စားသည်။

အမြဲကြည့်နေချင်သည်။

ထိုအတွေးနှင့်ပင် မိုးတိမ်မှာ လာရင်းကိစ္စမပြီးစီးနိုင်ဘဲ မန်းရဂုံက ဟော်ဝင်တို့အိမ်မှာ သောင်တင်နေသည်။ ဖူးအိကို သူချစ်မိပြီဆိုသည့်အကြောင်း ဟော်ဝင့်ကို ရင်ဖွင့်တော့ ဟော်ဝင်က ရယ်သည်။ ပြီးတော့ မိုးတိမ်ကို သတိပေးစကားဆိုသည်။

"ကြည့်လဲလုပ်ဦးနော် ဆရာကြီး၊ သူတို့က တော်ရုံလူကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒီဆင်းရဲသားမျိုးဆိုတာတွေနော်၊ သူတို့အထင်ကြီးနိုင်မယ့်၊ သူတို့ ချမ်းသာတဲ့ အရည်အချင်းနဲ့ ကိုက်ညီတဲ့လူမျိုးကိုမှ ချစ်သူရည်းစား ထားချင်ကြတာရှင့် သိရဲ့လား''

''တကယ်ချစ်ရင် အဲဒါတွေ မလိုပါဘူးဟာ၊ အရေးကြီးတာက တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာ ချစ်ကြဖို့ပါ''

''အမလေး သူတို့အသိုင်းအဝိုင်းထဲလာပြီး အချစ်တွေ၊ အနှစ်တွေ လုပ်မနေနဲ့၊ သူတို့လောကမှာ အဲဒါတွေအရေးမကြီးဘူး''

''ဒါဖြင့် ဘာက အရေးကြီးတာလဲ''

''သိရဲ့သားနဲ့ မေးနေပြန်ပြီ၊ အခုပဲ တော်ဝင်တို့ သားအဖ ဘယ်လိုဖြစ်နေတယ်ဆိုတာ နင် မမြင်ဘူးလား၊ ဂုဏ်မရှိ၊ ငွေမရှိ လို့ကတော့ ဆွေမျိုးအရင်းခေါက်ခေါက်ဖြစ်နေလည်း ဆောရီးပဲ ဆရာ ရေ''

''တော်ဝင်တော့ ငွေမျက်နှာ၊ ဂုဏ်မျက်နှာတစ်ခုထဲကြည့်ပြီး ဆုံးဖြတ်ကြတဲ့ သူတို့အသိုင်းအဝိုင်းကို ကြောက်တယ်''

''ဘာကြောက်စရာလိုလဲ၊ သူလည်းလူ ကိုယ်လည်းလူပဲ၊ လူချင်းအတူတူ ကိုယ်လည်းကြိုးစားရင် တစ်နေ့ သူ့လိုပဲ ဖြစ်လာရမှာပေါ့''

''အေးပါ နင်တာတော့ ပြောရင်ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်မယ်ဆိုတာ ယုံပါတယ်၊ ဖူးအိကို နင်တကယ်ချစ်ရင် တကယ် ကြိုးစားပေါ့''

''တော်ဝင်ကတော့ နင့်ကို ဖူးအိနဲ့ သဘောတူပြီးသားပါ





ဟာ၊ နင်သာ ဖူးအိအချစ်ကိုရအောင် အရင်လုပ်ပါဦး''

တော်ဝင်စိတ်ထဲမှာ ဖူးအိအချစ်ကို မိုးတိမ်မရနိုင်လောက်ဟု ထင်နေမှန်း မိုးတိမ်သိပါသည်။ တော်ဝင်ပြောသလို ဖူးအိတို့ မိသားစု အနေအထိုင် အဆင့်အတန်းမှာလည်း ခမ်းနားကြီးကျယ်သလို အသုံးအဆောင်ပစ္စည်းတွေအားလုံး အဖိုးတန်တွေချည်းဖြစ်သည်။ ပစ္စည်းဥစ္စာ ချမ်းသာပြည့်စုံသလို ဂုဏ်ရှိရှိ အဆင့်အတန်း မြင့်မြင့်မားမား နေထိုင်ကြီးပြင်းလာရသော ဖူးအိတို့မိသားစုအနေနှင့် လည်း တော်ရုံလူ အထင်မကြီးတာ သိပ်တော့မဆန်းပါ။

ဆန်းနေသည်က တော်ဝင်ပြောသလို မာနခဲမိန်းမလှလေး ဖူးအိကိုမှ မိုးတိမ်နှလုံးသားက လိုလိုလားလား ချစ်ခင်စွဲလမ်းမိခြင်း ဖြစ်သည်။ မိုးတိမ်တို့မိသားစုနှင့် ဖူးအိတို့မိသားစုမှာ မိုးနှင့်မြေလို အလွှာချင်းမတူ၊ အဆင့်အတန်းချင်း ကွာခြားလွန်းလှပါသည်ဟု ဆို၍မဖြစ်။

ဖူးအိတို့မိသားစုလို မြို့ကြီးပြကြီးမှာ ခေတ်မီဆန်းပြား၍ ခမ်းနားသော အဖိုးတန်အသုံးအဆောင်တွေနှင့် အလှပဆုံး၊ အကောင်းဆုံးနေထိုင်နိုင်ကြတာမျိုး မိုးတိမ်တို့မိသားစုမှာမရှိပေမယ့် လက်ညှိုးထိုး၍မလွဲနိုင်သော လယ်မြေဥယျာဉ်ခြံများ၊ ဆန်စက်၊ ဆီစက်များ ပိုင်ဆိုင်ကြရုံမက မိသားစုဘိုးဘွားအစဉ်အဆက်က ပိုင်ဆိုင်လာခဲ့သော ဥစ္စာပစ္စည်း စိန်ရွှေတွေဆိုသည်မှာ အစုလိုက်၊ အပုံလိုက်။

အဘိုးနှင့်အဘွားက ဖေဖေ့ကို တစ်ဦးတည်းသောသား



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအဖြစ် မွေးဖွားခဲ့သလို ဖေဖေနှင့်မေမေကျပြန်တော့လည်း မိုးတိမ်တစ်ယောက်တည်းသာရှိသည်။ တခြားအရင်းအချာမရှိ။ မိဘနှစ်ပါးစလုံးက တုန်နေအောင်ချစ်ပြီး အလိုလိုက်ထားသော သားဖြစ်ပေမယ့် မိုးတိမ်က လိမ္မာသည်။ စာတော်သည်။ မိသားစု အလုပ်ကို စိတ်ဝင်စားသည်။ သူ့ကို သားမက်တော်ချင်သူတွေ ဝိုင်းဝိုင်းလည်နေတာကိုသိပေမယ့် ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စား။

အားလုံးက သူနှင့်အတွဲညီ၍ အချောအလှလည်းလိုက်ဖက်သည့် တော်ဝင်နှင့် ဖြစ်စေချင်ကြတာမှန်ပေမယ့် တော်ဝင့်အပေါ်မှာ ဘာစိတ်မှမရှိ။ သူငယ်ချင်းတစ်ယောက် ညီမတစ်ယောက်လို ဖြူစင်သည့် သံယောဇဉ်ထက်မပို။ တော်ဝင်နဲ့ပတ်သက်ပြီး ရင်ခုန်တာ စိတ်လှုပ်ရှားတာ ဘာဆိုဘာမှမရှိ။

ဟော ဖြစ်မယ့်ဖြစ်တော့လည်း အသည်းအသန်။ ဖူးအိအချစ်ကိုမရရင် မဖြစ်တော့ဘူးရယ်လို့ သူကိုယ်သူ တွေးနေချိန်မှာ ဖူးအိနှားကို ငနဲတစ်ကောင် ကပ်နေတာ တွေ့လိုက်ရတော့ မိုးတိမ်ရင်ထဲမှာ ပူထူသွားသည်။ ဖူးအိရည်းစားဆိုရင် ခက်ပဲခက်ရချည်ရဲ့ဟု တွေးမိပေမယ့် ဒီလိုပဲ ချစ်တိုင်းမညားနိုင်သည့် ချစ်သူစုံတွဲတွေလည်း အများကြီးမို့ ဖူးအိအချစ်ကို သူ့ဘက်က အပိုင်ရယူထားနိုင်မှ ဖြစ်မည်ဆိုတာလောက်သာတွေးပြီး မိုးတိမ်တစ်ယောက်တည်း ကျိတ်ပြီး အကြံဉာဏ်ထုတ်နေမိသည်။

ဂုဏ်တံတိုင်းတွေ ငွေတံတိုင်းတွေ အသာထား။





လောလောဆယ် အချစ်တံတိုင်းကို ပိုင်ပိုင်ကြီး ကျော်ဖြတ်နိုင်မည့်အရေးကိုသာ နည်းလမ်းရှာနေရသည့်အတွက် ပန်းရုံကမောင်ကြီး မပြန်နိုင်ဖြစ်ပြီး တမင်တွယ်ကပ်နေမိသည့် သူ့အဖြစ်ကို ဖူးအိက သိမည်မဟုတ်။

ဟော ဟိုမှာ ဒီဘက်ကို လာနေပြီ။

ကြိုတင်ကြံစည်ထားသည့်အတိုင်း မိုးတိမ်အတွက် အကွက်ဝင်လာပြီမို့ သူ့ရင်တွေ တဒိန်းဒိန်းခုန်လာသည်။

ပန်းရုံအိမ်ကြီးထဲကို ကျွေးမွေးဧည့်ခံဖို့ ရောက်လာကြသည့် ဝိတ်တာအလုပ်သမားလေးတစ်ယောက်ကို ပိုက်ဆံပေးပြီး ဧည့်သည်တစ်ယောက်က ဖူးအိကို တွေ့ချင်သည်ဟု ပြောခိုင်းလိုက်ပြီး ဧည့်သည်စောင့်နေမည့်နေရာကိုပါ ညွှန်ပြခိုင်းထားသည်။

ဟော အခု သူစီစဉ်ထားသည့်အတိုင်း ဖူးအိလာနေပြီ။ အမှောင်ရိပ်ကျသောနေရာကို တမင်ရွေးထားပြီး လူလည်းရှင်းသည့်နေရာဖြစ်သည့်အတိုင်း သူမအာရုံနှင့် စိုက်စိုက်လာနေသော ဖူးအိကိုယ်လေးကို အမှတ်တမဲ့ဟန်ဖြင့် အမှောင်ထဲက ထွက်လာပြီး ဝင်တိုးပစ်လိုက်သည်။

''ဘုတ်''

''အို အမေ့''

''ဟာ''

နှစ်ယောက်စလုံး အရှိန်ဖြင့် ရောထွေးလဲပြိုသွားအောင် မိုးတိမ်ကိုယ်တိုင် စီစဉ်ထားတာမို့ ဖူးအိရောသူပါ အမှောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို လိမ့်ဆင်းသွားသည်။ ဖူးအိက အနက်အမှောင်ထုဘက်ကို လိမ့်ဆင်းသွားသည်။ ဖူးအိက အနက်ရောင်ဝတ်စုံဖြစ်သလို အကြံ သမား မိုးတိမ်းကလည်းအနက်ရောင်ကိုပဲ တမင်ရွေးဝတ်ထားတာမို့ သူတို့ နှစ်ယောက်အဖြစ်ကို ဘယ်သူမှ သတိမထားလိုက်မိဘဲ ဖြစ်သွားသည်။

"ဘယ်လိုလုပ်လိုက်တာလည်းရှင့် လူတစ်ယောက်လုံး လာတာကို မမြင်၊ ဟင် ရှင် ရှင် တော်ဝင်ရည်းစားမဟုတ်လား"

"ဗျာ"

"ရှင် ရှင် ဒါတမင်လုပ်တာမဟုတ်လားဟင်"

ဖူးအိမှာ သူ့မကိုယ်လေးအပေါ်မှာ ပူးကပ်ထပ်ဖိမိုးနေသည့် မိုးတိမ်ကိုယ်ကြီးကို တွန်းထုတ်ရင်း ရက်ဒေါသလေးတွေနှင့် တုန်တုန်ရီရီဆိုလိုက်တော့ မိုးတိမ်က ဖူးအိထံမှ စိတ်ဆိုးနေသည့် မျက်နှာလေးကို မရယ်မပြုံး ခပ်တည်တည်စူးစိုက်ကြည့်ရင်း

"ဒီမှာ စကားပြောတာ ဆင်ခြင်ပြောပါဗျာ၊ ဘယ်သူက တော်ဝင့်ရည်းစားလဲ၊ ခင်ဗျားကိုရော ကျုပ်က ဘာလို့ တမင်ဝင် တိုက်ရမှာလဲ၊ ခင်ဗျားသာ ရည်းစားနဲ့ ချိန်းထားပြီး ကိုယ့်ချစ်သူ မျက်နှာကို မြင်ချင်ဇောနဲ့ ကျုပ်လာနေတာကို မမြင်အောင် ပျာယာ ခတ်ပြီး ဝင်တိုက်တာသိလား"

"ဘာရှင့်"

"ဘယ်သူက ရည်းစားနဲ့ ချိန်းထားလို့လဲ၊ လူကို ရှင့်လိုများ မှတ်နေလား၊ ကျွန်မမှာ ဘာရည်းစား၊ ချစ်သူမှ မရှိဘူး





သိရဲ့လား"

"ကျုပ်မှာလည်း ခင်ဗျားလိုပဲ ဘာချစ်သူ ဘာရည်းစားမှ မရှိဘူး၊ တော်ဝင်ဆိုတာ ကျုပ်သူငယ်ချင်း၊ တောမှာ ခွေမျိုးလို့နေ လာတာပဲရှိတယ်"

ဖူးအိနှင့် မိုးတိမ်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် စူးစိုက်ကြည့်လိုက်မိကြ၏။ နှစ်ယောက်စလုံး အနီး ကပ်ဆုံး အနေအထား ရင်တွေခုန်နေကြသလို နှစ်ယောက်စလုံးမှာ ချစ်သူရည်းစား မရှိကြမှန်း ကိုယ်စီသိလိုက်ကြပြီးနောက်မှ စိတ်တွေ လှုပ်ရှားလာကြသည်။

အထူးသဖြင့် မိုးတိမ်ထံမှ ရွှန်းလဲ့စူးရှသည့် အကြည့်တွေ က ဖူးအိမျက်လုံးထဲကတစ်ဆင့် နှလုံးသားထဲ ထွင်းဖောက်သွား သလို ရဲရဲတင်းတင်း စိုက်ညို့နေတာမို့ ဖူးအိမှာ သူ့ထံမှ အကြည့် တစ်မျိုးကြောင့် မျက်နှာလေး ဖြန်းခနဲ ပူနွေးသွားကာ နေရာက လှည့်ပြေးချင်လာသည်။

"ဖူးအိ သွားတော့မယ်"

"နေဦး"

"အို ဘာလုပ်မလို့လဲရှင့်၊ ရှေ့ကဖယ်ပါ"

ပြောပြောဆိုဆို နေရာက လှည့်ပြေးမည့် ဖူးအိအကြံကို မိုးတိမ်က ကြိုသိနေသလို ဖူးအိရှေ့ မားမားကြီး ပိတ်ရပ်ကာ ဆီးတား လိုက်တာမို့ ဖူးအိမှာ မိုးတိမ်မျက်နှာကို အလန့်တကြားလေး မော့ကြည့်လိုက်မိလျက်သား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟိုတစ်နေ့ကလူက ဖူးအိ ချစ်သူလား''

''ဟုတ်တော့ ရှင်က ဘာလုပ်မလို့လဲ''

''ကျုပ်နဲ့သူ လက်သီးချင်း ယှဉ်ထိုးမလို့''

''ဟင်''

''ဒါဖြင့် အဲဒီကောင် မင်းရည်းစားပေါ့''

''ရှင်နော် လူကို ဘာတွေလာပြီး လျှောက်ပြောနေတာလဲ''

''မင်းပဲ ဟုတ်တယ်ဆို''

''အဲဒီလို ကျွန်မ မပြောပါဘူး''

''ပြောလည်း ဂရုမစိုက်ပါဘူး၊ မင်းကို ကျုပ် ချစ်တယ်''

''အို''

''ဒီစကားကို ကျုပ် အခုချိန်ထိ ဘယ်မိန်းကလေးကိုမှ မပြောခဲ့ဖူးသေးဘူး၊ မင်းတစ်ယောက်တည်းကိုပဲ လေးလေးနက်နက် တန်ဖိုးထားပြီး ပြောဘူးတယ်ဆိုတာ မင်းယုံပါ''

''ကျွန်မ သွားတော့မယ်''

''ဖူးအိ''

''အို''

မိုးတိမ်က ဖူးအိကိုယ်လေးကို ခြေမြန်လက်မြန် ဖျတ်ခနဲ ဆွဲယူပြီး နုညက်သော ပါးပြင်လေးကို တစ်အားရှိုက်နမ်းလိုက်တာကြောင့် ဖူးအိမျက်လုံးထဲ ပြာခနဲဖြစ်သွားသည်အထိ ထူပူရှက်လန့်သွား၏။





''သိပ်ချစ်တယ် ဖူးအိရယ်၊ ဖူးအိကြောင့် ပန်းရုံကနေ ဘယ်ကိုမှ မသွားနိုင်တဲ့ မောင့်အဖြစ်တွေကို ဖူးအိ သိရဲ့လားဟင်''

တိုးရှိုက်နင့်မောသောအသံ။

လှိုက်လှဲသော အနမ်းတွေအောက်မှာ အငိုက်မိသွားပြီးမှ သတိဝင်လာသည်နှင့် မိုးတိမ် ရင်ဘတ်ကြီးကို လက်အစုံဖြင့် တအားတွန်းထုတ်ဖယ်ရှားပြီး နေရာက ဖူးအိ ချာခနဲ လှည့်ပြေး ထွက်လာခဲ့သည်။

လောကကြီးတစ်ခုလုံး ဘာတွေဘယ်လို ဖြစ်ကုန်ပြီမသိ။ ဧည့်ခံပွဲကို ပြန်လည်ရောက်ရှိလာခဲ့ပေမယ့် ဖူးအိစိတ်တွေက ဘာတစ်ခုမှ စိတ်ဝင်စားလို့မရတော့။ မမျှော်လင့်ဘဲ မိုးတိမ်ရင်ခွင်ထဲ ကျစ်ကျစ်ထွေးထွေး ရောက်ရှိသွားရသည့်အဖြစ်နှင့် လှိုက်လှဲစွာ ရောက်ရှိလာသည့် အနမ်းတွေအောက်မှာ အံ့သြမယုံကြည်နိုင်အောင် ဖြစ်ခဲ့ရသည့်အဖြစ်ကိုသာ ပြန်တွေးရင်း ရင်တဒိတ်ဒိတ်ခုန်လျက်ရှိ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"အို ကြည့်နေပြန်ပြီ"

ဘယ်လိုလူလည်းမသိ။

တော်ဝင့်မှာ ကိုယ့်ကိုယ်ကို ခြေလှမ်းမမှားအောင် ဂရုစိုက်ရင်း သူမလှုပ်ရှားသမျှ တစ်ချိန်လုံး လိုက်ကြည့်နေသောလူထံမှ မျက်ခနဲ အကြည့်လွှဲလိုက်သည်။

ဒီလူကို နာမည်မသိပေမယ့် ပန်းရုံကို ဝင်ထွက်သွားလာနေသူအဖြစ် တော်ဝင် သိသည်။ ဖူးအိနှင့် ဂမုန်းတို့ သူငယ်ချင်းဆိုသည့်လူ။ ကားအမျိုးမျိုး ထည်လဲစီးနိုင်သည့် သူဌေးသားတစ်ယောက်ဖြစ်ရုံမက အဝတ်အစား အသုံးအဆောင်တွေ ကျပြန့်တော့လည်း အဖိုးတန် ဘောင်းဘီအတို၊ အရှည်ကို ခါးကျသူမဟုတ်။

မိုးကိမ်တို့လို ပုဆိုးဝတ်တာ တစ်ခါမှမမြင်ဘူး။

ဒီလိုလူနားမှာ သူ့လို ခပ်ကဲကဲမိန်းကလေးတွေ ဝိုင်းဝိုင်း





လည်နေပါလျက်နှင့် ဘာကြောင့်များ တော်ဝင်လို မပြည့်မစုံဘဝနှင့် ဘာဂုဏ်နေမှ မရှိသည့် မိန်းကလေးတစ်ယောက်ကို ဤမျှအနေရခက်အောင် လိုက်ကြည့်နေရသနည်း။

သူ့နားမှာရှိနေသည့် မိန်းမလှလေးတွေရဲ့ အသည်းနှလုံးကို အပျင်းပြေဆော့ရကစားရတာ ငြီးငွေ့လို့ တော်ဝင်တို့လို မိန်းကလေးတွေဘက်ကို ခြေဦးလှည့်လာခြင်းလား။ တော်ဝင်ကတော့ ဘဝပေးအသိနှင့် သူတို့လိုလူတွေနှင့် ပတ်သက်ဆက်ဆံရမှာကို ကြောက်လှပါသည်။

လောကကြီးတစ်ခုလုံးကို အထက်စီး အပေါ်ယံကချည်း တစ်သက်လုံး ကြည့်မြင်ပေးကြသူတွေရဲ့ စိတ်နှလုံးကလည်း ရိုးရိုးသာမန်လူတွေနှင့် မတူသလို သူတို့လုပ်ဆောင်ဆုံးဖြတ်ချက်တွေကြောင့် တစ်ဖက်လူ ဘဝပျက်အလှပျက် ဂုဏ်သိက္ခာပျက်အောင် လုဂုဏ်ထံ အထက်တန်းလွှာတစ်ခုထဲကသာ တတ်နိုင်သည်။

ဖေဖေ ဦးချမ်းငြိမ်းကတော့ တော်ဝင့်ကို အမြဲဆုံးမသည်။ ကိုယ့်ရဲ့ပျော်ရွှင်မှုကို ဘယ်တော့မှ ငွေနဲ့ရောင်းမစားနဲ့တဲ့။ ငွေပုံပေါ်မှာစံပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေကြသူတွေ။ စိတ်မချမ်းသာဖြစ်နေကြသူတွေထဲမှာ ဖေဖေက သူ့အချစ်ဆုံးသမီးလေး တော်ဝင်အပါအဝင် တစ်ယောက်ဖြစ်မှာ စိုးကြောက်ရှာသူ။

တော်ဝင်ကိုယ်တိုင်လည်း ကိုယ်ချစ်တဲ့သူကို နှလုံးသားနဲ့သာ ရွေးချယ်လိုသူ။ ကိုယ့်ရင်ထဲက အသည်းနှင့်အောင် ချစ်နိုင်သည့်သူကို ချစ်တုံ့ပြန်လက်ခံမည်။ လက်ထပ်မည်။ ကျိုကျိုတက်ချမ်းသာရင်နေပါစေ တော်ဝင်ကို မြတ်နိုးစွာချစ်မည့် ချစ်သူ၊



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင့်အပေါ် သစ္စာရှိမည့်သူကိုသာ ဘဝတစ်သက်စာအတွက် ရွေးချယ်လက်ထပ်လိုသူ ဖြစ်သည်။

တော်ဝင့် အသည်းနှလုံးကိုရော၊ တော်ဝင့်ဘဝကိုရော အပျင်းပြေ ဆော့ကစားမည့်လူစားမျိုးနှင့် တွေ့မှာ ကြောက်ပါသည်။

''တော်ဝင်''

''ဟင်…ရှင်''

တော်ဝင် အတွေးလေးမဆုံးသေး ဖူးအိရဲ့ အဆက်လား၊ အထုံးလား ဘာလားညာလားမသိသည့်လူ တော်ဝင့်ရှေ့မှာ ရောက်နေသဖြင့် တော်ဝင် လန့်သွားသည်။ ဖူးအိတို့နှင့် ပတ်သက်သူ၊ ဖူးအိတို့ အသိုင်းအဝိုင်းကလူကို တော်ဝင် မဆုံချင်၊ မပတ်သက်ချင်။

''ကိုယ့်နာမည် နေဗလပါ၊ ဖူးအိသူငယ်ချင်းလေ၊ တော်ဝင် တို့ ယန်းရုံကို ခဏခဏလာဘူးတဲ့သူပါ''

''ဟုတ်ကဲ့၊ ဖူးအိကို ဘာပြောပေးရမလဲ''

''အဟွန်း…ဟွန်း…ဟွန်း''

''ဖူးအိကို ဘာမှပြောစရာမလိုပါဘူးဗျာ၊ ကိုယ်ဘယ်သူဆိုတာ တော်ဝင်သိအောင် မိတ်ဆက်တဲ့အနေနဲ့ ပြောပြရုံသက်သက်ပါ''

''တို့ တော်ဝင်ကို ခင်ပါရစေ၊ တော်ဝင့်သူငယ်ချင်းအဖြစ် လက်ခံပေးပါလား''

''မဖြစ်နိုင်တာ မပြောပါနဲ့လားရှင်၊ တော်ဝင် သွားပါရစေ တော်ဝင်ကို မနှောင့်ယှက်ပါနဲ့''

''တို့က တော်ဝင်ကို ဘယ်မှာနှောင့်ယှက်လို့လဲ၊ တော်ဝင်ကို ခင်လို့ သူငယ်ချင်းဖြစ်ပါရစေလို့ပြောတာ၊ မဖြစ်နိုင်စရာလား ဗျာ''

''ဒီမယ် တော်ဝင်ကို ယန်းရုံအိမ်ကြီးမှာ ဆက်မနေနိုင်အောင် ဒုက္ခမပေးပါနဲ့လားရှင်၊ တော်ဝင် ရှင့်ကိုတောင်းပန်ပါတယ်''

''တော်ဝင့်စကားတွေက တစ်မျိုးပါလား၊ တို့ နားမလည်ဘူး''

နေဗလ တကယ်နားမလည်။

သူ့ကိုမြင်တာနှင့် စိတ်ရှုပ်ထွေးသွားဟန်လေးကို တော်ဝင့်မျက်နှာလှလှပေါ်မှာ ဖျတ်ခနဲ မြင်လိုက်သည်။ နောက် သူကိုယ်တိုင် တော်ဝင်ရှေ့ ရောက်သွားတော့ တော်ဝင့်မျက်နှာလှလှလေး ထိန်းမရအောင် ပျက်သွားသည်။

တော်ဝင်နှင့် သူငယ်ချင်းဖြစ်ပါစေဆိုပြန်တော့ တော်ဝင်က သူမကို ယန်းရုံအိမ်ကြီးမှာ ဆက်မနေနိုင်အောင် ဒုက္ခမပေးပါနဲ့ဟု ဆိုသည်။ နေဗလဆိုတဲ့ လူတစ်ယောက်ဟာ တော်ဝင်လို မိန်းမလှလေးတစ်ယောက်အတွက် ဤမျှကြောက်စရာကောင်းနေလိမ့်မည်ဟု သူကိုယ်တိုင် ထင်မထားခဲ့။ လှပသည့် တော်ဝင့်မျက်နှာလေးကို စိုက်ကြည့်ရင်း နားမလည်နိုင်စွာ မေးတော့ လှပသည့် မျက်ဝန်းရွှဲကြီးတွေနှင့် တော်ဝင်က နေဗလမျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။

''ရှင် တကယ်နားမလည်တာလား''

''ဟုတ်တယ်၊ တော်ဝင်ပြောတဲ့ စကားတွေကို ကိုယ်နားမလည်ဘူး''





www.burmeseclassic.com

www.burmeseclassic.com



"ရှင် နားမလည်ဘူးဆိုလည်း ရှင်းပြရမှာပေါ့၊ ကျွန်မက ပန်းရက်ုံမှာ အခိုင်းစေသာသာဘ၀နဲ့ နေရတဲ့လူဆိုတာ ရှင်သိမှာပါနော်"

"တော်ဝင်က ဖူးအိ ညီမတစ်ဝမ်းကွဲ မဟုတ်လား၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို အဲဒီလောက်ကြီး နှိမ့်ချပြောရတာလဲဗျာ"

မျက်စိမျက်နှာပျက်သွားသော နေဗလအဖြစ်ကို ကြည့်ပြီး တော်ဝင် နှုတ်ခမ်းတွန့်သည်ဆိုရုံ ပြုံးလိုက်သည်။

"အဖြစ်မှန်ကို ပြောရတာပါရှင်၊ ဘယ်သူက ကိုယ့်ဘ၀ကို အဲဒီလောက်ကြီး ချိုးချိုးဖွဲ့ဖွဲ့ နှိမ့်ချပြီး ပြောချင်မှာလဲ"

"ဟုတ်တယ်၊ ဖူးအိတို့နဲ့ ကျွန်မ ညီအစ်မတစ်ဝမ်းကွဲတော်တယ်၊ ဖူးအိတို့မိသားစုက ချမ်းသာပြည့်စုံလို့ သူဌေးလိုနေကြတယ်၊ ကျွန်မတို့မိသားစုကတော့ ဆင်းရဲနွမ်းပါးလို့ မရှိဆင်းရဲသားလိုနေရတယ်"

"ကိုယ် တော်ဝင့်ကို ခင်တာနဲ့ အဲဒါနဲ့ ဘာဆိုင်လို့လဲဗျာ"

"သိပ်ဆိုင်တာပေါ့ရှင်၊ ဆိုင်လို့လည်း ကျွန်မက ဒီစကားကို မပြောချင်ဘဲ ပြောနေရတာပေါ့၊ ကျွန်မ ဖေဖေက အဘိုးနဲ့ အဘွား သဘောမတူတဲ့ ကျွန်မမမေကို လက်ထပ်ယူလိုက်လို့ ပန်းရက်ုံအိမ်ကြီးကနေ အဝေးကို လွင့်ခဲ့ရတယ်၊ အခု ကျွန်မမေမေ မရှိတော့ဘူး၊ ဖေဖေကလည်း ကောင်းကောင်း မကျန်းမာဘူး"

"အခု ကျွန်မတို့သားအဖက ပန်းရက်ုံအိမ်ကြီးမှာ မှီခိုကပ်ရပ်နေကြရတဲ့ ဆင်းရဲသား သားအဖ အိမ်ကြီးရှင်တွေကလည်း





ကျွန်မတို့သားအဖကို သူတို့အိမ်မှာလာနေတာ သဘောမကျဘူး၊ မကြိုက်ဘူး၊ မတတ်သာလို့ လက်ခံထားရတာ"

"ရှင်က ဖူးအိသူငယ်ချင်းမဟုတ်လား၊ အစ်ထဲက သူတို့ညီအစ်မက ကျွန်မကို ကြည့်မရအောင် မုန်းနေကြတာဆိုတော့ သူတို့သူငယ်ချင်းဖြစ်တဲ့ ရှင့်ကို ကျွန်မက တုံ့ပြန်ခင်မင်လိုက်မယ်ဆိုရင် ကျွန်မတို့သားအဖကို ပန်းရက်ုံအိမ်ကြီးမှာ ဆက်မနေနိုင်အောင် အဝေးတစ်နေရာကို လွင့်သွားအောင် လုပ်လိမ့်မယ်ရှင့် သိလား"

"ရှင့်အတွက် ကျွန်မတို့သားအဖ ဒုက္ခမရောက်ပါရစေနဲ့၊ ကျေးဇူးပြုပြီး ကျွန်မကို ဒုက္ခမပေးပါနဲ့လို့ တောင်းပန်ပါရစေ"

"ကျွန်မရှေ့က ဖယ်ပါ"

တော်ဝင်က သူမဘ၀အမှန်ကို ဘာတစ်ခုမှ ထိန်ချန်ကွယ်ဝှက်ခြင်းမပြုဘဲ ပြောစရာရှိတာ အကုန်ရင်ဖွင့်ပြောပြပြီးနောက်မှာ နေဗလဆိုသည့်လူ့နားက ထွက်လာခဲ့သည်။ နေဗလဆိုသည့်လူ ဘယ်လိုပုံစံနှင့် ကျန်ရစ်သည်ကို စိတ်မဝင်စားတော့။

တော်ဝင်ကိုယ်တိုင်လည်း သူ့လို လူတစ်ယောက်ကို အခုလို ပြောလိုက်ရ၍လည်း ရှက်စရာ၊ နောင်တရစရာလို့ မမြင်။ အခုရုပ်မှ နောင်ရှင်း၊ ပြောစရာရှိတာကို ပြောခွင့်ရလိုက်သည့်အတွက် ဘာဝန်တစ်ခု ငြိမ်းအေးသွားသလို ရင်ထဲ ရှင်းလင်းပြီး ပေါ့ပါးသွားသည်။

ဖူးအိတို့ညီအစ်မက မလွယ်။

တော်ဝင်နှင့် ညီအစ်မတော်သည်ဆိုပေမယ့် တော်ဝင်ကို ညီမတစ်ယောက်လို မြင်ကြတာမဟုတ်။ ပြိုင်ဘက်တစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



သဘောထားမှန်း တော်ဝင် သိသည်။ တော်ဝင် ဘာလုပ်လုပ်၊ ဘာပြောပြော ညီအစ်မနှစ်ယောက်စလုံး ဘယ်တော့မှ အကောင်းမြင်ကြသူတွေမဟုတ်။

သူတို့ညီအစ်မ တော်ဝင့်အပေါ် ဘယ်လိုပဲ မကောင်းထင်ထင် တော်ဝင်ကတော့ ကိုယ့်ဘဝကိုယ် နားလည်သူပီပီ ဖူးအိတို့ညီအစ်မအပေါ်မှာ ဘယ်လိုမှ သဘောမထား။ ကိုယ့်အပေါ် လွှန်လွှန်ကဲကဲ ဆက်ဆံလာတာမျိုး၊ တမင်သက်သက် အနိုင်ကျင့်ဗိုလ်ကျတာမျိုး လုပ်မလာသ၍တော့ သူတို့ဘာပြောပြော၊ ဘာလုပ်လုပ် သည်းခံနေဖို့ ဆုံးဖြတ်ထားသည်။

မေမေကလည်း တော်ဝင်ကို အမြဲသည်းခံဖို့ ဆုံးမသည်။ သူတို့နှင့် ကင်းနိုင်သမျှ ကင်းအောင်နေနိုင်လျှင် ပြီးပြီ။ ဘာအတွက်နှင့်မှ သူတို့အသိုင်းအဝိုင်းထဲက လူတွေနှင့် ပတ်သက်စရာမရှိ။ အထူးသဖြင့် ဖူးအိသူငယ်ချင်းဆိုသူနှင့် ဝေးနိုင်လေကောင်းလေဖြစ်သည်။

''တော်ဝင် ခဏနေပါဦး''

တဘုတ်ဘုတ်ခြေသံနှင့် တော်ဝင့်နောက်ကို ပြေးလိုက်လာသူကြောင့် တော်ဝင် ခြေအစုံကို ရပ်လိုက်၏။

''ဆောရီး တော်ဝင်ရယ်၊ တို့ကြောင့် တော်ဝင်တို့သားအဖ ဒီလောက်ဒုက္ခရောက်လိမ့်မယ်လို့ မထင်မိခဲ့ဘူး၊ ပြီးတော့ ကိုယ့်သွေးသားအရင်းအချာပေါ်မှာထားတဲ့ ဖူးအိတို့စိတ်ဓာတ်ကိုလည်း အံ့သြမိတယ်''

''ဘာမှအံ့သြစရာမရှိပါဘူးရှင်၊ ဖူးအိတို့ အပြစ်ချည်းပဲ





လည်းမဟုတ်ပါဘူး၊ ကျွန်မတို့သားအဖကိုယ်တိုင်မှာလည်း ဘာဂုဏ်ဘာနေမှ မရှိတာကိုက အပြစ်ပါ''

''မဟုတ်တာ တော်ဝင်ရယ်၊ တော်ဝင်ကိုယ်တိုင်လည်း ပန်းရဂုံရဲ့ မျိုးဆက်ပဲ၊ လူတစ်ယောက်ရဲ့ တန်ဖိုးကို ငွေကြေးတစ်ခုထဲနဲ့ တိုင်းတာဆုံးဖြတ်တာ မဟုတ်သေးပါဘူး''

''အခုလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို သွားခွင့်ပြုပါ''

တော်ဝင်ဆိုတဲ့ မိန်းမလှလေးရယ်။

နေဗလက ကျောခိုင်းထွက်ခွာသွားသည့် တော်ဝင့်နောက်ပိုင်းအလှကိုကြည့်ကာ ပွင့်လင်းပြတ်သားသော တော်ဝင့်သဘောထားကို နှစ်ခြိုက်သဘောကျနေမိသည်။ ရိုးရှင်းပွင့်လင်းသည့် တော်ဝင်က သူတွေ့ဘူးသော တခြားမိန်းကလေးတွေနှင့်မတူ။ ရှိတာကို အရှိလုပ်မပြော။ အရှိ အရှိအတိုင်း သူမဘဝကို ဟုတ်မှန်သည့်အတိုင်း ပြောရဲသော တော်ဝင်ကို နေဗလ ပိုပြီးစိတ်ဝင်စားလာ၏။

နေဗလကိုယ်တိုင် တော်ဝင်နှင့် ရှေ့ဆက်ပြီး ပတ်သက်ရန်သင့်မသင့် စဉ်းစားစရာတွေလည်း အများကြီးဖြစ်လာသည်။ တော်ဝင်ရှေ့မှာ လူတစ်ယောက်၏ တန်ဖိုးကို ငွေကြေးနှင့် တိုင်းတာဆုံးဖြတ်တာ မဟုတ်သေးပါဘူးဟု ပန်းရဂုံက ဖူးအိတို့မိသားစုကို ညွှန်းပြောဆိုခဲ့သည်။

တကယ်တော့ နေဗလ အသိုင်းအဝိုင်းနှင့် ဖူးအိတို့ဆိုတာ ရင်းခြင်းညီ အဆင့်ခြင်းတူကြသူများဖြစ်သည့်အတိုင်း ကိုယ့်အချင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်းကလွဲပြီး တခြားဘယ်လိုလူကိုမှ အရေးလုပ်ကြသူတွေမဟုတ်။ ဂုဏ်မရှိ ငွေမရှိသူဆိုလျှင်လည်း အထင်မကြီး။ အပေါင်းအသင်းမလုပ်။ နေဗလ မာမီကိုယ်တိုင် အရာရာကို ငွေနှင့်ပိုင်းဖြတ်ထားသူဖြစ်သည်။

တော်ဝင်လို မိန်းကလေးတစ်ယောက်ကို သွားပတ်သက်ဖို့ ကြိုးစားနေသည့် နေဗလအကြောင်းကိုသာသိရင် မာမီ ရင်ကျိုးမှာသေချာသည်။ နေဗလကိုယ်တိုင်လည်း ဘဝမှာ လိုတရ ပြီးပြည့်စုံသည့် ချမ်းသာသည့် ရွှေမင်းသားအဖြစ်က နိမ့်လျောပြီး သောကဗျာပါဒတွေနှင့် အမြဲပူပင်ကြောင့်ကြနေရသည့် မရှိဆင်းရဲသားတစ်ယောက် ဖြစ်ရမှာကိုလည်း အလိုမရှိ။ တော်ဝင့်ကိုလည်း အရင်ကထက်ပိုပြီး စိတ်ဝင်စားမိနှင့် တစ်ယောက်တည်း အခုမှ ခက်နေ၏။

တော်ဝင့်နားကို မကပ်တော့ဘဲ အဝေးက တော်ဝင့်လှုပ်ရှားမှုကို စောင့်ကြည့်ရင်း နေဗလရင်ထဲမှာ တော်ဝင့်အပေါ် စွဲလမ်းမှုက တစ်နေ့တစ်ခြား ပိုဆိုးလာသည်။

''ဘာဖြစ်တာလဲ သား၊ နေမကောင်းဘူးလား''

အိမ်အပြင် အမြဲထွက်နေမှ စိတ်ချမ်းသာပျော်ရွှင်တတ်သော နေဗလလိုလူ အခန်းထဲငြိမ်ပြီး ကုတ်နေတာမြင်တော့ မာမီက နေဗလအခန်းထဲသို့ ရောက်လာသည်။ မျက်နှာမသာမယာနှင့် နေဗလနဖူးလေးကို ထိကိုင်ရင်း စိုးရိမ်စွာမေးသည်။

''ဘာမှမဖြစ်ပါဘူး မာမီရာ၊ တစ်ခါတလေ တစ်ယောက်တည်းနေချင်လို့ပါ''

''တစ်ချိန်လုံး အပြင်ထွက်နေရမှာ ကျေနပ်တဲ့လူက





စကားအထူးအဆန်းတွေ ပြောနေပြီဆိုတော့ တစ်ခုခုတော့ တစ်ခုခုပါလား''

''မာမီ့ကို မှန်မှန်ပြောစမ်း၊ သား ကောင်မလေးနဲ့ အဆင်မပြေလို့မဟုတ်လား''

''မဟုတ်ပါဘူး မာမီရာ၊ သားမှာ ဘာကောင်မလေးမှလည်း မရှိတော့ပါဘူး၊ အားလုံးကို စိတ်ကုန်လို့ ဖြတ်လိုက်တာကြာလှပြီ''

တော်ဝင်ကို ချစ်မိပြီလို့ ကိုယ့်ကိုယ်ကို သေချာသွားပြီးနောက်ပိုင်း နေဗလက သူ့မှာရှိသမျှ ရည်းစားတွေအားလုံးကိုဖြတ်ပစ်လိုက်သည့်အတွက် နေဗလ တစ်အိမ်လုံး ရှိသမျှဖုန်းတွေဆူညံကုန်သည်။ နေဗလက ဘယ်ဖုန်းကိုမှ မကိုင်တော့။

''ဒါကြောင့် ဖုန်းသံမြည်တိုင်း သားနာမည်ကိုချည်းမေးနေကြတာကိုး၊ မာမီ့သားလေး ဘာမှမဖြစ်ဘူးဆိုရင်လည်းပြီးတာပါပဲ၊ ရော့ ရော့ ဒီမှာသားအတွက် မုန့်ဖိုးယူထားဦး၊ မာမီအပြင်သွားလိုက်ဦးမယ်''

နေဗလလက်ထဲကို ထောင်တန် အုပ်လိုက်ရောက်လာသည်။ တစ်ကိုယ်လုံး စိန်တွေညွတ်နေအောင် ဝတ်ထားသည့် မာမီ့ကို လှမ်းကြည့်ရင်း တော်ဝင့်ကို ဖျတ်ခနဲ သတိရလိုက်တော့ နေဗလ မျက်နှာညှိုသွားသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"ဖူးအိ"

"အို အမေ့"

ဖူးအိတစ်ယောက်တည်း ခြံနောက်ဘက်က ပိတောက်ပင်ကြီးအောက်အရောက် ဖူးအိနာမည်ကို တိုးတိုးကျိတ်ကျိတ် အနားကပ်ခေါ်လိုက်သည့် အသံနှင့်အတူ မြဲမြဲကြံ့ခိုင်သော လက်အစုံက ဖူးအိ လက်ကလေးတစ်ဖက်ကို အရှိန်ဖြင့် ဆောင့်ဆွဲယူခြင်း ခံလိုက်ရ၏။ အလန့်တကြား အော်လိုက်သံလေးနှင့်အတူ လူတစ်ယောက်ရင်ခွင်ထဲ လဲပြိုသွားရာ ထိုလူမျက်နှာကို မော့အကြည့်…

"ဟင် မောင်"

"ချစ်လိုက်ရတာ ဖူးအိရယ်"

"အို"

လှပသောမျက်နှာလေးထက် ပြိုဆင်းလာသော အနမ်းတံတိုင်းကို ကာကွယ်ရန် အခွင့်မရလိုက်ပါ။ အချစ်လူဆိုး မိုးတိမ်





ရင်ခွင်ထဲမှာ ဖူးအိတစ်ကိုယ်လုံး မွန်းကြပ်သွားသည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ဖယ်စမ်းပါဆို"

"ဟင့်အင်း"

"ချစ်တယ်"

"အို"

ဖူးအိ လက်သီးဆုပ်လေးတွေက မိုးတိမ်ရင်ဘတ်ကြီးပေါ်ဘုတ်ဘုတ်နှင့် ရောက်လာသည့်တိုင် မိုးတိမ်က ဂရုမစိုက်။ ချစ်သူနှစ်ယောက်တည်းသာ တတ်သိနားလည်နိုင်သော ချစ်မဏ္ဍိုင်ကြီးကို စိုက်ထူဖို့ ကြိုးစားနေပါသည်။

"မောင်နော် ဖူးအိ ငိုလိုက်တော့မယ်သိလား"

"ငိုပေါ့၊ ဖူးအိငိုရင် မောင်ကချော့မှာပေါ့၊ မောင့်ကိုလက်ထပ်မှာ သေချာပါတယ်နော် ဖူးအိ"

"လက်မထပ်ဘူး အပျော်ကြီးတာ"

"အဟွန်း…ဟွန်း…ဟွန်း"

မှန်းမှန်းနှင့် ဖူးအိက တမင်အရွဲ့တိုက်ပြောနေမှန်းသိတော့မိုးတိမ်မှာ ချစ်သူလေးကို အမြတ်တနိုး ထွေးပွေ့ရင်း ခပ်တိုးတိုးကျိတ်ရယ်လိုက်သည်။ သိပ်ချစ်စရာကောင်းသော ဖူးအိကို ပိုင်ဆိုင်ခွင့်ရမည်ဆိုလျှင် ဒီကမ္ဘာမှာ သူ့လောက်ကံကောင်းသူ မရှိတော့ဟုထင်သည်။

"လူတွေ့တာနဲ့ ဒါပဲ၊ စကားကို အကောင်းမပြောရဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ချစ်တာကိုးဗျာ၊ ဖူးအိကို မောင် ဘယ်လောက်ချစ်တယ် ဆိုတာ ဖူးအိ အခုချိန်ထိ မသိသေးဘူးလား''

''အံ့မယ် သူတစ်ယောက်တည်း ချစ်တတ်တာ ကြနေတာပဲ၊ ဒီကတော့ မချစ်တဲ့အတိုင်း သူကိုယ်သူပဲ မထ္တာပ်တိုင်တက်ပြနေ သိလား''

''မောင့်ကို ဖူးအိ တကယ်ချစ်ရင် တကယ်လက်ထပ်ရဲရမှာပေါ့''

''ဘယ်သူက လက်မထပ်ဘူးလို့ ပြောနေလို့လဲ''

''အခုပဲ ဖူးအိက မောင့်ကို အပျော်ကြံတာဆို၊ နစ်နာစရာရှိရင် မောင်ပဲ နစ်နာရမှာ၊ ဖူးအိ မောင့်ကို ခွဲသွားမှာ မောင်ကြောက်တယ် ဖူးအိရယ်''

ပါးစပ်က ကြောက်တယ်ဟု ပြောနေပေမယ့် ဖူးအိကို မိုးတိမ် တကယ်ကြောက်ခြင်းမဟုတ်ကြောင်း မောင့်ထံမှ လှိုက်လှဲသောအနမ်းတွေက သက်သေခံနေသဖြင့် မောင်အကဲပိုနေပုံကို အမှောင်ထဲမှ ဖူးအိ မျက်စောင်းရွယ်လိုက်မိသည်။

''ဟွန်း မောင်တို့ယောကျ်ားတွေက လူပုံကြည့်တော့ ရိုးပုံရိုးလက်နဲ့ သိပ်လည်တယ်သိလား၊ ဒီလိုပုံစံနဲ့ ရည်းစားဘယ်နှစ်ယောက်ကို ညာပြီးပြီလည်း မသိဘူး''

''သိပ်မများသေးပါဘူး အချစ်ရယ်၊ ဖူးအိ အပါအဝင်နဲ့မှ လူပေါင်း တစ်ဒါဇင်ကျော်ရုံပဲရှိသေးတာပါ''

''တွေ့လား ပြောရင်းက ဇာတိရုပ်က ပေါ်လာပြီ၊





ဒီလောက်ရှုပ်တဲ့ ပွေတဲ့လူ၊ ဖူးအိအသားကို လာမထိနဲ့၊ သွား''

''သွားမလို့ပါပဲ ဖူးအိက အတူလိုက်ချင်မှန်းမသိ မလိုက်ချင်မှန်းမသိနဲ့ ဖြစ်နေလို့ ငြိမ်နေရတာ၊ အခု ဖူးအိကိုယ်တိုင်က သွားဆိုမှတော့ သွားရုံပေါ့''

''လာ လိုက်ခဲ့''

''ကြည့်စမ်း မောင်နော်''

''ဟင့်အင်းဆို''

''အို…အို''

မောင့်အချစ်က ကြမ်းသည်။ ရမ်းသည်။ ဖူးအိ ဘာပြောပြော မောင်က နားမဝင်။ သူလုပ်ချင်ရာလုပ်သည်။ မောင်ကို ချစ်မိတော့ ဖူးအိကိုယ်တိုင်လည်း မောင့်အလိုကို လိုက်မိသည်။ ည်ခံပွဲညမှ အစပြုခဲ့သော အချစ်ဇာတ်လမ်းလေးကို ဘယ်သူမှမသိအောင် ဖူးအိတို့ ချစ်သူနှစ်ယောက် တိတ်တိတ်ခိုးတွေ့ရင်း တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရရင် မနေနိုင်အောင် ဖြစ်နေကြသည်။

နေ့စဉ်လို ချိန်းတွေ့နေသော ဖူးအိတို့အဖြစ်ကို ဘယ်သူမှ မသိသေး။ နှစ်ယောက်စလုံး အချစ်မွှန်နေပြီမို့ အပြင်မှာ တွေ့ကြရုံနဲ့ အားမရ။ အခုလို ညဘက်လူခြေတိတ်ချိန်မှာလည်း နှစ်ယောက်သား ချိန်းတွေ့သည်အထိ ကဲကြသည်းကြသည်ဆိုတော့ လွယ်တော့ မည်။

မိုးတိမ်ကလည်း သူမြို့သူ မပြန်တော့။ ပန်းရဂုံက မြို့ရ

www.burmeseclassic.com



မည်ဆိုရင်တောင် ဖူးအိကို သူနှင့်အတူ တစ်ပါတည်း ခေါ်သွားချင်နေသည်။

""မောင့်နောက်ကိုသာ လိုက်ခဲ့ပါတော့ ဖူးအိရယ်၊ မောင်တော့ ဖူးအိနဲ့ ဘယ်လိုမှ ခွဲမနေနိုင်တော့ဘူး""

""မောင်က ပြောတော့ဖြင့် လွယ်လိုက်တာ၊ လူကိုများ ဟင်းရွက်ကစွန်းရွက် ထင်နေလား၊ မောင်နဲ့ချစ်နေတာသိရင် မာမီတို့က ဖူးအိကို သတ်မှာရှင့် သိရဲ့လား""

""ဘာဖြစ်လို့လဲ၊ မောင်က ဖူးအိတို့လောက် မချမ်းသာလို့လား""

ဖူးအိမဖြေ။

ငြိမ်သက်နေသော သူ့ရင်ခွင်ထဲက ချစ်သူလေးကို ငုံ့ကြည့်ရင်း မိုးတိမ် တစ်ချက် ပြုံးလိုက်သည်။

""မောင့်ကို လက်ထပ်လိုက်လို့ ပန်းရဂုံလို အိမ်ကြီးများနဲ့ မထားနိုင်ပေမယ့် တခြားသူတွေပြိုင်ရင် အဆင့်အတန်း မနိမ့်စေရဘူး၊ လူတန်းစေ့နေနိုင်တယ်ဆိုတာထက်သာတဲ့ နေထိုင်မှုမျိုးနဲ့ နေထိုင်နိုင်ရမယ်လို့တော့ အာမခံပါတယ်""

""ဖူးအိစိတ်ထဲမှာ အဲဒါတွေ မရှိပါဘူး၊ မောင်ပြောသလိုလည်း နေနိုင်ပါတယ်၊ အရေးကြီးတာက ဖူးအိကို မောင်အမြဲချစ်နေဖို့နဲ့ သစ္စာရှိဖို့ပဲ လိုတာပါ""

""ဖူးအိကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာ ဖူးအိမသိဘူးလား""





""အခုတော့ ဟုတ်နေတာပဲလေ၊ နောက်ကျရင်သာ""

""ဟိုး…ဟိုး နောက်ကိစ္စတွေ အသာထားစမ်းပါဦးဗျာ၊ လောလောဆယ် ချစ်နဲ့မောင် မြန်မြန်နီးကြရဖို့ပဲ စဉ်းစားစမ်းပါ""

""ဖူးအိမိဘတွေဆီကို မောင့်မိဘတွေ ခေါ်လာပြီး လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ယူရမလား၊ မောင် ဘာလုပ်ရမယ်ဆိုတာ ဖူးအိပဲ ပြောပါ""

""မာမီတို့ကို ဖူးအိ ကြောက်တယ်မောင်၊ မောင်နဲ့ ဖူးအိချစ်နေတာသိရင် ဖူးအိကို ဒီမှာတောင် ထားမှာမဟုတ်ဘူး၊ နိုင်ငံခြားကို ပို့ပစ်မှာသိလား""

""ဒါဖြင့် မောင်က ဘာလုပ်ရမှာလဲ""

""ဒီလိုပဲ အိမ်က မသိမချင်း ခိုးတွေ့နေကြတာပေါ့၊ လူကြီးတွေသိသွားပြီး သဘောမတူဘူးဆိုမှ တစ်မျိုးစီစဉ်ကြတာပေါ့ မောင်ရယ်နော်""

""အင်းလေ ဖူးအိ သဘောပါ၊ မောင့်သဘောကတော့ ဖူးအိကို လုံးဝစိတ်မချဘူး၊ ဖြစ်နိုင်ရင် တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးထားချင်တယ်၊ ပြဿနာတစ်ခုခုဖြစ်လို့ ဖူးအိကို မောင်နဲ့ ခွဲထားမယ်ဆိုရင်လည်း ဖူးအိက မောင့်မယားဆိုတော့ ကိုယ့်မိန်းမကိုယ် တရားဝင်ခေါ်ရုံပဲပေါ့""

""အခုတော့ မောင့်မှာ ဖူးအိကိုချစ်တဲ့စိတ်နဲ့ တစ်နေ့မှကိုရင်မအေးနိုင်ဘူး၊ အိမ်ကိုပြန်ရမှာလည်း စိတ်မချဘူး""

ထိုစကားကို မိုးတိမ်ရင်ထဲက ခံစားချက်အတိုင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းပါ။ ဖူးအိကို အရူးအမူး အသည်းအသန် ချစ်မိပြီးနောက်မှာ အချစ်အတွက်ဆိုရင် မိုးတိမ်ဘက်က ဘာပဲလုပ်ရလုပ်ရဆိုတာမျိုး ဖြစ်နေပါပြီ။ ဖူးအိကိုယ်တိုင်လည်း မိုးတိမ်ကို သိပ်ချစ်တာ သိပေမယ့် ဖူးအိက သူ့လိုမစွန့်စားရဲ။

မိုးတိမ်လို လူတစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်ခဲ့မိတာပင် ဖူးအိလို မိန်းကလေးတစ်ယောက်အတွက် လွန်နေပြီဟုဆိုရမည်။ ကိုယ်နဲ့ အဆင့်အတန်းချင်းတူ၊ ဂုဏ်ခနလည်းတူသူနှင့် ချစ်သူဖြစ်ရလို့ မာမီတို့ရှေ့မှာ ဒါ ဖူးအိချစ်သူပါလို့ ချပြရဲပေမယ့် မိုးတိမ်လိုလူကိုတော့ မာမီတို့ရှေ့ ချပြရဲလောက်အောင် ဖူးအိ သတ္တိမကောင်းပါ။

ချစ်သူကိုသနားပေမယ့် မတတ်နိုင်။

"မောင်"

"ဗျာ"

"မောင့်စကားကို နားမယောင်နိုင်တဲ့ ဖူးအိကို ခွင့်လွှတ်ပါ၊ မောင့်ကို ဖူးအိ ချစ်ပေမယ့် မောင့်နောက်ကို လိုက်ရဲတဲ့အထိတော့ ဖူးအိမှာ သတ္တိမရှိပါဘူး မောင်"

"မောင့်ကိုချစ်မိလို့ ဖူးအိမှာ အခုထဲက နောင်တရနေပြီလား"

"မောင့်ကိုချစ်မိလို့ နောင်တရနေပြီဆိုမှတော့ အခုချိန် မောင့်ရင်ခွင်ထဲမှာ ဖူးအိ ရောက်နေစရာ မလိုပါဘူး မောင်"

လမင်း၏အလင်းနှင့် ချစ်သူနှစ်ယောက် တစ်ယောက်





မျက်နှာကို တစ်ယောက် နင့်နင့်သည်းသည်း စူးစိုက်ကြည့်လိုက်မိကြသည်။ အချိန်တိုအတွင်းမှာ သူတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ဤမျှအသည်းနင့်အောင် ချစ်သွားမိခဲ့ကြလိမ့်မည်ဟု ဖူးအိရော မိုးတိမ်ပါ ထင်မထားခဲ့ကြပါ။

"မောင့်ကိုချစ်ရင် ဖူးအိကိုယ်တိုင် သတ္တိရှိမှဖြစ်မယ်"

"မောင်ရယ်"

မိုးတိမ်ရင်ခွင်မှာ ဖူးအိမျက်နှာလေးကို တိုးဝှေ့ရင်း ချစ်သူကိုယ်ကြီးကို သူမလက်ကလေးများဖြင့် မမှီမကမ်းလေး ပြန်လည်ဖက်တွယ်ထားမိသည်။ မိုးတိမ်ကို ဘယ်လောက်ချစ်သည်ဆိုတာကို ဖူးအိပဲ သိသည်။

"မနက်ဖြန် မောင် အိမ်ကိုပြန်တော့မယ် ဖူးအိ"

"ရှင်"

"မောင်ပြန်တော့မယ် ဟုတ်လား"

"ဟုတ်တယ်၊ အိမ်ကထွက်လာတုန်းက ခဏဆိုပြီး ထွက် လာခဲ့တာ၊ ဒီရောက်လို့ ဖူးအိကိုတွေ့ပြီး မပြန်နိုင်တာနဲ့ ဒီမှာ ဘယ် လောက်တောင် ကြာပြီပဲ"

"ရက်ပေါင်းကိုးဆယ်ဆိုတာ နည်းတာမဟုတ်ဘူးဗျာ၊ အိမ်ကို ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ နေလာရတာ မျက်နှာပူလှပြီ"

"ဒါဖြင့်လည်း မြန်မြန်ပြန်ပေါ့၊ တောမှာ ရှင့်ရည်းစားစောင့်နေတာ ကျွန်မ မသိဘူးထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း အိမ်ပြန်မယ်ပြောတာနဲ့ လူကို ရှင်တွေ ကျွန်မတွေနဲ့တောင် စိမ်းစိမ်းကားကား ပြောလို့ပါလား၊ တကယ် အိမ်ကို ပြန်သွားပြီးရင်တော့ လူကိုပါ မေ့ပစ်လိုက်တော့မယ်ထင်တယ်"

"မေ့ပစ်အောင်လုပ်ရင်တော့ မေ့ရမှာပေါ့"

"ဘယ်တော့မှ မမေ့နိုင်အောင် အသည်းထဲစွဲနေတဲ့ အမှတ်တရတစ်ခုတော့ ထားရစ်ခဲ့မှထင်တယ်"

"မောင်နော်"

"ဒီတစ်ခါ ဖွတ်ဆိုးရင် ဖူးအိက မောင့်ကို တစ်ခါတည်း မုန်းပစ်လိုက်မှာ သိလား"

"ဖူးအိက မောင့်ကို တကယ်မုန်းနိုင်လို့လား"

"မုန်းအောင်လုပ်ရင် မုန်းမှာပေါ့"

"ချစ်အောင် နေပြမယ်ဆိုရင်ရော"

"ချစ်မှာပေါ့"

"ကိုင်း ဒါဖြင့်ချစ်တော့"

လမင်းက တိမ်တိုက်တွေကြား ပြေးဝင်ကွယ်ပျောက်သွားသည်။

♠ ♠ ♠



## အခန်း (၁၀)

"ဖူးအိ လာပါဦး၊ သမီးကို မာမီ မေးစရာရှိလို့"

"ရှင်"

မာမီ့စကားကြောင့် ဖူးအိမျက်နှာ ကွက်ခနဲပျက်သွားကာ ရင်တွေလည်း တဒိန်းဒိန်းဖြစ်လာသည်။ မာမီက ဖူးအိကို ဘာများ မေးစရာရှိသနည်း။ ကေနွဲ့ မောင်နှင့်ဖူးအိတို့ ချစ်နေကြတာ မာမီများ ရိပ်မိသွားပြီလားဆိုသည့် အတွေးနှင့် လူက တုန်လှုပ်နေ၏။

"သမီးမျက်နှာက ဖြူဖတ်ဖြူရော်နဲ့ နေမကောင်းဘူးလား"

"ခေါင်းနည်းနည်းမူးရုံပါ မာမီ၊ ဖူးအိ ဘာမှမဖြစ်ပါဘူး"

"မာမီဝယ်ပေးထားတဲ့ အားဆေးတွေကို မှန်မှန်သောက်မှပေါ့ သမီးရဲ့၊ ဂမုန်းလည်း အတူတူပဲ၊ မာမီကိုယ်တိုင် သတိမပေးဘဲ နေရင် မေ့နေရော၊ သမီးတွေရော အဖေလုပ်တဲ့လူရော ဒီအတိုင်းပဲ၊ နေရာတကာ ဒီအမေလိုက်နိုင်မှဆိုတာလိုဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဖူးအိကို မေးစရာရှိတယ်ဆိုတာ ဘာလဲဟင်"

မာမို့စကားလမ်းကြောင်း ဦးတည်ပြောင်းမသွားခင် ဖူးအိက မာမီကို မေးလိုက်၏။

"အေး ဒီနေ့တော့ မာမီနဲ့ နေဗလမာမီ တွေ့လို့လေ၊ အဲဒါ သူက သမီးတောင်းနေတာနဲ့၊ မာမီလည်း သမီးသဘောကို မေးလိုက်ဦးမယ်လို့ ပြောခဲ့တယ်၊ အဲဒါ သမီးသဘောက ဘယ်လိုလဲ"

"ရှင်"

"သမီးနဲ့ မောင်နေဗလနဲ့ မေတ္တာမျှနေကြပြီလား"

"မာမီတို့ထင်သလို မဟုတ်ပါဘူး၊ သမီးတို့က ရိုးရိုးသားသား သူငယ်ချင်းတွေပါ"

"ဒါဖြင့် သမီးက မောင်နေဗလကို အိမ်ထောင်ဘက်တစ်ယောက်အဖြစ် သဘောမကျဘူးပေါ့ ဒီလိုလား"

"ဟုတ်ကဲ့"

ပေါ့ပါးသွက်လက်စွာပင် မာမို့အမေးကို ဖူးအိ ခေါင်းညိတ်လိုက်တော့ မာမီကရယ်သည်။

"သိပါဘူးကွယ်၊ မာမီက မောင်နေဗလကို သမီးသဘောကျမယ်ထင်နေတာ မာမီ အထင်မှားတာကိုး၊ ဒီကိစ္စ သမီးသဘောမတူရင် ဘာမှမလုပ်ပါဘူး၊ အိမ်ထောင်ရေးကိစ္စကိုတော့ သမီးတို့သဘောကျ ဆုံးဖြတ်ကြပါ"

"သမီးတို့ သဘောကျဆိုပေမယ့် ကိုယ်နဲ့အဆင့်အတန်း





တူ၊ ဂုဏ်ရည်တူတဲ့သူမျိုးကို ပြောတာနော်"

"ဟုတ်ကဲ့ပါ မာမီရဲ့"

"သမီးအပြင်သွားမလို့လား၊ သွားလေ မာမီတော့ ဒီနေ့ အိမ်မှာ အေးအေးဆေးဆေး နားမလို့၊ သမီးသွားစရာရှိရင် ကားယူသွား"

ဖူးအိလက်ထဲကို မာမို့ကားသော့ ရောက်လာသည်။ ကားကို နေရာဂ ဝေါခနဲ မောင်းထွက်လာခဲ့ပေမယ့် ဖူးအိရင်ထဲ မပျော်။ မိုးတိမ်ကို ဖူးအိ ချစ်သူအဖြစ် လူလယ်ခေါင်မှာ ချပြဖို့ခက်နေသည်။

နေဗလ မာမီကလည်း အခုမှ သမီးတောင်းနေသည်တဲ့။ ဟိုတုန်းက စိတ်နှင့်ဆို မာမို့ပြောစကားကို ဖူးအိဘက်က အလွယ်တကူ ခေါင်းညိတ်လက်ခံမိမည်လားမသိ။ အခုလိုအချိန်မှာတော့ လူတစ်ယောက်ကို တကယ့်မေတ္တာစစ်နဲ့ လိုက်လိုက်လှဲလှဲ ချစ်မိသော မေတ္တာစစ်နှင့် သူများတွေလို ပေါ်ပြူလာဖြစ်ရုံ၊ စိတ်ဝင်စားရုံနှင့် ခံစားရသော စိတ်ခံစားချက်ကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာနိုင်ပြီမို့ နေဗလလို လူတကာ အထင်ကြီးစိတ်ဝင်စားသော လူတစ်ယောက်၏ ချစ်ရည်းစားဖြစ်ရုံ တွေးမိသော သူမစိတ်သဘောထားထဲမှာ အချစ်ဆိုသည့်အရာ မပါဝင်ကြောင်း သိလာခဲ့သည်။

တော်ပါသေးရဲ့။

နေဗလကို တကယ်မချစ်ဘဲနဲ့ ချစ်သူအဖြစ် လက်ခံမိတော့

www.burmeseclassic.com

www.burmeseclassic.com



မလို့။ မောင်ကသာ ဖူးအိကို နေဗလရဲ့ ချစ်သူဆိုရင် အခုလို မြတ်မြတ်နိုးနိုး သည်းသည်းလှုပ် ချစ်ချင်မှချစ်တော့မှာ။ အခုတော့ မောင့်ရဲ့အချစ်ဦးဟာ ဖူးအိကိုယ်တိုင်ဖြစ်သလို ဖူးအိရဲ့ အချစ်ဦးဟာ မောင်တစ်ယောက်တည်း ဖြစ်နေခြင်းက သေချာတွေးကြည့်လေ ကြည်နူးပီတိ ဖြစ်ရလေဖြစ်နေ၏။

ဒီနေ့ဆိုရင် မောင် သူ့မြို့ကို ပြန်သွားတာ နှစ်ရက်ရှိပြီဖြစ်သည်။ ဖူးအိစိတ်ထဲမှာ မောင့်ကိုလွမ်းသည့်စိတ်၊ သတိရသည့်စိတ်နှင့် ဘယ်လိုမှ နေလို့မရ၊ အခန်းအောင်းပြီး ငြိမ်နေတော့ ပိုဆိုးသည်။ တစ်ချိန်လုံး လွမ်းနေရတာကြီးကို မခံစားနိုင်တော့ အဝတ်လဲပြီး အပြင်ကိုထွက်မည်အလုပ် မာမီနှင့်တွေ့တာဖြစ်သည်။

ဂမုန်းလည်း ဘာမှကို အားမကိုးရဘူး၊ တစ်နေ့ တစ်နေ့ သူ့ရည်းစားနဲ့ လျှောက်လည်ဖို့ပဲ သိတယ်။ မိုးတိမ် ရှိနေတုန်းက ဖူးအိကိုယ်တိုင် အိမ်က လူအလစ်ကို စောင့်ပြီး ကိုယ့်ချစ်သူနဲ့ တွေ့ခွင့်ရဖို့လောက်သာ စိတ်ဝင်စားတာကို မေ့သွားသည်။

လွမ်းလိုက်တာ မောင်ရယ်။

မောင်ကတော့ ဖူးအိဆိုတဲ့ ကောင်မလေးကို အခုချိန်ဆို သတိတောင်ရမှာမဟုတ်ဘူး။ ဖူးအိကသာ မောင့်ကိုလွမ်းစိတ်၊ သတိရစိတ်နှင့် တိတ်တိတ်လေး ညတိုင်းကျိတ်ငိုနေမိတာဖြစ်သည်။

ဟော..ဟိုမှာ တော်ဝင်ပါလား။

ဖူးအိစိတ်ထဲမှာ တစ်ချိန်လုံး တော်ဝင်ကို ကြည့်မရအောင် ရှန့်လိုစိတ်တိုနေခဲ့သော်လည်း မောင့်ရဲ့သူငယ်ချင်း တော်ဝင်အဖြစ်





မြင်လိုက်၊ တွေ့လိုက်ရတော့ ဖူးအိရင်ထဲက အမုန်းနှင့် ရှန့်လိုစိတ်တို နေခဲ့သမျှတွေ လျော့နည်းသွားသည်။

မောင့်ကို လွမ်းစိတ်နှင့် မောင်နှင့်ပတ်သက်သော တော်ဝင်ကို တွေ့မြင်ရတာကိုပဲ ဖူးအိစိတ်ထဲမှာ မောင့်အငွေ့အသက် တွေ့နေရသလိုလို ထင်လာမိသည့် စိတ်ရဲ့ လှည့်စားမှုကလည်း ဆန်းတော့ အဆန်းသားပင်။

"ဟင် နေဗလပါလား"

ဖူးအိက သူမကားလေးကို တော်ဝင်နား ကပ်ရပ်မည်ဟု စဉ်းစားလိုက်စဉ်မှာပင် သူ့မကား အရင် တော်ဝင့်ရှေ့ကို ထိုးဆိုက် ရပ်တန့်လာသည့် နေဗလကားကို မြင်လိုက်ရတာမို့ သူတို့နားက သူမကားလေးကို အသာကျော်ဖြတ်ခဲ့သည်။

နောက်ကြည့်မှန်ကတစ်ဆင့် လှမ်းကြည့်လိုက်တော့ ခေတ်နှင့်အမီ ဝတ်စားပြင်ဆင်ထားသည့် ဆံပင်နီနီ နေဗလနှင့် ရိုးရိုးယဉ်ယဉ် လှပနေသော တော်ဝင်တို့စုံတွဲအဖြစ်ကို ကြည့်ကာ ဖူးအိနှုတ်ဖျားက ခစ်ခနဲအသံ ထွက်သွားသည်။

နေဗလနှင့် ဖူးအိအဖြစ်ကလည်း ရယ်တော့ရယ်ရသည်။ ကိုယ့်အချင်းချင်းကြတော့ အထင်မကြီး၊ စိတ်မဝင်စားတာလားမသိ။ ဂုဏ်ချင်း၊ အဆင့်ချင်းတူပေမယ့် ချစ်သူတွေဖြစ်လာခြင်းမရှိ။ ဟော ဖြစ်မယ့်ဖြစ် ချစ်မယ့်ချစ်တော့လည်း နေဗလလို ရွှေမင်းသားက တော်ဝင်ကိုမှ အသည်းအသန် လာကြွေပြနေသလို ဖူးအိကျတော့လည်း မိုးတိမ်ဆိုသည့် မောင်ကလွဲလို့ အားလုံး ဖွဲဆန်ကွဲဖြစ်တုန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတို့အဖြစ်ကိုသာ မိဘတွေသိလျှင် ရင်ကျိုးကြမှာ သေချာ သည်။ ဒါကိုသိသိနှင့် ဖူးအိတို့ လူငယ်တွေကြပြန်တော့ အချစ်ကို ဦးစားပေးသူတွေချည်း ဖြစ်ကုန်တာခက်သည်။

''လာပါ တော်ဝင်ရယ်၊ ကိုယ့်ကားနဲ့ လိုက်ခဲ့ပါ၊ ကိုယ်က တော်ဝင် မလိုက်မချင်း ခေါ်နေမှာနော်၊ တော်ဝင်နဲ့ကိုယ့်ကို လူတွေဝိုင်းကြည့်နေတာ မခံချင်ရင် ကိုယ့်ကားပေါ် အမြန်တက်တော့''

''ရှင် ရှင် တော်ဝင်ကို ဘယ်လောက်အထိ အနိုင်ကျင့်ဗိုလ်ကျနေဦးမှာလဲဟင်''

ရက်ရက်နှင့် နေဗလကားပေါ် တော်ဝင် ရောက်ခဲ့ရသည်။ မရောက်လို့လည်းမဖြစ်တော့။ ကားဂိတ်မှာရှိနေသည့် လူတွေအားလုံးက သိပ်လှသည့် တော်ဝင်နှင့် နေဗလတို့စုံတွဲကို စိတ်ဝင်စားသောအကြည့်၊ အားကျသောအကြည့်၊ ရူးစမ်းသောအကြည့်တွေနှင့် ဝိုင်းပြီး ပြုံးပြုံးကြည့်နေမှတော့ မိန်းမသားဖြစ်သည့် တော်ဝင်ကလည်း နေဗလကို အရှုံးပေးလိုက်ရပြီး ကားပေါ်အရောက် ရှက်မွှန်သော ဒေါသလေးတွေနှင့် နေဗလကို ရန်တွေ့နေခြင်းဖြစ်သည်။

''ပြောပြီးပြီလေ ကိုယ့်အချစ်ကို လက်ခံပါလို့၊ တော်ဝင့်ဆီက အဖြေကို မရမချင်း ဒီလိုပဲ လုပ်နေရမှာပဲဆိုတာ''

''ဟင်''

တော်ဝင့်အသွင်လေးက ထူပူပြာဝေနေသလောက် နေဗလ





အသွင်က အေးစက်တည်ငြိမ်နေတာမို့ တော်ဝင်မှာ အခံရခက်ခက်နှင့် နေဗလတစ်ကိုယ်လုံးကို စိတ်ရှိသလောက် ထုရိုက်ကုတ်ဖဲ့ချင်လာသည်။

''မဖြစ်နိုင်ဘူးလို့ ရှင့်ကို တော်ဝင် ဘယ်နှစ်ခါပြောရမလဲ၊ တော်ဝင့်ဘဝကိုလည်း ရှင် သိရဲ့သားနဲ့၊ တော်ဝင်ကို ဒုက္ခပေးနေတဲ့ ရှင့်လုပ်ရပ်ကို ရပ်တန်းက ရပ်သင့်ပါပြီရှင်''

''ရှင့်ကို တော်ဝင် ကကယ်တောင်းပန်ပါတယ်''

''ကိုယ်ကလည်း တော်ဝင်ကို အကြိမ်ကြိမ် တောင်းပန်နေတာပဲ၊ အချစ်ရေးမှာ ကိုယ်က ယောကျ်ားလေးပဲ၊ ကိုယ်က သတ္တိရှိရှိ တော်ဝင့်ရှေ့က မားမားမတ်မတ်ရပ်ပြီး ဖြစ်လာသမျှကို ရင်ဆိုင်ဖြေရှင်းမယ်လို့ ပြောနေတာ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါရှိပြီလဲ''

''ကိုယ့်အချစ်ကို တော်ဝင် အသိအမှတ်ပြုလို့လား၊ လက်ခံခဲ့လို့လား''

တော်ဝင်ကို ဒေါသဖြင့် ပြန်အော်နေသော သူ့ကိုကြည့်ရင်း တော်ဝင့်ရင်ထဲ မွှန်းကြပ်လာသလို စိတ်တွေလည်း ရှုပ်ထွေးကာငိုချင်လာသည်။

ဘယ်လိုလူနှင့် တော်ဝင် လာတွေ့နေရပါသနည်း။ ရှင်းပြလို့လည်းမရ။ တောင်းပန်လို့လည်းမပြီး။ မဖြစ်နိုင်တဲ့ ဘဝအနေအထားတွေကို သိသိကြီးနှင့် ဇွတ်အတင်း မိုက်မဲဖို့ ကြိုးစားနေသည့် သူ့ကို နားဝင်လက်ခံလာအောင်။



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင့်အပေါ်မှာ စိတ်ပျက်အားလျော့သွားအောင် နောက်ထပ် ပြောဖို့ရာ စကားလုံးမရှိတော့သလို ဖြစ်နေ၏။

''ဒါက ဘယ်ကိုသွားဦးမလို့လဲ၊ တော်ဝင်အိမ်ပြန်မှာ တော်ဝင်ကို အိမ်ပဲပြန်ပို့ပါ''

''အချိန်တန်တော့ ပြန်ရမှာပေါ့၊ အခု အစောကြီးရှိပါသေးတယ်၊ ကိုယ်တို့ ကန်တော်ကြီးမှာ အေးအေးဆေးဆေး သွားစကားပြောကြရအောင်''

''တော်ဝင်မှာ ဘာမှပြောစရာမရှိဘူးရှင့်''

''ရတယ်လေ ကိုယ်ပြောတာပဲ နားထောင်ပေါ့''

''အို''

လှပသည့် တော်ဝင့်မျက်နှာလေးမှာ ပြိုတော့မည့်မိုးနှယ် အုံ့ဆိုင်းမှိုင်းညို့ကာ အခုပဲ ငိုချလိုက်မိတော့မလို ဖြစ်လာ၏။

''ကားကို အခုရပ်ပေးနော်၊ ပြောမရရင် ခုန်ချလိုက်မယ် သိလား''

''သတ္တိရှိရင် ခုန်ချကြည့်လေ၊ ကိုယ်ကလည်း ရှေ့တည့်တည့်က သစ်ပင်ကို ဝင်တိုက်ပစ်ရုံပဲ၊ တော်ဝင့်အချစ်ကို မရလို့ သိပ်စိတ်ညစ်နေတာ၊ ပြော ရိုမီယိုနဲ့ ဂျူးလီးယက်လို နှစ်ယောက်အတူ တစ်ပြိုင်တည်း သေကြမလား''

''ရှင်တော့ရူးနေပြီ သိလား''

''တော်ဝင့်ကို ချစ်မိပြီလို့ သိလိုက်ကတည်းက ကိုယ့်ကိုယ်ကို ရူးပြီလို့ သိလိုက်သားပဲ''





''မင်းပြောစမ်း တော်ဝင်၊ မင်းအပေါ်မှာ ကိုယ့်ဘက်က ဒီလောက်ကြီး အသည်းအသန်ဖြစ်နေတာကို ဂရုမစိုက် အရေးမလုပ်ဘဲ တစ်ချိန်လုံး ခါးခါးသီးသီး ဖြစ်နေတာ ဘာသဘောလဲ''

ကားက ကန်တော်ကြီးပတ်လည် လူရှင်းသည့်နေရာမှာ ဆိုက်ရပ်သွားသလို ကားမောင်းသူမှာလည်း တော်ဝင်ရှိရာ ကားနောက်ခန်းသို့ ကူးလာတာမို့ တော်ဝင်မှာ ကားပေါ်က ဆင်းပြေးရန် ဖွင့်လိုက်ပေမယ့် မရတော့ပါ။

''ဒါက ဘယ်ကိုထွက်ပြေးဦးမလို့လဲ တော်ဝင်၊ မင်းအတွက် ကိုယ်က အဲဒီလောက် ကြောက်စရာကောင်းနေလို့လား''

''ရှင် တော်ဝင့်လက်ကို လွှတ်နော်၊ ပါးစပ်က ရိုးရိုးပြောသည်းရရဲ့သားနဲ့၊ ဖယ်ပါ''

''တော်ဝင့်အသားကို မထိနဲ့''

တော်ဝင်က ကဲကဲဆတ်ဆတ်အမူအရာနှင့် နေဗလလက်ထဲက သူမလက်ကလေးကို အားနှင့်ဆောင့်ရုန်းလိုက်သဖြင့် နေဗလက အသာလွှတ်ပေးလိုက်သည်။

ပြီးတော့ လှပသည့် တော်ဝင့်မျက်နှာကို စိုက်ကြည့်ပစ်လိုက်၏။ သူ့အပေါ်မှာ တော်ဝင်လို ဘယ်မိန်းကလေးမှ မဆက်ဆံခဲ့တာမို့ တော်ဝင်နှင့်ပတ်သက်သမျှ နေဗလအတွက် အထူးအဆန်းတွေချည်းဖြစ်နေသည်။

တော်ဝင့်ပုံစံကလည်း အရိုင်းသက်သက်။ အခုချိန်ထိ သူရည်းစားထားဖူးပုံလည်းမရ။ သူ့ကိုကြည့်သည့် တော်ဝင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက ကျားရှေ့ရောက်နေသော သမင်ပို့မလေးလို ဖြစ်နေတာကို သူ အသည်းအယားဆုံးဖြစ်သည်။

တော်ဝင်ကို ချစ်မိပြီ။

တော်ဝင့်အချစ်ကို ရမှဖြစ်တော့မည်လို့ ဆုံးဖြတ်ပြီးနောက် တစ်ချိန်လုံး တော်ဝင်နောက် တကောက်ကောက်လိုက်ပြီး တော်ဝင်ကို ချစ်ရေးဆိုနေခဲ့သည်။

မဖြစ်နိုင်ပါ။ မချစ်နိုင်ပါဟု တော်ဝင်က ငြင်းလေ သူက တော်ဝင့်အချစ်ကို ပိုလိုချင်လေ။ ပိုင်ဆိုင်ချင်လေ ဖြစ်နေသည်။ တော်ဝင်ကို ချစ်မိလို့ ရင်ဆိုင်ကြုံတွေ့ရမည့် ပြဿနာအခက်အခဲတွေက အားငေ့ုံးသူ့ဘက်က သေချာစဉ်းစားတွက်ချက်ခဲ့ပြီးပါပြီ။

တော်ဝင်ကို တကယ်ချစ်မိပြီဆိုတော့ မိဘက အမွေပြတ်စွန့်လွှတ်မှာလည်း မကြောက်။ ဆင်းရဲမှာကိုလည်း မကြောက်။ နေဗလအတွက် နေဗလအဘွားကိုယ်တိုင် သီးသန့်သူ့နာမည်နဲ့ လွှဲပေးထားသည့် ဘဏ်အပ်ငွေနှင့် တိုက်တစ်လုံးရှိသည်။

မာမီတို့ အမွေပြတ်စွန့်လွှတ်လျှင် သူနှင့်တော်ဝင်တို့ အဘွားပေးထားသည့်တိုက်မှာ နေကြမည်။ ကျောင်းတစ်ဖက်နှင့် သင့်တင့်သည့် စီးပွားရေးလုပ်မည်။ အနည်းဆုံးကားပွဲစားတော့ သူလုပ်တတ်သည်။ ကိုယ်ချစ်လို့ မြတ်နိုးလို့ ယူထားသည့် မိန်းမကို အများလေးစားအားကျအောင် သူ့လုပ်အားနှင့်ထားမည်။

ဒါတွေအကုန်လုံး သူ့အစီအစဉ်။

သူ့စိတ်ကူးတွေအဖြစ် တော်ဝင်ကို သူပြောပြပြီးပါပြီ။





တော်ဝင်က သူ့ဘာပြောပြော တစ်ခုမှ အကောင်းမထင်။ နားလည်းမဝင်။ လက်လည်းမခံ။ မဖြစ်နိုင်ဘူး၊ မချစ်ပါဘူးဆိုတာနှင့်ချည်း အဆုံးသတ်နေတော့ နေဗလဘက်က သည်းခံခြင်းအတိုင်းအတာ သူ့အလိုလို ကုန်ဆုံးသွားသည်။

တော်ဝင်ဘက်က မဖြစ်နိုင်ပေမယ့် သူ့ဘက်က ဘာမဆိုဖြစ်နေနိုင်သည်။ တော်ဝင်က မချစ်ပေမယ့် သူက တော်ဝင်ကို ချစ်နေသည်။ တော်ဝင်က သူ့ကိုချစ်ပါသည်ဟု အဖြေပေးလိုက်တာနှင့် နေဗလက သူ့အစီအစဉ်အတိုင်း လုပ်သွားရန် လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ထားပေမယ့် တော်ဝင်ဆိုသည့် ရွှေမင်းသမီးကြောင့် သူ့မှာ အခက်တွေ့နေသည်။

မိန်းကလေးများစွာနှင့် တွေ့ဖူးသည်။ ချစ်ခဲ့ဖူးသည်။ ဘယ်သူမှ တော်ဝင်လို ပြောရမခက်။ တော်ဝင်နှင့်ကြမှ ချော့ပြော၍လည်းမရ၊ ခြောက်ပြော၍မရနှင့် လှပသော တော်ဝင်မျက်နှာလေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး တစ်ခါတစ်ရံ စိတ်ရှိလက်ရှိ နမ်းပစ်ချင်စိတ် ပေါက်လာသည်။

သူ့အပေါ် တော်ဝင် ကြောက်လန့်သွားမှာစိုး၍ ထိုအချစ်ကို ထိတ်မိတ်မျိုသိပ်ထားရခြင်းကိုက တော်ဝင်မသိ။ ဒီလိုနှင့် ကြာရင် သူ့ရင်ထဲကအချစ်တွေ ပွင့်ထွက်ပေါက်ကွဲကုန်တော့မည်။

ကျယ်လောင်သော သက်ပြင်းရှိုက်သံ တိတ်ဆိတ်သောအားထဲမှာ စီးမျောသွား၏။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုလေးက ပူလောင်မွန်းကြပ်နေသော နေဗလရင်မှအပူကို လျော့ပါးသက်သာသွားအောင် စွမ်းဆောင်နိုင်ခြင်းမရှိ။ ကန်ရေပြင်ကို စိုက်ကြည့်ရင်း စိတ်ရှုပ် စိတ်ညစ်နေသည့် နေဗလကိုကြည့်ကာ တော်ဝင်မှာလည်း အနေရခက်၊ စိတ်လည်းပျက်နှင့် နေရာက ထွက်ပြေးချင်နေ၏။

"တော်ဝင် တောင်းပန်ပါတယ်ရှင်၊ ဘယ်လိုမှ မဖြစ်နိုင်မယ့်အတူတူ တခြားမိန်းကလေးတစ်ယောက်ကိုပဲ ပြောင်းချစ်လိုက်ပါ"

"ဩော် ကျုပ်က မိန်းမမြင်တိုင်း လိုက်ကြိုက်တတ်တဲ့ကောင်ပေါ့ ဟုတ်လား"

"အို တော်ဝင်ပြောတာ အဲဒီလိုသဘောမျိုး မဟုတ်ပါဘူးရှင်၊ နှစ်ဦးနှစ်ဘက် ဂုဏ်ချင်း၊ ငွေချင်းညီတဲ့ မိန်းကလေးမျိုးကိုရွေးပြီး ချစ်လိုက်ပါလို့ ပြောချင်တာပါ"



"တယ်ကောင်းတဲ့ အကြံဉာဏ်ပါလား၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်ကြဖို့အရေး ဂုဏ်ချင်း ငွေချင်း ညီ မညီ အရင်ကြည့်ရဦးမယ်ဆိုပါတော့"

"ရှင်တို့အသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ ရှိရှိသမျှလူတွေအကုန် အဲဒီလို လုပ်နေကျပဲမဟုတ်လား၊ တော်ဝင်ပြောတာ ဘာမှားမှားလို့လဲ"

"မှားတော့မမှားဘူး၊ ဒါပေမယ့် အချစ်ဆိုတဲ့အရာက အဲဒါတွေ ရှိ မရှိ သိမှမသိဘဲ၊ သူချစ်ချင်တဲ့သူကို ချစ်တယ်၊ သူ မချစ်ချင်တဲ့သူ မချစ်ဘူး၊ သူ့ကို သွားချစ်ပါလို့ ပြောလို့မရသလို သူ့ကိုမချစ်ပါနဲ့လို့လည်း တားဆီးပိတ်ပင်လို့မရဘူး၊ အချစ်မှာ လူတန်းစားမရှိဘူး၊ အဆင့်အတန်းလည်း ခွဲမထားဘူး၊ တော်ဝင်ကို ကိုယ်ချစ်တယ်၊ တခြား ဘယ်သူ့ကိုမှ တော်ဝင်ကို ချစ်သလို ချစ်ကြည့်လို့မရဘူး၊ ချစ်လည်း မချစ်ဘူး၊ ကိုယ့်ကို ပြန်ချစ်လိုက်စမ်းပါ တော်ဝင်ရယ်၊ ချစ်မယ် မဟုတ်လားဟင်"

ချစ်အမိပ္ပာယ်ဖွင့် အချစ်အကြောင်းတွေပြောရင်း နောက်ဆုံးတော့ သူ့စကားက ဒီဘူတာပဲ ဆိုက်တာမို့ တော်ဝင် စိတ်ညစ်သွားသည်။ လက်ကနာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်၏။ အိမ်အပြန်နောက်ကျလျှင် ဖေဖေက မျှော်နေတော့မည်။

"ရှင့်ကို တော်ဝင် မချစ်ဘူး"

"ဒါ့အပြင် တော်ဝင်မှာ ပြောစရာစကား မရှိတော့ဘူးပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်လို့ မချစ်ဘူးပြောတာ စိတ်ဆိုးစရာလားရှင်"

"စိတ်ဆိုးစရာပေါ့၊ ကိုယ်က တော်ဝင်ကို ချစ်ပါရစေ၊ ကြိုက်ပါရစေလို့ အသည်းအသန် တောင်းပန်နေတာကို တော်ဝင် မချစ်ဘူးလို့ ပြောနေမှတော့ စိတ်မဆိုးလို့ ကိုယ်က ပျော်နေရဦးမှာလား"

"စိတ်ညစ်လိုက်တာရှင်"

"ကိုကိုသာ သိပ်ချစ်လိုက်စမ်းပါ တော်ဝင်ရယ်၊ တော်ဝင်ကသာ ကိုကိုချစ်တယ်လို့ ပြောလိုက်ရင် အားလုံးပျော်စရာချည်း ဖြစ်လာမှာပါဗျာ"

"ချစ်တယ်မဟုတ်လားဟင်၊ ကိုကိုချစ်တယ်လို့ ပြောလိုက်စမ်းပါ အချစ်ရယ်နော်"

"ချစ်တယ် တော်ဝင်ရယ်"

"သိပ် သိပ်ချစ်တယ်"

"ရှင်နော် တော်ဝင်ကို ဇွတ်အတင်းအကြပ် မလုပ်နဲ့၊ မကြိုက်ဘူး"

"ဖယ်စမ်းပါရှင်"

"ဖယ်ဆိုနေ"

"ဟင့်အင်း ကိုကို မကျေနပ်လို့ ရိုက်ချင်လည်းရိုက်၊ သတ်ချင်လည်းသတ်၊ ကိုယ်ကတော့ ဒီနေ့မှ တော်ဝင့်အချစ်ကိုမရရင် မနေနိုင်တော့ဘူး"

"မဖြစ် ဖြစ်တဲ့နည်းနဲ့ တော်ဝင့်အချစ်ကို အရယူဖို့ ဆုံးဖြတ်





ထားတယ်၊ ဒီတော့ တော်ဝင်က ကိုယ့်ကို ဒီနေ့ချစ်ရင်ချစ်၊ မချစ်လို့ကတော့ တော်ဝင်ကို အိမ်ပြန်မလွှတ်တော့ဘူး"

"ဟင်"

ဒီလိုဆိုတော့ တော်ဝင် နေဗလမျက်နှာချောချောကို အလန့်တကြား မော့အကြည့်မှာ အုပ်မိုးကျလာသည့် နေဗလမျက်နှာကို ရှောင်ဖယ်ရန် အခွင့်မရလိုက်ဘဲ ဖြစ်သွား၏။

"တော်ဝင်"

"ရှင်နော်"

"အိုး အမေ့"

တော်ဝင်က သူ့မမျက်နှာလေးကို ဘယ်ညာခါရမ်းသည်။ နေဗလက ခွင့်မပြု။ တင်းကျပ်သော အနှောင်အဖွဲ့ဖြင့် မှန်းကျပ်လိုက်ဖို့အောင် ညှို့ငင်ဖြားယောင်းသည်။ အချစ်ရေးမှာ အစိမ်းသက်သက်ဖြစ်သော တော်ဝင်ခမျာ အချစ်ကျွမ်းကြေသော နေဗလ ချစ်အနမ်းကြမ်းများအောက်မှာ မလှုပ်မလှုပ်နိုင်ဘဲ အငိုက်မိသွားသည်။ ပထမတော့ နူးနူးညံ့ညံ့။ နောက်တော့ ကြမ်းကြမ်းရမ်းရမ်း။

"တော်ဝင်"

"ရှင် တော်ဝင့်နာမည်ကို မခေါ်နဲ့၊ ရှင့်ကို မုန်းတယ် သိလား"

"မုန်းတယ်"

"ကဲ ကဲ"

ရှက်လွန်းသဖြင့် သူ့မျက်နှာချောချောကို တော်ဝင်မော့



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဲ။ နေဗလကိုယ်ကြီးကိုသာ လက်သီးဆုပ်လေးများဖြင့် ထုရိုက်ရင်း ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာသည်။

"ချစ်တာ အပြစ်လား တော်ဝင်ရယ်"

"မပြောနဲ့ ဘာမှ မကြားချင်ဘူး"

"ရှင့်လို လူမိုက် လူရမ်းကားကိုလည်း ဘယ်တော့မှ မချစ်ဘူး သိလား"

"တော်ဝင် အဲဒီလို ကျပ်ကျပ်ပြောနော်၊ ကြာရင် ကိုစိတ်တွေ ထိန်းမရအောင် ပေါက်ကွဲကုန်ရင်တော့ တော်ဝင့်အပြစ်ပဲ သိလား"

"ဖယ်ရှင် ရှင့်ဘာသာ တစ်ယောက်တည်း ပြောချင်ရာ ပြောပြီး နေရစ်၊ တော်ဝင် ပြန်တော့မယ်"

"ဘယ်ကိုပြန်မှာလည်း၊ ကို ခွင့်မပြုဘဲ ဘယ်မှ မပြန်ရဘူး"

"ဟင်"

မျက်ရည်တွေနှင့် လှပသော မျက်နှာလေးကို စိုက်ကြည့်ရင်း နေဗလရင်ထဲ တသိမ့်သိမ့်ဖြစ်လာသည်။ တော်ဝင်မှာ တမင်လုပ်ယူရတာမဟုတ်ဘဲ သူ့အလိုလို ဆန့်ကျင်ဘက်တစ်ယောက်ကို ဆွဲဆောင်နိုင်သော ညှို့ဓာတ်တစ်မျိုးရှိသူဖြစ်သည်။

"အိမ်ပြန်ချင်ရင် ကို့ကိုချစ်တယ်လို့ပြော"

"မချစ်ဘူးရှင်"

"မချစ်ရင် မပြန်ရဘူး"





"အို"

"တော်ဝင်ရယ်"

"ကဲဟယ်"

"ဖြန်း"

အသားချင်း ထိခတ်မိသံ ပြင်းထန်စွာ ထွက်ပေါ်လာပြီးနောက်မှာ အချစ်သည်းထန်နေသူထံမှ အံ့ဩမှုယုံကြည်နိုင်ဟန် အကြည့်ကို ရင်ဆိုင်လိုက်ရသလို တော်ဝင်ကိုယ်တိုင်လည်း သူမလက်ကလေးကို အလန့်တကြား ငုံ့ကြည့်မိလျက် တုန်လှုပ်ချောက်ချား မိပြီးနေသည်။

သူမ ဘာတွေလုပ်လိုက်မိပြီနည်း။

"အဟင့် ဟင့် ဟင့်"

"တော်ဝင်"

နောက်က ခေါ်သံကိုကြားသော်လည်း တော်ဝင်လှည့်မကြည့်တော့။ လှပသော မျက်နှာလေးကို လက်ဖဝါးနှစ်ဘက်နှင့် အုပ်ကွယ်ပြီး နေရာက တအားပြေးထွက်လာခဲ့သည်။ နေဗလထံမှ ရွတ်တရွတ်ဆန်မှုတွေက တော်ဝင်ကို အခုလိုအဖြစ်မျိုးရောက်အောင် တွန်းပို့ခြင်းဟု တော်ဝင်သိသည်။

သူသာ တော်ဝင်မကြိုက်တာ မလုပ်ခဲ့လျှင် တော်ဝင်ဘက်ကလည်း အခုလို ဖြစ်စရာမရှိဟု ထင်သည်။

"ရှူး"

"ကျွီး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ဝင် နေဦးလေ"

တော်ဝင့်နားမှာ နေဗလ ကားကိုရပ်တန့်လိုက်ပြီး ကားပေါ်က ဆင်းလိုက်၏။

"တော်ဝင်ကို ထပ်မနှောင့်ယှက်ပါနဲ့ရှင်၊ တော်ဝင် သွားပါရစေ"

ပြောရင်း ပါးပြင်ပေါ် လိမ့်ဆင်းလာသည့် မျက်ရည်တွေကို ဖြူနုသောလက်ခုံလေးဖြင့် ဖယ်ရှားလိုက်ဟန်ကို နေဗလစိုက်ကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။ ဒီလိုပုံစံနှင့် တော်ဝင့်အချစ်ကို လက်လွှတ်ဆုံးရှုံးရမှာကို သူ ကြောက်လာသည်။

"တော်ဝင်ကို ကိုယ် တကယ်ချစ်တာပါဗျာ၊ ကိုယ့်အချစ်ကို တော်ဝင် မယုံလို့လားဟင်"

"အဲဒါတွေ ပြောမနေပါနဲ့ရှင်"

"ဒါဖြင့် ကိုယ်က ဘာပြောရမှာလဲ၊ ကိုယ့်ကို တော်ဝင် လက်ထပ်ပါလို့ တော်ဝင်ရှေ့မှာ ဒူးထောက်တောင်းပန်ရမှာလား"

"ရှင်နော် တော်ဝင်ကို ငရဲကြီးအောင် မလုပ်နဲ့"

"ဘယ်အချိန်ကျမှ ကိုကို့ကို တော်ဝင် ပြန်ချစ်မှာလည်း"

"တော်ဝင် မသိဘူး"

ထိုစကားကို တော်ဝင် လိမ်ညာပြီး ပြောနေခြင်းမဟုတ်ပါ။ နေဗလဆိုသူကို တော်ဝင် ချစ်ရန်စိတ်ဆန္ဒမရှိ။ သူတို့လို လူတန်းစားတွေကို ယုံကြည်စိတ်ချပြီး နုနယ်သော တော်ဝင့်နှလုံးသားလေးကို ပုံမအပ်ရဲပါ။





အခြေခံချင်း မတူညီသူတစ်ယောက်ကို ချစ်မိခြင်းမှာ ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့် ဘာမှမခြားသည်ကို တော်ဝင်နားလည်သည်။ လက်လည်း လက်ခံသည်။ အိမ်ရှေ့စံမင်းသားလေးနဲ့ ကျေးတောသူမင်းသမီးလေးတို့၏ ချစ်ဇာတ်လမ်းမှာ ပုံပြင်တွေထဲမှာသာ ပျော်ရွှင်စွာ ဇာတ်သိမ်းခြင်းဖြင့် အဆုံးသတ်ပေါင်းစည်းသွားကြသည်မှာ ပျော်စရာကောင်းသလောက် အပြင်ဘက်လက်တွေ့လူ့ဘဝ လူ့လောကမှာ တစ်ထောင်မှာ တစ်ယောက်ထိုအဖြစ်မျိုး ကြုံတောင့် ကြုံခဲဟုဆိုရမည်။

အလွမ်းဇာတ်လမ်းတွေနှင့် တသသ ကြေကွဲနေရသော ရင်နာစရာဇာတ်သိမ်းကို ဘဝတစ်လျှောက်လုံး ရင်ဝယ်ပိုက်ထွေးခံစားနေရမည့်အဖြစ်ဆိုး ဝေဒနာဆိုးမျိုးနှင့် ကြုံရန် ကြောက်လှပါသည်။

"တော်ဝင်ကြောင့် ကိုတော့ သိပ်ခက်နေပြီ"

"ဘာမှ ခက်စရာမလိုပါဘူးရှင်၊ တော်ဝင်ကို မုန်းလိုက်မေ့လိုက်ရင် ပြီးပါပြီ"

"ကိုမှ မုန်းလို့မရပဲ"

"ပိုပိုပြီး ချစ်လာလို့ အခုမှ ဒုက္ခဖြစ်နေပြီ"

"ရှင့်ဘာသာ ကိုယ့်ဒုက္ခကိုယ်ရှာတာတော့ တော်ဝင်လည်း မတတ်နိုင်ဘူး"

"တော်ဝင် တတ်နိုင်ပါတယ်ဗျာ"

"တော်ဝင်ကြောင့် ကို့ရင်ထဲမှာ ဘယ်လောက် ခံစားရမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျင်နေရတယ်ဆိုတာ တော်ဝင် သိနေပြီပဲ''

''တော်ဝင် သွားတော့မယ်''

''တစ်ယောက်တည်း ဘယ်ကိုသွားမလို့လည်း၊ ကိုယ်ခေါ်တာ ကိုယ်ပဲ လိုက်ပို့မှာပေါ့၊ ကားပေါ်တက်''

''ဟင့်အင်း တော်ဝင် မလိုက်တော့ဘူး''

သူ့ကို တော်ဝင် ကြောက်သွားမှန်းသိလိုက်ရတာမို့ သူ ရယ်လိုက်တော့ တော်ဝင် ပါးလေးတွေ ရဲရဲနီစွေးကာ မျက်လွှာချ ခေါင်းလေးငုံ့သွားပုံက နေဗလ အသည်းထဲ စွဲသွားသည်။

ချစ်လိုက်ရတာ တော်ဝင်ရယ်။

''ကိုယ် ကတိပေးပါတယ်၊ တော်ဝင်မကြိုက်တာ ဘာမှ မလုပ်တော့ပါဘူး၊ စောစောကတော့ တော်ဝင်ကို သိပ်ချစ်လာလို့''

''အို တော်ပါတော့''

ပြောသူက ပြောပေမယ့် တော်ဝင်ဘက်က မကြားရဲတာ နှင့် ရှက်လန့်တကြားလေး အော်လိုက်တော့ သူ့ထံမှ ခပ်တိုးတိုးရယ် သံက တော်ဝင့်တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲထသွား၏။

''အိမ်ပြန်ပို့ပေးမယ် ကားပေါ်တက်''

''တော်ဝင့်ဘာသာ''

''ကောင်းကောင်းပြောနေတုန်း ကားပေါ်တက်နော်၊ ပြီးရ ကို့ကို အဆိုးမဆိုနဲ့''

နေရာတကာ တော်ဝင်ကို အနိုင်ကျင့် ဗိုလ်ကျသူ၏ မျက်နှာကို မကျေမနပ်လေး မော့အကြည့် တော်ဝင်ကို တုန့်ပြန်ရ





စိုက်ကြည့်နေသော ရွှန်းလဲ့တောက်ပသော သူ့ထံမှ ညှို့မျက်လုံး နှင့် အကြည့်ရဲရဲများကြောင့် တော်ဝင်ပါးလေးတွေ ဖြန်းခနဲ ပူနွေး သွားသည်။ နောက်ဆုံး သူပြောသည့်အတိုင်း သူ့ကားပေါ် တော်ဝင် တက်လိုက်ရသည်။ ရင်ကတော့ တထိတ်ထိတ်။ ဘယ်အချိန် ဘာတွေများ လုပ်ဦးမှာလဲဆိုတာ အိမ်မရောက်ခင် တော်ဝင်မှာ ရင်ထိတ်နေ၏။

''တော်ပြီ တော်ပြီ၊ ဟိုရှေ့နားမှာပဲ ကားကိုရပ်လိုက် တော့''

''ကျိုး''

လှုကုံထံ သူ့ဒွေးရပ်ကွက်မို့ လမ်းက လူရှင်းနေသည်။

''ခဏလေး တော်ဝင်''

''ဘာလဲဟင်''

ကားပေါ်မှ တော်ဝင်ဆင်းမည်အပြု နေဗလက ကား မောင်းသူနေရာက ဆင်းလာကာ တော်ဝင်ရှိနေသည့် ကားနောက်ခန်း တံခါးကိုဖွင့်ပြီး ဝင်လာပုံက လျင်မြန်သွက်လက်နေ၏။

''တော်ဝင်ကို နှုတ်ဆက်ချင်လို့''

''အိုး''

ထွေးခနဲ နွေးခနဲ သူ့ရင်ခွင်ထဲ ရောက်သွားတာပဲ သိလိုက် ၏ လျှပ်စီးလက်သလို ကျရောက်လာသည့် အနမ်းတွေကြားထဲ အသစ်အငိုက်မိသွားခိုက် တော်ဝင် နှုတ်ခမ်းလေး နာကျင်သွား၏။

''သွားလို့ရပြီ မနက်ဖြန်မှ ဆုံကြမယ်နော် ချစ်''



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင် သူ့ကို ရန်တွေ့စကားဆိုရန် အချိန်မရတော့။ သူမအပေါ်မှာ လှလည်ကျလှသော နေဗလမျက်နှာချောချောကို မျက်စောင်းဒိုင်းခနဲထိုးပြီး ကားပေါ်က မကျေမနပ်လေး ဆင်းခဲ့သည်။

ပန်းရဂုံအိမ်ကြီးနှင့် မလှမ်းမကမ်းမှာ ရောက်နေသော သူမတို့နှစ်ယောက်ကို ဘယ်သူမှမတွေ့ခင် တော်ဝင်ခြေလှမ်းကို သွက်နိုင်သမျှသွက်အောင် လျှောက်ခဲ့ပေမယ့် တစ်စုံတစ်ယောက် သောသူကတော့ တော်ဝင်တို့နှစ်ယောက်ကို မြင်ဖြစ်အောင် မြင်တွေ့သွားရခြင်းကိုတော့ တော်ဝင်ရော နေဗလပါ မရိပ်မိလိုက်ကြပါ။

နေဗလက တော်ဝင် ပန်းရဂုံအိမ်ကြီးထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ချစ်သူပုံရိပ်လေးကို စောင့်ကြည့်ပြီးမှ ကားထိုးနေရာက ဝေါခနဲ မောင်းထွက်ခဲ့သည်။ သူ့အတွက် ဒီတစ်ကြိမ် အိမ်အပြန်လမ်းခရီးက ကျေနပ်နှစ်သိမ့် ကြည်နူးခြင်းတွေနှင့် နှုတ်ခမ်းအစုံက ပြုံးနေသလို သူ့ရင်ထဲမှာလည်း တော်ဝင်ကို ချစ်သည့်အချစ်တွေနှင့် ပြည့်နေ၏။



## အခန်း (၁၂)

မှန်တင်ခုံရှေ့မှာ ထိုင်လျက် လှပသည့် သူမပုံရိပ်လေးကို ကြည့်ရင်းက တော်ဝင့်မျက်နှာလှလှလေးထက် နှင်းဆီသွေးရောင်သို့ ပြောင်းသွားကာ သူမကိုယ်သူမ ဆက်မကြည့်ရဲတော့သလို ဖြစ်လာသဖြင့် မှန်တင်ခုံကို ကျောခိုင်းလိုက်သည်။

နာကျင်နေသော နှုတ်ခမ်းလေးနှင့် ပါးလေးကို ယောင်ရမ်း စမ်းကြည့်ရင်း ရှေ့ဆက်ပြီး နေဗလဆိုသည့်လူနှင့် ဘယ်လို ရင်ဆိုင်ရမှန်းမသိ ဖြစ်နေသည်။ ဒီလူနှင့်တော့မလွယ်။

တော်ဝင်ကို ပြောဆိုပြုမူပုံတွေက တဖြည်းဖြည်း ရဲတင်းရုံ ကော ချစ်သူရည်းစားအဖြစ်သို့ ရောက်မှန်းမသိရောက်လာအောင် သူကပဲ ပြောင်းလွဲပစ်နေသည်။ ပြည့်စုံချမ်းသာသော လူချောလူလှ တစ်ယောက်အဖြစ် အသိအမှတ်ပြုသော်လည်း ချစ်သူရည်းစား အဖြစ် သတ်မှတ်ဖို့ကိုတော့ တော်ဝင်ကိုယ်တိုင် အခုချိန်ထိ တွေးမရ သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



နေဗလနားမှာ ဝိုင်းဝိုင်းလည်နေသော သူနှင့် အဆင့်အတန်းတူသူ ဂုဏ်ရည်တူ မိန်းမချောပေါင်း မြောက်မြားစွာရှိသည့်အနက်က ဘာကြောင့်များ တော်ဝင်လို မိန်းကလေးတစ်ယောက်ထံ အသည်းအသန်ဖြစ်နေရသနည်း။

သူ့လိုလူတစ်ယောက်အတွက် သူ အလိုရှိတိုင်း အပျင်းပြေ ဆော့ကစားနိုင်စရာ ယမင်းရုပ်ကလေးများစွာ ရှိနေခြင်းကို စိတ်ပျက်ငြီးငွေ့သွားလို့ပဲလား။ ဒါမှမဟုတ် တော်ဝင်လို မိန်းကလေးတစ်ယောက်က သူ့လို ရွှေမင်းသမီးတွေ ဝိုင်းဝိုင်းလည်နေသည့် ရွှေမင်းသားကို မချစ်နိုင်ပါ၊ မကြိုက်နိုင်ပါ၊ မဖြစ်နိုင်ပါဟု အကြောင်းပြချက်အမျိုးမျိုးနှင့် ငြင်းဆန်နေတာကိုပဲ သူ့အတွက် အသစ်အဆန်း တစ်မျိုးဖြစ်နေခြင်းများလားဆိုသည်ကိုက ကာယကံရှင်ဖြစ်သော နေဗလထက် တော်ဝင်လည်း ပိုမသိနိုင်ပါ။

အလွယ်ရနိုင်သူတွေများလွန်း၍ ခက်ခက်ကိုမှလိုချင်နေသည် ကတော့ သေချာသည်။ တော်ဝင်ကိုယ်တိုင်ကရော နေဗလဆိုသည့် ရွှေမင်းသားအပေါ်မှာ မဖြစ်နိုင်မှန်းသိသိနှင့် စိတ်ဝင်စားနေပြီလား။

အို မဖြစ်နိုင်တာတွေ ဘာလို့ လျှောက်တွေးနေမိပါလိမ့်နော်။ ချစ်သူရည်းစားတွေ မှိုလိုပေါက်အောင်ထားပြီး မိန်းကလေးတွေအသည်းနှလုံးကို အပျင်းပြေကစားစရာလို သဘောထားနေတဲ့ လူကို သွားချစ်မိလို့ကတော့ တော်ဝင်လည်း တခြားတခြားသော မိန်းကလေးတွေလို မျက်ရည်ပင်လယ်ဝေနေအောင် နှလုံးသားတွေ





အစိတ်ကွဲကြေရခြင်းဖြင့်သာ အဆုံးသတ်ရမည်လို့ တွေးမိတော့ တော်ဝင် တုန်လှုပ်သွားသည်။

အခြေအနေ အဆင့်အတန်းချင်းမတူသလို ဘဝဖြစ်တည်ပုံခြင်းလည်း မတူညီသူနှစ်ဦးကြားက ကွာဟမှုကို တွေးလိုက်မှ တော်ဝင် ဦးခေါင်းလေးကို ညင်သာစွာ ခါယမ်းလိုက်မိလျက်သား ဖြစ်သွားသည်။

ကျေးဇူးပြုပြီး တည်ငြိမ်အေးချမ်းနေတဲ့ တော်ဝင့်ဘဝလေးကို ဒါထက်ပိုပြီး မနှောင့်ယှက်ပါနဲ့တော့လား ရှင်ရယ်။

အချစ်အတွက် ခံစားနာကျင်ကြေကွဲရမယ့် သောကဒုက္ခတွေကို တော်ဝင် ကြောက်လွန်းလို့ ရှင့်အချစ်တွေကို တော်ဝင့်ဆီက အမြန်ဆုံး ရုပ်သိမ်းနိုင်ပါစေလို့ ဘုရားမှာပဲ တော်ဝင် ဆုတောင်းပါရစေ။

ရှင့်ကို တော်ဝင် မချစ်ရဲဘူး။ ရှင်တို့လိုလူတွေရဲ့ အချစ်ကိုလည်း တော်ဝင် မယုံဘူး။

ရှင့်ကို တော်ဝင် မယုံဘူး။ လူ့အထက်တန်းစား ဂုဏ်ကြီးရှိတဲ့ လူတွေဟာ ငွေအတွက်သာဆိုရင် ဘာမဆိုလုပ်ရဲ ပြောရဲသလို အရာရာကိုလည်း ငွေနဲ့ပိုင်းဖြတ်၊ ငွေကိုပုံပေးပြီး ဖြစ်လာမှု ကိစ္စမှန်သမျှကိုလည်း ငွေနဲ့ပဲ ရှင်းတတ်ကြတဲ့သူတွေချည်းပဲ။

တခြား မကြည့်နဲ့။ တော်ဝင်ရဲ့အဒေါ်နဲ့ ညီမဆိုတဲ့သူတွေအောင် ငွေမျက်နှာတစ်ခုထဲနဲ့ တော်ဝင်တို့သားအဖအပေါ်မှာ ဆိုပြုမူဆက်ဆံပုံတွေကလည်း ဘယ်လောက် စိတ်ပျက်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေပြီလဲ။

"တော်ပင်ရေ တော်ဝင်"

ဟော အိမ်ရှေ့ ဘယ်သူလဲ မသိဘူး။

"လာပြီ"

အိမ်ရှေ့ကို အပြေးလေးအထွက် အိမ်ပေါက်ဝမှာ ရပ်နေသူကို မြင်လိုက်ရတော့ တော်ဝင် အံ့သြသွားသည်။

"ဖူးအိပါလား လာလေ"

သူမအိမ်ကို တစ်ခါမှ မလာဘူးသော ဖူးအိကို တွေ့လိုက်ရတာမို့ တော်ဝင် အံ့သြနေသလို ဖူးအိကိုယ်တိုင်လည်း တော်ဝင်ကိုကြည့်ပြီး မျက်နှာအထားရခက်နေတာကို မြင်ရသည်။

"ဦးလေးရှိလား"

"ဖေဖေ မရှိဘူး ဖူးအိ၊ ကိစ္စရှိလို့ ခရီးထွက်သွားတယ်၊ ဖူးအိက ဖေဖေနဲ့ တွေ့ချင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကိစ္စရှိလို့လဲ ပြောလေ၊ ဒေါ်လေးက တော်ဝင်ကို ခိုင်းစရာရှိလို့ အခေါ်လွှတ်လိုက်တာလား"

"ဟင့်အင်း"

ဖူးအိ ခေါင်းခါယမ်းပြရင်း အိမ်ထဲကို မျက်လုံးတစ်ချက်ဝေ့ကြည့်သည်။ ဖူးအိရင်ထဲမှာတော့ မောင့်ကို သိပ်ပြီးသတိရနေသလို တမ်းတစိတ်ဖြင့် အလွမ်းကြီးလွမ်းနေ၏။ ပန်းရုံက မောင်ပြန်သွားပြီး မောင့်နဲ့အပြင်မှာ နှစ်ကြိမ်ချိန်းတွေ့ဖြစ်သည်။ ပန်းရုံ





ကိုမဝင်ဘဲ ဖူးအိကို တွေ့ရုံသက်သက် သူမြို့ကလာတာဖြစ်ပြီး ချစ်သူချင်း အားရအောင် အလွမ်းမပြေရသေးခင် အလုပ်ကိစ္စနှင့် ပြန်သွားခဲ့ရသည်ချည်း။

ဖုန်းဆက်ပြီး အိမ်က မသိအောင် အလွမ်းပြေနေရသည် ဆိုပေမယ့် အခုနောက်ပိုင်း မောင့်ဆီကို ဖုန်းဆက်တိုင်း မောင်နှင့် တွေ့ရဘဲ ဖုန်းချချဖြစ်နေရသည်။ မောင့်အိမ်ကပြောတော့ မောင် ခရီးထွက်သွားသည်တဲ့။ ဘယ်ကိုသွားသည်ရယ်လို့တော့ အတိအကျ မပြော။

ဖူးအိစိတ်ထဲမှာ ဇဝေဇဝါအတွေးလေးတွေနှင့် ချစ်သူမောင့်အပေါ်မှာ သံသယစိတ်လေးတွေ ဖြစ်လာသည်။ ထို သံသယက တခြားမဟုတ်။ မောင့်မှာ ဖူးအိအပြင် တခြားတစ်ယောက်ရှိနေ၍သာ ဖူးအိကို တမင်မတွေ့လို၍ ဖုန်းလက်ခံစကားမပြောချင်တာနှင့် အကြောင်းပြချက် တစ်ခုပေးထားသလို ထင်နေသည်။

ရင်ထဲမှာလည်း ထိုအတွေးနှင့် ပူလောင်ပြီး အိပ်မပျော် စားမဝင်နိုင်ဘဲ ဤမျှ နေစိမ့်သော မောင့်ကိုလဲ စိတ်ထဲမှာ နာလာသည်။ ပြောတော့ဖြင့် ဖူးအိကို သေမတတ်ချစ်ရပါသည်တဲ့။ အခုတော့ ဖူးအိ သေမတတ်လွမ်းနေတာကို မောင် မသိတာကိုပဲ စိတ်ဆိုးဒေါသဖြစ်မိသည်။

စကားပုံထဲကလို မောင့်ကို သူကြင်မှကိုယ်ကြင်မည်ဟု စိတ်ကို တင်းကြည့်ပေမယ့်မရ။ မောင်က ဖူးအိကို မေ့နေနိုင်ပေမယ့် ဖူးအိက မောင့်ကို တစ်နေ့တစ်ရက် တစ်စက္ကန့် တစ်မှာရီပင် မမေ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး တစ်ယောက်တည်း ဘယ်လိုမှ ကျိတ်မခံစားနိုင်တာနှင့် တစ်ချိန်လုံး ကြည့်မရနိုင်အောင် ဖြစ်ခဲ့ရသော တော်ဝင်ရှေ့သို့ သူမကိုယ်သူမ ရောက်မှန်းမသိ ရောက်လာခဲ့ပြီမှ တော်ဝင်ကို ခေါ်ရပြောရမှာ ခက်နေမိသည်။

ထူးခြားသည့် အမူအရာနှင့် ဖူးအိအခြေအနေကိုကြည့်ပြီး မိုးတိမ်ကို ဖျတ်ခနဲ သတိရလိုက်မိသူက တော်ဝင်။ ဖူးအိလို တော်ဝင်အပေါ်မှာ အမြဲမကြည်မလင်ဖြစ်နေသူတစ်ယောက်က ထူးထူးခြားခြား တော်ဝင်ဆီကို ရောက်လာရခြင်းမှာ တခြားကိစ္စမဖြစ်နိုင်။

သူမချစ်သူ မိုးတိမ်ကိစ္စပဲ ဖြစ်ရမည်ဟုတွေးရင်း တော်ဝင်အာရုံထဲကို နေဗလ ဖျတ်ခနဲ ဝင်ရောက်လာသဖြင့် တော်ဝင်လန့်သွားသည်။ ဖူးအိနဲ့မိုးတိမ်အကြောင်း တွေးပါတယ်ဆိုမှ ဘာကိစ္စမဆီမဆိုင် နေဗလဆိုသည့်လူကို သတိရနေမိသနည်း။

"တော်ဝင်"

"ဟင်"

"ဟို မောင်၊ မိုးတိမ်ဆီက တော်ဝင့်ဆီကို တစ်ခုခုများ အဆက်အသွယ်ရှိသလားလို့ပါ၊ အဲဒါ သိချင်လို့ လာမေးတာ"

တော်ဝင်ရှေ့မှာ မိုးတိမ်ကို ဖူးအိနှုတ်ဖျားက မောင်လို့ ယောင်မှားထွက်သွားမိသည့်အတွက် ရှက်စိတ်ဖြင့် ပါးလေးတွေ နီရဲသွားပေမယ့် ဖူးအိက သူမ သိလိုတာကို ရှေ့မျက်နှာနောက်ထားပြီး တော်ဝင်ကို မေးလိုက်မိရပါပြီ။





ဖူးအိ အခုလို ဖြစ်ရတာတွေအားလုံး မောင့်ကြောင့်။

ဖူးအိအပေါ်မှာ မောင် မကောင်းလို့။

ဖူးအိကို မောင် ရက်ရက်စက်စက် ပစ်ထားလို့။

တော်ဝင်ရှေ့ကို မောင့်အတွက် မျက်နှာပူပူနှင့် ရောက်ခဲ့ရသည့်အဖြစ်ကို စိတ်ထဲမှာ မောင့်ကို ရန်တွေ့စကားဆိုမိသည့်အဖြစ်ကို မောင် သိမည်မဟုတ်ပါ။

"အိမ်ထဲ ခဏဝင်ထိုင်ပါဦးလား ဖူးအိ"

"ဟင့်အင်း ဖူးအိ မထိုင်တော့ဘူး၊ အပြင်ကို သွားစရာလည်းရှိသေးလို့ပါ"

"သြော်"

"မိုးတိမ်နဲ့ တော်ဝင်တို့ အဆက်အသွယ်ပြတ်နေတာ သူပြန်သွားပြီးကတည်းကပါပဲ၊ မိုးတိမ်နဲ့ပတ်သက်ပြီး ဖူးအိ ဘာသတင်းများကြားလို့လဲ"

"သတင်းရယ်လို့တော့ မဟုတ်ပါဘူး၊ ဖူးအိကို သူ့ဆီက ဘာတစ်ခုမှ အဆက်အသွယ်မလုပ်လို့ တော်ဝင်များ သိမလားလို့ပါ"

"သူ့အိမ်ကို ဖုန်းဆက်တော့လည်း ခရီးထွက်နေတယ်ပဲ ပြောတယ်၊ ဘယ်ကို ခရီးထွက်တာလည်းဆိုတော့ ဖူးအိကို အတိအကျမပြောလို့၊ ဖူးစိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်"

"သူတို့က လယ်တွေယာတွေ ဥယျာဉ်တွေ အများကြီးပိုင်တာဆိုတော့ လုပ်ငန်းကိစ္စတွေကလည်း အများကြီးပဲ၊ ခရီးထွက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီလိုပဲ ကြာတတ်တယ်၊ တစ်နေရာပြီး တစ်နေရာ သွားရတာလည်း ရှိတယ်ဆိုတော့ ဖူးအိ တစ်မျိုးမထင်ပါနဲ့''

''မိုးတိမ်က ဖူးအိထင်သလို မဟုတ်ပါဘူး၊ သူ ဖူးအိကို တကယ်ချစ်တာပါ''

''အို''

ဒီလိုပေါ်တင်ကြီး အပြောခံလိုက်ရတော့ ဖူးအိမျက်နှာလေး အနီရင့်ရောင် ပြောင်းသွားသည်အထိ ရှက်သွားသည်။ ဖြစ်နိုင်ရင် တော်ဝင်ရှေ့မှာ မိုးတိမ်ကို အသည်းနှင့်အောင် ချစ်နေမိသူအဖြစ် ဖူးအိကိုယ်ဖူးအိ ဝန်မခံချင်။ ဝန်ခံလိုက်ရမှာ ရှက်နေသည်။

ဖူးအိတို့လို အနေအထိုင် အဆင့်အတန်းနဲ့ ကိုယ်နှင့် ဂုဏ်ရည်တူ ချစ်သူရည်းစားတစ်ယောက်ကို အချိန်မရွေး ခေါင်းခေါက်ယူလိုက်နိုင်ပေမယ့် ဖူးအိနှလုံးသားက လှိုက်လှိုက်လှဲလှဲ ချစ်မိသူကြတော့ ကိုယ့်ဘဝနှင့် လားလားမှ မအပ်စပ်သော မိုးတိမ်လို တစ်ရွာသားကိုမှ တမ်းတမ်းစွဲဖြစ်နေ၏။

မိုးတိမ်ကို ချစ်သည့်အချစ်နှင့် ဖူးအိဘဝမှာ တစ်ခါမှ မလုပ်ဖူးသည့် အလုပ်တွေကို လုပ်ဖို့ စိတ်ကူးရလာသည်အထိ ဖြစ်လာရခြင်းကလည်း အံ့ဩစရာ။ မာမီနှင့် ဒက်ဒီသာ ဖူးအိ အကြောင်းသိလျှင် မိုးမီးလောင်ကြမှာသေချာသည်။ မာမီတို့က ဖူးအိကို အရမ်းမျှော်လင့်ထားတာ ဖူးအိ သိသည်။

ဖူးအိရဲ့ချစ်သူဟာ အနည်းဆုံးတော့ နေဗလမဟုတ်ခဲ့ရင် တောင်မှ သူတို့အသိုင်းအဝိုင်းထဲက တခြားသူတစ်ယောက်ဖြစ်ရ





မည်ဟု ဂမုန်းကအစ အပိုင်တွက်ထားသည်။ ဂမုန်းချစ်သူ စွမ်းဆိုလျှင် နှစ်ဖက်မိဘတွေကိုယ်တိုင် သဘောတူကြသဖြင့် ဂမုန်းတို့ ချစ်သူနှစ်ဦး ခရီးလမ်းက ပန်းခင်းသောလမ်းနှယ် ဖြောင့်ဖြူးသာယာလှပတင့်တယ်နေ၏။

ဖူးအိလို ကိုယ့်ကို ဘာတစ်ခုမှ အဆက်အသွယ်မလုပ်သော ချစ်သူကို ကိုယ်က မကြည်ဖြူ မခေါ်ချင်မပြောချင် လုပ်ခဲ့သူထံမှ မျက်နှာအောက်ကျခံပြီး သွားရောက်စုံစမ်းနေစရာလည်း အကြောင်းမရှိ။ အခုတော့ မောင့်ကြောင့် ဖူးအိမှာ သိမ်ငယ်ရှက်ရွံ့နေရတာကို ပြန်တွေးမိတိုင်း ကိုယ့်ကိုကိုယ်လည်း သဘောမကျ။

ဂမုန်းသာသိလျှင် ဖူးအိကို အပြစ်တင်မှာ သေချာသည်။

''ဪ ခုမှသတိရတယ်၊ မိုးတိမ် ပြန်သွားတုန်းက မေ့သွားတဲ့ ဒိုင်ယာရီစာအုပ်လေး တော်ဝင် သိမ်းထားတာရှိတယ်၊ ဖူးအိ ယူသွားနော်''

မယူချင်ဘူးလို့ မငြင်းမိ။

အခန်းထဲ လှစ်ခနဲ ပြေးဝင်သွားသည့် တော်ဝင်ကို ငေးကြည့်ရင်း မောင့်ဒိုင်ယာရီထဲမှာ ဘာတွေများ ရှိနေမှာပါလိမ့် စိတ်ကူးကြည့်နေမိသည်။ ဒိုင်ယာရီလေးထဲမှာ မောင်က ဖူးအိကို အဘယ်မျှ ချစ်ကြောင်း၊ မြတ်နိုးကြောင်း စွဲလမ်းရကြောင်းတွေ ရေးထားမည်ဆိုလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။

ဒီလိုသာဆိုလျှင် မောင့်ကို လွမ်းနေသည့်စိတ်တစ်ဝက်ပျော့ပါး သက်သာသွားမည်ဖြစ်၍ မောင့်လက်ရေးနှင့် ရေးထား



www.burmeseclassic.com

www.burmeseclassic.com



သည့် စာလေးတွေကို အမြတ်တနိုး အမှတ်တရ အလွမ်းဖြေ၍ ရနိုင်သေးသည်။

"ရော့ ဒီမှာ"

အညိုရောင် ဒိုင်ယာရီလေး ဖူးအိလက်ထဲ ရောက်လာ၏။ တော်ဝင်ရှေ့မှာပင် ဟန်မဆောင်နိုင်ဘဲ မောင့်ဒိုင်ယာရီစာအုပ်လေးကို ဖွင့်ကြည့်လိုက်မိသည်နှင့်

"ဖူးအိဆိုတဲ့ မိန်းကလေးရယ်၊ မင်းလေးကို မောင် သိပ်ချစ် တယ်"

"အို"

အနုပညာဆန်ဆန် မောင့်လက်ရေးလေးတွေက ညီညီညာ ညာ လှလှပပ။ ဖူးအိအမည်နှင့် ဖူးအိကို ချစ်သည့်အကြောင်း ရေးသားထားသည့် မောင့်စာကို ဖတ်လိုက်ရ၍ ရင်ထဲမှာ လှိုက်ခနဲ ခံစားကြည်နူးသွားရသလို တော်ဝင့်မျက်နှာကိုလည်း ရှက်အမ်းအမ်း လေး မော့ကြည့်မိလျက်သား ဖြစ်သွားသည်။

ဒိုင်ယာရီထဲမှာ ဘာတွေရေးသား ရင်ဖွင့်ထားသည် မသိ သေးသော်လည်း ထိုစာတွေအားလုံးကို တော်ဝင် ဖတ်ပြီးလောက်ပြီ ဟူသော အသိက ဖူးအိပါးလေးတွေကို နွေးထွေးသွားစေ၏။

"ကျေးဇူးပဲ တော်ဝင်၊ ဖူးအိ သွားတော့မယ်"

"ကောင်းပါပြီ ဖူးအိရယ်"

မောင့်စာအုပ်လေးကို ရင်ခွင်မှာ အမြတ်တနိုးထွေးပိုက်ရင်း နေရာက မပြေးရုံခြေလှမ်းတွေနဲ့ ထွက်လာသည့် ဖူးအိနောက်ကျော





ပြင်ကိုကြည့်ကာ တော်ဝင် စိတ်ထဲ ဘာတွေဘယ်လို တွေးနေမည် ကို ဖူးအိ မသိချင်သလို တွေးလည်း တွေးမကြည့်ချင်ပါ။

စိတ်ထဲမှာတော့ မောင့်ကို ဖူးအိ ဘယ်လောက်ချစ်နေ သည်၊ ဘယ်လောက်လွမ်းနေ တမ်းတနေသည်ဆိုတာကို တော်ဝင် သိသွားပြီဟု တွေးမိတာနှင့်ပင် ရှက်လွန်း၍ ဖူးအိမျက်နှာလေးကို သာ ဘယ်သူမှ မမြင်မတွေ့နိုင်သည့် နေရာမှာ ကွယ်ဝှက်ထားချင် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဘယ်လို လုပ်လိုက်တာလဲ သားရယ်၊ မာမီတို့မှာ အား လုံးပေါင်းမှ ဒီသားလေးတစ်ယောက်ထဲရှိတာ၊ ကိုယ်တိုင်လည်း ချစ်သူရည်းစားတွေ မှိုလိုပေါက်အောင် ထားခဲ့တဲ့သူကကွယ်၊ ကြိုက်မယ့်ကြိုက်တော့ ဘာမဟုတ်တဲ့သူကိုမှ၊ အရွှးအမူး အသည်း အသန် ဖြစ်စရာလားကွယ်၊ သား အန်ကယ်ပြောတော့ ဆင်းဆင်းရဲရဲ ထဲကဆို ဟုတ်လားသား"

"အဲဒီလောက်လည်း မဟုတ်ပါဘူး၊ သူတို့မှာလည်း အခြေ အနေနဲ့ပါ"

"ဘယ်လိုပဲဖြစ်ဖြစ်ကွယ်၊ မာမီကတော့ သားကို ဖူးအိ လေးကလွဲရင် တခြားဘယ်မိန်းကလေးနဲ့မှကို သဘောမတူဘူး"

"ဖူးအိကိုပဲ သား လက်ထပ်ပါ"

နေဗလ ဘာမှ ပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။ သူနှင့် တော်ဝင်ကို ဦးလေးတော်သူ အန်ကယ်လေးက တွေ့သွား





တာမို့ မာမီ့နားကို ရောက်သွားသည့်အတွက် တော်ဝင်နှင့်ပတ်သက် ပြီး နေဗလဘက်က ဘာတစ်ခုမှ မဖြေရှင်းနိုင်ဘဲ ဖြစ်နေ၏။

အမှန်အတိုင်း ပြောပြလို့လည်း မာမီက သူ့စကားကို လက်ခံမည်မဟုတ်။ တော်ဝင်နှင့် ဘယ်လိုမှ သဘောမတူနိုင်မှာကို တော်ဝင်ကို ချစ်ရေးမဆိုခင်ထဲက နေဗလ သိထားပြီးသားဖြစ်သည်။ အခုလိုအချိန်မှာလည်း မာမီက သူနှင့်တော်ဝင်ကို လုံးဝသဘောမတူ နိုင်ကြောင်း ပြတ်သားစွာ စကားဆိုလာပေမယ့် ထူးပြီး ဘာမှမခံစား မိ။ မာမီသဘောတူသည့် မိန်းကလေးက ဖူးအိဆိုတာ သိလိုက်ရ တော့ နေဗလအတွက် အတော်လေး စိတ်သက်သာရာ ရသွားသည် ဟုပင် ဆိုရမည်ဖြစ်သည်။

ဖူးအိက သူ တော်ဝင်ကို စိတ်ဝင်စားနေတာ၊ တစ်ဖက် သက် သဘောကျနေတာကို သိထားတော့ အထူးရှင်းပြနေစရာမလို တော့။ ဖူးအိကို အသုံးချပြီး တော်ဝင်နှင့် နီးအောင် သူ့ဘက်က ကြိုးစားဖို့ အခွင့်အလမ်းတစ်ရပ်ပင် ရနိုင်သေးသည်။ ဒီကြားထဲမှာ ဖူးအိမှာ ချစ်သူရှိနေဖို့က အရေးကြီးသည်။

ဖူးအိမှာသာ ချစ်သူရည်းစား မရှိဘူးဆိုရင် ဒီကိစ္စကို ဖြေရှင်းရ လွယ်မည်မဟုတ်။ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရခက် မှာ သေချာသည်။

"မာမီပြောတာ ကြားလား သား၊ ကိုယ်နဲ့အဆင့်အတန်း တူ ဂုဏ်ရည်တူ မိန်းကလေးကိုပဲ စဉ်းစားစမ်းပါကွယ်"

"သား သူကိုချစ်တယ် မာမီ၊ ဖူးအိကိုတော့ ခင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတစ်ယောက်လိုတော့ မချစ်ဘူး''

''လက်ထပ်ပြီးတော့လည်း ဒီလိုပဲ လင်ရယ်မယားရယ်လို့ ချစ်သွားကြမှာပါကွယ်၊ တကယ့်လက်တွေ့ဘဝကြီးထဲမှာ အချစ်ဆိုတဲ့အရာက ထင်သလောက်လည်း အရေးကြီးလှတာ မဟုတ်ပါဘူး''

''အချစ်ဆိုတာကြီးကို အကြောင်းပြပြီး ကိုယ့်ကိုကိုယ် ဒုက္ခနွံထဲ နစ်သထက်နစ်အောင် ဆွဲချပစ်ဖို့ မကြိုးစားစမ်းပါနဲ့ သားရယ်၊ လောကကြီးမှာ အချစ်ထက် အရေးကြီးတာတွေလည်း တကယ့်လက်တွေ့ အိမ်ထောင်ရေးဘဝထဲ အများကြီးပဲ''

''မာမီပြောတာ နားထောင်နော် သား၊ ဖူးအိလေးနဲ့သာဆိုရင် နေနဲ့လ ရွှေနဲ့မြလို လူတိုင်းက အားကျချီးမွမ်းကြမှာ သိလား''

နေဗလမာမီက သူကိုယ်တိုင် ခံစားကြုံတွေ့ခဲ့ရသော ဘဝအသိဖြင့် သူ၏တစ်ဦးတည်းသော သားရတနာလေးကို နားချနေခြင်း ဖြစ်သည်။ ကိုယ်ကိုယ်တိုင်လည်း ငယ်ရာက ကြီးလာခဲ့သူဆိုတော့ လူငယ်ပီပီ အချစ်ရေးဘက်ကိုသာ အလေးသာပေးလိုသော စိတ်ဆန္ဒကို နားလည်နေ၏။

အချစ်ဆုံးချစ်သူနှင့် အကြောင်းကြောင်းကြောင့် ကွဲခဲ့ရပြီးသည့်နောက်မှာ မိဘတွေသဘောတူသည့် ပြီးပြည့်စုံလိုတရာဘဝမှာ လူတကာ အားကျငေးယူရသောဘဝဖြင့် လောကကြီးတစ်ခုလုံးကို အထက်စီးက ခေါင်းမော့ ရင်ကော့ပြီး ပြုံးပြုံးလေး ကြည့်နေနိုင်သူ





ဖြစ်လာခဲ့သည်။

ကိုယ့်မိသားစုဘဝလေးနဲ့ ကိုယ်ဖြစ်လာတော့ အချစ်အတွက် ခံစားခဲ့ရတာတွေက ငယ်ရွယ်သူဘဝ စိတ်ကူးအယဉ်လွန်တာတွေ အဖြစ်သို့ လွယ်လင့်တကူ ကူးပြောင်းသွားသည်။ နှောင်ဖွဲ့လာသော သားသမီး သံယောဇဉ်၊ ခင်ပွန်းသံယောဇဉ်တွေထဲမှာ အချစ်ဆိုတာလည်း သူ့နေရာနှင့်သူ ဖြစ်တည်ရှင်သန်လာခဲ့သည်။

အရေးအကြီးဆုံးက ဘဝနှင့်ရင်းရမည့်အချိန်မှာ ဆုံးဖြတ်ချက် မှန်ကန်စွာ ချနိုင်ဖို့ဖြစ်သည်။

''မာမ့်စကားကို နားထောင်မယ်မဟုတ်လား သား၊ သားလက်ခံတယ်ဆိုရင် ဖူးအိနဲ့သားတို့ မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်လိုက်တော့မယ်''

''အရင်မလိုပါနဲ့ဦး မာမီရယ်၊ ဖူးအိမှာလည်း ချစ်သူရည်းစားတွေဘာတွေရှိနေရင် ဘယ့်နှယ်လုပ်မလဲ''

''ဖူးအိကိုယ်တိုင်လည်း သမီးလိမ္မာလေးပဲကွယ်၊ သူလည်း သူ့မာမီစကားကို သားလိုပဲ နားထောင်မှာပေါ့၊ သားသာ မာမီစိတ်ချမ်းသာအောင် ခေါင်းညိတ်လိုက်စမ်းပါကွယ်''

''သားတို့လူငယ်ချင်း အရင်တိုင်ပင်ပါဦးမယ် မာမီရယ်၊ သားကို အချိန်နည်းနည်းပေးပါဦး''

''မာမ့်စကားသာ သားနားထောင်မယ်ဆိုရင် သားစိတ်ကြိုက်ဖြစ်စေရမှာပေါ့ကွယ်၊ ဟို မိန်းကလေးကိုသာ အဆက်အသွယ်ဖြတ်ပစ်လိုက် ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ နောက် ဘာအဆက်အသွယ်မှ မလုပ်တော့ပါဘူး၊ မာမီလည်း တစ်ဖက်ကို သားမသိပဲ ဘာစကားမှ မလွှတ်ထားပါနဲ့"

"အေးပါကွယ်၊ သား သဘောပါ၊ မာမီ့သားလေး ဒီလောက်အပြောရမခက်ဘူးဆိုတာ မာမီသိတာပေါ့၊ သားကို မာမီယုံတယ်၊ သားက မာမီစိတ်ဆင်းရဲအောင် လုပ်မယ့်သား မဟုတ်ဘူး"

မာမီ့စကားတွေက ချည်ပြီးတုပ်ပြီးသားမို့ နေဗလကို သူ့သဘောနှင့်သူ ဘာတစ်ခုမှမလုပ်အောင် အပြတ်ချုပ်ကိုင်ထားမှန်း သိလိုက်သည်။ ဖြစ်နိုင်လျှင် နေဗလကိုယ်တိုင်လည်း မာမီ့ကို သူ့ကြောင့် စိတ်မဆင်းရဲစေလိုပါ။ မိဘစိတ်ချမ်းသာအောင် ကိုယ့်ကိုကိုယ် မချစ်မနှစ်သက်တဲ့ လူလက်ထဲ ထိုးအပ်ပစ်ဖို့ ကြပြန်တော့လည်း တစ်ရက်တလေမဟုတ်။

ဘဝတစ်သက်စာဆိုတော့လည်း ခက်သည်။ သားဆိုးသားမိုက်ဆိုသည့်ဘွဲ့ကို နေဗလကိုယ်တိုင်အလိုမရှိ။ ဖြစ်ချင်းဖြစ်လျှင် သားလိမ္မာဘွဲ့ကိုသာ ထိုက်ထိုက်တန်တန် ခံယူလိုသူဖြစ်ပေမယ့် လက်ရှိအနေအထားမှာ မဖြစ်နိုင်တော့မှန်း သိနေသည်။

မျက်လုံးထဲမှာ တော်ဝင့်အသွင်သဏ္ဍာန်လှလှလေး ဖျတ်ခနဲပေါ်လာသည်။ မာမီကတော့ တော်ဝင်ကိုမြင်ပင် မမြင်ဘူးရှိသေး။ သားဖြစ်သူနှင့် ဘယ်လိုမှ သဘောမတူနိုင်ပါဟု အပြတ်ငြင်းနေသည်။ သူကိုယ်တိုင်လည်း သူချစ်သော၊ မြတ်နိုးရသော မိန်းမလှ





လေးထံမှ ချစ်အဖြေကို အခုချိန်ထိ မရသေး။ အခုလို အခြေအနေနှင့်လည်း ရဖို့ရာလမ်းမမြင်။ တော်ဝင်ကိုယ်တိုင်က သူမ်အဖေနှင့် သူမအမေအဖြစ်ကို သိထားတော့ နောက်ထပ် ဒီလိုအဖြစ်မျိုးကို ခါးသီးနေသည်မှာ သိပ်တော့မဆန်း။

သူတို့အသိုင်းအဝိုင်းကို ကြောက်မည်ဆိုလည်း ကြောက်စရာ။

ဟား မောင့်တော်ဝင်ရယ်။

နေဗလက တော်ဝင်ဆီက ချစ်အဖြေကိုရအောင် ဘယ်လိုကြိုးစားရမှန်း မသိဖြစ်နေချိန်မှာ နေဗလ မာမီကတော့ ဦးအိတို့ ပန်းရဂုံကို အရောက်သွားကာ ဖူးအိမာမီ ဒေါ်တင်မှိုနှင့် သားရေးသမီးရေးကိစ္စ အခြေအနေ ဆွေးနွေးနေပါသည်။

"တင်မှိုကလည်းကွယ် လူငယ်ချင်း အစထဲရင်းနှီးပြီးသား လူငယ်ချင်းတွေပဲ၊ သူစိမ်းတွေမှ မဟုတ်တာ၊ လက်ထပ်ပြီးတော့လည်း သူ့အလိုလို ချစ်သွားမှာပေါ့ကွယ်"

"မင်္ဂလာကိစ္စကိုသာ လူကြီးတွေစိတ်ကြိုက် စီစဉ်လိုက်ရအောင်ပါ၊ တင်မှိုတို့သဘောသာ ဘယ်လိုဖြစ်ချင်တယ်ဆိုတာကိုပြော၊ ရှိမာတို့ဘက်က အားလုံးစီစဉ်ပေးမယ်"

"ပြီးတော့ သားနဲ့သမီးတို့ နေထိုင်ဖို့တိုက်တစ်လုံး၊ ကားတစ်စီးလက်ဖွဲ့မယ်၊ သားရဲ့ဘွားဘွားကြီး ပေးထားတဲ့အမွေတွေလည်း သားနဲ့အတူ ပါလာမှာဆိုတော့ ဖူးအိလေးအတွက် ဘာတစ်ခုမှ ပူပင်စရာမရှိပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမရီမာက အခုလိုပြောနေတော့ တင်မို့ဘက်က ပြောစရာတောင်မရှိတော့ဘူး ဖြစ်နေပြီ မမရေ၊ သမီးလေးဖူးအိကို လည်း မတော်တရော်တွေ ဖြစ်သွားမှာ ကြောက်နေတာဆိုတော့ မမပြောသလိုပဲ ဒီမင်္ဂလာကိစ္စကို တင်မို့တို့ဘက်ကသာ စီစဉ်လိုက်ကြ တာပဲ ကောင်းမယ်ထင်တယ်"

"ဒါပေါ့ ညီမရယ်၊ သားကိုလည်း မမက အပြတ်ပြော ပြီးပြီ၊ သမီးလေးဖူးအိကိုပဲ လက်ထပ်ရမယ်၊ ဖူးအိလေးကလွဲပြီး ဘယ်မိန်းကလေးကိုမှ ချွေးမမတော်နိုင်ဘူးလို့"

"တင်မို့လည်း သမီးကို မမပြောသလိုသာ ပြောလိုက် တော့၊ သားနဲ့သမီးဆိုရင် လနဲ့နေမြနဲ့ရွှေ နတ်ဖက်တဲ့စုံတွဲပါ ညီမ ရယ်"

နေဗလမာမီ ဒေါ်ရီမာက သူဖြစ်ချင်တာကို ဝေဝေဆာဆာ လေး တိုက်တွန်းပြောကြားနေသလို သမီးရှင်ဖြစ်သည့် ဒေါ်တင်မို့ မှာလည်း တစ်ဖက် သားရှင်ကိုယ်တိုင် လိုလိုလားလား ခယ တောင်းပန်ပြီး သမီးဖြစ်သူကို တန်ဖိုးထား တောင်းရမ်းနေသည်ဆို တော့ သမီးဖြစ်သူ ကံကောင်းပုံကို တစိမ့်စိမ့်တွေးပြီး မိဘပီပီ ကျေနပ်ပီတိတွေဖြစ်နေသည်။

ဒေါ်တင်မို့ကိုယ်တိုင်ကလည်း နေဗလနှင့်ဆိုလျှင် ပြောစရာ မရှိ။ သဘောတူကြည်ဖြူပြီးသား ဖြစ်သော်လည်း သမီးဖြစ်သူဘက် က ခပ်အင်အင်လုပ်နေတာနှင့် ထိုကိစ္စကို မေ့ထားလိုက်သည်။ အခုတော့ ဒေါ်တင်မို့ကိုယ်တိုင် အတွေးစိတ်ကူးတွေ တစ်မျိုးတစ်ဖုံ





ပြောင်းလွဲသွားသည်။

သားရှင်ဘက်က လိုလိုလားလား တောင်းဆိုနေတုန်း ကိုယ်က အထက်စီးက ခပ်မိန့်မိန့်လေး နေရာယူပြီး ကြည့်နေနိုင်တုန်း မင်္ဂလာပွဲကို ကျင်းပမည်။ ကိုယ်က သမီးရှင်ဆိုတော့ လာဘ်ဦးကို ရမယ်ကောင်း။ ပြီးတော့ သူတို့အချင်းချင်းက အတွင်းသိ အစင်းသိ တွေ။ ဒေါ်ရီမာပြောသည့်အတိုင်း မင်္ဂလာကိစ္စကို ဒေါ်တင်မို့သဘော ဖြင့် လက်ခံအတည်ပြုလိုက်သည်။

ဖူးအိဒက်ဒီက ဒေါ်တင်မို့ပြောလျှင် အားလုံးပြီးသည်။ နေဗလကို သားမက်တော်ရလျှင် ကိုယ့်ဘက်က မရှုံးသလို ဖူးအိလို ချွေးမကိုရသည့်အတွက်လည်း နေဗလတို့ဘက်က မရှုံးပါ။ ဂုဏ်ဂုဏ်ချင်းထပ်၍ မြတ်ပြီးရင်း မြတ်ကြသူတွေချည်း။

သမီးဖြစ်သူကိုကြည့်ရတာလည်း အခုတလော အခြေ အနေမဟန်။ အခန်းတံခါးပိတ်ပြီး တစ်ယောက်တည်း အိပ်ရာထက် မှာ လူမမာလိုလုပ်နေသည်။ ပုံစံကိုကြည့်ရတာ ရည်းစားပူမိနေသလို မျိုး ဆိုပေမယ့် သမီးဖူးအိမှာ ချစ်သူရည်းစားမရှိ၍ တစ်ပိုင်းကတော့ စိတ်ချထားသည်။

ဒေါ်တင်မို့ အိမ်ပြန်ရောက်တော့ ဦးညဏ်မင်းက အိမ်ကို အရင်ပြန်ရောက်နေတာ တွေ့ရသဖြင့် ဒေါ်တင်မို့ မျက်နှာမှာ အပြုံး ပန်းတွေ ပွင့်လန်းသွားသည်။ ရေချိုး အဝတ်အစားလဲ တစ်ကိုယ် လုံး မွှေးကြိုင်လန်းဆန်းအောင် ပြုပြင်ပြီးမှ ယောကျ်ားဖြစ်သူနား ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးနှစ်ယောက်စလုံး အပေါ်ထပ်မှာ ရှိနေပေမယ့် ညီမ နှစ်ယောက် ဘာတွေသဘောကျနေသည်မသိ။ မကြာခဏ ရယ်မော သံလေးတွေ ကြားနေရသဖြင့် တစ်မျိုးတော့ စိတ်ချမ်းသာသည်။ သမီးကြီး ဂမုန်းရဲ့ချစ်သူက နှစ်ဖက်မိဘတွေ အသိအမှတ်ပြု လက်ခံ ထားပြီးသားမို့ အချိန်တန်ရင် လက်ထပ်ကြရုံအပြင် မရှိ။ သမီးငယ် လေးအတွက်ကျတော့ ဒေါ်တင်မို စိတ်မချပေမယ့် အခုတော့ ရင် အေးချမ်းမြေ့ရပါပြီ။

“ယောက်ျားရေ”

“ဟင်”

“တင်မိုတော့ သမီးငယ်ဖူးအိအတွက် သတို့သားရှာလာခဲ့ ပြီ”

“ဘယ်သူလဲ”

“နေဗလလေ၊ ဖူးအိသူငယ်ချင်းကောင်လေးလေ၊ မမရှိ မာသားနဲ့၊ သူ့အမေကိုက တင်မို့သမီးလေးကိုမှ သည်းသည်းလှုပ် လိုချင်နေတာ၊ ဒီနေ့တော့ သားရှင်ဘက်က ဖွင့်တ်အတင်း သမီး တောင်းနေတာနဲ့ တင်မိုလည်း လက်ခံခေါင်းညိတ်ခဲ့လိုက်ပြီ”

“အဲဒါ ယောက်ျားသဘောကရော”

“နေဗလနဲ့ဆိုရင် သဘောတူပါတယ်၊ သမီးသဘော ကရော”

“အမ်လေး၊ ရှင့်သမီးက ပြောမနေနဲ့၊ အစတုန်းကတော့ ဟုတ်မလိုလိုနဲ့ အခုတော့ နေဗလဆိုတာ ရှီးရှိးသူငယ်ချင်းတဲ့လေ”





“သမီးက သဘောမကျဘူးလား”

“အခုတော့ ဒီလိုပဲပြောတာပဲလေ၊ နောက်တော့လည်း အိမ်ထောင်ရှင်ဖြစ်သွားတော့ သူ့အလိုလို ချစ်သွားမှာပေါ့”

“ဒီကိစ္စ သမီး သိပြီးပြီလား”

“မသိလည်း သိအောင်ပြောရမှာပဲ၊ တင်မိုကတော့ သမီး ကို နေဗလနဲ့ကလွဲပြီး တခြားဘယ်သူနဲ့မှ သဘောမတူဘူး၊ ကိုပဲ စဉ်းစားကြည့်လေ၊ သူတို့မိဘအသိုင်းအဝိုင်း၊ အဆင့်အတန်း၊ မျိုးရိုး ကအစ ဘာတစ်ခု ပြောစရာရှိလဲ”

ဦးဉာဏ်မင်း ခဏတော့ ငြိမ်သွားသည်။ ဒေါ်တင်မို ပြောတာတွေအားလုံး မှန်နေသည်။ ယောက်ျားလေးရှင် ငယ်တိုင် က လိုလိုလားလားဆိုတော့ ဘာမှပြောစရာမရှိ။

“အေးလေ၊ မိန်းမသဘောကျရင် ပြီးတာပါပဲ၊ ကိုကတော့ သမီးနှစ်ယောက်စလုံး ဆင်စီးမြင်းရံတာပဲ ကြည့်ချင်တယ်”

“တင်မိုလည်း ကိုလိုပါပဲရှင်၊ ဒါဖြင့် မင်္ဂလာကိစ္စကို အခုချိန်ကစပြီး အတည်ပြုလိုက်ပြီနော်”

“ဒါပဲပေါ့”

လင်မယားနှစ်ယောက်စလုံး သမီးရဲ့မင်္ဂလာကိစ္စကို သဘောတူလက်ခံလိုက်ပြီဆိုတော့ သမီးမင်္ဂလာပွဲကို ဘယ်လို အကောင်းဆုံး စီစဉ်ရမလဲဆိုတာတွေ စိတ်ကူးယဉ် တွေးတောစရာ ဖြစ်လာသည်။

တစ်ခုမကြိုက်ရင် တစ်ခုယယ်လိုက်၊ တခြားတစ်ခု စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် ဒေါ်တင်မှိတစ်ယောက်တည်း စိတ်ကူးယဉ်မဆုံးရှိနေချိန် သမီးဖြစ်သူ ဖူးအိမှာလည်း သူမချစ်သူ၏ ဒိုင်ယာရီကို အလွမ်းပြေ အကြိမ်ကြိမ်ဖတ်ရလွန်းသဖြင့် အလွတ်ရသူဖြစ်နေပါပြီ။

ချစ်သူနဲ့တွေ့ရင် ဘယ်လိုစိတ်ဆိုးစိတ်ကောက်လိုက်မည်။ ဘယ်လို ရန်တွေ့လိုက်မည်။ ဘယ်လိုမှုလိုက်နွဲ့လိုက်မည်ဟု စိတ်ကူးတွေ တစ်လှေကြီး ယဉ်နေကြခြင်းဖြင့် သားအမိနှစ်ယောက်မှာ ကိုယ့်စိတ်ကူးနှင့်အတူ ကျေနပ်ပီတိဖြစ်လျက်ရှိ၏။

◆ ◆ ◆



# အခန်း (၁၄)

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုလေးက ကိုယ့်ခံစားချက်နှင့်ကိုယ် ပူလောင်နေကြသူနှစ်ဦး၏ရင်ကို အေးမြမှုတစ်ခုမှ မပေးနိုင်ဖြစ်နေ၏။ ဒီလိုဖြစ်လာလိမ့်မည်ဟု နှစ်ယောက်စလုံး ထင်မထားသဖြင့် ပိုဆိုးသည်။ တစ်ယောက်ကိုတစ်ယောက် အထင်အမြင်လွဲသည့်အကြည့်။ ဒေါသဖြစ် ရန်လိုသော အကြည့်များဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ နေဗလ၊ ဖူးအိဘက်ကတော့ ဒီကိစ္စကို လုံးဝသဘောမတူဘူး၊ လက်လည်းမခံနိုင်ဘူး၊ ဖူးအိမှာ ချစ်သူရှိတယ်၊ ဖူးအိလက်ထပ်မယ့်လူကလည်း ဖူးအိချစ်သူပဲ"

ဖူးအိအသံက ခါးခါးသီးသီး။ နေဗလကို စိတ်ဆိုးရလွန်းသဖြင့်လည်း သတ်ပစ်ချင်နေသည်။

"နင့်မှာ ရည်းစားတွေ မှိုလိုပေါက်နေတဲ့ကြားက ဒီကိစ္စမျိုးက ဖြစ်စရာလား နေဗလရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ် နင်ကမှ အပြောကောင်း၊ ဘယ်သူကလဲ နင့်ကိုမှ မရရင် သေရပါတော့မယ်လို့ ပြောနေလို့လဲ၊ နင့်မှာ ချစ်သူရှိသလို ငါ့မှာလည်း ငါချစ်တဲ့သူ လက်ထပ်မဲ့သူ အသင့်ရှိပြီသား နားလည်လား"

"နင်က ယောက်ျားလေးပဲ၊ အခု ဖူးအိကိုပြောသလို နင့် မိဘတွေကို ဒီအတိုင်းပြောလိုက်ပေါ့၊ ဒါဆို ပွဲကပြီးနေပြီပဲ"

"မပြီးလို့ပေါ့၊ ငါ့မာမီက နင်ကလွဲပြီး တခြားဘယ် မိန်းကလေးကိုမှ သူ့ချွေးမအဖြစ် လက်မခံနိုင်ပါဘူးလို့ အပြတ်ပြော ထားတော့ နင်ပြောသလို ဘယ်လိုလုပ် ပွဲကပြီးနိုင်မှာလဲ"

စိတ်ညစ်တယ်ဟာ၊ ငါနဲ့ငါ့ရည်းစားက အခုလက်ရှိ အနေအထားမှာတောင် အဆင်ပြေချင်တာမဟုတ်ဘူး၊ မာမီ့သဘော ထားတိုသာသိရင် ငါတော့ဆွေးပြီ"

"ဖူးအိအဖြစ်ကလည်း နင်နဲ့အတူတူပါပဲ နေဗလရယ်၊ အခု ဖူးအိတို့ ဘာဆက်လုပ်ကြမလဲဟင်"

အဖြစ်အပျက်ချင်းတူနေတော့ ဝေဒနာခံစားချက်ချင်းလည်း တူနေကြသည်။ နှစ်ဘက်မိဘတွေကတော့ သူတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ တရားဝင် ဖွင့်ဟကြေညာခံရပြီးနောက်မှာ အခုလို သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်းဖြစ်သည်။

"နင်က မိန်းကလေးပဲ၊ နင့်ချစ်သူ လာခေါ်ရင် လိုက်သွားပေါ့"

"အံမယ် ဖူးအိကြတော့ မိန်းကလေးဆိုပြီး ခိုးရာလိုက်





ခိုင်းတယ်ပေါ့ ဟုတ်လား၊ နင်ကမှ ယောက်ျားပီပီ ကိုယ့်ချစ်တဲ့သူ ကို သတ္တိရှိရှိခိုးသွားပါလား ဟွန်း"

"ငါ့အဖြစ်က နင်နဲ့မတူလို့ ဖူးအိရာ၊ သူက အခုချိန်ထိ ငါ့ကို ချစ်ပါတယ်လို့ အဖြေပေးသေးတာမဟုတ်ဘူး၊ ငါကသာ ကိုယ့်ဘာသာ တစ်ဖက်သတ်ကြီးဖြစ်နေတာ"

"ဒါဆို နင် ဝဋ်လည်တာပေါ့"

"ဟင်"

ဖူးအိမျက်နှာကို သူ အလန့်တကြား လှမ်းကြည့်လိုက်တော့ ကျေနပ်စွာ ပြုံးနေသည့် ဖူးအိမျက်နှာပေါ်က အပြုံးကြောင့် နေဗလ အနေခက်သွားသည်။ သူ့ကိုယ်သူ တစ်ခါမှ မစဉ်းစားဖူးတဲ့ အတွေး ပါလား။

"ဟုတ်တယ်လေ၊ နင်က မိန်းကလေးတွေ အသည်းနှလုံး ကို ခွဲနေတာတဲ့၊ နင့်ကြောင့် မျက်ရည်ကျရတဲ့ မိန်းကလေးတွေ၊ အသည်းကွဲရတဲ့ မိန်းကလေးတွေ ဘယ်နှစ်ယောက်ရှိပြီလဲ"

"အခု နင် ဝဋ်လည်နေပြီ"

"နင့်လိုလူတစ်ယောက်ကိုတောင် မချစ်နိုင် မကြိုက်နိုင်ဘူး ဆိုတဲ့ မိန်းကလေးကို ဖူးအိ မြင်ဘူးချင်လိုက်တာ နေဗလရယ်"

နေဗလမျက်လုံးထဲမှာ တော်ဝင့်မျက်နှာလှလှလေးကို ဖျတ်ခနဲ ပြေးမြင်လိုက်မိပေမယ့် ဖူးအိကို အဖြစ်မှန်အတိုင်း ဝန်မခံရဲ။ ဖူးအိစိတ်က မလွယ်။ တော်ဝင်ကို အစထဲက ကြည့်မရတာ သိထား တော့ ပိုဆိုးသည်။ သူ့ကြောင့် တော်ဝင်တို့သားအမ ဒုက္ခရောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးတော့ အဖြစ်မခံနိုင်။ နေဗလကို စိတ်မဝင်စား။ စိမ်းစိမ်းကားကား ရက်စက်စွာ ကျော်ခိုင်းနေသူမှာ တခြားသူမဟုတ်။

ပန်းရုံမှာ ဖူးအိတို့နှင့် အတူနေသည့် တော်ဝင်ဆိုသည့် မိန်းမလှလေးပါဟုဆိုလျှင် ဖူးအိတစ်ယောက် သူ့ကို အခုလိုပင် မထိတရိ ပြုံးကြည့်နေနိုင်ပါဦးမလားဟု တွေးနေမိ၏။

''ပြောစမ်းပါဦး၊ နင့်ကို မချစ်ပါဘူး၊ မကြိုက်ပါဘူးဆိုတာ ဘယ်လိုမိန်းကလေးလဲ၊ နင့်ထက် အဆင့်မြင့်ပြီး နင့်ထက် ပြည့်စုံချမ်းသာတဲ့ အသိုင်းအဝိုင်းထဲက ဖြစ်နေလို့လား''

''အဲလိုလည်း မဟုတ်ပါဘူး''

''ဖူးအိ သိပါတယ်၊ နင်က တော်ရုံမိန်းကလေးကို စိတ်မဝင်စားတတ်တဲ့သူပဲ၊ ဘာလဲ သူ့အဖေက အကောင်ကြီးကြီး အမြီးရှည်ရှည်ထဲကလား''

ဖူးအိမေးခွန်းတွေက ဆက်တိုက်။ နေဗလကိုယ်တိုင် ဘာဖြေလို့ ဖြေရမှန်းမသိ။ အရင်တုန်းက နေဗလဆိုတာ ဖူးအိပြောသလို မိန်းမလှလေးတွေ ထည်လဲတွဲသည်ဆိုပေမယ့် နေဗလတွဲသည့် မိန်းကလေးတိုင်း တန်းတူရည်တူ အဆင့်အတန်းတူထဲက သူတွေချည်း ဖြစ်တာကို ဝန်ခံပါသည်။

ဒါက အချစ်ဆိုတဲ့အရာကို နေဗလကိုယ်တွေ့ မခံစားရခင်တုန်းက နေဗလ စိတ်ကျေနပ်ပျော်ရွှင်ဖို့သက်သက် အပျော်သဘောနှင့် တွဲခဲ့တာဖြစ်ပေမယ့် အခုလက်ရှိ အခြေအနေနှင့် အရင်က နေဗလအခြေအနေ မတူတော့တာကို ဖူးအိမသိ။





ကာယကံရှင်ဖြစ်သည့် နေဗလပဲ ကိုယ့်ဝမ်းနာ ကိုယ်သိနေရသည့်အဖြစ်မျှသာ။ ဖူးအိက သူ့ကို အရင်နေဗလဟုထင်ပြီး အထင်တကြီး မေးနေသည်။ သူချစ်တဲ့ ကောင်မလေးရဲ့အဖေက အကောင်ကြီးကြီး အမြီးရှည်ရှည်ထဲကလားတဲ့။

သူချစ်တဲ့ တော်ဝင်ဆိုသည့် ကောင်မလေးရဲ့ အဖေ ဦးချမ်းငြိမ်းမှာ ဘာကောင်မှမဟုတ်သလို ဘယ်လိုအမြီးရှည်ရှည်မှလည်း မရှိ။ ဆွေမျိုးအရင်းအချာဖြစ်သော ဖူးအိတို့မိသားစုကပင် ခေါ်ချင်ပြောချင်ကြသူတွေမဟုတ်။ အဖြစ်မှန်ကို ဖူးအိကို ပြောလို့ကလည်း မဖြစ်။ မာမီသိရင် လက်ရှိအခြေအနေထက် ပိုဆိုးမည်။

''မေးနေတာ ဖြေပါဦး နေဗလရဲ့၊ ဘာဖြစ်နေတာလည်း''

''ဘာမှမဖြစ်ပါဘူး ဖူးအိရယ်၊ ငါ့အဖြစ်က နင့်ကို ပြောပြလို့လည်း ဘာမှမထူးပါဘူး၊ နင်သိလို့လည်း ဘာမှမတတ်နိုင်တဲ့ အခြေအနေပါ''

''နင့်စကားက သေချာလှချည်လား နေဗလ၊ နင့်မှာ ဘယ်သူ့ကိုမှ ဖွင့်ပြောလို့မရတဲ့ လျှို့ဝှက်ချက်ရှိနေပြီ ထင်တယ် ဟုတ်လား''

''အေး နင်ထင်တဲ့အတိုင်းပဲ''

''ဟင်''

နေဗလမျက်နှာကို ဖူးအိ တအံ့တဩလေး ကြည့်လိုက်သည်။

''နင်ပြောသလို ငါ ဝဋ်လည်တယ်ဆိုတာလည်းအမှန်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါချစ်တဲ့သူက နင်ထင်သလို အသိုင်းအဝိုင်းထဲကလည်း မဟုတ်ဘူး၊ ဒါပေမယ့် ငါ သူ့ကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်"

"သူကလွဲပြီး တခြားဘယ်မိန်းကလေးကိုမှလည်း စိတ်မဝင်စားဘူး၊ ငါ့ဘဝမှာ သူမရှိလို့လည်းမဖြစ်ဘူး၊ ငါသူ့ကိုပဲ လက်ထပ်မယ်"

တည်ငြိမ်လေးနက်သော အသွင်ဖြင့် သူ့ရင်ထဲက ခံစားချက်တွေကို နက်နက်ရှိုင်းရှိုင်းပြောနေသော နေဗလကိုကြည့်ပြီး ဖူးအိ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သူ့ပုံစံကိုကြည့်လိုက်တာနှင့် သူချစ်သော မိန်းကလေးအတွက် တကယ်ခံစားနေရမှန်း ကိုယ်တိုင် ချစ်တတ်သူဖြစ်နေသော ဖူးအိ ကိုယ်ချင်းစာ နားလည်နိုင်ပါသည်။

"နင်ချစ်တဲ့ မိန်းကလေးတော့ တကယ်ကံကောင်းပါတယ် နေဗလရယ်၊ တခြားအကြောင်း မပြောနိုင်ရင်နေပါ၊ နင့်ချစ်သူကောင်မလေးနာမည်တော့ ဖူးအိကို ပြောပြလို့ ရတယ် မဟုတ်လားဟင်"

"သူ့နာမည် ဘယ်သူလဲ၊ ဘယ်ကလဲဟင်"

"နင့်ကိုပြောလို့ မဖြစ်ပါဘူး ဖူးအိရာ"

"ဘာဖြစ်လို့လဲ"

နေဗလ မဖြေ။

ဖြေစရာစကားလည်းမရှိ။





"ဖူးအိမေးတာ ဖြေစမ်းပါဦး နေဗလရယ်၊ နင် အဖြေရခက်နေအောင် ဖူးအိနဲ့ သိတဲ့လူတစ်ယောက်ယောက်များ ဖြစ်နေမလား"

ဖူးအိစကားက နေဗလရင်ကို ထိတ်ခနဲဖြစ်သွားသည်။ သူ့မျက်နှာကို အကဲခတ်သလို စူးစိုက်ကြည့်နေသော ဖူးအိမျက်လုံးတွေအောက်မှာ နေဗလကိုယ့်ကိုကိုယ် အခြေမပျက်အောင် ထိန်းနေလိုက်ရသည်။

"နေဗလ"

"ဟင်"

"ဖူးအိမေးတာ နင်ဘာလို့ မဖြေတာလဲ"

သူ သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး ဦးခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။

"ငါ့အကြောင်းကို အသာထားစမ်းပါဦး ဖူးအိရာ၊ နင်မေးတာကို ငါမဖြေခင် ငါမေးတာကို နင်အရင်ဖြေစမ်းပါဦး"

"ဖူးအိက ဘာဖြေရမှာလဲ"

"နင်နဲ့နင့်ချစ်သူအကြောင်း ငါသိချင်တယ်"

"ဟင်"

ဒီတစ်ခါ ဘာမှမဖြေနိုင်သူက ဖူးအိကိုယ်တိုင် ဖြစ်သွားသည်။ ဖူးအိနှင့် မိုးတိမ်တို့အကြောင်း နေဗလကို ပြောသင့်မပြောသင့်ဆိုတာ ဖူးအိ စဉ်းစားရင်း တွေဝေနေသည်။

"နင်ရော ငါ့လိုပဲလား ဖူးအိ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာကိုလဲ''

''ငါမေးတာကို မဖြေနိုင်လို့''

''မဟုတ်ပါဘူး နေဗလရယ်၊ ဒါပေမယ့် ဖူးအိမှာလည်း ဖူးအိအကြောင်းနဲ့ဖူးအိဆိုတာလည်း အမှန်ပဲ''

''နင့်ချစ်သူက နင့်မိဘတွေ သဘောမတူနိုင်တဲ့ သူမျိုး လား''

ချစ်သူမိုးတိမ်မျက်နှာကို ဖျတ်ခနဲမြင်ယောင်မိတော့ ဖူးအိ ဦးခေါင်းလေး ငုံ့သွားသည်။

''ဖူးအိ ဘယ်လိုပြောရမလဲ နေဗလရယ်၊ ဒက်ဒီနဲ့မာမီတို့ သဘောကျလောက်နိုင်တဲ့လူစားမျိုး မဟုတ်တာတော့ သေချာ တယ်''

''နင့်အကြောင်းတွေ နင့်အိမ်က သိသွားပြီလား ဖူးအိ သိသွားလို့များ တို့နှစ်ယောက်မင်္ဂလာကိစ္စကို စီစဉ်တာလားမှ မဖြေ တတ်တာ''

''အဲဒါတော့ ဖူးအိလည်း အတိအကျတော့ မပြောတတ် ဘူး၊ နင်တို့ကြတော့ရော နင့်အိမ်က သိသွားလို့လား''

''အေး''

''ဟာ''

''ဒီလိုဆို ဖူးအိတို့ကိစ္စလည်း မာမိတို့သိနေပြီးသားလား မသိဘူး၊ ဒါကြောင့် ဖူးအိနဲ့နင့်ကို မင်္ဂလာဆောင်ကိစ္စကို အမြန်ဆုံး စီစဉ်ချင်ကြတာဖြစ်မယ်ထင်တယ်''





''အခုချိန်မှာ နင်ရောငါပါ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကူညီဖေးမ ဖြစ်တော့မယ်၊ လူကြီးတွေက တို့ကို သိချင်ယောင်ဆောင်နေပေးတာကို အသုံးချပြီး တို့ကလည်း လူကြီး မိဘတွေ ယုံကြည်စိတ်ချလာအောင်လည်း ပြနိုင်မှဖြစ်မယ်''

''ဒီတော့ နင်လည်း နင့်ချစ်သူအကြောင်း ငါ့ကို ပွင့်ပွင့် လင်းလင်းပြောပြ၊ အေး အဲဒီလိုပဲ ငါကလည်း နင့်ကို ငါ့ချစ်သူ အကြောင်း နင်သိအောင်အားလုံး အစအဆုံးပြောပြမယ်''

''ပြီးရင် နင်ရောငါပါ ကိုယ်ချစ်တဲ့ ချစ်သူကို ပိုင်ဆိုင် ခွင့်ရအောင် လူကြီးတွေမသိအောင် ကြိုးစားကြမယ်၊ ဘယ့်နှယ့်လဲ ငါပြောတာ နင် သဘောတူရဲ့လား ဖူးအိ''

''အခုမှတော့ ဒီလိုပဲ လုပ်ကြရုံရှိတော့တာပေါ့ နေဗလ ရယ်၊ ဒါထက်ပိုပြီး ဘာများတတ်နိုင်ဦးမှာလဲ''

ပထမဆုံး ဖူးအိက သူမချစ်သူ မိုးတိမ်အကြောင်း အစ အဆုံး ပြောပြတော့ နေဗလမှာ ဖူးအိပြောပြသမျှကို နားထောင်ရင်း သူတို့သူငယ်ချင်းနှစ်ယောက်၏ ထူးခြားဆန်းကြယ်သည့် အချစ်ကံ ကြမ္မာကို အံ့ဩနေမိသည်။

ဖူးအိချစ်သူဆိုတာ တခြားသူတစ်ယောက်မဟုတ်။ သူ့ချစ် သူ သူမြတ်နိုးသော တော်ဝင့်သူငယ်ချင်းဖြစ်နေတော့ သူ ရယ်ပစ် လိုက်မိသည်။

''နင်က ငါ့ကို ဘာရယ်တာလဲ နေဗလ၊ အပြောကြီးကြီး အနကြီးကြီးနဲ့ မိန်းကလေး၊ အခုတော့ ဘာမဟုတ်တဲ့လူနဲ့ကျမှ



www.burmeseclassic.com

www.burmeseclassic.com



ထိပြီဆိုပြီး ဖူးအိကို လှောင်တာမဟုတ်လား''

ဖူးအိမှာ သူမအကြောင်းကို ဖွင့်ပြောပြီးမှ အရယ်ခံရသဖြ ရှက်လည်းရှက် အခံရလည်းခက်စွာ မျက်နှာနီနီဖြင့် ရန်တွေလာသော နေဗလ မျက်လုံးပြူးသွား၏။

''ငါရယ်တာ နင့်ကို လှောင်တာမဟုတ်ဘူး ဖူးအိ နင်နဲ့ငါ့အဖြစ်ကို သဘောကျလို့ ရယ်တာသိလား၊ ငါချစ်တဲ့ကော မလေးဆိုလို့ တခြားသူထင်မနေနဲ့ဦး၊ နင်တို့ညီအစ်မ ကြည့် အောင် မုန်းတယ်ဆိုတဲ့ တော်ဝင်ဆိုတဲ့ မိန်းမလှလေးပဲ''

''ဘာ''

''နင့်ချစ်နေတဲ့သူဆိုတာ တော်ဝင်ဟုတ်လား''

''အေး''

''တို့နှစ်ယောက်အကြောင်းကိုသာ မိဘတွေသိရင် ရှ ကျိုးကြမှာပဲ နေဗလရယ်၊ နင်နဲ့ငါ့အဖြစ်ကလည်း တိုက်ပဲ တိုက်ဆို လွန်းတယ်''

''အချစ်လေ ဖူးအိ၊ ငါ တော်ဝင်ကို တကယ်ချစ်တာ အချစ်ဆိုတာကြီးကို ကြားပဲကြားဖူးတယ်၊ တော်ဝင်နဲ့ကြမှ အချစ် ထိပ်တိုက်ရင်ဆိုင်တွေ့လိုက်ရတာပဲ၊ ဒါပေမယ့် ငါ့အချစ်က နှ အချစ်လို ကံမကောင်းပါဘူး ဖူးအိရာ''

''တော်ဝင်က သူ့မိဘအဖြစ်ကို နမူနာယူပြီး ငါ့ကိုချစ်ရှာ ကြောက်နေပုံပဲ၊ ငါ ဘယ်လိုပြောပြော ငါ့ကို မချစ်ဘူးဆိုတာချ ပဲ''





''သူက ငါ့ကိုမချစ်လေ ငါက သူ့ကို ပိုပြီးချစ်လေ၊ ပိုပြီး မြတ်နိုးလေဖြစ်နေတော့ ငါ သူ့ကို ဖွတ်အတင်း ခိုးပြေးရမလို ဖြစ်နေပြီ''

နေဗလမျက်နှာက တကယ့်ခံစားချက်အပြည့်။ မျက်နှာ ချောချောကလည်း မှုန်ရီနေတော့ ဖူးအိကိုယ်တိုင် ခံစားရသလို ကိုယ်ချင်းစာနာမိသည်။

''ဖူးအိ''

''ဟင်''

''နင့်ကို နင့်ချစ်သူနဲ့ တွေ့ခွင့်ရအောင် ငါကူညီမယ်၊ နင်ကလည်း ငါ့ကို တော်ဝင်နဲ့ အဆင်ပြေအောင် ကူညီပေးပါမယ်လို့ ကတိပေး''

''အေးပါ ဖူးအိ ကတိပေးပါတယ်''

''ဝမ်းသာလိုက်တာ ဖူးအိရယ်''

ဖူးအိလည်း ဝမ်းသာပါတယ်ဆိုသည့် စကားကို ဖူးအိရင် ထဲက ပြောနေသံကို နေဗလ မကြားလိုက်ပါ။ တကယ်တော့ ဖူးအိကိုယ်တိုင်လည်း သူမကို အချိန်အကြာကြီး ခွဲပြီးနေနိုင်ရက် သော ချစ်သူကို စိတ်ဆိုးဒေါသဖြစ်နေသည့်ကြားမှပင် လွမ်းဆွတ် သတိရလှပြီဖြစ်ကြောင်းကိုက သူမသာ အသိဆုံးဖြစ်သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒီလိုဆိုတော့လည်း သားနဲ့သမီးက လိမ္မာကြသားပဲ မမရီမာရေ၊ မအမီတို့လူကြီး စိတ်တိုင်းကျစီစဉ်ပါဆိုနေမှတော့ ဘာလို သေးလဲ၊ သူတို့ပြောသလို မင်္ဂလာကိစ္စကို ချက်ချင်းကြီး မစီစဉ်ပါနဲ့ ဆိုတာလေးတော့ တင်မှီတို့ဘက်က ပြန်လိုက်လျော့မှထင်တယ်"

"ဖြစ်ပါ့မလားကွယ်၊ တင်မှီ့သမီး လိမ္မာတာကဟုတ်ပါပြီ၊ တော်ကြာ မမသားတော်မောင်က မဟုတ်တာရုတ်တွေ လျှောက်လုပ် သွားမှဖြင့်ကွယ်"

"သားက ဘာဖြစ်နေလို့လဲ မမရဲ့၊ နောက်ထပ် ချစ်သူ ရည်းစားအသစ် ထပ်တွေ့နေပြန်ပြီတဲ့လား"

ဒေါ်တင်မှီဘက်က ရယ်ရယ်မောမော ပြောနိုင်ပေမယ့် ဒေါ်ရီမာကတော့ ကိုယ့်သားအကြောင်း ကိုယ်သာ အသိဆုံးမို့ ဒေါ်တင်မှီလို မရယ်နိုင်။ သားကိုလည်း စိတ်မချ။ နေ့ပလမှာ ရည်းစားတွေ မှိုလိုပေါက်အောင်ထားခဲ့သည့် အချိန်တုန်းကလည်း





ဒေါ်ရီမာ ဘာတစ်ခုမှ မပူဘဲ အေးအေးနေနိုင်ခဲ့သေးသည်။

သားရဲ့ချစ်သူရည်းစား ကလေးမလေးတွေအားလုံး အဆင့် အတန်းရှိရှိ ချမ်းသာပြည့်စုံသည့် အသိုင်းအဝိုင်းထဲကချည်းဖြစ်နေ တော့ တစ်ယောက်မငြိ တခြားတစ်ယောက်နှင့် ငြိလည်း ကိုယ့် ဘက်က လက်ခံသဘောတူပေးနိုင်သည်မို့ မိန်းမရပြီးရင် ခြေငြိမ် သွားမှာပဲဆိုသည့်အတွေးနှင့် ဒီအတိုင်း လက်ပိုက်ကြည့်နေခဲ့သည်။

အခုလက်ရှိအခြေအနေကြတော့ ထိုသို့မဟုတ်။ သားနှင့် နောက်ဆုံးတွဲနေသည့် မိန်းကလေးမှာ ဒေါ်ရီမာစိတ်ကို အကြီး အကျယ်ဆုံး နှောင့်ယှက်မှုကြီး ဖြစ်ပေါ်စေသည်။ ရုပ်ကလေးဖန်း ပြီး ဆင်းရဲမွဲတေနေသော အခြေခံလူတန်းစား အောက်ခြေကလာ သည့် မိန်းကလေးတစ်ယောက်ဟု မောင်ဖြစ်သူ ပြောတုန်းထဲက ဒေါ်ရီမာ သားအတွက် ပူသွားသည်။ ခါသွားသည်။

သားကိုမျှော်မှန်းထားသည်က ထိုသို့မဟုတ်။ ဒီလိုအဖြစ် မျိုးကိုလည်း လုံးဝလက်မခံနိုင်။ သားအခန်းထဲကို သားမရှိချိန်မှာ တိတ်တဆိတ် မွှေနှောက်ရှာဖွေကြည့်မိတော့ ဒေါ်ရီမာရင်ထဲမှာ မှု ဆင်းသွားသည်။

သားရဲ့ဒိုင်ယာရီထဲမှာ မောင့်အချစ်ဆုံး။

မောင့်ရဲ့အသည်းနှလုံး။ မောင့်ရဲ့ချစ်ကဆိုသည့် စကားလုံး တွေနှင့် ပြည့်လျှမ်းနေရုံနှင့်မပြီး။ ဟိုတစ်ဘက်သားက သားနေ့ပလ ကို လုံးဝဂရုမစိုက်။ သားရဲ့အချစ်ကို ဥပေက္ခာပြု လျစ်လျူရှုထား သဖြင့် သားရင်မှာ ဘယ်၍ဘယ်မျှ ခံစားရကြောင်း ရင်ဖွင့်သံတွေ

www.burmeseclassic.com



ဆူညံနေတာကိုဖတ်ပြီး ခေါ်ရီမှာ ကိုယ့်ကိုကိုယ် နေရာမှ လဲပြိုကျမသွားအောင် အတော်လေး ဂရုစိုက်လိုက်ရသည်။

နာမည်ကို အတိအကျ ရေးထားတာမတွေ့ရသဖြင့် 'ချစ်' ဟု သားတော်မောင် အမည်ကင်ပွန်းတပ်ထားသော ကောင်မလေးအား မမြင်ပင် မမြင်ဖူးသော်ငြားလည်း စာကိုဖတ်ပြီး အခြေအနေကို သုံးသပ်ရုံဖြင့် သားတော်မောင်မှ ထိုကလေးမကိုမှ မရလျှင်သေတော့မတတ် တန်းတန်းစွဲဖြစ်နေပုံကို သိရှိခဲ့ရ၏။

သူတို့လက်ဦးမှုမရခင် ကိုယ်က အရင်သားဖြစ်သူ၏ မင်္ဂလာကိစ္စကို မိမိနှစ်သက် သဘောကျသော မိန်းကလေးနှင့် အမြန်ဆုံး စီစဉ်ရန် ကြံစည်ကြိုးစားခဲ့သော်လည်း မင်္ဂလာကိစ္စကို ချက်ချင်းမစီစဉ်ပါနှင့်ဦးဟု ဆိုလာသော သားနှင့်သမီးကြောင့် နှစ်ဘက်မိဘတွေ အခုလို ခေါင်းချင်းဆိုင်ဖို့ ဖြစ်လာခြင်းဖြစ်သည်။

ဒေါ်တင်မိုကိုယ်တိုင်လည်း နေဗလချစ်သူရည်းစား မှိုလိုပေါက်အောင်ထားခဲ့တာ သိပေမယ့် ဗွေမယူ အပြစ်မတင်။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဟု မိန့်ဆိုထားသလို နေဗလလို ယောကျ်ားတစ်ယောက်အတွက် ယောကျ်ားကောင်းမောင်းမတစ်ထောင်ဟု သဘောပိုက်ထားသဖြင့် အခုလို ဒီကိစ္စအပေါ်မှာ သမီးရှင်ဖြစ်ပေမယ့် ရယ်မောစကားဆိုနိုင်နေသည်။

အချိန်တန်တော့ ကိုယ့်သမီးကို လက်ထပ်ဖို့ အရေးကသေချာနေပြီဆိုမှတော့ ဘာကိုမှ တွေးပူမနေ။ အခုထဲက ယောကျ်ားမလောင်းကိုယ်တိုင် သမီးဖူးအိကို တုန်နေအောင်ချစ်သလို မင်္ဂလာ



[illegible]ကို လူကြီးတွေဘက်က သဘောကျ အသိပေးကြေညာတော့[illegible]ည်း ကိုယ့်သမီးရော သူ့သားပါ ဘာတစ်ခုမှ ငြင်းဆန်ခြင်းမပြု[illegible] အလွယ်တကူ လက်ခံလိုက်ကြသဖြင့် ရင်ဘတ်ထဲကအလုံးကြီး[illegible]နှ်းခနဲ ကိုယ်စီပြုတ်ကျသွားခဲ့ကြသည်။

ထိုထက်ပိုပြီး နှစ်ဘက်မိဘတွေ စိတ်ချမ်းသာ စိတ်ကျေ[illegible]ရသည်က နေဗလနှင့်ဖူးအိတို့ လူငယ်နှစ်ယောက် နှစ်ဘက်အိမ်[illegible] အဝင်အထွက်စိတ်စိတ် နေကြရုံမက ဘယ်ကိုပဲသွားသွား၊ [illegible]ကိုပဲလုပ်လုပ် နှစ်ယောက်အတူ မျက်စိအောက်က အပျောက်မခံ[illegible]သည့်ပုံစံနှင့် ပြုံးပြုံးရွှင်ရွှင် ရယ်မောနေပြခဲ့တော့ သူတို့ပြောသည့်[illegible]ားအပေါ်မှာလည်း ကိုယ့်ဘက်က လူကြီးတွေအနေနဲ့ အထိုက်[illegible]လျောက် နားလည်လက်ခံပေးဖို့ ဖြစ်လာရခြင်းဆိုလည်း[illegible]ားချေ။

"မမသဘောကတော့ သူတို့သဘောကို သိပ်လက်မခံချင်[illegible]ကွယ်၊ လက်ထပ်ပြီးမှ ကျောင်းဆက်တက်လည်း ဖြစ်နေတာပဲ၊ [illegible]လာကိစ္စကိုသာ အမြန်ပြီးလိုက်ချင်တာပဲ"

"ညီမလည်း သိနေတာပဲ၊ လူဆိုတာ ဘာကိုမှ အပိုင်တွက်[illegible]းလို့ ရတာမှမဟုတ်ဘဲ၊ သားနားမှာလည်း တခြားကောင်မလေး[illegible]ွက ရှိနေတော့ သားအနေနဲ့ တစ်ခုမဟုတ်တစ်ခု ခြေချော်လက်[illegible]ော်ဖြစ်သွားနိုင်သလို သမီးမိန်းကလေး ကိုယ့်ရှေ့မှာ လိမ္မာနေပြ[illegible]ိုင်းလည်း ကနေ့ခေတ်ကြီးက စိတ်ချလို့မရနိုင်ဘူးကွဲ့"

"ဒါဖြင့် မမသဘောက မင်္ဂလာကိစ္စကို ဘယ်လိုစီစဉ်ချင်

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ"

ဒေါ်တင်မို့ကိုယ်တိုင်လည်း တစ်ခါတစ်ရံ သမီးဘက်က သိပ်အကဲမလှတာမို့ ဒေါ်ရီမာ့စကားအားလုံးကို စိတ်ထဲက တိတ်တဆိတ် ကျိတ်ထောက်ခံနေမိရာက အခုလို မေးလိုက်ခြင်းဖြစ်သည်။

"မမအနေနဲ့ကတော့ သူတို့နှစ်ယောက်ကို နှစ်ဘက်လူကြီးစုံရာနဲ့ တောင်းရမ်းနေစပ်ထားမယ်၊ ပြီးမှ မင်္ဂလာပွဲကို အချိန်သိပ်ကြာကြာမထားဘဲ လက်ထပ်ပေးလိုက်မယ် ညီမရယ်"

"ဘယ့်နှယ်လဲ မမစီစဉ်တာကို ညီမ သဘောကျရဲ့လား"

"မမသဘောကျရင် ပြီးတာပါပဲ၊ မင်္ဂလာကိစ္စ မြန်မြန်ပြီးသွားတော့လည်း မြန်မြန်ကြားအေးသွားတာပေါ့ မမရယ်၊ နို့မို့ဆို သားပူ သမီးပူနဲ့ ပူနေရဦးမှာ"

"မမပြောတာလည်း အဲဒါပါပဲကွယ်၊ ကိုယ့်ဘက်က မိဘဝတ္တရား ကျေနေပြီပဲ၊ ကျန်တာတော့ သူတို့ထိုက်နဲ့သူတို့ကံ ရှိပါစေပေါ့"

"အမလေး အခုတောင် တစ်ယောက်နဲ့တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်ဖြစ်နေတာ၊ လက်ထပ်ပြီးရင် ဘယ်လိုနေမလဲဆိုတာ မမပဲ စဉ်းစားကြည့်ပါဦး"

"ပြီးမှ မိဘတွေကို ကျေးဇူးတင်လွန်းလို့ ထိုင်ရှိခိုးနေကြမှာ သိလား"

"ဟုတ်ပါ့ ဟုတ်ပါ့"

အမေနှစ်ယောက် ကိုယ့်စကားကိုယ် သဘောကျပြီး ကျေ



နပ်ပီတိတွေနှင့် လှိုက်လှဲ့ရွှင်ပျစွာရယ်မော လိုက်ကြသံက မင်္ဂလာဦးအကြိုအဖြစ် လေထဲမှာ ပျော်ပျော်ကြီးလွင့်မျောသွားသည်။

သားသမီးတွေက သူတို့လို မိဘတွေကို တမင်လှည့်စားပြီး တစ်ပတ်ရိုက်နေခြင်းဟု ဘယ်သူမှလည်း မတွေးမိသလို စဉ်းစားမိခြင်းမရှိ။ ကိုယ့်သားသမီးလေးတွေကို ဆင်စီးမြင်းရံတာကိုသာ မြင်လိုတွေ့လိုသော မိဘမေတ္တာနှင့် ဆန့်ကျင်ဘက်။ အကြံသမားနှစ်ယောက်ဖြစ်သော နေဗလနှင့် ဖူးအိကလည်း သူတို့နှစ်ယောက်စလုံး လူကြီးတွေ ယုံကြည်စိတ်ချလာသည်အထိ အယုံသွင်းလာနိုင်ခြင်းအပေါ်မှာ ကျိတ်ပြီး ပီတိတွေဖြစ်နေသည်။

အခုဆိုလျှင် သူတို့နှစ်ယောက်သား အတူရှိနေလို့ကတော့ နှစ်ဘက်မိဘတွေက ဘယ်ကိုပဲသွားသွား စိတ်ချယုံကြည်မှုအပြည့်နှင့် ဘာတစ်ခုမှ စစ်ဆေးမေးမြန်းခြင်းမပြု။ ဒါကို အခွင့်ကောင်းယူပြီး နေဗလနှင့် ဖူးအိတို့ကလည်း အပြတ်ကဲဖို့ ကြံစည်အားထုတ်နေကြသည်။

အထူးသဖြင့် နေဗလက အခုချိန်ထိ တော်ဝင့်ဆီက ချစ်မေတ္တာယန်းကို ပိုင်ပိုင်ကြီး ရယူဆွတ်လှမ်းနိုင်ခြင်းမရှိသည့်အတွက် သူ့ရင်ထဲမှာ ပူနေသည်။

"ဖူးအိ"

"ဟင်"

"နင်ပဲ ငါ့ကို ကူညီမယ်ဆို"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှ မသိချင်ဟန်ဆောင်နေပြန်ပါပြီ၊ ငါ့ကိစ္စပါဆိုမှ တော့ ဘာရှိဦးမှာလဲ၊ ငါနဲ့တော်ဝင်ကိစ္စပဲပေါ့"

"ဖူးအိမှာ အကြံရှိပါတယ်"

"ဘာအကြံလဲ"

"သိချင်ရင် စောင့်ကြည့်လေ"

ဖူးအိမျက်နှာလှလှလေးက ပြုံးစိစိနဲ့ နေဗလအသည်းထဲမှာ ဖူးအိအကြံကို သိလိုစိတ်နှင့် ယားကျိကျိဖြစ်နေ၏။

"အေးပါ သူများအလှည့်တော့ နင် ပြုံးထားဦးပေါ့ ဖူးအိ ရာ၊ နင့်အလှည့်ကြမှ ကျွန်မမှားပါပြီ ဘာညာသရကာတွေ လာလုပ် ပြမနေနဲ့၊ လုံးဝမသနားဘူးနော် ဒါပဲ"

"အေးပါ အေးပါ၊ အလှည့်ကျ မနွဲ့ကြစတမ်းပေါ့ ဟုတ်လား"

"ဟော ဟိုမှာ တော်ဝင်လာနေပြီ၊ နင့်ကိုယ်ကြီးကို တော် ဝင်မမြင်အောင် တခြားနေရာမှာ သွားပုန်း နေဗလ"

"ငါရှိနေတော့ ဘာဖြစ်လို့လဲ"

"အံမယ် အကြောင်းမသိတာကျနေတာပဲ၊ နင့်မျက်နှာကြီး ကို တခြားကောင်မလေးတွေသာ ကြိုက်ချင်ကြိုက်မယ်၊ တော်ဝင် ကတော့ နီးပဲဆိုတာ မသိဘူးမှတ်နေလား"

"နင်ပြောမှပဲ ငါ့အဖြစ်က အဲဒီလောက် သနားစရာ ကောင်းနေမှန်း သိတော့တယ် ဖူးအိရယ်"

"ကဲ စကားများမနေပါနဲ့၊ သွားပါတော့ဆို"





"သွားပြီ သွားပြီ"

နေဗလက ဖူးအိနားက အသာလစ်ထွက်သွားပေမယ့် တော်ဝင်ကိုကြည့်ပြီး ဖူးအိကိုယ်တိုင် ရုတ်တရက် ဘာလုပ်ရမှန်း မသိ။ ပန်းရဂုံကို တော်ဝင်တို့သားအဖရောက်လာထဲက ဖူးအိက နည်းနည်းမှ ကြည့်မရသူဖြစ်နေရသည့်အထဲ တော်ဝင့်ကို အမျိုးမျိုး စောင်းချိတ်အပြောဆုံးကလည်း သူမဆိုတော့ ဒီအတိုင်း ဝင်ရောဖို့ ကြတော့လည်း ခက်နေသည်။

တော်ဝင်ကိုယ်တိုင်လည်း မိုးတိမ်နှင့်ဖူးအိတို့အကြောင်း သိထားပေမယ့် နှုတ်မဖွာ။ သူနှင့် မဆိုင်သည့်ကိစ္စအဖြစ် စိတ်လည်း ဝင်စားခြင်းမပြု။

မနေ့ညကတော့ မိုးတိမ်ဆိုသည့် မောင့်ဆီက ဖုန်းလာ သည်။ ဖူးအိရင်ထဲမှာ ပျော်လိုက်သည်မှာ ပြောစရာမရှိ။ မောင်က ဖူးအိကို ဖုန်းထဲမှ ဘယ်လောက်လွမ်းကြောင်း၊ သတိရတမ်းတနေ ကြောင်း၊ အလုပ်တွေများလွန်း၍ ဖုန်းအဆက်အသွယ် မရသည့် နေရာမှရောက်နေသဖြင့် ဘာတစ်ခုမှ အဆက်အသွယ် မလုပ်နိုင် ကြောင်း စကားတွေအများကြီးပြောနေတော့ ဖူးအိမှာ သူ အခွဲ ကောင်းတာနှင့် တစ်ယောက်တည်း မျက်ရည်တွေ ကျိတ်ကျခဲ့ရ သည်။

မိန်းမသားဆိုတာ အသည်းကနုနုလေး။ ယုံအောင်ပြောရင် ယုံသည်။ သနားအောင်ပြောရင် သနားသည်။ ဒါကိုသိ၍လည်း ယောကျ်ားတွေက မိန်းမတွေကို လျှာရိုးမရှိတိုင်း လျှောက်ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



လိမ်ကြညာကြတာဖြစ်မည်။

ဖူးအိကိုယ်တိုင်လည်း မောင့်ဘာသာ ဖူးအိအပြောခံရမှာစိုး၍ လိမ်၍ပဲပြောပြော၊ ညာ၍ပဲဆိုဆို၊ ချစ်မိတော့ ချစ်သူအပေါ် ဘာတစ်ခုမှ အပြစ်မမြင်။ အချစ်တွေ ဝင်နေတော့ ခေါင်းသာ တွင်တွင်ညိတ်နေမိ၏။ နောက်ဆုံးအဖြေက ဒီနေ့ ရန်ကုန်ကို မောင် ရောက်လာမည်။ ဖူးအိနှင့် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ဆုံချင်၍ ပန်းရဂုံလို အနေရကြပ်သည့်နေရာကို မလာတော့ဘဲ တည်းခိုခန်းတစ်ခုမှာ တည်းမည်ဟု ဆိုပါသည်။ ဖူးအိကလည်း မောင့်သဘောဟုပြောပြီး သူတည်းခိုမည့်နေရာကို မှတ်သားကာ ဖုန်းချလိုက်သည်။

မိုးတိမ်ချိန်းဆိုသည့်နေရာကို ဖူးအိတစ်ယောက်တည်းသွားဖို့ မဖြစ်။ အနားမှာ နေဗလနဲ့အတူရှိနေမှ ဖူးအိ ဘယ်ကိုသွားသွား ဘာပဲလုပ်လုပ် စိတ်ချယုံကြည်ကြသလို နေဗလနားမှာ ဖူးအိရှိနေမှလည်း နေဗလမာမီကလည်း သဘောကျမည်။

ဖူးအိက မိုးတိမ်နှင့်တွေ့ပြီး တစ်လောကလုံးမေ့နေချိန်မှာ နေဗလနားမှာ တော်ဝင်ရှိနေမှဖြစ်မည်။ ဒီနေ့ နေဗလရော ဖူးအိပါ အဆင်ပြေအောင် တော်ဝင်ကို သူတို့နှင့် အပါခေါ်နိုင်မှဖြစ်မည်။

ရည်းစားတစ်ယောက် ကောက်ရမိ၍ အခုမှခက်သည်။ ဖူးအိဘဝမှာ တစ်ခါမှမလုပ်ဖူးသည့် အလုပ်တွေ လုပ်ရတော့မည်ဆိုတော့ တော်ဝင်အပေါ်မှာ ဆိုးခဲ့တာ ပြန်သတိရပြီး နည်းနည်းတော့ မျက်နှာပူသည်။ သို့ပေမယ့် မတတ်နိုင်။





ကိုယ့်အကျိုး အောင်မြင်ဖို့အတွက် တော်ဝင်ကို အသုံးချစရာရှိတာမို့ အရင်ကိစ္စတွေမေ့ထားပြီး ခပ်တည်တည်မျက်နှာဖြင့် တော်ဝင်ရှေ့ ရောက်ခဲ့သည်။

"တော်ဝင်"

"ဖူးအိပါလား"

ရုတ်တရက်ကြီး တော်ဝင်ရှေ့ကို ရောက်လာသည့် ဖူးအိကြောင့် တော်ဝင် အံ့သြသွားသည်။ မိုးတိမ်မေ့ကျန်ခဲ့သည့် ဒိုင်ယာရီစာအုပ်လေး လာယူသွားပြီးထဲက တော်ဝင်ရှိရာသို့ ဖူးအိ ရောက်လာခြင်းမရှိတော့ပါ။

ပန်းရဂုံမှာ မဖြစ်မနေ ဆုံကြရင်လည်း ဖူးအိပုံက အရင်တုန်းကလောက် တော်ဝင့်အပေါ်မှာ ဆိုးဆိုးရွားရွားကြီး ပြုမူဆက်ဆံခြင်းမပြုတော့သော်လည်း သူမဘာသာပဲနေသည်။ အရောတဝင် ဆက်ဆံခြင်းမပြု။

တော်ဝင်ကိုယ်တိုင်ကလည်း ဖူးအိ သူမကို အရောတဝင် ဆက်ဆံလာလိမ့်မည်ဟု မျှော်လင့်ထားခြင်းမရှိ။ နေဗလဆိုသည့်လူ ပန်းရဂုံမှာ အခုတလော အဝင်အထွက်စိပ်နေတာကို တွေ့မြင်ပြီး နောက် အတတ်နိုင်ဆုံး ထိုလူနှင့်ဝေးအောင် ကင်းအောင်နေသည်။

ဒါကလည်း အကြောင်းကရှိသည်။ နေဗလဆိုသည့်လူနှင့် ဖူးအိတို့ကို မကြာခင် လူကြီးချင်း လက်ထပ်ပေးစားတော့မည်ဆိုသည့် သတင်းက ပန်းရဂုံမှာ စိတ်အဝင်စားဆုံး သတင်းဖြစ်နေသည်။ လူကြီးတွေ သဘောတူသလို လူငယ်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ကိစ္စကို ဘယ်သူမှမငြင်း။ ကြားရသည့်မင်္ဂလာသတင်းက ပျော်စရာ။

နှစ်ဘက်လူကြီးတွေရော၊ လူငယ်တွေပါ မကြာခင်မှာ ကျင်းပတော့မည့် မင်္ဂလာပွဲအတွက် အလုပ်ရှုပ်နေခိုက်မှာ ဘာကြောင့် ဖူးအိတစ်ယောက်တည်း တော်ဝင်ရှိရာကို ရောက်လာရသနည်း။

"တို့နဲ့ ခဏလောက်လိုက်ခဲ့ပေးပါလား တော်ဝင်၊ အရေးကြီးတဲ့ကိစ္စလေးရှိလို့ပါ၊ အဝေးကြီး မသွားရပါဘူး၊ ဒီနားလေးတင်ပါ"

ထူးထူးခြားခြား ဖူးအိက တော်ဝင်ကို အကူအညီတောင်းနေတာမို့ ဖူးအိမျက်နှာကို ထူးဆန်းစွာကြည့်နေမိသည်။ ဒါကို ဖူးအိကလည်း ရိပ်မိသည်။

"ဖူးအိသူငယ်ချင်းတွေ ဒီနေ့ ကျောင်းမလာလို့ပါ၊ တော်ဝင်မလိုက်ချင်လည်း ရတယ်လေ၊ နေခဲ့ပါ"

"ရပါတယ်၊ ဒီလောက်တော့ တော်ဝင် ကူညီနိုင်ပါတယ်"

ဖူးအိခေါ်ရာသို့ တော်ဝင် ရှောရှောရှူရှူ လိုက်လာတာမို့ ရင်ထဲက အလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။ အသင့်ရပ်ထားသည့် ကားနားရောက်တော့ ဖူးအိက တော်ဝင်တက်ဖို့ ကားတံခါးကို သူမကိုယ်တိုင်ဖွင့်ပေးသည်။

ဖူးအိနှင့်တော်ဝင်တို့ အခြေအနေကို စောင့်ကြည့်နေသော





နေဗလက ကားမောင်းသူနေရာမှာ ကျောခိုင်းအနေအထားဖြင့် ကြို တင်ရောက်နေသည့်အဖြစ်ကို တော်ဝင် မသိရှာ။ ဖူးအိ ကားပေါ် ရောက်တော့ ကားဒရိုင်ဘာကို သူမ သွားမည့်နေရာကို ပြောသံ ကြားလိုက်သည်။

ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေသလို တော်ဝင့် စိတ်မှာလည်း အနားမှာ အတူရှိနေသော ဖူးအိစိတ်ကို နားမလည်နိုင် အောင် ဖြစ်နေ၏။ မိုးတိမ်ပြောတော့ ဖူးအိက သူ့ကို သိပ်ချစ်သည် တဲ့။ မိုးတိမ်ကို သိပ်ချစ်သည့် ချစ်သူက မိဘချင်းသဘောတူသည့် နေဗလဆိုသည့်လူနှင့် လက်ထပ်ဖို့ သဘောတူပြီးကြလေပြီ။

ဒါကို မိုးတိမ်ဆိုသည့် တောသားက ဘာမှမသိ။ တော်ဝင် ကို စွတ်ရွတ်ပြီး ကြွားလုံးတွေထုတ်ပြနေသည်။ မြို့ကြီးသူ မြို့ကြီး သားတွေ အချစ်က ဘယ်လောက်ကြောက်စရာကောင်းသည်ဆိုတာ ကို မိုးတိမ်မသိ။

နေဗလဆိုသည့်လူရော ဖူးအိကိုရော တော်ဝင်စိတ်ထဲမှာ အံ့ဩနေမိသည်။ သူတို့မို့ မျက်နှာပြောင်တိုက်နိုင်ရက်ကြပေသည်။ ဒါမှမဟုတ် သူတို့ဝန်းကျင် အသိုင်းအဝိုင်း၏ ယဉ်ကျေးမှုပေလား မသိ။ အလိုရှိနေလျှင် ပုံစံကတစ်မျိုး။ အသုံးမလိုတော့သည့် အချိန် မှာ ဆက်ဆံကြပုံတွေကလည်း ကြောက်စရာ။

တော်ဝင့်အချစ်ကိုမှမရရင် သေရပါတော့မယ်ဆိုတဲ့ နေဗလလိုလူနဲ့ မိုးတိမ်ကို သိပ်ချစ်လှပါချည်ရဲ့ဟု အမူပိုအချွဲပိုခဲ့ လေသော ဖူးအိ။ တော်ဝင်ရှေ့မှာ ကဲပြသည်းပြနေလိုက်ကြပုံက



www.burmeseclassic.com

www.burmeseclassic.com



သူတို့မဟုတ်သည့်အတိုင်းပါလား။

ယိုသူမရှက်ပေမယ့် မြင်သူကရှက်ရှက်နှင့် နေဗလကိုရော ဖူးအိကိုပါ မကြည့်မိအောင် မျက်နှာလွှဲနေခဲ့ရပေမယ့် ရင်ထဲ ဘယ်နေရာဆီကမှန်းမသိ နာကျင်နေမိသည်။

"တော်ဝင်"

"ဟင်"

"ဖူးအိကို အထင်မလွဲပါနဲ့နော်၊ ဖူးအိတကယ်ချစ်တာ မိုးတိမ်တစ်ယောက်တည်းပါ"

"ဪ"

ကားပေါ်မှာ ဖူးအိပြောသည့်စကားကို လက်ခံခြင်းမရှိသလို ငြင်းပယ်ခြင်းလည်းမပြုဘဲ တော်ဝင့်ဘက်က တည်ငြိမ်စွာ တုံ့ပြန်လိုက်သည်။ ဘာအဓိပ္ပာယ်နှင့် ဖူးအိက တော်ဝင်ကို ထိုစကားတွေ ဆိုနေခြင်းကိုက တော်ဝင် မသိသလို နားလည်းမလည်နိုင်။

"ရှေ့နားမှာ ရပ်လိုက်တော့ ကားဆရာ"

"ကျိုး"

ဖူးအိ ကားပေါ်က မဆင်းခင် လူအုပ်ကြားထဲမှာ မောင့်အသွင်ကို ထင်းခနဲ ရှင်းခနဲ လှမ်းမြင်လိုက်ရတာမို့ ရင်ခုန်သံတွေ ဆူညံသွားသည်။

"ကားထဲမှာပဲ နေခဲ့နော် တော်ဝင်"

"ဖူးအိ နေဦးလေ"

"နေဗလ မောင်းတော့လေ"





"ဟင်"

"ဪ…ဝရော"

နေဗလဆိုသည့် အမည်ကိုကြားမှ ကားမောင်းသူနေရာကို လှမ်းအကြည့် ကားက နေရာမှ ဝေါခနဲ ပြေးထွက်သွားပြီမို့ တော်ဝင်မှာ သူမ ထင်မြင်ယူဆထားသလို ဖူးအိနောက်ကို လိုက်ပါသွားခွင့်ရောဘဲ နေဗလ ကားမောင်းခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့ရလေပြီ။

နှစ်ယောက်ပေါင်းပြီး ဘာတွေဘယ်လို ကြံစည်နေကြသည်မသိ။ ဖူးအိ ခပ်တည်တည်လုပ်သွားပုံကိုသာ တော်ဝင်ရင်ထဲ အခံရခက်ခက် ကျန်ရစ်သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"လွှမ်းလိုက်ရတာ တော်ဝင်ရယ်"

"အပိုတွေ ပြောမနေပါနဲ့ရှင်၊ ရှင်တို့နှစ်ယောက် ဘာတွေ တိုင်ပင်ပြီး ဘာတွေလျှောက်လုပ်နေကြတာလဲ"

"ငှတော်ဝင့်ကိုချစ်လို့"

"မဆိုင်တာတွေ မပြောပါနဲ့ရှင်၊ မေးတာကိုပဲ ဖြေပါ"

နေဗလ အူမြူးနေသလောက် တော်ဝင် စိတ်ညစ်နေသည်။ ဖူးအိလုပ်ပုံကိုလည်း စိတ်အနှောင့်အယှက်ဖြစ်ရသလို နေဗ လူလည်ကျခံရတာကိုလည်း စိတ်ဆိုးနေမိပေမယ့် ကြားထဲ ဘုမသိဘမသိ လိုက်လာမိသော ကိုယ့်ကိုယ်ကိုလည်း အပြစ်တင် မိ၏။

"မေးတာကိုပဲ ဖြေရမယ်ဆိုရင် ဖူးအိကလည်း သူ့ချစ် ကို ချစ်တယ်၊ ကိုယ်ကလည်း တော်ဝင်ကလွဲပြီး တခြားဘယ်သူ့ မှ မချစ်နိုင်ဘူး၊ ဒါနဲ့ပဲ မိဘတွေအလိုကျ သူတို့ရှေ့မှာ သားလို





သမီးလိုမှာလေးတွေလုပ်ပြီး သူတို့လည်းကွယ်ရာ အခုလို ဆိုင်ရာ ဆိုင်ရာ ကိုယ့်ချစ်သူနဲ့ကိုယ် လစ်ကြတာလေ၊ မကောင်းဘူးလား"

"ဟင်"

"အခုချိန်လောက်ဆို ဖူးအိလည်း သူ့ချစ်သူနဲ့ ပျော်နေ လောက်ပြီ၊ ကိုယ်ကရော တော်ဝင်နဲ့ ပတ်သက်ပြီး ဘယ်တော့ ပျော်ရမှာလဲ"

"ဘယ်တော့မှ မပျော်ရဘူး"

"ရက်စက်လှချည်လား"

"တော်ဝင် ပြန်တော့မယ်"

"သတ္တိရှိရင် ပြန်ကြည့်လေ"

တော်ဝင်ကို ရုပ်ရှင်ထဲက လူဆိုးတစ်ယောက်ပုံစံနဲ့ မျက်လုံး ကို မှေးစင်းပြီး မထီတရီ ကြည့်နေပုံက မုန်းစရာ။ နေဗလဆိုသည့် လူကို မကြောက်ပေမယ့် သူ့ဆီက ခြိမ်းခြောက်စကားကို ကြောက်ရ တာနှင့် သူ့နားက လှမ်းထွက်မည့် သူမခြေလှမ်းလေး တန့်သွား၏။

"ရှင်တို့ ဘယ်လိုလူတွေလဲဟင်၊ လူကြီးတွေရှေ့မှာ ဟန်ဆောင်ပြီး လူကြီးတွေကွယ်ရာမှာ အခုလိုလုပ်တာ ကောင်းတယ် များထင်နေလား"

"ရှင်တို့လို လူကြီးမိဘတွေကို အရူးလုပ်ပြီး လိမ်ညာ သည့်ဖြားနေတဲ့ သူတွေထဲမှာ တော်ဝင် မပါဘူးရှင့် သိလား"

"ချစ်ရင်ချစ်တယ်၊ မုန်းရင်မုန်းတယ် အားလုံးကို အမှန် အတိုင်း မိဘတွေကို အသိပေးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ဝင် ဖေဖေ့ကို အခု တော်ဝင်ပြောသလိုကို သွား ပြောလိုက်ရမလား"

"ဘာ"

"ဟုတ်တယ်လေ ကို့ကို တော်ဝင်က လူလိမ်လူညာလို့ ပြောနေတာမဟုတ်လား"

"တော်ဝင်ရေ့မှာ ဘာတစ်ခုမှ မလိမ်မညာဘဲ အန်ကယ့် သမီးတော်ဝင်ကို ကျွန်တော် မြတ်မြတ်နိုးနိုး ချစ်နေပါပြီ၊ လက်ထပ် ပါရစေ၊ လက်ထပ်ခွင့်ပြုပေးပါခင်ဗျာလို့ သွားပြောရင် ကို့ကို တော်ဝင့်ဖေဖေက လက်ခံသဘောကျမယ်ထင်လား"

"ရှင့်ကိစ္စက ဖေဖေနဲ့ဘာမှမဆိုင်ဘူးရှင့်၊ သမီးဖြစ်တဲ့ တော်ဝင်ကိုယ်တိုင်က မဖြစ်နိုင်ပါဘူး၊ မချစ်နိုင်ပါဘူး ပြောနေပြီပဲ"

စိတ်ရှုပ်စွာ တော်ဝင့်မျက်နှာလေး ညိုသွားတော့ နေဗလ က ချစ်စနိုးရယ်သည်။

"တော်ဝင်က မချစ်ပေမယ့် ကိုကချစ်နေတော့ မခက်ဘူး လား၊ ကို့ကို မသနားဘူးလား တော်ဝင်ရယ်၊ တော်ဝင် စိုးရိမ် ကြောက်လန့်နေတဲ့ အဖြစ်မျိုး မဖြစ်စေရပါဘူးလို့ ကို အာမခံ တယ် အချစ်ရယ်"

"ကို့ကိုသာ ချစ်လိုက်စမ်းပါဗျာ"

ဒီလူနှင့်တော့မလွယ်။

တော်ဝင်က သူ့ကိုချစ်ပါတယ်လို့ မပြောမချင်း ဒီလို တော်ဝင်ကို သူဒုက္ခအမျိုးမျိုးပေးနေတော့မည်ထင်သည်။ နေဗလ





ဆိုသည့်လူ၏အချစ်ကို တော်ဝင် မယုံ။ ယုံကြည်နိုင်လောက်စရာ လည်း အကြောင်းကမရှိ။ ရည်းစားမှုလိုပေါက်အောင်ထားပြီးမှ တော်ဝင်လို မိန်းကလေးတစ်ယောက်ကို အသည်းအသန်တွေ လာကြွေပြနေသည်။

နေဗလနှင့်တွေ့သည့် မိန်းကလေးတိုင်းက ရွှေမင်းသား နေဗလက ချစ်ပါရစေဆိုတာနှင့် အားလုံး အဆင်ပြေသွားကြသူတွေ ချည်းဖြစ်ပေမယ့် ထိုမိန်းကလေးတွေထဲမှာ တော်ဝင်မပါ။ ဒါကိုပဲ ရွှေမင်းသားက ခံပြင်းနေသည်လားမသိ။ တော်ဝင်လို မိန်းကလေး တစ်ယောက်ဆီက အချစ်ကို မရရအောင် တောင်းခံပြီးမှ တော်ဝင့် အသည်းကို ခွဲပြီး ရက်စက်စွာ ဟားတိုက်လှောင်ပြောင်ချင်၍ ဤမျှ သည်းကဲပြနေခြင်းများလား။

"တော်ဝင်"

"ရှင့်ကို တော်ဝင် တောင်းပန်ပါတယ်ရှင်၊ ရှင့်ကို မချစ် နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူးဆိုတာ တော်ဝင် ရင်ထဲမှာ ခံစားရတဲ့ အတိုင်းချက်အတိုင်း တော်ဝင် ပြောတာပါ၊ ရှင့်ရဲ့မာနနဲ့ ဂုဏ်သိက္ခာ ကို ထိပါးစော်ကားလိုစိတ် နည်းနည်းမှ မပါပါဘူး"

"တော်ဝင်ပြောနေတာ ဘာတွေလဲ၊ ကို နားမလည်ဘူး"

တော်ဝင်နှင့် နေဗလ တစ်ယောက်မျက်နှာကို တစ်ယောက် စိမ်းစိမ်းနစ် စူးစိုက်ကြည့်လိုက်မိကြသည်။ တစ်ယောက်ရင်ထဲကို တစ်ယောက် ထွင်းဖောက်ကြည့်ရှုခြင်းဟုဆိုရင်လည်း မမှား။

ပြီးမှ တော်ဝင်က တစ်ခွန်းချင်း အေးစက်တည်ငြိမ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပြောလိုက်၏။

"ရှင် တော်ဝင့်အသည်းကို ခွဲချင်လို့မဟုတ်လား နေဗလ"

"ဟာ"

နေဗလရင်မှာ အံ့သြခြင်းတို့ ဖြစ်ထွန်းကာ တော်ဝင့်မျက်နှာလှလှလေးကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်ပစ်လိုက်သည်။ သိပ်လှပြီး ချစ်စရာကောင်းတဲ့ တော်ဝင်လို မိန်းမလှလေးတစ်ယောက်ရဲ့ ဦးခေါင်းလှလှလေးထဲမှာ နေဗလဆိုသည့် သူနဲ့ ပတ်သက်ပြီး ဒီလိုအတွေးမျိုးတွေ ဝင်ရောက်နေရာယူထားပုံကို မယုံကြည်နိုင်စရာ။

"တော်ဝင်"

"ရှင် ဘာမှဖြေရှင်းဖို့ မကြိုးစားပါနဲ့ နေဗလ၊ ရှင့်အချစ်ကို လိုချင်လို့ ရှင့်အနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးတွေနဲ့ မတူဘဲ ရှင့်အချစ်ကို လုံးဝစိတ်မဝင်စားဘူး၊ ရှင့်ကိုလည်း နည်းနည်းမှ ဂရုမစိုက်တဲ့ တော်ဝင်ကို ပညာပေးချင်နေတယ်ဆိုတာ တော်ဝင်သိနေတာကြာပါပြီ"

"ကျွတ် ဘာတွေလျှောက်ပြောနေတာလဲကွာ၊ ကို့ရုပ်က တော်ဝင့်အသည်းကိုခွဲမယ့် ရုပ်မျိုး ပေါက်နေလို့လား"

"ဟောဒီမှာ ကို့မျက်နှာကို သေသေချာချာလည်း ကြည့်ဦး"

"အိုး"





နေဗလ မျက်နှာချောချောက တော်ဝင့်မျက်နှာလှလှလေးနဲ့ ထိလုလု အနားကို ဇွတ်တိုးကပ်လာပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ခိုင်းနေတာမို့ တော်ဝင်မှာ စိတ်ရှုပ်ရှုပ်နှင့် သူ့ရင်ခွင်ထဲ ရောက်လုလုအနေအထားအတိုင်းပင် သူ့မျက်နှာကို မကြည့်ချင်လည်း ကြည့်ဖြစ်နေ၏။

"မြင်လား၊ တွေ့လား တော်ဝင့်အသည်းကို ခွဲဖို့မပြောနဲ့ တော်ဝင်ကြောင့် ကို့အသည်းမကွဲအောင် မနည်းကြိုးစားနေရတဲ့ နေဗလပါ အချစ်ရယ်၊ တော်ဝင်ကသာ ကို့ကိုချစ်တယ်လို့ပြော၊ အခုချက်ချင်း တော်ဝင်နဲ့ကို ရုံးတက်ပြီး လက်ထပ်ကြမယ်"

"ဒါမှ ကိုက တော်ဝင်ကို တကယ်ချစ်တာလား၊ အသည်းခွဲချင်တာလားဆိုတာ သိသွားမယ်"

"ပြော ကို့ကိုချစ်တယ်လို့"

"မဖြစ်နိုင်တာတွေ မပြောနဲ့ရှင်"

"ကိုပြောတာ ဖြစ်နိုင်တာတွေချည်းပဲ၊ တော်ဝင်သာ ကို့ကို မဖြစ်နိုင်တာတွေ တမင်ရွေးပြောနေတာ၊ ကြာပါတယ်ကွာ ဒီလောက်တောင်ဖြစ်လှတာ တစ်လောကလုံးကြားအောင် တော်ဝင်ကို ကျွန်တော် နေဗလ သိပ်ချစ်နေပါပြီဗျို့လို့ အကျယ်ကြီး အော်ပစ်လိုက်တာပဲ ကောင်းတယ်"

"ရှင်နော် တော်ဝင်တို့ကို လူတွေဝိုင်းကြည့်အောင် မလုပ်နဲ့နော်လား၊ ရှင်မရှက်ပေမယ့် တော်ဝင် ရှက်တယ်"

တော်ဝင်ဆိုတဲ့ မိန်းမချောလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



နေဗလ ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ရယ်တော့ တော်ဝင်က သူ့ကို မကြည်သလိုလေး ကြည့်ကာ မျက်စောင်းဒိုင်းခနဲလှမ်းထိုးပါသည်။

မိန်းကလေးပေါင်းများစွာကို ကျအောင်ပြောတတ်သည့် ကြွေအောင်ခြွေတတ်သူအဖြစ် ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့မိသမျှ အခုတော့ အလကားဖြစ်နေကြောင်း ကိုယ့်ကိုယ်ကိုတွေးပြီး ပြုံးနေမိခြင်းဖြစ်သည်။

တော်ဝင်နှမက ဘယ်မိန်းကလေးနှင့်မျှမတူ။ မူနေတာလည်းမဟုတ်။ နေဗလဆိုသည့် မောင်ကို ဘယ်လိုအကြောင်းကြောင်းကောင်ပါလိမ့်ဆိုသော အကြည့်ဖြင့် စိတ်ရှုပ်စွာ ကားထောင့်မှာကပ်ထိုင်လျက် ခပ်မှုန်မှုန်ကြည့်နေပုံက သူ့အတွက် ချစ်စရာ မြတ်နိုးစရာချည်းဖြစ်ပေမယ့် သူမအတွက်တော့ နေဗလဆိုတာ စိတ်ရှုပ်စရာသတ္တဝါထက် ပိုပုံမရပါ။

"တော်ဝင်က သိပ်ဆိုးတာပဲဗျာ"

"စကားကို ပြောင်းပြန်မပြောနဲ့ရှင့်၊ ရှင်တို့နှစ်ယောက်လုပ်မှုကမှ ဘယ်လောက်ဆိုးသလဲဆိုတာ ပြန်စဉ်းစားကြည့်ဦး"

တော်ဝင်နှင့်အပြိုင် သူဘာမှ ပြန်မပြောနိုင်ဖြစ်ကာ စိတ်ညစ်နေချိန်မှာ ဖူးအိနှင့် မိုးတိမ်တို့ ချစ်သူနှစ်ယောက်မှာလည်း တစ်လတာလေး ဝေးရတာကို ကိန္နရီချောင်းခြား အလွမ်းဖောက်ခင်းနေကြသည်။

"မငိုပါနဲ့ အချစ်ရယ်၊ မောင်လည်း ချစ်ကို တကယ်





လွမ်းတာပါဗျာ"

"မယုံဘူး၊ မယုံဘူး၊ အခုမှ အပိုတွေလာချွဲနေတာ၊ ဖူးအိချည်း မောင့်ဆီကို မိန်းကလေးတန်မဲ့ ဖုန်းဆက်နေရတာ၊ မောင်က ဖူးအိကို သတိတောင်ရလို့လား"

"ဖူး မောင့်အချစ်ရယ်"

ချစ်သူရဲ့ အချစ်မျက်ရည်၊ အလွမ်းမျက်ရည်တွေက မိုးတိမ်အသည်းနှလုံးတွေကို အရည်ပျော်သွားစေခဲ့ရပါပြီ။ လွမ်းခဲ့ရသမျှ အလွမ်းတွေကို အနမ်းနှင့် အတိုးချ ဖြေသိမ့်ပေမယ့် ဖူးအိကတော့ မိုးတိမ်ကိုယ်ကြီးကို လက်သီးဆုပ်နှင့် ထုရိုက်ရင်း ချစ်သူ နေစိမ့်သမျှကို ပြစ်တင်စကားဆိုပါသည်။

"ဖူးအိ"

"ဟင်"

"ဒီည ပန်းရဂုံမှာ မောင်လိုက်အိပ်မယ်"

"အိပ်ပေါ့"

"ညကျရင် ခြံထဲကို ဖူးအိ ဆင်းလာရမှာနော်"

"လာပါဘူး"

"ဖူးမလာရင် ဖူးဆီကို မောင် အရောက်လာခဲ့မှာပေါ့ဗျာ"

"အာ…အဲဒါတော့ မလုပ်နဲ့၊ မာမိတို့သိရင် ဖူးအိကို သတ်မှာသိလား၊ အခုတောင် အိမ်က ဖူးအိကို ယောကျ်ားပေးစားဖို့ လုပ်နေတာ သိလား"

"တကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့၊ ဒီကိစ္စက ညာပြောရမယ့်ကိစ္စလား၊ ဖူးအိကို နေဗလနဲ့ လက်ထပ်ပေးဖို့ နှစ်ဘက်လူကြီးမိဘတွေ သဘောတူထားကြတယ်"

"ဟင်"

နေဗလဆိုတော့ မိုးတိမ် ပျာသွားသည်။

နေဗလကို မိုးတိမ် သိသည်။ မိန်းမကြိုက်တဲ့ အရည်အချင်းတွေ ဒီကောင့်မှာ အပြည့်ရှိသည်။ ပြီးတော့ ဖူးအိနှင့် နေဗလဆိုတာ တပူးပူးတတွဲတွဲ အနေရင်းနှီးကြသူတွေ။

မိဘချင်း သဘောတူသည်အထိ ဖြစ်သွားပြီဆိုတော့ ဖူးအိတို့ လူငယ်တွေ အခြေအနေက ဘယ်ခရီးရောက်နေကြပြီမသိ။

"နေဗလနဲ့မင်းနဲ့ ကြိုက်နေကြပြီလား"

"ဘာ"

မိုးတိမ်၏မျက်နှာက ပြုံတော့မည့်မိုးနှယ် ပြာညို့နေသလို ဖူးအိ ကိုယ်လေးကို တင်းကြပ်စွာ ပွေ့ဖက်ထားသည့် လက်အစုံကလည်း ပြေလျော့သွား၏။

"ရှင် ဖူးအိကို စောစောက ဘယ်လိုပြောလိုက်တယ်"

"ကျုပ်ပြောတာ မဟုတ်ပါဘူး၊ မင်းကောင်နဲ့ မင်းကို လူကြီးမိဘတွေကပါ သဘောတူလာအောင် ဖြစ်ရတာ ဘယ်သူ့ကြောင့်လို့ မင်းထင်လဲ"

"ဟင်"

"ကျုပ်မှာတော့ ရည်းစားဦးဆိုတော့ ရူးတော့မတတ်





ခံစားလိုက်ရတာ၊ မင်းကို လွမ်းလွန်းလို့ သတိရလွန်းလို့ ယောကျ်ားတန်မဲ့ တစ်ယောက်တည်း ကိုယ်တိုပြီး မျက်ရည်ကျခဲ့မိသမျှ အခုတော့ အလကား ရယ်စရာတွေဖြစ်ကုန်ပြီ"

"ဒီမယ် ကျုပ်က တောသား၊ ချစ်ရင်ချစ်တယ်၊ မုန်းရင်မုန်းတယ်၊ ရင်ထဲရှိတဲ့အတိုင်းပဲ ပြောတတ်တယ်၊ ကျုပ်အချစ်ကို မြို့ကြီးသူပီပီ လှည့်ဖြားဖို့ မကြိုးစားနဲ့"

"ထင်တော့ထင်သားပဲ၊ အစထဲက မင်းနဲ့ဟိုကောင်ကို နည်းနည်းမှ မသင်္ကာခဲ့သမျှ အခုမှ ဘူးပေါ်သလိုပေါ်တာပဲ"

ရင်နာသံ၊ မချိတင်ကဲ အမူအရာကြီးနှင့် သူစိတ်ထင်ရာ အမျှင်မပြတ် တရစပ်ပြောဆို စွပ်စွဲနေသမျှ ဘာတစ်ခုမှ ဖြေရှင်းခွင့်မရ၊ ဝင်ပြောခွင့်မရဖြစ်နေသော ဖူးအိမှာ သူမကို မင်းနဲ့ကျုပ်ပြောပြီး ရက်ရက်စက်စက် အသည်းခွဲဖို့ကြိုးစားနေသော ချစ်သူမျက်နှာကို အံလေးကျိတ်ပြီး နင့်နင့်သည်းသည်း စူးစိုက်ကြည့်ပစ်လိုက်၏။

"ရှင်ပြောလို့ ကျေနပ်ပြီလား၊ ပြောစရာရော ကျန်သေးရဲ့လားဟင်၊ ဖူးအိကို ရှင့်စိတ်ထဲ ဘယ်လိုထင်နေလဲ"

ပြောရင်း ဝမ်းနည်းလာကာ အသံတွေပါ တုန်လာသည်။ မိုးတိမ်က ဖူးအိကို သူပြောချင်ရာပြောပြီး ကျောခိုင်းထားသည့်ပုံကို တ ဘယ်လောက် အခံရခက်စေသည်ကိုက တွေးကြည့်ရန်ပင်မလို။

ဖူးအိကို အမြတ်နိုးဆုံးပါ၊ အချစ်ဆုံးပါ၊ အချစ်ဦးပါလို့ မပြတ်တမ်းတမ်းတတ တစ်ချိန်လုံး ပြောလာသည့်လူက ဖူးအိ မျက်နှာကိုပါ မကြည့်ချင်အောင် ဖြစ်သွားသည်ဆိုတော့ ဖူးအိမှ



www.burmeseclassic.com

www.burmeseclassic.com



မခံစားရလျှင် မည်သူခံစားရမည်နည်း။

"နေဗလလိုလူနဲ့ အစောကြီးထဲက ကြိုက်နေလို့ကတော့ ဖူးအိဆိုတဲ့ ကျွန်မက ရှင့်လိုတောသားကို လူကြီးမိဘတွေမသိအောင် မမြင်အောင် အခုလိုကျိတ်ပြီး ခိုးတွေ့နေစရာမလိုဘူးရှင့် သိရဲ့လား"

"နေဗလနဲ့ကျွန်မ ဘာမှမဆိုင်ဘူး"

"မဆိုင်ရင် မင်းအခု မောင်နဲ့လက်ထပ်ရဲလား"

"ဟင်"

ဖူးအိ လန့်သွားသည်။

ဒီလိုကြီးတော့ မဖြစ်ပါ။ မာမီတို့ကို ဖူးအိ ကြောက်သည်။ ပြီးတော့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ဖူးအိကို ပြောကြမည့်စကားသံတွေ။ တော်ဝင့်အဖေ ဦးချစ်ငြိမ်းတုန်းကလည်း ချစ်သူမိန်းကလေးကြောင့် ဘဝပျက်၊ အလုပ်ပျက်၊ စည်းစိမ်ပျက်ခဲ့ရပြီးပြီ။

တော်ဝင်တို့သားအဖကို ဖူးအိ ဘယ်တုန်းကမှ အထင်မကြီးသလို ကြည့်ရှုခဲ့တာလည်းမဟုတ်။ အခု မောင့်ကို လက်ထပ်လိုက်မည်ဆိုလျှင် ဖူးအိဆိုတာ ပန်းရဂုံရဲ့ ဒုတိယ ဦးချမ်းငြိမ်းဖြစ်ရမည်။ ပြီးတော့ ဖူးအိရဲ့မျိုးဆက် ရင်သွေးလေးတွေခမျာလည်း တော်ဝင်လို...။

"အို"

"မဖြစ်ဘူး...မဖြစ်ဘူး"

မိဘတွေသဘောတူ ကြည်ဖြူလက်ခံလာနိုင်အောင်





ကြိုးစားပြီးမှ မောင့်ကို ဖူးအိ လက်ထပ်မည်။ ဒီလိုမှမဟုတ်လျှင်။ အတွေးဖြင့် တော်ဝင်တို့သားအဖမျက်နှာကို မြင်ယောင်ပြီး ကိုယ့်အလှည့်ဖြစ်မှာကို ကြောက်နေ၏။

"အဟွန်း...ဟွန်း ဒီလောက်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး မသွားပါနဲ့လေ၊ ကျုပ်ကလည်း မင်းစိတ်ကို သိချင်လို့ တမင်ပြောကြည့်တာပါ"

"တကယ်တော့ ကျုပ်တောင်းဆိုတာကို လိုက်လျောဖို့ မင်းမှာ သတ္တိမရှိဘူးဆိုတာ ကျုပ် သိပါတယ်"

"ကျုပ်သွားမယ်"

"အို"

"မောင် နေဦးလေ"

ဖူးအိ လှမ်းခေါ်ပေမယ့် မိုးတိမ်က နောက်ကို တစ်ချက်ပင်လှည့်မကြည့်။ ခြေလှမ်းကျဲကြီးတွေနှင့် သူမနားက ထွက်ခွာကျောခိုင်းသွားသူ၏ အသည်းမာပုံကိုသာ တွေးရင်း ဖူးအိပါးပြင်ပေါ် မျက်ရည်တွေ အတားအဆီးမဲ့ ကျလာ၏။

သူကတောင် ဖူးအိအပေါ်မှာ ဒီလောက် ရက်ရက်စက်စက် နေနိုင်တာ ဖူးအိက ဘာလို့ မျက်ရည်ကျနေရမည်နည်း။ ခံပြင်းဒေါသလေးတွေနှင့် သူမစိတ်ကို ကြိုးစားတင်းပြီး ချစ်သူနှင့်ဆန့်ကျင်ဘက်သို့ ဦးတည်ခြေလှမ်းခဲ့ပေမယ့် ဖူးအိရင်ထဲက ဝမ်းနည်းခြင်း၊ နာကျင်ကွဲကြေရသော နှလုံးသားအစုံကိုက ဖြေသိမ့်စရာ ဘယ်အရာမှ ရှာမတွေ့ချေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

"ဟင်း"

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ချမိသည့် သက်ပြင်းမောက ကျယ်လောင်စွာပင် ဆိတ်ငြိမ်သောဝန်းကျင်ကို ဖြိုခွင်းလိုက်၏။ ချစ်သူကို ရင်နာနာနှင့် ပြောတွန်းက ပြောခဲ့မိပြီးမှ နောင်တတွေရနေသူက မိုးတိမ်။

နေ့ဗလနှင့်ဆိုထဲက ရင်ထဲမှာ နေဆယ်စင်းအပြိုင် ထွန်းလင်းခံရသလို မခံချိမခံသာ ပူလောင်နေပြီမို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ မိန်းကလေးတစ်ယောက်က ရည်းစားသုံးယောက် အပြိုင်ထားတာမျိုး။ ယောကျ်ားလေးက ရည်းစားမှီလိုပေါက်အောင် ရှုပ်ပွေတာမျိုး ကြားဖူးတာမဆန်းတာမို့ မိုးတိမ်ကိုယ်တိုင်လည်း သူ့ကိုယ်သူ ဖူးအိလက်ထဲက အပျင်းပြေ ဆော့ကစားစရာ အရုပ်တစ်ရုပ်ဖြစ်မှာကို စိုးရိမ်ကြောက်လန့်ခဲ့သည်။

ဖူးအိနှင့် သူတို့နှစ်ယောက်မှာ ကွာခြားမှုတွေ အများကြီးရှိတာ သူသိသလို ဖူးအိလည်းသိသည်။ အခုတော့ ထိုတံတိုင်းကို





ဖြတ်ကျော်ဖို့ မိုးတိမ်ကိုယ်တိုင် ခံနိုင်ရည်ရှိမှ ဖြစ်တော့မည်။

အစထဲက တော်ဝင်က သူ့ကို သတိပေးဖူးသည်။ မိုးတိမ်နားမဝင်ခဲ့။ အခုတော့ တော်ဝင်ပြောသလို ဖူးအိတို့ အသိုင်းအဝိုင်းကြားမှာ မိုးတိမ်တစ်ယောက် နေရင်းထိုင်ရင်း အသည်းကွဲရဦးမည်ထင်သည်။

လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ အခုချိန်ထိ ဖူးအိ၏ အရိပ်အယောင်ပင် မမြင်ရသေး။ သူ့ကို ဖူးအိ စိတ်နာသွားပြီထင်သည်။ ချိန်းထားသည့်အချိန်ထဲက ဇွဲကောင်းကောင်းနှင့် ချစ်သူ့အလာကို စောင့်နေလိုက်သည်မှာ နှစ်နာရီတိုးတော့မှာပါလား။

ချစ်သူကို ဆုံးရှုံးရမှာ တွေးကြောက်ပြီး စိတ်ထဲခံစားရသလောက် မမျိုသိပ်နိုင်ဘဲ အခုမှခက်သည်။ ဖူးအိ သူ့ကိုစိတ်နာပြီး ဆင်းမတွေ့မှတော့ သူပြန်အိပ်ရုံသာရှိတော့သည်။

ပန်းရဂုံကို သူလာမိတာကိုက မိုးတိမ်အမှားဟု ဆိုရတော့မည်။ ပန်းရဂုံကိုမလာဘဲနှင့် အိမ်ကိုလည်း ပြန်မသွားချင်တော့ခက်သည်။ ဦးလေးချမ်းငြိမ်းကတော့ မိုးတိမ် ပန်းရဂုံကို ရိုးရိုးသားသား ရောက်လာသည်ဟု ထင်ပြီး ဝမ်းသာနေပေမယ့် တော်ဝင်ကတော့ သူ ဘာအတွက် ပန်းရဂုံကို ရောက်လာတာကို သိသည်။

"ဟင်း"

သက်ပြင်းရှိုက်လျက် ခြံထောင့်ရှိ ပိတောက်ပင်ကြီးက ခွာမည်အပြု

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ခနဲ လှမ်းမြင်လိုက်ရသည့် ချစ်သူပုံရိပ်လေးကြောင့် မိုးတိမ့်ရင်တွေ တဒိတ်ဒိတ် ခုန်သွားသည်။

"ဖူးအိ"

မရယ်မပြုံး ခပ်တည်တည်မျက်နှာလေးနှင့် သူ့မျက်စိရှေ့ ရောက်လာသော ချစ်သူ့သွင်ပြင်လှလှလေးကို ကြည့်ကာ နေရာက မရွေ့ရ။

စိတ်ကူးယဉ်ပြီး သူ့စိတ်ကို လှည့်စားခြင်းမဟုတ်ဘဲ သူ့ထံ ပွဲ့လွင့်လာသော မွှေးရနံ့ကြောင့် စိတ်လှုပ်ရှားစွာ ဖူးအိကိုယ်လေးကို သူ့ရင်ခွင်ထဲ တအားသိမ်းကျုံးပွေ့ယူပစ်လိုက်သည်။

"ဖူးအိ မောင့်အချစ်ရယ်"

"မောင် သိပ်မှားသွားမိတယ်၊ မောင့်ကို ခွင့်လွှတ်နော်၊ ရတ်တရက် ကြားလိုက်ရတော့ မောင့်အချစ်ကို လက်လွှတ်ဆုံးရှုံး ရမှာ မောင်ကြောက်လို့ပါဗျာ"

"မကြားချင်ဘူး၊ မပြောနဲ့"

"လူကို ရက်ရက်စက်စက် ပြောချင်ရာပြောပြီး ထွက်သွား တာ၊ အဲဒါ အချစ်လား ပြောစမ်းပါဦး"

"ပြောစမ်းပါဦး"

"အီး...အဟင့် ဟင့်"

"ဖူးအိရယ်"

"မောင် တောင်းပန်ပါတယ်၊ မောင့်အမှားကို မောင်သိပါ ပြီ"





"ဖူးအိ မကျေနပ်ရင် မောင့်ကိုရိုက်ပါ၊ ရိုက်လေ"

"ဖူးအိ ကျေနပ်တဲ့အထိ မောင့်ကို အပြစ်ပေးလိုက်စမ်း ပါ အချစ်ရယ်"

မိုးတိမ်က သူ့ရင်ခွင်ထဲမှာ တသိမ့်သိမ့် ရှိုက်ငိုနေသော ချစ်သူလေးကို စိတ်မကောင်းစွာ ငုံ့ကြည့်ရှိုက်နမ်းရင်း ဖြူနုသော ဖူးအိလက်ကလေးတစ်ဖက်ကို ဆွဲယူကာ သူ့မျက်နှာကို ရိုက်နှက် အပြစ်ပေးသော်လည်း ဖူးအိက ငိုရှိုက်ရင်း သူ့မလက်ကလေးကို သူ့လက်ထဲမှ ရုန်းဖယ်ပါသည်။

"ရှင့်အသည်းနှလုံးသားက မာကြောရက်စက်နိုင်ပေမယ့် ဖူးအိ အသည်းနှလုံးက ရှင့်လို မမာကြော မရက်စက်နိုင်ပါဘူး ဦးမိုးတိမ်"

"ဖူးအိဘဝမှာ သူစိမ်းယောကျ်ားတစ်ယောက်အတွက် ဒါပထမဆုံး ကျခဲ့တဲ့မျက်ရည်ပဲ၊ ရှင့်ကို ဖူးအိ မုန်းတယ်သိလား"

ပြောရင်း ဖူးအိပါးပြင်ပေါ် မျက်ရည်ဥကြီးတွေ ပေါက် ပေါက်ကျလာသည်။ ဖူးအိအပေါ်မှာ ဒီလောက် စိမ်းကားရက်စက် နိုင်တဲ့လူကို ဖူးအိ ရင်ထဲ အသည်းထဲက ခါးနေအောင် မုန်းပစ် လိုက်ချင်ပေမယ့် ဖူးအိစိတ်ထဲက ဖြစ်ချင်တိုင်းဖြစ်ခွင့်မရ။

ဖူးအိ အသိတရားကို ဖူးအိနှလုံးသားက ခွင့်မပြု။ ရှိန်းဆို ထားသည့် အချိန်ထဲက ဖူးအိ အိပ်ရာထဲမှာ တလူးလူးတလိမ့်လိမ့် နှင့် အိပ်မပျော်။ ရင်ထဲမှာ နာနေတာက တစ်ဖက်။

ချစ်သူမျက်နှာကို မြင်လိုတွေ့လိုသည်က တစ်ဖက်။



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဆွဲနေသော အတွေးတွေအောက်မှာ အချိန်အတော်ကြာ ဝေခွဲရ ဖြစ်နေခဲ့ပြီးမှ- ဖူးအိနှလုံးသားရဲ့ အလိုဆန္ဒကို မလွန်ဆန်နိုင်ဘဲ ချစ်သူရှိရာသို့ ဖူးအိ ရောက်ခဲ့ရသည်။

ဖူးအိကိုယ်တိုင် မောင့်ကို မုန်းချင်ပေမယ့် မုန်းလို့မရတော့ ဖူးအိကိုယ် ဖူးအိလည်း မကျေနပ်။ မောင့်ကိုလည်း မကျေနပ်။

"မောင်ကိုယ်တိုင်လည်း ဖူးအိရှေ့က ထွက်လာကတည်း က တစ်ချိန်လုံး စိတ်ဆင်းရဲနေခဲ့ရတာပါ၊ နောက်ဆို မောင့်ကြောင့် အချစ် ဘယ်တော့မှ မျက်ရည်မကျရတော့ပါဘူးဗျာ"

"မောင် ကတိပေးပါတယ်"

"ရှင်ဘာပြောပြော ဖူးအိ မယုံဘူး၊ ရှင့်ကို အခုလာတွေ့ တာလည်း နောက်ဆုံးပဲ၊ နောက် ဘယ်တော့မှ ဖူးအိမျက်နှာကို မြင်ရတွေ့ရလိမ့်မယ် မထင်ပါနဲ့"

"ဖူးအိ သွားမယ်"

"ဖူး"

"ဖယ်ပါ၊ ရှင့်ကို ဖူးအိ မုန်းတယ်"

"ဟင့်အင်း မောင်ကတော့ ဖူးအိကိုပဲချစ်တယ်"

ချစ်သူနှစ်ယောက်ကို လေပြေညှင်းက တီးတိုးရယ်မော သွားကြသည်။ ရက်စနိုး ကွယ်ဝှက်သွားသည့် သစ်ရွက်လေးတွေ နှင့်အပြိုင် ဖူးအိလည်း မောင့်ကိုယ်ကြီးကို ထုရိုက်အပြစ်ပေးရင်း တိုးသဲ့စွာ ရှိုက်လိုက်မိသည်။

"နောက်ဆို ဘယ်တော့မှ မောင့်ကိုမုန်းတယ်လို့ မပြောရ





ဘူးနော်ချစ်၊ ဖူးအိရဲ့ အမုန်းကို မောင် မခံစားနိုင်ဘူး"

"မောင့်အချစ်နဲ့လည်း မဝေးရဲဘူး၊ မောင့်အချစ်နဲ့ ပတ်သက်လာရင် မောင့်ရင်ထဲမှာ ဘယ်လောက် တုန်လှုပ်ချောက် ချားနေရ(ဂ)ယ်ဆိုတာ အချစ်သိရဲ့လားဟင်"

"ဖူးအိပြောဖို့လည်း ထားပါဦးရှင်၊ မောင့်ကြောင့် ဖူးအိရင် ထဲ ဘယ်လောက်ခံစားခဲ့ရလဲ"

"ဒါကြောင့် လက်ထပ်ကြစို့လို့ပြောတာ၊ ဖူးအိက လက်ခံ လို့လား"

"မောင် ဖူးအိနဲ့ ခွဲမနေချင်တော့ဘူး"

"ဖူးအိလည်း မောင်နဲ့အတူတူပဲပေါ့"

"ပြောလိုက်ရင်တော့ ဒီလိုချည်းပဲ၊ မောင့်ကို တကယ် ချစ်တယ်ဆိုရင် လက်ထပ်ဖို့ကိစ္စကို သဘောတူပါလား"

ဒီလိုဆိုတော့လည်း မောင့်ကို ဖူးအိ ဘာမှပြန်မပြောနိုင် ဖြစ်သွားသည်။ မာမီ့စိတ်ကို ဖူးအိ သိသည်။ နေဗလကလွဲပြီး တခြားဘယ်သူနဲ့မှ သဘောမတူနိုင်ပါဆိုထဲက မောင့်လိုလူဆိုလျှင် ပိုဆိုးမည်။

"တွေ့လား ဒီစကားပြောလိုက်တာနဲ့ တစ်ခါတည်း ငြိမ်ကျသွားတာပဲ၊ မောင်သိပါတယ်လေ၊ ဖူးအိ မောင့်ကို တကယ် ချစ်တာမဟုတ်ပါဘူး"

"အဲဒီလိုတော့မပြောနဲ့ မောင်၊ ဖူးအိ မကြိုက်ဘူး၊ ဖူးအိ ဘဝမှာ မောင်တစ်ယောက်တည်းကိုပဲ အချစ်ဦး၊ အချစ်ဆုံးဖြစ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ .မောင်သိလား''

''ချစ်တိုင်းလည်း ညားနိုင်ကြတာမှမဟုတ်ဘဲ၊ ဖူးအိလည်း ကြားဖူးနေကျစကားပါ''

''ဟင်''

''မချစ်ပေမယ့်လည်း ဖွတ်နှစ်ပြီး လက်ထပ်လိုက်ရတဲ့လူတွေလည်း အများကြီးပဲ၊ ကဲ ပြော ဖူးအိနဲ့ မောင်က ဘယ်လိုချစ်သူဘဝမျိုးထဲမှာ ပါဝင်ချင်လဲ''

ဖူးအိနဲ့မောင် တစ်ယောက်မျက်နှာကို တစ်ယောက်စိမ်းစိမ်းစူးစူး မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်လိုက်ကြ၏။

အပြောလွယ်ပေမယ့် လက်တွေ့ဘဝမှာ ထင်သလောက်မလွယ်နိုင်မှန်း မောင် သိသလို ဖူးအိလည်း သိပါသည်။

''မေးတာဖြေဦးလေ''

''ပြောစရာလိုသေးလို့လား၊ ကိုယ်ချစ်တဲ့သူနဲ့ပဲ လက်ထပ်ချင်တာ ချစ်သူတိုင်းရဲ့ဆန္ဒပဲ၊ မောင်ကိုယ်တိုင်လည်း ဒီလိုပဲမဟုတ်လား''

''မောင့်ဆန္ဒ ဘယ်လိုဆိုတာ ဖူးအိ အသိဆုံးပါ၊ ဖူးအိကသာ ခေါင်းတစ်ချက်ပဲညိတ်၊ မောင့်ဘက်က အချိန်မရွေး အဆင်သင့်ပဲ''

အသက်ရှူမရအောင် ရင်ထဲမွန်းကြပ်သွား၏။

''လောလောဆယ် မောင်လိုချင်တဲ့အဖြေကို ဖူးအိ မပေးနိုင်သေးဘူး မောင်''





''ဖူးအိအဖြေက ဒါပဲမဟုတ်လား၊ ဒီလိုပြောလိမ့်မယ်ဆိုတာ မောင် ကြိုသိနေပြီးသားပါ''

''ဖူးအိစိတ်ညစ်အောင် မပြောပါနဲ့၊ မောင့်ကို ဖူးအိဘယ်လောက်ချစ်တယ်ဆိုတာ ဖူးအိထက် မောင် ပိုမသိနိုင်ပါဘူးလေ''

''သိစေချင်ရင် သိအောင်ပြောမှပေါ့''

''ဖူးအိပြန်တော့မယ် မောင်၊ တော်ကြာ မာမီတို့နိုးလို့သိသွားရင် မလွယ်ဘူး''

''မပြန်ရသေးပါဘူး''

''ဟင်''

မောင့်မျက်နှာကို အလန့်တကြား မော့ကြည့်တော့ မောင့်မျက်နှာက ခပ်တည်တည်။ ဖူးအိကို မရယ်မပြုံး စူးစိုက်ကြည့်နေပုံက စိမ်းလဲ့တောက်ဖြာလျက် ဖူးအိပါးလေးတွေ နွေးသွားသည်။

''ရောက်လာတာဖြင့် မကြာသေးဘူး၊ ပြန်မယ်ချည်းလုပ်နေတာ ကောင်းလား''

''ဒီမှာကြည့်ပါဦး မောင့်တစ်ကိုယ်လုံး ခြင်ကိုက် မှဲ့ကိုက်ခံပြီး မောင့်ချစ်သူလာတဲ့အချိန်ထိ ဇွဲကောင်းကောင်းနဲ့ စောင့်နေတာဆုလေးလောက်တော့ ပေးသင့်တယ်မဟုတ်ဘူးလား''

''ထင်ပါဘူး၊ အဲဒါ ကိုယ့်အပြစ်ဒဏ်နဲ့ ကိုယ်ခံရတာပဲ''

''မောင့်ကို မသနားဘူးပေါ့''

''ဖူးအိကို မောင်က သနားခဲ့လို့လား''



www.burmeseclassic.com

www.burmeseclassic.com



“တော်တော်အသည်းမာတဲ့ မိန်းမပဲ”

“မောင်နော် လူကိုဘာပြောတာလဲ”

“ဘာပြောလို့လဲ”

“ချစ်တယ်လို့ပြောတာ”

“မောင်”

တိုးတိတ်သော သက်ပြင်းရှိုက်သံလေးက ညလေပြေညင်းနှင့်အတူ မျောလွင့်သွားသည့်အဖြစ်ကို မည်သူမျှ မသိလိုက်။ ပန်းရဂုံမှာ တစ်ပတ်နေပြီး မိုးတိမ် ပြန်သွားသည်။ ပြုံးနေသော မိုးတိမ်မျက်နှာကိုကြည့်ပြီး ဖူးအိနှင့် အဆင်ပြေနေကြောင်း သိသဖြင့် မိုးတိမ် ပျော်သလို တော်ဝင်လည်း ပျော်မိသည်။

နောက်ပိုင်း စာအဆက်အသွယ်ကို မိုးတိမ်က တော်ဝင်မှတစ်ဆင့် ဖူးအိထံ မရိုးမအီနိုင်သော ချစ်သဝဏ်လွှာပို့သည်။ ဖူးအိက ပန်းရဂုံမှာ တော်ဝင့်အပေါ် အရင်လိုအနေအထားနှင့် ဟန်မပျက်ဆက်ဆံသော်လည်း အပြင်မှာတော့ အတော်လေး ပြောဆိုရင်းနှီးလာသည်။

နေဗလနှင့်ပတ်သက်ပြီး ဖူးအိကိုယ်တိုင် တော်ဝင်ကိုအောင်သွယ်ဖို့ ကြိုးစားလာတာမို့ ဖူးအိကို တော်ဝင်က ပြတ်ပြတ်သားသား ပြောရသည်။ မဖြစ်နိုင်တာကို မလုပ်ဖို့နှင့် နေဗလကိုစိတ်ပျက်ဝင်စားပါ၊ မချစ်နိုင်ပါဆိုတာနှင့် စကားကို တစ်ခါတည်းအပြတ်ပိတ်ပြောလိုက်မှ ဖူးအိ ငြိမ်သွားသည်။

ဒီကြားထဲ နေဗလမာမီ နေမကောင်းတာနှင့် တစ်မိသားစု





လုံး ဆေးကုသဖို့ နိုင်ငံခြားကို ထွက်သွားကြတာမို့ တော်ဝင်ကိုနှောင့်ယှက်မည့် ဖွတ်တစ္ဆတ်လူ မရှိသဖြင့် ငြိမ်းချမ်းနေသည်။

တစ်ခါတလေ သူ့ကို သတိရမိပေမယ့် ထိုသတိရစိတ်ကို ချက်ချင်းဖျောက်ပစ်လိုက်သည်။ တစ်ရက်မှာ ဖေဖေ အမောဖောက်ပြီး ဆေးရုံတင်လိုက်ရသည်။ တိုက်ဆိုင်ချင်တော့ တာဝန်ကျဆရာဝန်လေးက ဖေဖေ့ကိုသိနေသဖြင့် တော်ဝင်မှာ အံ့သြဝမ်းသာစိတ်နှင့်မျက်ရည်လေးများပင် လည်မိ၏။

ထိုဆရာဝန်က တခြားသူမဟုတ်။

ဖေဖေ့အချစ်ဆုံးသူငယ်ချင်း ဒေါ်ဒေစီ၏သားဖြစ်ပြီး တစ်လနီးပါး ဆေးရုံမှာကြာနေသော ဖခင်ကြီးရှိရာသို့ သူ့မိခင်ကိုခေါ်ယူလာပြီး တွေ့ဆုံစေသည်။

“ဒေစီ”

“ကိုချမ်းငြိမ်းရယ်”

မျက်ရည်စတွေကို လက်ကိုင်ပဝါလေးနှင့် ဖယ်ရှားဖို့ကြိုးစားနေသော အန်တီဒေါ်ဒေစီအသွင်သဏ္ဍာန်က အေးချမ်းသလိုချက်သရေရှိရှိ ချောမောလှပသူအဖြစ် တော်ဝင် သတိထားမိ၏။

“သမီးလေးပေါ့နော်”

“အင်း…တော်ဝင်လို့ခေါ်တယ်၊ သူ့အမေတော့ မရှိတော့ဘူး”

“ဒေစီလည်း အတူတူပါပဲကွယ်၊ သားနဲ့နှစ်ယောက်တည်းနေတာပါ၊ အခု ကိုချမ်းငြိမ်းတို့ ဘယ်မှာနေလဲ၊ ပန်းရဂုံမှာပဲလား”

“ဆိုပါတော့”



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ်ပေမယ့် တော်ဝင်ကတော့ မတည်ငြိမ်နိုင်ပါ။ ဒါကလည်း အကြောင်းကရှိပါသည်။ ဒေါက်တာထင်စည်ဆိုသည့် အန်တီဒေါ်ဒေစီ၏သားဖြစ်သူထံမှ မကြာခဏရောက်လာသည့် ရွှန်းလဲ့သည့် အကြည့်တစ်မျိုးကြောင့်ဟုဆိုလည်း မမှားပါ။

"ကိုချမ်းငြိမ်း"

"ဟင်"

"တစ်သက်လုံး ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလို့ ထင်ထားတဲ့ သူငယ်ချင်းကို ပြန်တွေ့ရတာ ဒေစီ့ရင်ထဲ ဘယ်လောက်ဝမ်းသာနေတယ်ဆိုတာ ကိုချမ်းငြိမ်း သိရဲ့လားဟင်"

ဖေဖေက ဘာမှမပြော။

ငြိမ်သက်တိတ်ဆိတ်စွာပင် အန်တီဒေစီမျက်နှာကို စိတ်မကောင်းသလို ငေးကြည့်နေ၏။

"ကိုချမ်းငြိမ်း စိတ်ချမ်းသာတာ ကိုချမ်းငြိမ်း လုပ်ခဲ့ပြီးပါပြီ၊ ဒီတစ်ခါတော့ ဒေစီ စိတ်ချမ်းသာတာ ဒေစီ လုပ်ပါရစေနော်"

"ပြောပါ ဒေစီ၊ ကိုယ်ဘာလုပ်ပေးရမလဲ"

ဒေါ်ဒေစီပြောလာမည့် စကားကို တော်ဝင်ရော ဒေါက်တာထင်စည်ပါ ဦးချမ်းငြိမ်းနှင့်အတူ စိတ်ဝင်စားစွာ နားစွင့်နေကြသည်။ အန်တီဒေါ်ဒေစီက ဖေဖေ့သမီးတော်ဝင်ကိုပါ တွေ့လိုမြင်လိုပါသည်ဟု ဒေါက်တာထင်စည်မှတစ်ဆင့် ပြောထား၍ အခုလို မျက်နှာစုံညီရှိနေကြခြင်းဆိုလည်း မမှားပါ။

"သမီးတော်ဝင်ကို ဒေစီ့သမီးအဖြစ်ပေးပါ"





"သားနဲ့သမီးကို လက်ထပ်ပေးပါရစေ"

"ဟင်"

"အို"

သားအဖနှစ်ယောက်စလုံး အံ့သြသွားပေမယ့် ဒေါက်တာထင်စည်တို့သားအမိက အံ့သြခြင်းမဖြစ်ကြပါ။ ကြိုတင်တိုင်ပင်ပြီးထားကြသည့်ဟန်ဖြင့် အထူးတည်ငြိမ်နေကြသည်။ အချိန်တိုတိုအတွင်းမှာပင် တောင်းဆိုလာသော စကားများက ရင်ခုန်စရာ။

"ခွင့်ပြုပါ ကိုချမ်းငြိမ်းရယ်၊ ဒေစီ့သားက လူလိမ္မာပါ၊ အခုချိန်ထိလည်း ချစ်သူရည်းစား မရှိသေးပါဘူး၊ သားက မေမေသဘောကျလို့ ခေါင်းညိတ်ပြီးပါပြီ"

"သမီးလေးသဘောကရော သမီးဖေဖေသဘောတူရင် လက်ထပ်ပါ့မယ်လို့ ကတိပေးမယ်မဟုတ်လားကွယ်"

"ဟို...တော်ဝင်"

"ကိုချမ်းငြိမ်း သမီးကို ပေးမယ်လို့ပြောပါ၊ ဒေစီ့ကို သနားရင်လေ"

အို...ဘယ်လိုလဲ။

မျက်ရည်တွေ ပြည့်အိုင်လာသည့် အန်တီဒေစီ မျက်ဝန်းအစုံက မှုန်သီလျက် သနားစရာ။ အန်တီဒေစီကို ငေးကြည့်နေသည့် ဖေဖေ့မျက်လုံးတွေထဲမှာ စိတ်ထိခိုက်သွားဟန်ကို ထင်းခနဲမြင်လိုက်ရတာမို့ တော်ဝင်ကိုယ်တိုင် တုန်လှုပ်သွားသည်။

"မငိုပါနဲ့ ဒေစီရယ်၊ ဒေစီတောင်းတဲ့ သမီးကို ကိုယ်အပိုင်ပေးလိုက်ပါပြီ၊ ဒေစီ ကြိုက်သလိုသာ စီမံပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

အံ့သြရှက်လန့်စွာ ဖေဖေ့ကို တိုးတိုးလေးခေါ်လိုက်မိသူက တော်ဝင်။

"ကိုချမ်းငြိမ်းရယ်"

"မေမေ"

"ငိုပါရစေ သားရယ်၊ မေမေ မသေခင် မေမေ့ဆန္ဒလေး ပြည့်မြောက်ခွင့်ရသွားလို့ ဝမ်းသာလို့ကျရတဲ့မျက်ရည်ပါကွယ်"

"မေမေ့သားလေးကို သမီးလက်ခံပါကွယ်၊ သားကို လက်ထပ်ပါ့မယ်လို့ သမီးတော်ဝင်က သမီးဖေဖေရှေ့မှာပဲ ခေါင်းညိတ်လက်ခံပေးပါနော်"

"မေမေရယ်"

တော်ဝင့်လက်ကလေးနှစ်ဖက်ကို ယုယကြင်နာစွာ ရင်ခွင်ဆွဲယူကပ်ထားသည့် အန်တီဒေါ်ဒေစီကြောင့် တော်ဝင်၏ လှပသော မျက်နှာလေး ရဲရဲနီစွေးကာ ဒေါက်တာထင်စည်မျက်နှာကို မကြည့်ရဲသလို ခေါင်းလည်း မော့မလာနိုင်အောင် ခက်လည်းခက် ရှက်လည်းရှက်နေသည်။ ဒါကို ဒေါက်တာထင်စည်လည်း သိနေတာမို့ ကြားကနေ သူ့မေမေကို တစ်စုံတစ်ရာ တားမြစ်မို့ ကြိုးစား နေရှာသည်။

"သမီး အန်တီဒေစီစကားကို လက်ခံလိုက်ပါသမီးရယ်၊ ဖေဖေကိုယ်တိုင် သမီးကို မောင်ထင်စည်နဲ့ လက်ထပ်ဖို့ သဘော တူလိုက်တာပါ"





"မောင်ထင်စည်ကို သမီး လက်ထပ်ပါ့မယ်လို့ ဖေဖေ့ကို ကတိပေး"

"ဖေဖေရယ်"

အားလုံး၏အကြည့်တွေက တော်ဝင့်မျက်နှာလှလှလေးရှိ ရာမှာသာ စုပြုံရောက်နေတာမို့ တော်ဝင်အနေနဲ့ လိမ္မာသောသမီး တစ်ယောက်အဖြစ် ဖခင်ဖြစ်သူစကားကို ခေါင်းညိတ်ရန်အပြင် တခြားမရှိပါ။

ဖေဖေ အခုလို ကျန်းမာလာအောင် ဖေဖေ့အသက်ကို ခက်ခက်ခဲခဲ ကယ်တင်ခဲ့သူက ဒေါက်တာထင်စည်ပဲ။ သူသာ ဖေဖေ့အသက်ကို မကယ်နိုင်ခဲ့ဘူးဆိုရင် တော်ဝင်လည်း အခုလို ဖေဖေနှင့် မျက်နှာချင်းဆိုင်ခွင့်ရတော့မည် မဟုတ်ပါ။

"ဖေဖေ့စကားကို တော်ဝင် နားထောင်ပါ့မယ် ဖေဖေ"

"လိမ္မာလိုက်တဲ့ ဖေဖေ့သမီးရယ်"

"ဖေဖေ သေပျော်ပါပြီကွယ်"

"ဖေဖေရယ်"

ဖေဖေ့ထံမှ ကျေနပ်ပီတိ ရွှန်းလက်သွားသည့်မျက်နှာကို မြင်လိုက်ရခိုက် တော်ဝင်ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားကာ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးများ စီးကျလာခြင်းကိုက ဘာအတွက်နှင့်မှ တားဆီးမရဘဲ ဖြစ်သွားသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

''ကိုယ်ဘယ်လို တောင်းပန်ရမှန်း သိပါဘူး တော်ဝင်ရယ်၊ တကယ်တော့ မေမေက ကျန်းမာရေးနဲ့ ပြည့်စုံသူမဟုတ်ပါဘူး၊ တော်ဝင် အနေရခက် စိတ်ဆင်းရဲရမယ်ဆိုတာလည်း သိပါတယ်''

''ကိုယ်တို့သားအမိကိုသာ တော်ဝင် ခွင့်လွှတ်ပါလို့ပဲ ပြောချင်ပါတော့တယ်''

အားနာမျက်နှာပူနေသည့် ဒေါက်တာထင်စည်မျက်နှာမှာ အနေရခက်နေဟန်က အထင်းသား။ ဒေါက်တာထင်စည်က တော်ဝင်ကို တောင်းပန်စကားဆိုလေ တော်ဝင်ကလည်း ဒေါက်တာထင်စည်ကို တုံ့ပြန်အားနာရလေဖြစ်ပါသည်။

ဒေါက်တာထင်စည် ပြောပြ၍ ဖေဖေနှင့် အန်တီတို့၏ ဆုံစည်းခွင့်မရသော အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ကို ဆွတ်ပျံ့လွမ်းမောဖွယ် ကြားနာမှတ်သားရပြီးနောက်မှာ ဘာကြောင့် အန်တီဒေစီ





က သူ့သားနှင့် ဖေဖေ့သမီး တော်ဝင်တို့ကို လက်ထပ်စေချင်ကြောင်းကိုလည်း နားလည်သဘောပေါက်ခဲ့သည်။

ချစ်တိုင်းမညားနိုင်ကြသည့် ချစ်သူဘဝအတိုင်း ဖေဖေနှင့် ချစ်နေပေမယ့် အန်တီဒေစီကိုထားပြီး ဖေဖေက တော်ဝင့်မေမေနှင့် လက်ထပ်လိုက်သလို အန်တီဒေစီကြပြန်တော့လည်း ကွယ်လွန်သွားသည့် အစ်မ၏ခင်ပွန်း သားတစ်ယောက်အဖေနှင့် လက်ထပ်ပြီး စိတ်အစွဲအလမ်းတစ်ခုအဖြစ် ဦးချမ်းငြိမ်းကို အချိန်တိုင်း တမ်းတပြီး ဒေါက်တာထင်စည် ဖြစ်လာမည့် သားငယ်ကို ညအိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို ပြောပြခဲ့ရင်း စိတ်ကို ဖြေသိမ့်နေရှာသူ။

ဒေါက်တာထင်စည်ဖခင်က စောစီးစွာ ကွယ်လွန်သွားသည့်အတွက် သူတို့သားအမိပဲ ကျန်ရစ်သည်။ ချစ်ဦးသူနှင့်မဆုံသော ဒေါ်လေးမေမေကို အမြဲသနားပိုခဲ့ရသူက ထင်စည်။

ဦးချမ်းငြိမ်းကို မေမေ့ချစ်ဦးသူအဖြစ် ငယ်ငယ်က နှစ်ကြိမ်သုံးကြိမ် ဆုံဖူးသည့်အတွက် ချက်ချင်းမှတ်မိကာ သူ့မေမေကို ပြန်ပြောပြခဲ့ရာမှ အခုလို အချစ်ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်ပေါ်လာရတာဖြစ်သည်။

အန်တီဒေစီဆန္ဒက သူတို့ချစ်သူနှစ်ယောက် ကံကြမ္မာကြောင့် မပေါင်းဆုံလိုက်ကြရပေမယ့် သူတို့မျိုးဆက်လေးတွေကိုကြတော့ ပြန်လည်ပေါင်းဖက်စေလိုသည့် စိတ်ဆန္ဒတစ်ရပ် ပြင်းထန်စွာ ရှိနေခဲ့သမျှ အခုတော့ လက်တွေ့အကောင်အထည်ဖော်ဖို့ ဖြစ်လာခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ့လို လူတစ်ယောက်အနေနဲ့ တော်ဝင်လို မိန်းကလေးတစ်ယောက်ကို ဒီလောက်ကြီး တောင်းပန်နေတာ တော်ဝင်အတွက် ပိုပြီးအနေရခက်ပါတယ်ရှင်"

"တကယ်တော့ ဒေါက်တာဟာ ဖေဖေ့ရဲ့အသက်သခင် ကျေးဇူးရှင်ပါ၊ အဲဒီနေ့ကသာ ဖေဖေ့အသက်ကို ဒေါက်တာမကယ်ခဲ့ရင်"

"ဒီလိုလည်းမဟုတ်ပါဘူး တော်ဝင်၊ ဆရာဝန်ဆိုတာ ဘယ်သူဘယ်ဝါရယ်လို့ ခွဲခြားသတ်မှတ်မထားနိုင်ပါဘူး၊ လူသားတစ်ယောက်ရဲ့အသက်ကို ကယ်တင်တာ ဆရာဝန်တိုင်းရဲ့အလုပ်ပါ"

"ဒေါက်တာ့အနေနဲ့ကတော့ ဟုတ်တာပေါ့လေ၊ တော်ဝင်အတွက်တော့"

"ကဲပါ တော်ဝင်ရယ် ကိုယ်တို့နှစ်ယောက်ရဲ့ အပြန်အလှန် အားနာနေရတဲ့စကားကို ဒီနေရာမှာပဲ ရပ်လိုက်ကြစို့ ဟုတ်လား"

"ဒီနေ့ တော်ဝင့်ဖေဖေ ဆေးရုံက ဆင်းလို့ရပြီ၊ တော်ဝင်တို့ ပန်းရဂုံက မိသားစုတွေကို အကြောင်းကြားလိုက်လို့ရပြီ"

သူမတို့သားအဖ အခြေအနေအရပ်ရပ်နှင့် အဖြစ်မှန်ကို မသိသော ဒေါက်တာထင်စည့်မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်ပြီး တော်ဝင့်ဦးခေါင်းထဲမှာ အတွေးတစ်ခု ဖျတ်ခနဲရောက်လာသည်။

အန်တီဒေစီကိုယ်တိုင် အခုချိန်ထိ ဖေဖေ့ကို ဟိုအရင်တုန်း





က ပန်းရဂုံက ဦးချမ်းငြိမ်းဟုထင်ပြီး တော်ဝင့်ကို သမီးတောင်းခြင်း ဟုဆိုလျှင် အမှားကြီး မှားတော့မည်။ ဒါကို အန်တီဒေစီ သိထားသင့်သလို ဒေါက်တာထင်စည်ကိုယ်တိုင်လည်း သိမှဖြစ်မည်။

"ပန်းရဂုံမှာ တော်ဝင်တို့သားအဖ နေတယ်ဆိုပေမယ့် အခြေအနေက ဒေါက်တာတို့ထင်သလို မဟုတ်ပါဘူးရှင်၊ တော်ဝင်တို့သားအဖက ပန်းရဂုံက အိမ်ကြီးပေါ်မှာ မနေပါဘူး"

"ခြံနောက်ဘက်မှာ သားအဖနှစ်ယောက် သီးသန့်နေတာမျိုးပါ၊ ဟိုတစ်နေ့က ဒေါ်လေးလိုက်ပို့ပေးလို့ တစ်အိမ်တည်း အတူနေတာမဟုတ်ဘူးဆိုတာ ဒေါက်တာသိအောင် ပြောပြတာပါ"

"တော်ဝင်တို့သားအဖက ဆင်းရဲပါတယ် ဒေါက်တာ"

"အာ…ကိုယ့်အတွက် အဲဒါတွေမလိုပါဘူးဗျာ"

"တော်ဝင်အတွက်တော့ လိုအပ်ပါတယ်ရှင်၊ ဒေါက်တာ့အနေနဲ့ အဖြစ်မှန်ကိုသိထားမှ အန်တီ့အနေနဲ့ ဇွတ်အတင်းဖြစ်ချင်ခဲ့တဲ့ ဆန္ဒကို အကြောင်းပြကောင်းကောင်းနဲ့ ငြင်းပယ်နိုင်မယ်ထင်လို့ပါ"

"တော်ဝင်က အဲဒီလိုပဲ ထင်တယ်လား"

ဒေါက်တာထင်စည်အမေးကို တော်ဝင် မဖြေပါ။

ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသည့်အတိုင်း အပြုံးဖြင့် မျက်လွှာချ ငြိမ်သက်နေလိုက်သည်။ ဒေါက်တာထင်စည်လို ချမ်းသာပြည့်စုံသည့် ဂုဏ်ကြီးရှင်အသိုင်းအဝိုင်းထဲက လူတစ်ယောက်အတွက် သူ့ဝန်းကျင်မှာ တော်ဝင်ထက်သာသူ များစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလိမ့်မည်ဆိုသည်ကား မေးစရာပင် မလိုသော မေးခွန်းဖြစ်သည်။

"ကိုယ်ပြောမယ့်စကားက တော်ဝင့်အနေနဲ့ အချိန်စော ချင်လည်းစောမယ်၊ ဒါပေမယ့် တော်ဝင်လို မိန်းမလှလေး တစ်ယောက်အတွက်တော့ ကိုယ်နောက်ကျနေမယ်ထင်တယ်"

"တော်ဝင်ကသာ ခွင့်ပြုလက်ခံနိုင်မယ်ဆိုရင် ကိုယ် တော်ဝင်ကို မြတ်မြတ်နိုးနိုး လက်ထပ်ပါရစေ"

"လက်ထပ်ခွင့်ပြုပါလို့လည်း တောင်းဆိုပါရစေလား ကွယ်၊ တော်ဝင်ကို မြင့်မြင့်ချင်းပဲ ချစ်ခဲ့မိတာ ကိုယ်ပါ"

"အို"

"တော်ဝင်"

"ကိုယ့်ကို လက်ထပ်နိုင်မလားဟင်"

"ဖေဖေ့သဘောလို့ တော်ဝင် ပြောပြီးပါပြီရှင်"

"တော်ဝင်ရယ်"

ပါးလေးနှစ်ဖက် ရဲရဲနီရွေးနေသည့် လှပသော ရှက်မျက်နှာ လေးက ဒေါက်တာထင်စည့် နှလုံးအစုံကို လှိုက်ဖိုနွေးထွေးသွား အောင် စွမ်းဆောင်နိုင်လွန်းသူလေးဖြစ်သည်။

ဒေါက်တာထင်စည်ဘဝမှာ ချစ်သူရည်းစား တစ်ယောက် မက ထားဘူးသော်လည်း အခု သူ့မျက်စိရှေ့မှာရောက်နေသည့် မိန်းမလှလေး တော်ဝင်လောက် စိတ်လှုပ်ရှားခြင်းမဖြစ်မိပါ။ ဒီလိုပဲ အကြောင်းမသင့်၍ လမ်းခွဲခဲ့ရပြီး ထင်စည့်ချစ်သူတွေက သူတို့ နောက် ချစ်သူတွေနှင့် ကိုယ်စီ လက်ထပ်သွားကြချိန်မှာ သူ





တစ်ယောက်တည်း အလုပ်ထဲမှာ အာရုံနစ်ထားရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်ခဲ့သည်။

ဒေါက်တာထင်စည် နှလုံးသားအစုံကို အလန့်တကြား နိုးထစေလိုက်သူက မေမေ့အချစ်ဦးရဲ့သမီး တော်ဝင်ဆိုသည့် မိန်းမ ချောလေးဖြစ်နေခြင်းကလည်း အံ့သြစရာဖြစ်သည်။

ထင်စည်ကို့သားအမိနှင့် တော်ဝင်တို့သားအဖမှာ ဘယ်သူ မှမသိနိုင်သော ရေးရေစက်ရှိနေသည်လား မပြောတတ်တော့ပါ။ တော်ဝင်ကို သူချစ်မိပြီဆိုတော့ ရယူပိုင်ဆိုင်ခွင့်ရအောင် ကြိုးစား ရမည်က သူ့တာဝန်ဖြစ်သည်။

ဦးချမ်းငြိမ်းကို အကြောင်းပြုပြီး တော်ဝင်တို့ နေထိုင် သည့် ပန်းရဂုံကခြံကြီးထဲကို ဝင်ထွက်ခွင့်ရခဲ့သည်။

"ကြည့်ပါဦး မာမီရယ်၊ တော်ဝင်တို့များ ကံကောင်းချင် တော့ ဆရာဝန် သူဌေးသားကိုယ်တိုင် အိမ်အထိ လိုက်လာပြီး ပိုးပန်းနေလိုက်တာများ၊ အမေရော သားရော ပျာနေတာပဲ"

"သူ့ကံပေါ့ သမီးရယ်၊ တော်ဝင်ကို အဲဒီဆရာဝန်က အတည်တကျ လက်ထပ်ယူသွားတော့လည်း မာမီတို့မိသားစု အတွက်လည်း အရှုံးမရတော့ဘူးပေါ့"

"သူ့အမေကြီးကိုယ်တိုင်က သမီးဦးလေး ငယ်ရည်းစား ပဲ၊ သူတို့တုန်းက ဇာတ်လမ်းကို အခု ပြန်ဆက်နေတာ ကြည့်ပါ လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဘွားကြီးက ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်ကို သူ့သားနဲ့ ပေးစားချင်နေတာဖြစ်မယ်”

ဂမုန်းတို့သားအမိ တော်ဝင်နှင့် ဒေါက်တာထင်စည်တို့သားအမိအကြောင်း ကောင်းတာရော မကောင်းတာပါ ဝေဖန်ပြောကြားနေချိန်မှာ ဖူးအိကတော့ အခုချိန်ထိ ပြန်မလာနိုင်သေးသော နေဗလအတွက် ရင်ထဲပူနေသည်။

ဒေါက်တာထင်စည်ဆိုသည့် ပုဂ္ဂိုလ်ကြီးက ဥပဓိရှင် တည်တည်ခန့်ခန့်ကြီးနှင့် တော်ဝင့်အိမ်ကို အဝင်အထွက် စိပ်နေသည်။ ထမင်းချက် ဒေါ်စိန်ကတစ်ဆင့် ပြန်ကြားရသော သတင်းစကားအရဆိုလျှင် ဒေါက်တာထင်စည်ဆိုတာ ဦးကြီးချမ်းငြိမ်းနဲ့ ငယ်ကျွမ်းဆွေသားဖြစ်ပြီး တော်ဝင်နှင့် နှစ်ဘက်လူကြီးချင်း သဘောတူထားကြသူများဟုဆိုသည်။

နေဗလသာ ဒီအကြောင်းတွေသိရင် ဘယ်လိုနေမည်မသိ လောလောဆယ်တော့ ဖူးအိတို့ချစ်သူနှစ်ယောက်၏ အခြေအနေကလည်း ပြေလည်အေးချမ်းနေတာမို့ ဘယ်သူမှ မရိပ်မိ။ မိုးတိမ်ကရော ဖူးအိပါ အနေအထိုင် အထူးပိရိအောင် နေကြတာမို့ အကဲဖြတ်၍ မရနိုင်တာလည်းပါသည်။

ဖူးအိက တော်ဝင်ကို နေဗလနဲ့ပဲ သဘောတူပေမယ့် မိုးတိမ်ကတော့ ဒေါက်တာထင်စည်နှင့်သာ သူငယ်ချင်းမ တော်ဝင်ကို သဘောတူပါသည်ဆိုတော့ ချစ်သူနှစ်ယောက် အမြင်မတူနိုင်ဘဲ တစ်ယောက်ကိုတစ်ယောက် မခေါ်မပြောနိုင်ဘဲ စိတ်ဆိုးစိတ်ကောက်မိကြပြန်သည်။





“နေဗလဆိုတာ ဘာများအထင်ကြီးစရာရှိလို့လဲ၊ ငွေငရှုပ်၊ မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့ကောင်ကို တော်ဝင် လုံးဝစိတ်မဝင်စားတာ ကံကောင်း”

“သွားများ ချစ်မိကြိုက်မိလို့ကတော့ မိတော်ဝင် ကံဆိုးပြီသိလား၊ တစ်နေ့တစ်နေ့ သူပွေနေရှုပ်နေသမျှ နေ့တိုင်း ဒူးနဲ့မျက်ရည် သုတ်နေရမှာ”

“ဖူးအိသူငယ်ချင်းကို အဲဒီလောက် နှစ်နှစ်နာနာ ပြောစရာမလိုပါဘူး၊ သူလည်း လူငယ်ပဲ၊ ဒီလိုပဲ လူငယ်စိတ်နဲ့ ပျော်ပျော်နေတာ အပြစ်လား”

နေဗလဘက်က တစ်ခွန်းမခံ ပြန်ရန်တွေ့နေသော ချစ်သူအချောအလှကိုကြည့်ပြီး မိုးတိမ်မျက်နှာကို တင်းထားသည်။ နေဗလနှင့်ပတ်သက်ပြီး မိုးတိမ်ဘက်က အမြင်မှာ ရှင်းနေသည်။ ဘာတစ်ခုမှလည်း နေဗလကို အထင်မကြီး။

မိုးတိမ်ကိုယ်တိုင် နေဗလနှင့် အသက်ချင်း မတိမ်းမယိမ်းဆိုပေမယ့် သူ့မှာ ကိုယ်ပိုင်စီးပွားရေးရှိသည်။ ဘိုးဘွားမိဘလက်ထက်ထဲက စီးပွားလုပ်ငန်းကို မိုးတိမ်လက်ထက်မှာ ပိုပြီးချဲ့ထွင်အောင်မြင်အောင် စွမ်းဆောင်ကြိုးစားခဲ့သည်။

နေဗလမှာ အခုချိန်ထိ ကိုယ်ပိုင်အရည်အချင်းရယ်လို့ လက်ညှိုးညွှန်ပြစရာ ဘာတစ်ခုမှမရှိသေး။ မိဘအရှိန်အဝါနှင့် သုံးနိုင်ဖြုန်းနိုင် သွားလာနိုင်၍ မိန်းကလေးတွေ ပတ်လည်ဝိုင်းရံခြင်းအပေါ်မှာလည်း အထင်ကြီးစရာဟု မမြင်။ တော်ဝင်နှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူ။ ဒါကို ဖူးအိက သူမသူငယ်ချင်းကို ပြောရပါမည်လားဟု မိုးတိမ်ကို စိတ်ဆိုးနေ၏။

မိုးတိမ်ကလည်း ဖူးအိကို မကြည်။ တော်ဝင်ကို ဒုက္ခရောက်အောင် နေဗလနှင့် သဘောတူရပါမည်လားဟု ချစ်သူ၏ အပြစ်တင်သည်။ ဒေါက်တာထင်စည်နှင့် မိုးတိမ်ကိုယ်တိုင် တော်ဝင် အိမ်မှာ ဆုံခဲ့ပြီးပါပြီ။

ဒါကလည်း ဖူးအိသတင်းပေး၍ ဒေါက်တာထင်စည်နှင့် တော်ဝင်တို့အကြောင်း သိခဲ့ရခြင်းဖြစ်သည်။ ရည်မွန်ယဉ်ကျေး၍ တော်ဝင့်အပေါ်မှာ နှစ်နှစ်ကာကာ ချစ်မြတ်နိုးဟန် အထင်းသား ပေါ်လွင်နေသည့် ဒေါက်တာထင်စည်က တော်ဝင်တို့ သားအမိ အပေါ်မှာရော တော်ဝင့်သူငယ်ချင်းဆိုသည့် သူ့အပေါ်မှာပါ ဂရုစိုက် လိုက်သည်မှာလည်း ပျာနေသည်။ ဟန်ဆောင်နေတာမျိုးမဟုတ်။ တကယ့်ကို အူထဲအသည်းထဲက လှိုက်လှဲသော မေတ္တာစေတနာ ဆိုတာ မြင်ရုံနှင့်သိသည်။

အကဲခတ်မိတာနှင့် ပြည့်စုံသည်။ အလုပ်က ဆရာဝန်။ မိခင်မုဆိုးမကြီးက ဦးလေးချမ်းငြိမ်း၏ ငယ်ရည်းစား။ သားအမိ နှစ်ယောက်စလုံး ချမ်းသာပြည့်စုံလိုက်သည်မှာလည်း ပြောစရာမရှိ။

သို့သော် ဒေါက်တာထင်စည်တို့ သားအမိက အေးချမ်းသည်။ ဘာမာန်မာနမှလည်း မရှိ။ အဆင့်အတန်း ခွဲခြားတာလည်း မရှိ။ သားအမိနှစ်ယောက်စလုံး တော်ဝင်တို့သားအဖကို ဂရုစိုက် လိုက်ကြသည်မှာ တစ်ခါတလေ ကြားထဲက မိုးတိမ်ပင် မျက်နှာ





ချင်ချင်။ ဒီလိုမိသားစု၊ ဒီလို အသိုင်းအဝိုင်း၊ ဒီလူနှင့်မှ တော်ဝင့်ကို သဘောမတူလျှင် တခြားဘယ်သူနှင့် သွားသဘောတူရမည်နည်း။

နေဗလဆိုသည့်လူနှင့်ကတော့ လုံးဝ လုံးဝမဖြစ်။

''မောင်ကတော့ တော်ဝင်ကို ဒေါက်တာထင်စည်နဲ့ပဲ လုံးဝသဘောတူတယ်၊ တော်ဝင်ကိုလည်း ပြောပြီးပြီ''

''ဘာပြောတာလဲ''

''ဦးလေးရော နင်ရော နှစ်ယောက်စလုံး စိတ်ချမ်းသာချင်ရင် ဒေါက်တာထင်စည်ကိုပဲ လက်ထပ်လို့''

''နေဗလဆိုတဲ့ကောင်ကို လုံးဝမစဉ်းစားနဲ့၊ နင်သာ သူ့ကို သွားစဉ်းစားမိလို့ကတော့ နင်လည်း သူတို့အသိုင်းအဝိုင်းမှာ တစ်သက်လုံး စိတ်ချမ်းသာရမှာမဟုတ်ဘူး၊ နင့်စိတ်နဲ့ ဦးလေးလည်း သေမယ်လို့ ပြောခဲ့တယ်''

ဒီတစ်ခါတော့ ဖူးအိ မောင့်ကို ပြန်မစွာနိုင်ဘဲ အကြာကြီး ငြိမ်သွား၏။ မောင် အခုပြောနေတာတွေအားလုံး အမှန်တွေချည်း။ အမှားတစ်ခုမှမပါ။ တော်ဝင်အတွက်ချည်း မှန်နေတာ မဟုတ်။ ဖူးအိအတွက်လည်း မှန်လွန်း၍ ခက်နေသည်။

''မောင်''

''ဗျာ''

''ဖူးအိကိုရော နေဗလကို ထားခဲ့သလို ထားရစ်ခဲ့မှာလား မောင်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာဆိုင်လို့လဲကွာ၊ ဖူးအိက နေဗလမှမဟုတ်တာ ထားရင်းထားမယ်ဆိုရင် ဖူးအိကသာ မောင့်ကိုထားရစ်ခဲ့မှာပါ၊ ဟုတ်တယ်မဟုတ်လား''

''အဲဒီလိုမပြောပါနဲ့ မောင်ရယ်၊ မောင့်စကားကြားရတာ ဖူးအိ ရင်နာတယ်၊ ဝမ်းနည်းတယ် သိလား''

''မောင့်ချစ်သူလေးရယ်''

ချစ်သူမျက်ဝန်းအိမ်မှာ ပြည့်အိုင်လာသော မျက်ရည်တွေကို မြင်ရတော့ မိုးတိမ်ကိုယ်တိုင် စိတ်မကောင်းဖြစ်သွားသည်။ တော်ဝင်တို့ အချစ်ရေးကို ဆွေးနွေးငြင်းခုန်နေပေမယ့် သူတို့နှစ်ယောက်ရဲ့ အချစ်ရေးကလည်း ဘာတစ်ခုမှ သေချာရေရာတာ မဟုတ်။

ဖူးအိက သူ့ကို အသက်မကချစ်တာမှန်ပေမယ့် မိုးတိမ် အလိုကျ လိုက်လျောဖို့ကြတော့ ကြောက်ရွံ့နောက်တွန့်နေသည်။

''ဖူးအိလေ မောင်နဲ့မခွဲနိုင်ဘူးသိလား''

''ဖူးအိ မောင့်ကိုချစ်တယ်''

သူ့ရင်ခွင်ထဲမှာ အင့်ခနဲ ငိုချလိုက်သူလေးကြောင့် မိုးတိမ် ရင်မှာ ဘယ်လိုမှ မခံစားနိုင်တော့ဘဲ ဖူးအိကိုယ်လေးကို ရင်ခွင်မှာ အတင်းကြပ်ဆုံး ပိုက်ထွေးထားလိုက်သည်။

တိုးတိတ်သော ရှိုက်ငင်သံသဲ့သဲ့က လေအနှောမှာ ဝေ့ကာ တဝဲဝဲ ပျံ့လွင့်လျက် စီးမျောနေခဲ့ရာ မိုးတိမ်ထံမှ ပင့်သက်ဖြာသံက ရှိုက်သံနှင့်အတူ ရောထွေးသွား၏။

♠ ♠ ♠



## အခန်း (၁၉)

''အင်း...ဟင်း...ဟင်း''

ဧော်ဝင့်ထံမှ မသဲမကွဲ ညည်းညူသံကြောင့် သူမ ခုတင်ဘေးမှာ မေးခနဲ အိပ်ပျော်သွားရာမှ ဖျတ်ခနဲ နိုးလာရသူက ဒေါက်တာထင်စည်။ ဖခင်ဖြစ်သူ၏ ကျန်းမာရေးက စိတ်အချရကြီးမှ မဆိုသာသလို နလန်ထလူမမာကို ပြုစုရင်း တော်ဝင်ကိုယ်တိုင် အိပ်ရာထဲလဲသွားတော့ ကြားထဲက မနေနိုင်သူတွေက ပျာယာခတ်ကုန်သည်။

တိုအထဲမှာ အဆိုးဆုံးက ဒေါက်တာထင်စည်ဆိုသည့် သူကိုယ်တိုင်ပါ။ မေမေ့ထက် သူက ပိုပြီး တော်ဝင်ကို ချစ်သည်။ တော့ တော်ဝင် တစ်ခုခုဖြစ်မှာကို စိုးရိမ်ကြောက်လန့်နေသည်။

မေမေကိုယ်တိုင်လည်း တော်ဝင်တို့ သားအဖအတွက် ဒီအပ်တာမှန်သမျှ အိမ်ဖော်ဒေါ်လုံးကို စီမံချက်ပြုတ်လုပ်ကိုင်စေ ပြီး ပန်းရုံကို မပြတ်လာပို့စေသည်။ ဒါကို တော်ဝင်က လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ချင်ပုံမရပေမယ့် မေမေ့ကို ချစ်ကြောက်ရိုသေသဖြင့် ဘာမှတော့ မပြော။

ဦးချမ်းငြိမ်းကတော့ မေမေ ဘာလုပ်လုပ် ဘာတစ်ခွန်းမှ မပြောဟု ဆုံးဖြတ်ထားဟန်ဖြင့် မေမေ ဘာလုပ်လုပ် ဘာပြောပြော အားလုံး မေမေ့သဘောဆန္ဒအတိုင်း လိုက်လျောထားသည်။ စိတ်ဝေဒနာရှင် နှလုံးရောဂါသည် မေမေ့ခမျာ ပျော်မဆုံး။ လှပသော မေမေ့မျက်နှာမှာ အပြုံးပန်းတွေ ဝေလို့မှမဆုံးသေး တော်ဝင် အိပ်ရာထဲလဲသွားတော့ ခြေမကိုင်မိ လက်မကိုင်မိ။

ထင်စည်ကို တော်ဝင့်ကို အထူးဂရုစိုက်နိုင်းသည်။ အလုပ်နားချိန်မှာ တော်ဝင့်နားရောက်နေမှ ကြိုက်သည်။ တော်ဝင်က ရှက်လည်းရှက် အနေရလည်းခက်နှင့် ဖွတ်နေကောင်းပါပြီဟု ပြောတော့ ထင်စည်မှာ တော်ဝင်ကို သနားစိတ်ဖြင့် ပိုတိုး၍ ချစ်မြတ်နိုးရပြန်၏။

ချစ်စရာကောင်းသည့် ကလေးမလေးခမျာ လိမ်လည်းမလိမ်တတ်ပါဘဲနှင့် ဆရာဝန်ကို နေကောင်းပါပြီဟု ညာသည်။ လူနာတွေကို ဆေးကုသသည့် ဆရာဝန်ပဲ။ ဒီလောက်တော့ ထင်စည်က မသိဘဲနေမည်တဲ့လား။

အရင်တုန်းက ဆေးထိုးဆေးစားရမှာ သိပ်ကြောက်သည်ဟု ဦးချမ်းငြိမ်းက ပြောပေမယ့် အခုတော့ သူမနားမှာ အချိန်ပြည့် လူနာစောင့်လုပ်နေသည့် သူ့ကြောင့် ပေးသမျှဆေး အကုန်စားသည်။ ဆေးထိုးလျှင်တော့ မခံ။ မျက်နှာနီနီနှင့် ရှက်နေတာကိုကြည့်ပြီး ထင်စည်ကိုယ်တိုင်လည်း သူတို့နှစ်ယောက်အဖြစ်ကို ကျိတ်ရယ်မိ





သည်။

ကိုယ့်အစ်ကိုတစ်ယောက်လို သဘောထားပါဟု နှုတ်ဖျားက ဆိုနေပေမယ့် မရိုးသားသည့်အကြည့် အပြောတွေနှင့် လူကို တစ်ချိန်လုံးနီးပါး တော်ဝင်ကို ချစ်ရေးဆို လက်ထပ်ခွင့်တောင်းကိုကျနေတာမို့ တော်ဝင်လည်း ဆေးထိုးရမှာ ရှက်နေသည်။ ခက်နေသည်။

ဒါနဲ့ပဲ ဆရာဝန်နှင့်လူနာ လုံးထွေးပြီး ဒီနေရာကမတက်ဘဲ အဖျားကမကျ ပိုဆိုးလာတာပဲ အဖတ်တင်သည်။ အခု တအင်းအင်းနှင့် အဖျားတွေ စွတ်တက်နေသည်။ ညနေထဲက ဦးချမ်းငြိမ်းကလည်း အဖျားငွေ့ငွေ့ရှိနေတာမို့ လူမမာနှစ်ယောက်ကို တစ်အိမ်တည်း ပြုစုယုယမည့်သူမရှိဘဲ ထားပစ်ခဲ့ရမှာကို စိတ်မချ၍ သူပဲ လူနာစောင့်လုပ်ပေးဖို့ ဦးချမ်းငြိမ်းထံမှ သူ့ဆန္ဒကို တင်ပြခဲ့သည်။

သူ့သဘောကို ဖုန်းနှင့်လည်း မေမေ့ကို ပြောခိုင်းရသည်။ ဒါနဲ့ပဲ တော်ဝင်တို့သားအဖ အိမ်လေးမှာ လူနာစောင့်ခွင့်ရခဲ့သည်။ ယန်းရဂုံအိမ်ကြီးပေါ်ကတော့ သူ အခုလို ညအိပ်ညနေရှိနေတာကို ဘာတွေပြောနေမည်မသိ။ ပြောလည်း သူ ဂရုမစိုက်ပါ။

တော်ဝင်ဆိုတာ သူနှင့်လက်ထပ်မည့် မိန်းကလေး၊ အရေးကြီးဆုံးက တော်ဝင်တို့သားအဖကို စောင့်ရှောက်နိုင်ရမည်။

"တော်ဝင်"

"ဆေးထိုးမယ်နော်"

"ဟင့်အင်း...ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင့်လက်မောင်းလေးကို ဖြည်းဖြည်းကိုင်လှုပ်ရင်း ဆေးထိုးမည့်အကြောင်းပြောတော့ တော်ဝင် မျက်လုံးလေးတွေ ဖျတ်ခနဲပွင့်လာပြီး ဦးခေါင်းကို ဘယ်ညာခါယမ်းသည်။

"ဆေးမထိုးလို့မရဘူးခင်ဗျာ၊ တော်ဝင်တစ်ကိုယ်လုံး ဒီလောက် ခြစ်ခြစ်တောက်ပူနေတာ ကိုယ်က ဆေးကုတဲ့ ဆရာဝန် ဖြစ်ပြီး ကိုယ့်ချစ်သူ ခံစားနေရသမျှ ဒီအတိုင်း အချိန်ကုန်ခံပြီး ထိုင်ကြည့်နေရမှာလား"

"ခဏလေး…ခဏလေး ဘာမှမကြာဘူး ဟုတ်လား၊ ပုရွက်ဆိတ်ကိုက်သလောက်လေးပဲ နာမှာပါဗျာ"

"အို"

ဖျားနေသည့်ကြားက တော်ဝင် ပိုပြီးစိတ်ညစ်စိတ်ရှုပ်သွားသည်။ ကိုယ့်အိမ်ကိုယ် ပြန်အိပ်ပါဆိုလည်း ပြောမရ။ ပန်းရဂုံအိမ်ကြီးပေါ်က လူတွေအားလုံး အခုချိန်ထိ တော်ဝင်တို့အိမ်ရှေ့မှာ သူ့ကားကြီးရပ်ထားတာ မမြင်ချင်မှအဆုံး။

အခုလည်း တော်ဝင်ကို သူ့သဘောနှင့်သူ ဆေးထိုးဦးမည်။ မထိုးချင်ပါဘူးဆိုလည်းမရ။ အပ်ကိုကြောက်ပြီး ဆေးမထိုးချင်တာ အရင်ကမှန်ပေမယ့် အခု သူ့ရှေ့မှာ ကိုယ့်တင်ပါးဖြူဖြူကို လှစ်ပြရမှာ ရှက်နေသည့်အဖြစ်ကိုပဲ သူ မရိပ်မိတော့တာလား။

အနေရခက်ခက် ရှက်ရှက်နှင့်ပင် သူ့ဆေးအပ်တပြင်ပြင် ဖြစ်နေသမျှကို အောင့်သီးအောင့်သက်နှင့်ပင် မကျေမနပ် ဆေးထိုးခံလိုက်ရသည်။





"ဒီဆေးလေးသောက်ပြီး ပြန်အိပ်လိုက်၊ တစ်ရေးနိုးရင် အဖျားပျောက်သွားလိမ့်မယ်"

"အဟွတ်…ဟွတ်"

"ဟော ဖေဖေ အိပ်ရာကနိုးနေပြီလားမသိဘူး"

"နေ နေ ကိုယ်ပဲ ဦးလေးကို သွားကြည့်ပြီး လိုအပ်တာတွေ စစ်ဆေးလိုက်မယ်၊ တော်ဝင်က အိပ်ရာထဲမှာပဲ ငြိမ်ငြိမ်လေး နေ ဟုတ်လား"

"ဆေးလည်းထိုးပြီးပြီပဲ ဒေါက်တာရယ်၊ တော်ဝင် နေကောင်းပါပြီ"

"ကိုယ်ပေးတဲ့ဆေးက နတ်ဆေးဆိုရင် ဟုတ်တာပေါ့၊ ဉာဏ်ဖွဲ့ဆို ချက်ချင်းပျောက်မယ်၊ အခုတော့ အိပ်ရာထဲမှာ နားမှဖြစ်မယ် ကလေးမ"

"ဖေဖေ့ကို တော်ဝင်လိုက်ကြည့်မှ ဖြစ်မှာပါရှင်"

"ကိုင်း ပြောမရရင်လည်း တော်ဝင့်သဘော"

ဖေဖေ့အခန်းထဲရောက်တော့ တော်ဝင့်လိုပဲ အဖျားကြီးပြီး ညည်းညူသံသဲ့သဲ့နှင့် ဖေဖေ့ကို စိတ်မသက်သာစွာ တွေ့လိုက်ရသဖြင့် တော်ဝင် စိတ်ဆင်းရဲသွားသည်။

ဒေါက်တာထင်စည်က ဦးချမ်းငြိမ်းအတွက် လိုအပ်သော စမ်းသပ်စစ်ဆေးမှုလုပ်ပြီး ဆေးတစ်လုံး ထိုးပေးသည်။

"ဖေဖေ့အခြေအနေ စိတ်ချရရဲ့လား ဒေါက်တာ"

"ဒေါက်တာဆိုတာ ဘယ်သူ့ကိုခေါ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

''ဦးလေးအခြေအနေက ဒီတစ်ညစောင့်ကြည့်ရမှာပဲ၊ မနက်ဖြန် အခြေအနေမဆိုးရင် ဆေးရုံပြန်တက်ရလိမ့်မယ်''

''အို''

လုပသော တော်ဝင့်မျက်နှာလေးမှာ အဖျားသွေးနီနီကြားမှာ ညိုသွားရရှာပါသည်။ အရေးထဲကျမှ တော်ဝင်ကိုယ်တိုင်ကလည်း ဖျားနေသည်။ ဖေဖေ့ကို ဆေးရုံတင်လျှင် အနားမှာ အနီးကပ်ပြုစုစောင့်ရှောက်နေဖို့ လူလိုသည်။

''မနက်ဖြန် မေမေနဲ့ ဒေါ်လုံး ဒီကိုလာကြလိမ့်မယ်၊ ဦးလေး ဆေးရုံတင်ရမယ်ဆိုရင်လည်း တော်ဝင် ဘာမှစိတ်ပူနေစရာမလိုဘူး''

''ကိုနဲ့မေမေ ကြည့်စီစဉ်မယ်''

''ဒေါက်တာ့ကို တော်ဝင် ကျေးဇူးတင်ပါတယ်ရှင်''

''ကျေးဇူးအတင်ခံချင်လို့မှ မဟုတ်ဘဲ''

ဒေါက်တာဟုခေါ်တာ မကြိုက်ပါဟု အပြတ်ပြောထားသဖြင့် ဦးထင်စည်ဟု ပြောင်းခေါ်လိုက်မှ ကျေနပ်သွားသော သူ့အသွင်ကို မြင်ရ၏။ ဦးထင်စည်က ကျေးဇူးအတင်ခံချင်၍ ကူညီခြင်းမဟုတ်တာကို သိပေမယ့် တော်ဝင်တို့သားအဖအတွက် ဦးထင်စည်တို့သားအမိက ကျေးဇူးတင်စရာချည်း ဖြစ်နေတာကို ဝန်မခံ၍မဖြစ်။

''ဒါပေမယ့် ဦးထင်စည်တို့ကျေးဇူးက''

''ပြောပြီးပြီလေ၊ ကိုယ်က ကျေးဇူးအတင်ခံချင်လို့





လုပ်ပေးနေတာမဟုတ်ဘူး၊ ကိုယ့်နေ့ကောင်း၊ ကိုယ်ချစ်သူ့အတွက်ကိုယ့်သဘောနဲ့ကိုယ် လုပ်ပေးနေတာ''

''အို''

မျှော်လင့်မထားသည့်အချိန်မှာ ကြားလိုက်ရသည့် စကားက တော်ဝင့်မျက်နှာကို ဖြန်းခနဲ ပူနွေးသွားစေသလို ရှမ်းလှဲသောမေတ္တာမျက်ဝန်းအစုံကြောင့်လည်း တော်ဝင်မှာ သူ့အကြည့်ကို ရင်မဆိုင်ရဲအောင် ဖြစ်ရပါသည်။

''အခုလိုအချိန်မှာ ဒီစကားပြောရတော့ တော်ဝင့်အနေနဲ့ ကိုယ့်ကို အခွင့်အရေးသမားလို့ ထင်ချင်ထင်မယ်''

''ဒါပေမယ့် ကို့ရင်ထဲက ခံစားချက်ကိုလည်း တော်ဝင်သိထားနားလည်ထားမှ ဖြစ်မယ်''

''အဲဒါ ဘာလဲဆိုတော့ တော်ဝင်သိလား''

တော်ဝင် မဖြေပါ။

မျက်လွှာချပြီး ခေါင်းငုံ့ငြိမ်သက်နေသော တော်ဝင့်နားသို့ တိုးကပ်သွားပြီး သူ ခပ်တိုးတိုး ပြောလိုက်၏။

''ကို တော်ဝင်ကိုချစ်တယ်''

''သိပ်ချစ်နေတယ်''

''ကဲ သွားအိပ်တော့၊ ဦးလေးနားမှာ ကိုယ်စောင့်နေမယ်''

ကိုယ့်အခန်းကို တော်ဝင် ဘယ်လိုရောက်လာမှန်းပင် မသိတော့။ အိပ်ရာပေါ်မှာ လူက ငြိမ်သက်နေပေမယ့် ကိုယ့်အသိစိတ်ကို အံ့ဩမယုံကြည်နိုင်ဖြစ်နေမိသည်။ ဒီကြားထဲ နေဇလ မျက်နှာကို ဖျတ်ခနဲ မြင်ယောင်မိတော့ ပိုဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေမှာရှိနေတဲ့ ဘယ်သူမှ မမြင်မတွေ့နိုင်တဲ့ ကံတရားက တယ်ပြီးတော့လည်း ထူးခြားဆန်းကြယ်လွန်းလှပါလား။ နေဗလဆိုသည့်လူ တော်ဝင့်မျက်စိရှေ့က ကွယ်ပျောက်သွားတာနှင့် တစ်ပြိုင်နက် ဒေါက်တာထင်စည်ဆိုသည့်လူ တော်ဝင့်ဘဝထဲကို ရောက်လာပုံကလည်း မြန်ဆန်လှသည်။

ပြီးတော့ တွေ့ဆုံကြပုံကလည်း လှပသေသပ်မှုတွေနှင့် ဘာတစ်ခုမှ တော်ဝင့်ဘက်က ငြင်းဆန်ခြင်းမပြုနိုင်အောင် နှောင်ကြိုးတွေကလည်း တစ်ရစ်ပြီးတစ်ရစ် ချည်နှောင်မဆုံးဖြစ်နေ၏။

ယောကျ်ားပီသ၍ တည်ကြည်ခန့်ညားသော ဒေါက်တာထင်စည်ကိုယ်တိုင်ကလည်း ယဉ်ကျေးသိမ်မွေ့သလို နေရာတကာ အလိုက်သိမှုတွေကြောင့် တော်ဝင့်ရင်မှာ မောဟနေရသည်။ ဖေဖေနှင့် အန်တီဒေစီတို့ကြောင့် တော်ဝင်တို့ အနေအထားကလည်း ချစ်သူရည်းစားတွေ မဟုတ်ပေမယ့် နှစ်ဘက်လူကြီးချင်း သဘောတူ အသိအမှတ်ပြုခံထားရသူများအဖြစ်မှာ ရှိနေကြသည်။

မိုးတိမ်ကတော့ တော်ဝင်ကို ဒေါက်တာထင်စည်နှင့်ပဲ သဘောတူသည်။ နေဗလကို လုံးဝမပတ်သက်ရန် ပြောဆိုသတိပေးပြီး လူကြီးမိဘသဘောတူသူနှင့် လက်ထပ်တာ အကောင်းဆုံးဟု ပြောဆိုဆုံးမသွားလိုက်သေးသည်။

တကယ်တော့ တော်ဝင်ဆိုတာလည်း နုနုငယ်ငယ် လှပသည့် မိန်းမသားတစ်ယောက်မျှသာ။ နေဗလကို ဘယ်လိုပဲ မချစ်ပါဘူးလို့ပြောပြော၊ မဖြစ်နိုင်ပါ၊ မချစ်နိုင်ပါလို့ပဲဆိုဆို နေဗလနှင့် တွေ့ရဆုံရတိုင်း တော်ဝင့်ရင်မှာ လှုပ်ရှားမှုတွေနှင့် မငြိမ်သက်ဖြစ်





ခဲ့ရသည်။

ကိုယ့်ရင်ခုန်သံတွေ ကိုယ်ပြန်ကြားနေရပေမယ့် ဒါကို အချစ်လို့ ခေါင်းစဉ်မတပ်ရဲ။ ကိုယ့်လိပ်ပြာကိုယ်လည်း မလုံ။ မဖြစ်နိုင်တာကို သိနေရက်နဲ့လို့ တွေးမိတိုင်း တော်ဝင့်နှလုံးသားတွေ ဘယ်နေရာဆီကမှန်းမသိ နာကျင်ရသည်။

မတွေ့ရသည့်အချိန်တွေမှာ နေဗလကို သတိရသည်။ အောက်မေ့သည်ဆိုပေမယ့် ဒါတွေကို အလွမ်းတွေပါဟု စာမဖွဲ့နိုင်ခဲ့။ ကြိုးစားပြီး မေ့ပစ်ခဲ့ရခြင်းကသာလျှင် တော်ဝင့်ဘဝ အစစ်အမှန်ဟု ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်ခဲ့သမျှ အခုလို ဒေါက်တာထင်စည် တော်ဝင့်နား ရောက်လာချိန် နေဗလကို ဘာကြောင့်များ ပိုလို့သတိရနေမိတာပါလိမ့်။

သူသာ တော်ဝင်ကို ဒေါက်တာထင်စည်နှင့်အတူ ယှဉ်တွဲ တွေ့မည်ဆိုလျှင် ဘာတွေဘယ်လိုဖြစ်လာမည်နည်း။

အိုလေ သူဘာသာ ဘာဖြစ်ဖြစ်ပေါ့။ နေဗလဆိုတာ တော်ဝင်နဲ့ လုံးဝသက်ဆိုင်ပတ်သက်သူမှ မဟုတ်တာပဲ။ ဘာလို့ တော်ဝင်က ဒါတွေကို ခေါင်းအလေးခံပြီး တွေးနေရမှာလဲ။

မေ့ပစ်လိုက် မေ့ပစ်လိုက်။ လောလောဆယ် ဖေဖေ ဆေးရုံ မတက်ရပါစေနဲ့။ တော်ဝင်ရော ဖေဖေရော ပြန့်မြန်နေကောင်းပါစေလို့ ဘုရားမှာ ဆုတောင်းရင်း ဆေးရှိန်ဖြင့် သိပ်မကြာလိုက်ခင်မှာပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

လက်ထဲကို စီးကရက်တိုတို လမ်းပေါ်ပစ်ချပြီး ဖိနပ်ဖြင့် မီကျိုတ်နင်းခြေပစ်လိုက်သည်။ နောက်ထပ် ဆေးလိပ်တစ်လိပ်ကို စီးကရက်ဗူးထဲက ထုတ်ယူပြီး မီးညှိရှိုက်ဖွာမည်အပြုမှာ မျက်လုံး ထောင့်စွန်းထဲ ဖျတ်ခနဲဝင်လာသည့် အစိမ်းရောင်အရိပ်လေးကြောင့် နှုတ်ခမ်းပေါ်ရောက်နေသော စီးကရက်ကို ဆွဲယူဖြုတ်သိမ်းပြီး အထေ ကို တောက်ထုတ်ပစ်လိုက်သည်။

တော်ဝင်က နေဗလကို မမြင်သေး။ သူမကို လိုက်ပို့ သည့် ကားပေါ်ကလူကို နှုတ်ဆက်နေတာကိုကြည့်ပြီး နေဗလရင်ထဲ မှာ မီးလိုပူလောင်နေ၏။

ဒီလူကို နေဗလ သိသည်။ ဒေါက်တာထင်စည်ဆိုသည့် ပုဂ္ဂိုလ်။ တည်ကြည်ခန့်ညားသော ဥပမိရုပ်နှင့် ယောကျ်ားပီသစွာ ကြည့်ကောင်းသူဆိုပေမယ့် နေဗလလိုတော့ မချော။ ဒါပေမယ့် ဒီလူက သူချစ်သော တော်ဝင်ဆိုသည့် မိန်းမလှလေးကို ပိုင်ဆိုင်ခွင့်





ရှိသူတစ်ယောက်အဖြစ် တော်ဝင်အပါအဝင် သက်ဆိုင်ရာ နှစ်ဘက် လူကြီးတွေက အသိအမှတ်ပြုထားသည့်ဆိုထဲက နေဗလဘက်က ရှုံးနေပြီဟုဆိုရမည့် အနေအထားဖြစ်သည်။

ဖူးအိမ်ပြောပြလို့ တော်ဝင်တို့အခြေအနေကိုရော ဒေါက်တာ ထင်စည်တို့ဘက်က သဘောထားကိုရော နေဗလ အားလုံးသိခဲ့ရ သည်။ ကိုယ်တိုင်စုံစမ်းတော့ ပိုသေချာသွားသည်။

ပြုံးပြနေသည့် မျက်နှာလှလှလေးနှင့် ဒေါက်တာထင်စည့် ကားပေါ်က တော်ဝင် ဆင်းလာကတည်းက အခြေအနေကို သဘောပေါက်သည်။ နေဗလနှင့်တွေ့တိုင်း အမြဲမျက်နှာမှုက်နေ သော စိတ်ရှုပ်ထွေးဟန်အမူအရာက ဟိုလူ့ပေါ်မှာ လုံးဝမရှိ။

နေဗလလိုလူကို မချစ်နိုင်ပေမယ့် ဟိုလူ့အပေါ်မှာတော့ တော်တော်ဖြစ်၊ တော်တော်ချစ်နေမှာပဲ တွေးမိတော့ ဒေါက်တာ ထင်စည်ကို သတ်ပစ်ချင်စိတ် ပေါက်လာ၏။ ဒီလူမရှိမှ အေးမှာ ဆိုသည့်အတွေးက နေဗလဘဝမှာ တစ်ခါမှ မတွေးဘူးတဲ့ အင်မတန် ရိုင်းပျတဲ့ စိတ်ကူးတစ်ခုဖြစ်နေတာလည်း အံ့သြစရာ။

"လူတစ်ယောက်လုံးကို မမြင်နိုင်အောင် သိပ်ပျော်နေ တယ်ပေါ့ဟုတ်လား"

"ဟင်"

"နေဗလ"

"ဟုတ်တယ် မင်းအချစ်ကိုမှ မရရင် မဖြစ်တော့ပါဘူးဆို တဲ့ နေဗလကိုယ်တိုင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို"

မနာလိုဝန်တိုခြင်းတွေ ကြီးစိုးနေတဲ့ မျက်နှာချောချော မှုန်တည်နေဟန်ကိုကြည့်ပြီး တော်ဝင် မျက်နှာပျက်သွားသည်။ အခြေအနေကိုကြည့်တာနဲ့ တော်ဝင်တို့အကြောင်း ဖူးအိကနေတစ်ဆင့် သိပြီးပြီဟု သဘောပေါက်လိုက်သည်။

"လာ…လိုက်ခဲ့"

"အို လွှတ်ပါ၊ တော်ဝင်မှာ တခြားကိစ္စ ရှိသေးတယ်၊ ဘယ်ကိုသွားမလို့လဲဆို၊ ရှင်နော် ဖယ်"

"လွှတ်စမ်း"

"ဒုန်း"

"ဝုန်း"

"အမလေး"

နေဗလက တော်ဝင့်လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲယူပြီး သူ့ကားထဲကို အားနှင့်ဆောင့်ထည့်လိုက်တာမို့ တော်ဝင် အလဲလဲအပြိုပြို ဖြစ်နေချိန်မှာ ကားတံခါးကို ဆောင့်ပိတ်ပြီး နေရာက ကားကို ဝေါခနဲ ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့သည်။

ဖြူသောမျက်နှာက နီနေသလို တင်းမာခက်ထန်သည့် မျက်နှာကလည်း ကြောက်စရာ။ ဒီလူ ဘယ်တုန်းက ရန်ကုန်ကို ပြန်ရောက်နေသည်မသိ။

သိလို့လည်း အကြောင်းကတော့မထူးပါ။ သူ့အားကြီးနှင့် ဖွတ်အတင်းဆွဲယူခြင်း ခံလိုက်ရသဖြင့် နာကျင်နီရဲနေသည့်





လက်ကောက်ဝတ်နေရာကို ပွတ်သပ်ရင်း ဒေါသမင်းသားနှင့် တော်ဝင့်အဖြစ်ကို ပြေလည်ကျေနပ်အောင် ဘယ်လိုရှင်းရပါ့ဟု စိတ်မောနေမိသည်။

"ကျွီး"

ကားကို လူရှင်းသည့် ကန်တော်ကြီးတစ်နေရာမှာ ထိုးရပ်ပြီး ကားပေါ်က နေဗလ ဆင်းလာပြီး တော်ဝင်ရှိနေသည့် ကား နောက်ခန်းကို ရောက်လာတာမို့ တော်ဝင် လန့်သွားသည်။

"ရှင် ဘာတွေလုပ်နေတာလဲ နေဗလ၊ တော်ဝင် ဖေဖေ့ကို အချိန်မီ ဆေးတိုက်ရဦးမယ်ရှင့် သိရဲ့လား"

"ကိုက ဘာသိရမှာလဲ၊မင်းနဲ့ ဟိုဆရာဝန်အကြောင်း လား"

"ပြောစမ်း ကိုယ့်လိုလူတစ်ယောက်ကို မချစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူးဆိုတဲ့ မင်းက ဟိုဆရာဝန်နဲ့ကြတော့ ဖြစ်နိုင်တယ်၊ ချစ်နိုင်ရုံတင်မကဘူး လက်ပါထပ်လိုက်ဦးမယ်ပေါ့ ဟုတ်လား"

"ဒါက လူကြီးတွေသဘောပါ၊ တော်ဝင့်သဘောမှ မဟုတ်ဘဲ၊ တော်ဝင့်သဘောအရဆိုရင် ဘယ်သူ့ကိုမှလည်း မချစ်ဘူး၊ ဘယ်သူနဲ့မှလည်း လက်မထပ်ဘူး"

"မင်းက ကိုယ့်ကို လှည့်စားမလို့လား"

"လှည့်စားနေရအောင် ရှင်က ဘယ်သူမို့လဲ"

"ဩော် မင်းက အခုချိန်ထိ နေဗလ ဘယ်သူလဲဆိုတာ မသိသေးဘူးဆိုတော့ သိသွားအောင် လက်တွေ့လုပ်ပြရဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ကဲ''

''အို''

တော်ဝင့်တစ်ကိုယ်လုံး နာကျင်သွားသည်။ နေဗလရင်ထဲက တော်ဝင်နဲ့ပတ်သက်ပြီး အချိန်ပြည့် တမ်းတလွမ်းဆွတ်ရခြင်းတွေက မနာလိုခြင်းနှင့် ရင်နာရခြင်းတွေထဲမှာ မွတ်သိပ်စွာ အဆုံးသတ် ပျော်ဝင်သွား၏။

သူကတော့ တစ်ချိန်လုံး တော်ဝင်ဆိုသည့် သူမကို တမ်းတနေလိုက်ရတာ။ လွမ်းဆွတ်ခြင်းတွေနဲ့ ရင်ကွဲလုမတတ်။ ဖူးအိကတစ်ဆင့် စာနဲ့ဆက်သွယ်လည်းမရ။ အသံကြားချင်လို့ ဖုန်းနဲ့လည်း ပြောခွင့်ကမရှိ။ ရင်ထဲမှာ တတိတိ ငြိနေသည့်ကြိုးက တင်းနေအောင် ရစ်ပတ်လို့ ကိုယ့်ကိုယ်ကို ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေခဲ့သမျှ အိမ်အပြန်ခရီးမှာ ကြားလိုက်ရသည့် သတင်းစကားတွေက သူ့ရင်ဘတ်ကြီးကို ပွင့်ထွက်ပေါက်ကွဲသွားအောင် ဖန်တီးခဲ့သည်။

''မင်းသိပြီလား၊ နေဗလဆိုတာ မင်းရဲ့ချစ်သူ၊ မင်းလက်ထပ်ရမယ့်လူဆိုတာ အခု မင်းသိပြီလား''

''ရှင်နော် သိပ်ကိုလွန်နေပြီသိလား''

''ဒေါက်တာဆိုတဲ့လူလောက်တော့ မလွန်သေးပါဘူး။ ပြော မင်းနဲ့အဲဒီလူ ချစ်နေကြပြီလား''

''ဘယ်သူ့ကိုမှ တော်ဝင် မချစ်ဘူး၊ ဒါပေမယ့် လူကြီးမိဘတွေဆန္ဒအတိုင်း သူ့ကို တော်ဝင် လက်ထပ်မယ်''





''ဘာ''

''မင်း သူ့ကိုလက်ထပ်မယ် ဟုတ်လား''

ကဲကဲဆတ်ဆတ်ဖြစ်သွားသည့် နေဗလမျက်နှာချောချောကို ကြည့်ပြီး တော်ဝင် ငိုချင်လာသည်။ လူတစ်ကိုယ်လုံးလည်း သူ့ရင်ခွင်ထဲမှာ ကျုံ့ကျေလုမတတ်။ သူ့ကြမ်းရမ်းသမျှ နာကျင်နေ၏။

''တော်ဝင့်ကြောင့် ဖေဖေ ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးလို့ ဆုံးဖြတ်ပြီးသားရှင့်၊ ဖေဖေက သေဆိုသေမယ်၊ ရှင်ဆိုရှင်မယ်''

''သြော် သမီးအလိမ္မာလေးပေါ့''

''ရှင်ကိုယ်တိုင်လည်း သားလိမ္မာတွဲ့ ယူထားသေးတာပဲ''

''တော်ဝင်က ဒါကို မကျေနပ်တာလား''

''ဘာမှမဆိုင်ဘူး၊ ရှင့်ကိစ္စ ရှင့်ဘာသာ ကြိုက်သလို ဆုံးဖြတ်နိုင်တာပဲ''

''ဖယ်ရှင်...တော်ဝင် အိမ်ကိုပြန်တော့မယ်''

''ဒီလိုနဲ့ ကိုယ်တို့နှစ်ယောက်ကိစ္စက သူ့အလိုလိုပြီးသွားမယ်ထင်နေလား''

''တော်ဝင့်ဘက်ကတော့ အားလုံးပြီးပြီးသားရှင့်''

''မင်း တကယ်ပဲ အသည်းမာလှချည်လား တော်ဝင်၊ မင်းရင်ထဲ မင်းနှလုံးသားထဲမှာ နေဗလဆိုတဲ့ ကိုယ့်အတွက် နေရာ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးတောင် မရှိတော့ဘူးပေါ့ ဟုတ်လား''

''မင်း ပြောစမ်း ပြောလေ၊ ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး မင်းကိုယ်မေးတာကိုပြော''

နေဗလက တော်ဝင့်မျက်နှာလှလှလေးကို သူ့မျက်နှာနှင့် ထိကပ်လုမတတ် ဖွတ်အတင်းအကြပ် ဆွဲယူပင့်မော့ပြီး သူ့မျက်နှာကို ကြည့်နိုင်းရာမှ သိပ်လှသည့် မျက်နှာလေးကြောင့် ရင်တွေ တသိမ့်သိမ့်ခုန်သွား၏။

မမြင်ရ မတွေ့ရသည့် ရက်တွေနှင့်အပြိုင် တော်ဝင် သိပ်လှနေသည်။ ဒါကြောင့်လည်း ဟိုဆရာဝန်ဆိုသည့်လူက အိမ်ပေါ်က မဆင်းချင်အောင်ဖြစ်နေပုံရသည်။ အတွေးနှင့် နေဗလ ရင်ထဲ ပူလောင်သွားသလို တော်ဝင်မှာလည်း နေဗလနှင့် အခုလို နှစ်ကိုယ့်တစ်စိတ်ဖြစ်အောင် ပူးကပ်ထိစပ်နေသည့် အတွေ့ကြောင့် ရင်တဒိတ်ဒိတ်ခုန်နေပါသည်။

''ကိုယ့်ကို နည်းနည်းမှ မချစ်တော့ဘူးလား တော်ဝင် ရယ်၊ ဟင်''

''အို''

ရိုးရိုးမေးခြင်းမဟုတ်။

နီရဲစိုစွတ်သော သူ့နှုတ်ခမ်းအစုံကို မကြည့်ရဲသဖြင့် မျက်လွှာကိုချလိုက်တော့ မည်းခက်သော တော်ဝင့်မျက်လုံးအစုံကို နေဗလက ဖွတ်အတင်း ဖိကပ်ရှိုက်နမ်းသည်။

''ကိုယ့်ရင်တွေ မင်းကြောင့် ဘယ်လောက်ပူလောင်





နာကျင်နေရတယ်ဆိုတာ မင်းသိရဲ့လားအချစ်ရယ်၊ တို့လေ''

''တို့ ဘာမှမပြောတတ်အောင် ဖြစ်နေပြီ တော်ဝင်၊ တို့သိတာ မင်းကို အဆုံးရှုံးမခံနိုင်ဘူး၊ တခြားတစ်ယောက်ရင်ခွင် ထဲ မင်းကို ထည့်မပေးနိုင်ဘူး''

''ကိုယ့်ခံစားချက်ကို တော်ဝင် နားလည်လား''

နူးညံ့ရှန်းလဲ့နေသည့် နေဗလမျက်ဝန်းအစုံက တော်ဝင့်ရင် ကို ဘာကြောင့် နာကျင်ထိခိုက်စေသည်ကို တော်ဝင် မစဉ်းစား ချင်ဆုံးဖြစ်သည်။

''တော်ဝင်''

''ဟင့်အင်း''

သူ ဘာမှမပေးခင် တော်ဝင့်ဦးခေါင်းလေးကို ဘယ်ညာ ခါယမ်းလိုက်သည်။ တော်ဝင်ကိုယ်တိုင်လည်း မဖြစ်နိုင်ပါ၊ မချစ် နိုင်ပါဟု အထပ်ထပ်ငြင်းနေပေမယ့် နေဗလဆိုသည့် ရွှေမင်းသား ကို တော်ဝင့်ရင်ထဲမှာ တိတ်တခိုးလေး ချစ်ခဲ့မိရပါပြီ။

သူတို့နှစ်ယောက်ကြားမှာ စည်းခြားထားသည့် တံတိုင်း တွေကြောင့် ဘာတစ်ခုမှ နှလုံးသားရဲ့အလိုကို မလိုက်ဖို့လည်း ကိုယ့်ကိုယ်ကို တော်ဝင် စိတ်ထဲမပြတ် သတိပေးနေရသည်။

နေဗလကို ဘယ်လောက်ပဲချစ်ချစ်၊ မဖြစ်နိုင်ကြသည့် ဘဝမှာ တော်ဝင့်ရင်ထဲက အချစ်တွေကို သူသိအောင်လည်း ထုတ်မပြချင်တော့။ ရင်ထဲမှာပဲ ဘယ်သူမှမသိအောင် သိမ်းဆည်း ထားဖို့ ဆုံးဖြတ်ခဲ့ပေမယ့် အခုတော့ နေဗလဆိုသည့် သူ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင့်ရင်ထဲက အချစ်တွေ ပွင့်အန်ကုန်ရတော့မည်ထင်သည်။

"ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပါဦး အချစ်ရယ်၊ ကို သိပါတယ်၊ တော်ဝင် ကို့ကို မမုန်းပါဘူး၊ ကို့အသိုင်းအဝိုင်းကို တော်ဝင် မုန်းနေတာပါ ဟုတ်တယ်မဟုတ်လား"

"တော်ဝင်"

"တော်ပါတော့ရှင်ရယ် တော်ဝင်တို့ ကိုယ့်ဘဝနဲ့ကိုယ်ပဲ ရှိပါစေတော့လား"

"မရဘူး တော်ဝင်၊ မင်းဘာပြောပြော ကိုယ်ဂရုမစိုက်ဘူး၊ အခုပဲ မင်းကို ကိုယ်ခေါ်သွားမယ်"

"နေဗလ"

"ဘာမှမပြောနဲ့တော့ အချစ်ရယ်၊ ကိုတို့ အခုပဲ တရားရုံးတစ်ခုခုမှာ လက်ထပ်ကြမယ်"

"နေဗလ"

တော်ဝင့်ကိုယ်လေးကို သိမ်းကျုံးပွေ့ယူပြီး လှပသော မျက်နှာလေးအနှံ့ အနမ်းတွေ ကြဲဖြန့်လိုက်သည်။ ဘာစကားတစ်ခွန်းမှ တော်ဝင်ကို ပြောခွင့်မပြု။ သူ့စိတ်ထင်တိုင်း လျှောက်လုပ်၍ တော်ဝင် အရှက်ကွဲမှာ၊ ဖေဖေ စိတ်ထိခိုက်မှာ တော်ဝင် အသိမရှိ။

ဖေဖေ့ကျန်းမာရေးအခြေအနေကို တော်ဝင်ပဲ သိသည်။ သူမနှင့် နေဗလအခြေအနေ လက်ရှိအခြေအနေထက် ပိုမဆိုးခင် တော်ဝင်ဘက်က တစ်ခုခု ဆုံးဖြတ်ချက်ချနိုင်မှ ဖြစ်တော့မည်ဟု





နားလည်လိုက်တော့ တော်ဝင့်ရင်ထဲ မောပန်းနာကျင်သွားသည်။

"ကိုယ်တို့ အခုပဲသွားကြမယ်"

"နေဦး"

ကားပေါ်မှ ဆင်းတော့မည့် နေဗလ အင်္ကျီစကို လှမ်းဆွဲရင်း တားမြစ်စကားဆိုလိုက်တော့ သူက တော်ဝင့်ကို လှည့်ကြည့်သည်။

"ဘာပြောမလို့လဲ တော်ဝင်"

ချစ်ခြင်းမြတ်နိုးခြင်းတွေနဲ့ သူက တော်ဝင့်မျက်နှာလှလှလေးကို အမြတ်တနိုး ငုံ့ကြည့်လာတော့ သူ့မျက်နှာချောချောကို မကြည့်ရဲစွာ မျက်နှာနီနီဖြင့် တော်ဝင် ခေါင်းငုံ့လိုက်သည်။

"ရှင်လိုချင်တဲ့အဖြေကို တော်ဝင်ပေးရင် အိမ်ပြန်ပို့ပေးမလား"

"တော်ဝင်"

"ကို့ကိုချစ်ပြီပေါ့ ဟုတ်လား"

တော်ဝင် ခေါင်းမညိတ်ပါ။

"တော်ဝင်မေးတာကို အရင်ဖြေပါရှင်"

"ဖြေစရာလိုသေးလို့လား အချစ်ရယ်၊ တော်ဝင်ကသာ မောင့်ကိုချစ်တယ်ဆိုမှတော့ ဘာမဆို ရင်ဆိုင်ရမှာက ကို့တာဝန်ပါဗျာ"

"ကို့ကို တော်ဝင် ချစ်တယ်နော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ''

''တော်ဝင် မောင့်အချစ်ရယ်''

''အို''

ဝမ်းသာစိတ်ဖြင့် သူ့ရှေ့မှာ ငြိမ်သက်နေသော တော်ဝင့်ကိုယ်လေးကို ရင်ခွင်ထဲ ကျုံးပွေ့ပြီး ရှက်နေသော မျက်နှာလေးကို ငုံ့မွှေးရန်အပြင် သူ့စိတ်ကူးကို ကြိုသိနေဟန်ဖြင့် တော်ဝင်က သူ့ရင်ခွင်ထဲမှာ မျက်နှာလေးကို ကွယ်ဝှက်လိုက်တာမို့ မချင့်မရဲစိတ်ဖြင့် မြတ်နိုးကြည်မွေ့စွာ တသိမ့်သိမ့် လှိုက်ဖိုသော ရင်အစုံဖြင့် ညင်သာတီးတိုး ရယ်မောလိုက်မိသည်။

• • •



## အခန်း (၂၁)

''ချစ်တယ် တော်ဝင်''

''သိပ်ချစ်တယ်''

''နေ့တိုင်းပြောရတာ မမောသေးဘူးလား ကိုရယ်''

''ဟင့်အင်း မမောဘူး၊ ဖြစ်နိုင်ရင် တော်ဝင်ဆိုတဲ့ ကောင်မလေးကို ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ အချိန်တိုင်းဟောဒီက ကို့ချစ်သူလေးသိအောင် အမြဲပြောနေချင်တာဗျာ သိလား''

''ကိုရယ်''

တိုးသဲ့သော ညည်းညူသံလေးနှင့်အတူ ချစ်သူမျက်နှာကို နူးညံ့သော ချစ်ခြင်းတွေနှင့် အမြတ်တနိုးလေး မော့ကြည့်လိုက်မိရသူက တော်ဝင်ဖြစ်ပါသည်။ သူမအပေါ်မှာ နေဗလ ဘယ်လောက်ချစ်သည်၊ မြတ်နိုးရသည်ကို သိသလို တော်ဝင်ကိုယ်တိုင်ကလည်း သူ့အပေါ်မှာ သူမဘဝမှာ တစ်ခါမှ မဖြစ်ပေါ်ဘူးသော အချစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် အချစ်ဦး၊ အချစ်ဆုံးအဖြစ် အမြတ်တနိုး ချစ်ရခြင်းကို နေဇလဆိုသည့် ကိုကိုယ်တိုင်လည်း ခံစားနားလည်နိုင်မည်ထင်သည်။

"တော်ဝင်"

"ရှင်"

"တော်ဝင့်မေမေဆီမှာ ကိုနဲ့တော်ဝင် ချစ်သူတွေဖြစ်နေပြီဆိုတဲ့အကြောင်း ဖွင့်ပြောပြီး လက်ထပ်ခွင့်တောင်းရရင် မကောင်းဘူးလားဟင်"

"ကို့မာမီက ခွင့်ပြုမှာမို့လား ကိုရယ်၊ ပျော်နေကြမယ့်အချိန်မှာ စိတ်ညစ်စရာအကြောင်းတွေ မေ့ထားကြရအောင်လား"

"ဟုတ်ပါတယ်လေ၊ ကိုယ်တို့ကိစ္စကလည်း လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက် ဖြစ်နေတာ တွေးမိတိုင်း ဘယ်တော့မှ စိတ်မချမ်းသာဘူး"

"တစ်ခါတလေ တော်ဝင်ကို ဖြစ်ချင်ရာဖြစ် နိုးပြေးချင်တဲ့အထိပဲ"

"အဲဒီအတွေးမျိုး မတွေးစမ်းပါနဲ့ ကိုရယ်၊ ကိုသာ အဲဒီလိုလုပ်ရင် နှစ်ဦးနှစ်ဘက် မိဘတွေ ဘယ်လောက် ထိခိုက်နာကျင်ကြမလဲ"

"ကာယကံရှင်ဖြစ်တဲ့ တော်ဝင်တို့ရော ဘယ်လောက်ပျော်နိုင်၊ ဘယ်လောက် စိတ်ချမ်းသာနိုင်မှာမို့လဲဟင်"

ရင်နာသံဖြင့် တော်ဝင် ပြောလိုက်တော့ ငိုင်ကျသွားသည်။





နေဇလမျက်နှာချော့ချော့ကိုကြည့်ပြီး တော်ဝင်ကိုယ်တိုင် စိတ်ထဲမှာနာကျင်သွားပေမယ့် မတတ်နိုင်။ ဖြစ်တည်လာကြသည့်ဘဝမှာ တော်ဝင်ရော ကိုပါ ကြုံဆုံလာရမည့် အခြေအနေကို ရဲရဲရင်ဆိုင်ရုံအပြင် တခြားမရှိ။ ဒါကို တော်ဝင်ရော ကိုပါ လက်ခံနိုင်ကြရမည်။

"ကို့အလိုကျ တော်ဝင်က ကို့ကိုချစ်နေပြီပဲ၊ ကျေနပ်သင့်ပါပြီလေ"

တော်ဝင့်စကားအဆုံးမှာ နေဇလကိုယ်ကြီး ခုတ်ခနဲတွန့်သွားပြီး တော်ဝင့်မျက်နှာလေးကို အလန့်တကြား လှမ်းကြည့်သည်။

"ချစ်သူတိုင်း ကိုယ်ချစ်တဲ့သူကို ရယူပိုင်ဆိုင်ချင်ကြတဲ့သူတွေချည်းပဲ၊ တော်ဝင်က ကို့ချစ်သူ၊ တော်ဝင်ကို ရယူပိုင်ဆိုင်ချင်တာ ကို့အပြစ်လား"

"အပြစ်လို့ မဆိုလိုပါဘူး၊ ဖြစ်နိုင်ရင် တော်ဝင်လည်း ကို့လိုပဲ ဖြစ်ချင်တာပေါ့၊ ဒါပေမယ့်"

"တော်ပြီ တော်ဝင်၊ ကို့ကို နောက်ထပ် ဘာမှမပြောနဲ့တော့၊ ကို့ကို တော်ဝင် တကယ်ချစ်တယ်ဆိုရင် ဘာပဲဖြစ်ဖြစ်ရင်ဆိုင်ရဲတဲ့သတ္တိရှိရမယ်"

"ကို့မှာ လုံလောက်တဲ့ငွေကြေး အပြည့်ရှိနေတာပဲ၊ မာမီတို့ သဘောမတူဘူးဆိုရင်လည်း ခဏပဲ၊ မြေးရတော့ ကျေနပ်သွားကြလိမ့်မယ်"

"ကိုက တစ်ဦးတည်းသောသား၊ ကို့ကို မာမီက သိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဘယ်တော့မှ ရက်ရက်စက်စက် ပစ်ပယ်မှာလည်းမဟုတ်ဘူး''

''တော်ဝင်သာ သတ္တိရှိရှိ ကိုပြောတာကို ခေါင်းညိတ်လက်ခံလိုက်စမ်းပါ အချစ်ရယ်၊ ဘာကြီးပဲဖြစ်ဖြစ် တော်ဝင်ရှေ့မှာ ကိုယ် အမြဲရှိနေမှာကို တော်ဝင် မယုံဘူးလား''

အားမာန်သတ္တိတွေ ပြည့်လျှံနေသည့် ချစ်သူမျက်နှာမှာ ယုံကြည်မှုတွေက အပြည့်။ ဒီတစ်ခါ တွေဝေရသူက တော်ဝင်ကိုယ်တိုင် ဖြစ်လာသည်။ ကို့ကို တော်ဝင် ချစ်သည်။ ထိုအချစ်က လွယ်လွယ်ကူကူ ပေါက်ဖွားလာရသော အချစ်လည်းမဟုတ်။

ခက်ခက်ခဲခဲ ကြိုးစားဆုံးဖြတ်ပြီးမှ ကို့အချစ်ကို လက်ခံတုံ့ပြန်ခဲ့ရတာမို့ ချစ်သူလက်ကိုသာ ဆွဲထားလိုက်ချင်သည်။ ဝေးရမည့်အကြောင်းဆိုလျှင် စိတ်ကူးထဲပင်, ထည့်လိုသူမဟုတ်။ ဤသည်မှာ စစ်မှန်သော တော်ဝင့်ရင်ထဲက ဆန္ဒဟုဆိုသော်လည်း လက်တွေ့ဘဝမှာ ထင်သလို ဘာတစ်ခုမှဖြစ်မလာ။

ဖေဖေနှင့် အန်တီဒေစီတို့ရှေ့မှာ ဒေါက်တာထင်စည်ကို လက်ထပ်ပါမည်ဟု တော်ဝင်ကိုယ်တိုင် ကတိပေးထားခဲ့တာကို မမေ့။ ဒေါက်တာထင်စည်ကိုယ်တိုင်ကလည်း တော်ဝင်ကို ချစ်နေသည်။ အန်တီဒေစီကလည်း တော်ဝင်တို့သားအဖနှင့် ပတ်သက်သမျှ သူ့ကိစ္စဟု ထင်နေသူ။ ဒီလိုယောက္ခမလောင်းက အန်တီဒေစီ တစ်ယောက်ပဲရှိသည်။

အစစအရာရာ တော်ဝင်တို့ သားအဖအပေါ်မှာ အင်မတန်



ကောင်းသည့် ဒေါက်တာထင်စည်တို့ သားအမိကို ဖေဖေ့မျက်နှာ တစ်ခုတည်းနှင့် ရက်စက်စွာ ကျောခိုင်းမထားရစ်နိုင်ခဲ့ပါ။

နေဗလကတော့ တော်ဝင်ကို သူနှင့်လက်ထပ်ဖို့ မပြတ်တိုက်တွန်းနားချ စည်းရုံးနေသည်။ တော်ဝင့်အနေနဲ့ သူမကို ဖွတ်အတင်း ကားတင်ပြေးမှာ စိုးရိမ်၍သာ နေဗလအချစ်ကို လက်ခံလိုက်ရပေမယ့် တစ်ရက်မှ စိတ်မအေးချမ်းမိပါ။

ကိုယ့်ကိုယ်ကို အပြစ်ကျူးလွန်နေမိသူ တစ်ယောက်လို လိပ်ပြာမလုံ။ နေဗလကို ချစ်မိသည်ကပင် အမှားတစ်ခုဟု ကိုယ့်ကိုယ်ကို ထင်နေသည်။ တော်ဝင်နှင့်နေဗလ ချစ်သူတွေဖြစ်နေတာကို နေဗလနှင့် အရင်းနှီးဆုံး ဖူးအိကိုပင် အသိမပေး။ မိုးတိမ်လည်း မသိ။ ဘယ်သူမှမသိသည့် သူတို့နှစ်ယောက်၏ အချစ်ဇာတ်လမ်းလေးက ရင်မောစရာ။

''ပြန်ကြစို့နော်''

''ကို့ကို လက်ထပ်ပါ့မယ်လို့ပြော၊ မပြောရင် မပြန်ရဘူး''

''ကို့မာမီ နေကောင်းသွားပြီလား''

''ကိုမေးတာ အရင်ဖြေ''

''တော်ဝင်မေးတာသာ ဖြေပါ ကိုရယ်၊ ကို့မာမီ နေကောင်းသွားပြီလားလို့''

နေဗလက တော်ဝင်မေးတာကို ချက်ချင်းမဖြေဘဲ လှပနေယ်သော မျက်နှာကို စူးစမ်းအဖြေရှာသလို စိုက်ကြည့်နေသည်။

''ကိုယ်သိပါတယ်၊ ကို့မာမီ စိတ်ဆင်းရဲအောင် မလုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လို့ ပြောမလို့မဟုတ်လား"

"လိမ္မာတဲ့သားတစ်ယောက်၊ သမီးတစ်ယောက်အနေနဲ့ မိဘစကားကို နားထောင်ကြရတာပဲမဟုတ်လား"

"ဪ…တော်ဝင်က ကိုယ့်ကို ဆုံးမနေတာလား"

"ဖြစ်သင့်တာကို ပြောပြနေတာပါ ရှင်ရယ်"

"မင်း ကိုယ့်ကို တကယ်မှချစ်ရဲ့လား တော်ဝင်၊ ဘာဖြစ်လို့ ကိုယ်နဲ့ပတ်သက်ရင် ဒီလောက်သွေးအေးနေတာလဲ"

"ကို့အမြင်မှာ တော်ဝင်က အဲဒီလိုဖြစ်နေလား"

"တော်ပြီကွာ ကို့ကို ဘာမှနားချဖို့ မကြိုးစားနဲ့၊ ကို မကြားချင်ဘူး၊ ကိုသိတာ မင်းကိုချစ်တယ် ဒါပဲ"

"ဟိတ်ကောင် နေဗလ"

"ဟင်"

"အန်ကယ်လေး"

မျက်လုံးကြီးပြူး ခါးနှစ်ဘက်ပေါ် လက်ထောက်ပြီး သူနှင့်တော်ဝင်ရှေ့ကို မားမားကြီး ရောက်လာသော အန်ကယ်လေးကိုကြည့်ကာ နေဗလမျက်နှာ ထိန်းမရအောင် ပျက်သွားသည်။

"မင်း တယ်မိုက်ပါလား နေဗလ၊ ဟိုမှာ မင်းမာမီလာနေပြီ၊ ဒီကိစ္စ ဘယ်လိုရှင်းမှာလဲ"

"မာမီ"

"သားလေးပါလား"

တော်ဝင်တို့နားကို နေဗလမာမီ ရောက်လာသည်။ ရှောင်





ပြေးဖို့ အချိန်မရ။ နေဗလမာမီက သူ့သားနားက တော်ဝင့်တစ်ကိုယ်လုံးကို စူးရှစွာကြည့်၏။ ရုပ်ချင်းဆင်လှသော နေဗလမာမီနှင့် တော်ဝင်တို့ အကြည့်ချင်းဆုံသွားကြပေမယ့် ကိုယ်စီရင်ထဲက ခံစားချက်တွေကဖြင့် မတူကြပါချေ။

"သား ရှင်းပြပါရစေဦး မာမီ"

"သား ဘာမှရှင်းပြနေစရာမလိုဘူး သား၊ ဒီကိစ္စကို မာမီဘာသာပဲ ရှင်းမယ်၊ ဒီမယ် ကလေးမ နောက်ကို အန့်တို့သား နဲ့ ဘယ်တော့မှ အဆက်အသွယ် မလုပ်ပါနဲ့၊ အန့်တို့သားက မကြာခင် လက်ထပ်တော့မှာကွဲ့"

"မာမီ"

"မောင်လေး မင်းတူကိုခေါ်သွားစမ်း"

"အန်ကယ်လေး ကျွန်တော့်ကိုလွှတ်ဗျာ"

"လာစမ်းပါကွာ၊ မင်းမာမီ မင်းကြောင့် အသက်ထွက်သွားတာကို မင်းမျက်စိရှေ့မှာ မြင်ချင်လို့လား"

"တော်ဝင် နေဦးလေ"

"တော်ဝင်"

နေဗလနှင့် အန်ကယ်လေးတို့ တွန်းထိုးရုန်းကန်နေချိန်မှာ တော်ဝင်က နေရာမှ ငိုရှိုက်ပြေးထွက်သွားသည်။

နေဗလ လိုက်ခေါ်ချင်ပေမယ့် မရ။ အန်ကယ်လေးနှင့် မာမီက နေဗလကို ဆွဲထားသဖြင့် ဇွတ်ရုန်းထွက်ဖို့ ခက်နေသည်။ မာမီနှလုံးကိုခွဲစိတ်ထားတာ မကြာသေး။ သူ့ကြောင့် တစ်ခုခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လျှင် အန်ကယ်လေးပြောသလို တစ်သက်လုံး ကိုယ့်ကိုယ်ကို အပြစ်တင်နေရတော့မည်။

မာမီ့ကို ငဲ့နေရတာနှင့် အိမ်ကို ပြန်လိုက်ရသည်။ သူ့အခန်းတံခါးကို မာမီကိုယ်တိုင် သော့ခတ်လိုက်တော့ အခံရခက်ခက်နှင့် သူ အော်ရယ်ပစ်လိုက်သည်။ အိပ်ရာထက်မှာ လူးလိမ့်ရင်း တော်ဝင်အတွက် နေဗလ ရင်တွေနာနေသည်။

သနားစရာကောင်းလိုက်တဲ့ ချစ်သူလေးရယ်။ အခုချိန်ဆို တော်ဝင့်ရင်တွေ ကွဲကုန်တော့မှာ သေချာသည်။ အစထဲက တော်ဝင်က ဒီလိုအခြေအနေတွေကို ရင်ဆိုင်ရဲရှာသူမဟုတ်။

တော်ဝင်ရယ်။

မင်းလေးကို သနားကြင်နာရလွန်းလို့ မောင့်ရင်တွေ ပွင့်ထွက်ရတော့မယ်ထင်ရဲ့ အချစ်ရယ်။

''မာမီ''

''သားကို တံခါးဖွင့်ပေးပါ၊ သား တော်ဝင်ကို ချစ်တယ် တော်ဝင်ဆီ သွားပါရစေ''

''မာမီရယ်''

''သားကို သနားပါဗျာ''

အိပ်ခန်းတံခါးကို တဒုန်းဒုန်းထုရင်း သူ ရင်ကွဲသံကြီးနှင့် အော်နေပေမယ့် သူ့အိပ်ခန်းတံခါးကို ဘယ်သူမှလာမဖွင့်။ အိပ်ခန်းပြတင်းမှာ ကပ်ထားသည့် သံပန်းတွေကို ခွာချပြီး အိမ်က မာမီတို့ မသိအောင် ထွက်ပြေးဖို့ ကြိုးစားမိသည်။





ကံဆိုးချင်တော့ ကြိုးအဖြစ် အသုံးချသည့် အိပ်ရာခင်းနှင့် ခန်းဆီးလိုက်ကာစက နေဗလကိုယ်ခန္ဓာအလေးချိန်ကို မခံနိုင်ဘဲ ခြံထဲကို ပြုတ်ကျသွားသည်။ အန်ကယ်လေးအော်သံသဲ့သဲ့ကို နောက်ဆုံးကြားလိုက်ရပြီး ခြေထောက်တစ်ဖက် ပူခနဲဖြစ်သွားကာ တစ်လောကလုံး အမှောင်ကျသွားသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

''ကြည့်စမ်း အလိုလိုက်လို့ အမိုက်စော်ကား၊ မိဘမျက်နှာကို အိုးမည်းသုတ်ချင်တဲ့မိန်းမ''

''ကဲဟယ်''

''ဖြန်း''

''အမလေး''

''မာမီ''

ဒေါ်တင်မိုလက်ကို အချိန်မှီ ဖမ်းဆွဲဖို့ကြိုးစားပေမယ့် မမီလိုက်ပါ။ ဒေါသနှင့် ရိုက်ချလိုက်သော အရှိန်ဖြင့် ဖူးအိပါးပေါ်ေတစ်ဖက် ရဲရဲနီသွားကာ ချက်ချင်းလိုပင် ပါးပြင်နုနုမှာ လက်ငါးချောင်းရာ ထင်းခနဲ ပေါ်လာပါသည်။

''အခုချိန်ကစပြီး သင်းကို သော့ခတ်ထားမှဖြစ်မယ်။ သမီးကြီး ဖယ် အပြင်ထွက်စမ်း၊ ကြိုက်စရာရှားလို့ တော်ဝင့်အိမ်တိုလာနေတဲ့ အစုတ်ပလုတ်ကောင်ကိုမှတဲ့''





''ဟွန်း သတ်လိုက်ရင် သေတော့မယ်၊ တော်ဝင့်လို မိန်းမကတောင် မသုံးတဲ့ကောင်ကိုမှ၊ တယ်လေ''

''တော်ပါတော့ မာမီရယ်၊ လာပါ ဖူးအိနှုတ်ခမ်းမှာလည်း သွေးတွေထွက်နေပါပြီ''

''သေပါလေ့စေ၊ မိသားစုအရှက်ကို ခွဲမယ့်အတူ သေသွားတာကမှ တလွှမ်းထဲလွှမ်းနေလိုက်ရုံပဲ''

''နေဗလနဲ့ လူကြီးချင်းသဘောတူတာကို လက်ခံသဘောတူပြီးမှ ညည်းအေ''

''ဒီမယ် မိဖူးအိ ညည်းမို့လို့ ဒီလိုမျိုးလုပ်ရက်တယ်အေ၊ မရီမာတို့သာ ဒီကိစ္စသိလို့ကတော့ ငါတို့မိဘတွေ ခွေးလုံးလုံးဖြစ်ပြီ သိလား''

''ဒီနည်းနဲ့ ညည်းက မိဘကျေးဇူးကို ဆပ်ပြနေတာလားဟင်၊ ပြောစမ်း''

''မာမီ…မာမီ''

''စိတ်ကိုထိန်းပါဦး မာမီရယ်၊ တော်ကြာ အေးပတ်ဝန်းကျင်က လူတွေသိသွားရင် ဂမုန်းတို့ပဲ အရှက်ကွဲရမယ့်ကိစ္စကြီးကို တိုးတိုးတိတ်တိတ် ကျိတ်ဖြေရှင်းလည်း နောက်မကျသေးပါဘူး မာမီရယ်''

''လာပါနော်၊ လာပါ မာမီရယ်''

ဒုတိယအကြိမ် ဖူးအိကို ရိုက်နှက်ဖို့ ခြေလှမ်းပြင်လက်ရွယ်ထိုက်သော မာမီ့ကို ဒီတစ်ခါတော့ ဂမုန်းက အရင်ဦးအောင်ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖျောင်းဖျနှစ်သိမ့်လိုက်သည်။

အဖြစ်ကလည်း လုံးဝမထင်မှတ်ထားတာမို့ မာမီသာမက ဂမုန်းကိုယ်တိုင် အံ့သြတုန်လှုပ်ရသည်။ ဖူးအိဆိုတာ ပန်းရဝံမှာ မာနခဲ။ ဂမုန်းထက်ပင် ဂုဏ်အဆင့်အတန်း ခွဲခြားတတ်သူ တစ်ယောက်က တော်ဝင့်သူငယ်ချင်း မိုးတိမ်ဆိုသည့်လူနှင့်မှ ချစ်သူတွေဖြစ်ခဲ့ကြသည်တဲ့။

ဂမုန်း ဘယ်လိုမှ ထင်မထားတဲ့ကိစ္စကြီးကို ဘာကြောင့် ဤမျှမိုက်မဲစွာ ကျူးလွန်ခဲ့ရမုန်း ဘယ်သူမှ မသိ။ အနေအထိုင် ဝိရိတာလည်းပါသည်။ ဖူးအိလို မိန်းကလေးတစ်ယောက်က မိုးတိမ်လို တောနေတောသား လူတစ်ယောက်ကို စဉ်းစားလိမ့်မည်မဟုတ်ဟု အထင်ကြီးခဲ့တာလည်း ဖြစ်သည်။

"သင်းကို မာမီမသိဘဲ လုံးဝတံခါးဖွင့်မပေးရဘူး နားလည်လား ဂမုန်း၊ သင်းကို နေဗလနဲ့ အမြန်ဆုံး လက်ထပ်ပေးမှဖြစ်တော့မယ်"

မာမီကိုယ်တိုင် အခန်းတံခါးကို သော့ခတ်ပြီး အပေါ်ထပ်က တဒိုင်းဒိုင်းခြေသံပြင်းပြင်း နင်းဆင်းသွားပုံက ကြောက်စရာ ဂမုန်းတစ်သက် မာမီ ဤမျှဒေါသဖြစ်တာကို မမြင်ဘူး။

"တူ…တူ…တူ"

"ဟဲလို"

မာမီ့လက်ကိုင်ဖုန်း အသံမြည်လာသဖြင့် မာမီ ဖုန်းပြောနေချိန်မှာ ပြုံးချိုသွားသည့် မျက်နှာနှင့် မမရှိဆိုသည့်အမည်တို





ကြားလိုက်ရတော့ ဂမုန်းကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။

နေဗလမာမီဆီကပါလား။

လူကြီးချင်း သဘောတူထားသည့် မင်္ဂလာကိစ္စကို နေဗလရော ဖူးအိပါ နှစ်ဦးသဘောတူ လက်ခံခဲ့ကြပြီးမှ လူကြီးတွေ အရှက်ရအောင် ဘာတွေလျှောက်လုပ်သည်မသိ။

"တီ…တီ…တောင်"

ဂမုန်းဖုန်းလေး အသံမြည်လာလို့ ကြည့်လိုက်တော့ ဂမုန်း ချစ်သူ စွမ်း ဖုန်းဖြစ်နေသည်။

"ဂမုန်း"

"ခေါ်မနေနဲ့၊ အိမ်မှာ ပြဿနာတက်နေလို့ ဒီနေ့မလာနိုင်ဘူး"

"ဟာကွာ သေချာစီစဉ်ထားပြီးမှ လွမ်းနေရတော့မှာပဲ"

"အပိုတွေ ပြောမနေပါနဲ့ ဒါပဲနော်"

"ဟိတ်…နေဦး"

"ဘာလဲ"

"ချစ်တယ်"

ဖုန်းထဲက အနမ်းပုံလှမ်းပေးတာကို ကျေနပ်ကြည်နူးစွာ ထောင်ပြီး ဖုန်းကို ပိတ်လိုက်သည်။ မာမို့အခြေအနေကိုကြည့်ပြီး ဖူးအိအခန်းနားကို ဂမုန်းရောက်သွားတော့ အခန်းထဲမှ အီခနဲ ကျိတ်ငိုနေသည့် ဖူးအိငိုသံကို ကြားလိုက်ရတာမို့ ဂမုန်း သနားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး သမီးတွေကို လက်ဖျားနှင့် မတို့ဘူးပေမယ့်
ဒေါသဖြစ်ဖြစ်နှင့် ရိုက်လိုက်သည့် ရိုက်ချက်က ပြင်းထန်တာမို့
ဖူးအိ အတော်နာမှာပဲဟု ဂမုန်းက ဖူးအိအပေါ် အတွေးနှင့် ညီမဖြစ်
သူကို သနားနေချိန်မှာ ဖူးအိက ပါးပြင်ပေါ်က အနာကို ဂရုမစိုက်။
မိုးတိမ်ဆိုသည့် မောင်နှင့် ထာဝရဝေးရပြီဆိုသော အသိ
ဖြင့် ရင်ထဲနာကာ တသိမ့်သိမ့် ရှိုက်ငိုနေရင်း အခန်းထဲမှာ ပြန့်ကျဲ
စုတ်ပြတ်နေသည့် မိုးတိမ်၏စာများ၊ ဓာတ်ပုံနှင့် ဒိုင်ယာရီအပိုင်းအစ
တွေကို လိုက်ကောက်ပြီး ရင်ခွင်မှာ အပ်ထားမိ၏။
လက်ဆုပ်လက်ကိုင်နှင့် အမိခံလိုက်ရမှတော့ ဖူးအိမှာ
မာမီ့ကို ဘာတစ်ခွန်းမှ ကာကွယ်ပြောဆိုခွင့်မရတော့ပါ။ ဖူးအိ
မျှော်လင့်ထားသည့်အတိုင်း မိုးတိမ်နှင့် ပတ်သက်ပြီး မာမီဘက်က
တုံ့ပြန်ပုံက ခါးခါးသီးသီး။
မောင်ရယ်။
ဖူးအိ မောင့်ကိုချစ်တယ်။
မခွဲနိုင်ဘူး မခွဲချင်ဘူး။
ဖူးအိကို မောင် အမြန်ဆုံး လာခေါ်ပါတော့ အချစ်ရယ်။
မျက်ရည်တွေနှင့် မောင့်ကို ဖူးအိ တမ်းတပြီး ငိုနေမိသည်။
မာမီ့စိတ်ကို ဖူးအိ သိသည်။
နေဗလနှင့် အမြန်ဆုံး လက်ထပ်ပေးမှာမလွဲ။ နေဗလမှာ
တော်ဝင်ရှိသည်ဆိုပေမယ့် သူတို့အခြေအနေကလည်း ဖူးအိတို့
ချစ်သူနှစ်ယောက်အဖြစ်နှင့် ဘာမှမကွာ။ နေဗလမာမီက ပိုဆိုးသေး





သည်။ အစထဲက တော်ဝင်ကို မမြင်ဘူးပဲနှင့် ကြည့်ရသူမဟုတ်။
နေဗလရယ် ဖူးအိ အခြေအနေကိုသိပြီးရင် နင်ကိုယ်တိုင်
တော်ဝင့်ကို အမြန်ဆုံး ခိုးပြေးနိုင်ပါစေလို့ ဖူးအိ ဆုတောင်းပါတယ်
သူငယ်ချင်းရယ်။
နေဗလအဖြစ်ကို မသိရှာသော ဖူးအိ ဆုတောင်းက မပြည့်
နိုင်မှန်း သူမ မသိရှာပါ။ အမေနှစ်ယောက်၏ အဆုံးအဖြတ်နှင့်
ဆွေးနွေးနေသည့် စကားများကိုသာ ကြားမည်ဆိုလျှင် နေဗလရော
ဖူးအိပါ ဖြစ်ချင်ရာဖြစ် ကိုယ့်ချစ်သူနှင့်အတူ လွတ်ရာကျွတ်ရာကို
ထွက်ပြေးချင်မိကြမှာ သေချာသည်။
အခုတော့ သူတို့စိတ်ကူးယဉ်နေချိန်မှာ နေဗလမာမီ
ဒေါ်ရီမာက ဘာမှမဟုတ်သည့် အညတြ မိန်းကလေးတစ်ယောက်
ကြောင့် သားဖြစ်သူခမျာ သေကံမရောက်၍သာ အသက်မသေဘဲ
ဆေးရုံရောက်သွားရသည့်အဖြစ်ကို ရင့်ထုမနာ ဒေါ်တင်မှီကို စတင်
ရင်ဖွင့်သည်။ မိခင်မေတ္တာဖြင့် သားဖြစ်သူကိုလည်း ယူကျုံးမရ။
သားဖြစ်သူကို စိတ်မချသဖြင့် တရားသူကြီးနှင့် နှစ်ဘက်
မိဘ အသိသက်သေများရှေ့မှာပင် ဖူးအိနှင့် လက်မှတ်ထိုး
လက်ထပ်ပါရစေဟု ခွင့်ပန်လာတော့ ဒေါ်တင်မှီဘက်က ချက်ချင်း
လက်ခံသဘောတူလိုက်သည်။
ကိုယ့်မှာလည်း ကိုယ့်အပူနှင့်ကိုယ်။ နေဗလမာမီ ခါးခါး
သီးသီး သဘောမတူနိုင်ဖြစ်နေသည့် မိန်းကလေးကို ပန်းရုံတွာ
တစ်ခြံထဲ အတူနေသည့် တော်ဝင်ဟု နေဗလမာမီရော အဒေါ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါ်တင်မှီကိုယ်တိုင်ပါ မသိ။

"ညည့်ခံပွဲကိုတော့ နောက်မှ တင်မှီတို့စိတ်ကြိုက်နေရာကို ရွေးကွယ်၊ လောလောဆယ် ဖူးအိလေးနဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခွင့်ရရင် ကျေနပ်ပြီ"

"မမသဘောကျသာ စီမံပါ၊ တင်မှီတို့ဘက်က ဘာမှပြော စရာမရှိပါဘူး၊ ဒါပေမယ့် သားကိုတော့ အပိုင်ကိုင်နိုင်မှဖြစ်မှာနော် မမ"

"စိတ်ချပါကွယ်၊ သမီးလေးကိုသာ တင်မှီ ဒီရက်အတွင်း လို့ ကြိုပြောထား ဟုတ်လား"

"ဟုတ်ကဲ့ပါ မမ"

နေဗလမာမီ ပြန်သွားတော့မှ ဖူးအိနဲ့မတ်သက်ပြီး ဘာမှ မဖြစ်လေဟန် အေးဆေးနေကြသမျှ ဒေါ်တင်မှီ ပျာယာခတ်သွား သည်။ နေဗလမာမီက သူ့သားကို ဘယ်လို အပိုင်ချိလာသည်မသိ သော်လည်း ဒေါ်တင်မှီကိုယ်တိုင် ကိုယ့်သမီးကို ဘာတစ်ခုမှ မပိုင်သေး။

ဖူးအိကို ဤမျှ မိုက်တွင်းနက်လိမ့်မည်ဟု မထင်ခဲ့တာ လည်း ပါသည်။

ဖူးအိ ဖူးအိ သိပ်မိုက်တဲ့သမီး။ ဒီကိစ္စသာ သူ့အဖေသိသွား လို့ကတော့ မိုးမီးလောင်မှာ သေချာသည်။ သမီးကို အပြစ်တင်ရင်း ဒေါ်တင်မှီကိုပါ သမီးအမေအဖြစ် ရန်လိုပြုမူဦးမှာ သေချာသည်။ ဖူးအိကိစ္စနှင့် လင်မယားနှစ်ယောက် ရန်ဖြစ်ကြရမှာတွေးပြီး ရင်လေး





သွားသည်။

အခုတလော လင်မယားနှစ်ယောက်စလုံး စကားပြောရ တာ ဘာတစ်ခုမှ အဆင်မပြေ။ သမီးတွေက သူ့အဖေနှင့် အမေကိစ္စ ကို စိတ်ဝင်စားတာမဟုတ်။ သူတို့ကိစ္စနှင့်သူတို့ ရှုပ်နေသလို ဒေါ်တင်မှီတို့ လင်မယားမှာလည်း ကိုယ့်ကိစ္စနှင့်ကိုယ် မကြာခဏ တိုးတိုးကျိတ်ကျိတ် ရန်ပွဲလေးတွေ ဖြစ်နေတာ ဘယ်သူမှမသိ။

မတတ်နိုင်ဘူးလေ။

ဖြစ်လာမှတော့ ရင်ဆိုင်ရုံပေါ့။

သမီးတွေကို ဒေါ်တင်မှီတစ်ယောက်တည်း မွေးထားတာ မဟုတ်။ သမီးအမေဆိုပြီး ဒေါ်တင်မှီကို တစ်ဖက်သတ် အပြစ်ပုံချ လာလို့ကတော့ ဖနီးနဲ့သမီးတွေကို အချိန်မပေးနိုင်ဘဲ တခြားနေရာမှာ အချိန်တွေ ဖြုန်းချင်တိုင်း ဖြုန်းနေသော သမီးအဖေဆိုသူကိုလည်း ပြန်ပြီး အပြစ်တင်ရုံသာ။

နေဗလမာမီနှင့် နှစ်ဦးနှစ်ဘက် ညှိနှိုင်းပြီးပြီမို့ ဒေါ်တင်မှီ ဘက်က ကိုယ့်သမီးကိုယ်ပိုင်ဖို့ပဲ လိုသည်။ မနိုင်လို့ကတော့ လူကြား ထဲ သူတို့လင်မယား မဟာအရှက်တော်ကွဲရုံရှိသည်။

"ဖူးအိ လာဦး"

"ဟုတ်"

"မနက်ဖြန် လူကြီးစုံရာနဲ့ နေဗလကို ဒီအိမ်မှာပဲ တရား သူကြီးရှေ့မှာ လက်မှတ်ထိုးလက်ထပ်ရမယ် အသင့်ပြင်ထား"

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



''မိဘတွေစီမံတဲ့အတိုင်း လုပ်စမ်း ဖူးအိ၊ ညည်းကို ယန်းရဂုံက ဒုတိယ ဦးချမ်းငြိမ်းအဖြစ်မခံနိုင်ဘူး၊ ပြီးတော့ တစ်သက်လုံး ဂုဏ်သိက္ခာရှိရှိနဲ့ လူအများအလယ်မှာ ခေါင်းမော့ရင်ကော့နေလာတဲ့ တို့မိဘတွေကို တစ်သက်လုံး အရှက်ရ မျက်နှာငယ်အောင် လုပ်မပြချင်ပါနဲ့''

''ညည်းသိအောင် တစ်ခါတည်း ပြောလိုက်မယ်၊ မာမီ့စကားကို နားမထောင်လို့ကတော့ ဟောဒီမှာမြင်လား''

ခေါ်တင်မီက ဆေးပုလင်းကို ဖူးအိမြင်အောင် ထောင်ပြလိုက်တာမို့ ဖူးအိ မျက်နှာလေး ကြောက်စိတ်ဖြင့် ဖွေးခနဲဖြစ်သွားသည်။

''အရှက်ကွဲသိက္ခာကျတော့ မခံဘူး၊ ညည်းမျက်စိရှေ့မှာပဲ ကိုယ့်ကိုယ်ကို အဆိပ်သောက်ပြီး အဆုံးစီရင်ပစ်မယ် နားလည်လား''

''သမီးဂမုန်း ဖူးအိကို လိုအပ်တာတွေအားလုံး သမီးပဲ တာဝန်ယူလိုက်''

''ဟုတ်ကဲ့မာမီ''

အခန်းတံခါးကို ဂုန်းခနဲဆွဲပိတ်ပြီး သော့ခတ်လိုက်သံက မိုးကြိုးနှင့် ပစ်ခွင်းခံရသလို ဖူးအိနားထဲမှာ ကျယ်လောင်စူးရှသွားသည်။ ဘာဆိုဘာတစ်ခုမှ ကြိုတင်ကြံစည်ခွင့်မရလိုက်တော့။ ပြောရင် ပြောသည့်အတိုင်း လုပ်တတ်သည့် မာမီ့စိတ်ကို ကြောက်တာနှင့် ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာသည်။





မိုးတိမ်ရှိရာကို ထွက်ပြေးသွားချင်ပေမယ့် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ ဒီကြားထဲ ဦးချမ်းငြိမ်းကို ဆေးရုံတင်ထားရတာနှင့် တော်ဝင်တို့သားအဖ ယန်းရဂုံမှာမရှိ။ ဖုန်းလည်းကိုင်ခွင့်မရတော့ ဘာတစ်ခုမှ မဆက်သွယ်နိုင်။ ဂမုန်းက ဖူးအိနားကိုမကပ်။ လာတော့လည်း မာမီနှင့်အတူလာ။ အတူပြန်ဆိုတော့ ဖူးအိ ဘာမှလှုပ်ရှားခွင့်မရှိ။

နေဇလကိုယ်တိုင်လည်း ဖူးအိနည်းတူ သူ့အိမ်မှာ အကျယ်ချုပ်ဖြစ်နေတာ ဘယ်မှမသွားသလို ဘာမှလည်း လုပ်ခွင့်မရှိ။ နေဇလမာမီက အချိန်ပြည့် နေဇလဘယ်သွားသွား ဘာလုပ်လုပ် အတူတူရှိနေသည်။

ညဘက် ဒက်ဒီနှင့်မာမီတို့ ရန်ဖြစ်သံ၊ ပစ္စည်းတွေပေါက်ခွဲသံ၊ မာမီငိုရှိုက်သံတွေကြားရတော့ ဖူးအိရင်ကို မီးနှယ်လောင်မြိုက်စေသည့်အတွက် မာမီနှင့်အတူ ဖူးအိပါ လူးနေအောင် ကျိတ်ငိုမိ၏။

ဖူးအိကြောင့် မာမီငိုရတာသိသည်။

မာမီ့ကိုသနားသလို ကိုယ့်ကိုယ်ကိုလည်း သနားသည်။

နောက်ဆုံး ဘာမှမတတ်နိုင်သည့်အဆုံးမှာ အားလုံးကို လက်မြှောက်အရှုံးပေးလိုက်ရပြီဟု နားလည်လိုက်တော့ နူနယ်သော ဖူးအိအသည်းနှလုံးတွေ တစ်စစ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွား၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

''တော်ဝင်''

''ဟင် ကို''

တမင်ချိန်းထားမည်ဆိုလျှင်တောင် တစ်ယောက်နှင့်တစ်ယောက် ဤမျှလွယ်လင့်တကူ မျက်နှာချင်းဆိုင် တွေ့နိုင်ကြမည်မထင်။ အခုတော့ တော်ဝင်ဖေဖေ ဦးချမ်းငြိမ်းတက်နေသည့် ဆေးရုံမှာ နေဗလမာမီကို နှလုံးအထူးကုဆရာဝန်ကြီးနှင့် လာပြနိုက် တိုက်တိုက်ဆိုင်ဆိုင် တော်ဝင်နှင့် နေဗလတို့ ဆုံမိကြခြင်းဖြစ်သည်။

''ကို ခြေထောက်က ဘာဖြစ်တာလဲဟင်၊ အခု ဆေးရုံကို ဘယ်သူနဲ့လာတာလဲ''

''အဲဒါတွေ နောက်မှမေးစမ်းပါ တော်ဝင်ရယ်၊ လာလာ ကိုတို့ ဒီနေရာက အမြန်ဆုံးပြေးမှဖြစ်တော့မယ်''

''လာ''





''အို…ကို့ခြေထောက်မှာ ဒဏ်ရာကြီးနဲ့ ဖွတ်မလုပ်နဲ့လေ''

နေဗလက တော်ဝင်လက်ကလေး တစ်ဖက်ဆွဲပြီး ခြေထောက်က ပတ်တီးစည်းထားသည့် ဒဏ်ရာကို ဂရုမစိုက်ဘဲ အန်ကယ်လေးနှင့် မာမီတို့ရှိရာ ဆရာဝန်ကြီးအခန်းကို တစ်ချက်ကြည့်ပြီး နေရာက လစ်ပြေးဖို့ အသည်းအသန် ကြိုးစားမိ၏။

ညကသည်း ခြေထောက်ဒဏ်ရာကြီးနှင့် မာမီတို့အလစ်မှာ ထွက်ပြေးဖို့ အသင့်ပြင်ထားသော်လည်း လူမလစ်တာနှင့် နေဗလ အကြံအစည်မအောင်မြင်ခဲ့ပါ။ အခုတော့ မကြံစည်ရဘဲ ချစ်သူတော်ဝင်က သူ့မျက်စိရှေ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတာမို့ ဘာမှစဉ်းစားမနေဘဲ မာမီတို့အလစ်မှာ ထွက်ပြေးခြင်းဖြစ်သည်။

ဖေဖေက ဒေါက်တာထင်စည်ကို အရာခိုင်းသဖြင့် သူရှိနေသည့် နေရာကို မေးစမ်းပြီးအလာ နေဗလနှင့် မမျှော်လင့်ဘဲ ဆုံမိပြီး တော်ဝင်ခမျာလည်း ချစ်သူဆွဲခေါ်ရာနောက်ကို တအိုအို တအင်အင်နှင့် ဒရွတ်ဆွဲလေး လိုက်ပါလာခိုက်မှာပင်

''တော်ဝင်''

''ဦးထင်စည်''

''ဘယ်ကိုသွားမလို့လဲဟင်၊ ဦးလေးအတွက် ဆေးဝယ်ခိုင်းထားတာရော ရပြီလား''

''ရှင်''

''ဟုတ်…ဟုတ်ကဲ့၊ တော်ဝင် ဝယ်ပြီးပါပြီ၊ ဒီမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ဆေးထည့်လာသည့် ကျွတ်ကျွတ်အိတ်လေးကို အယောင်ယောင်အမှားမှား မြှောက်ကိုင်ပြရင်း တော်ဝင်လက်တစ်ဖက်ကို မလွှတ်စတမ်း တင်းကြပ်စွာ ဆုပ်ကိုင်ထားသည့် နေဗလလက်ထဲက သူ့မလက်ကလေးကို ရုန်းထွက်ဖို့ ကြိုးစားပေမယ့် နေဗလက ပေးမလွှတ်သည့်အပြင် ပိုတိုး၍ တင်းကြပ်စွာ ဆုပ်ကိုင်လာသဖြင့် တော်ဝင် မျက်နှာလေးရဲရဲနီစွေးသွားရပါသည်။

"တော်ဝင် သူငယ်ချင်းလား"

"ရှင်"

"မဟုတ်ဘူး တော်ဝင်ချစ်သူ၊ လာ တော်ဝင် မာမီတို့ထွက်မလာခင် ကိုတို့ ဒီနေရာကပြေးမှဖြစ်မယ်"

"ဘယ်မှသွားလို့မဖြစ်ဘူး တော်ဝင်၊ ဦးလေး အခြေအနေက တော်ဝင် သိတဲ့အတိုင်း အနားမှာ တော်ဝင် အမြဲရှိနေမှဖြစ်မှာ"

"တော်ဝင်"

နေဗလက ဒေါက်တာထင်စည်မျက်နှာကို မကျေမနပ်လှမ်းကြည့်လိုက်သော မျက်လုံးတွေက မီးတွက်လုမတတ် ပြင်းထန်ပူလောင်ပေမယ့် ဒေါက်တာထင်စည် အကြည့်တွေကတော့ ရဲရင့်တည်ငြိမ်နေသည်။

အခြေအနေကိုကြည့်ပြီး တော်ဝင် ဘာဖြစ်နေသလဲဆိုတာ ဒေါက်တာထင်စည် ချက်ချင်းသဘောပေါက်လိုက်တာမို့ တော်ဝင်ကို နေရာက ဘယ်မှမရွှေ့နိုင်မည့် စကားဖြင့် တော်ဝင်ကို ချုပ်ကိုင်





လိုက်၏။

ဒါကို တော်ဝင်ချစ်သူကလည်း သိသည်။ တွေဝေငေးငိုင်သွားသည့် တော်ဝင်က နေဗလ ဖွတ်အတင်းဆွဲခေါ်ရာနောက်ကို မလိုက်တော့ဘဲ ခြေအစုံက ရပ်တန့်ကာ နေဗလမျက်နှာကို စိုက်ကြည့်သည်။

"တော်ဝင်ကို ခွင့်လွှတ်ပါကို၊ ဖေဖေ့နားမှာ တော်ဝင်ရှိမှဖြစ်မယ်"

"ဒါပေမယ့် ကိုတို့ အခုလိုမလုပ်လို့မဖြစ်ဘူး၊ မနက်ဖြန်ကိုနဲ့ ဖူးအိကို မာမီက လက်ထပ်ပေးတော့မှာသိလား"

"လာပါ တော်ဝင်ရယ်၊ လာပါ အခုတောင် ကံကောင်းလို့ တော်ဝင်နဲ့တွေ့ရတာ ကိုကို တော်ဝင်မချစ်ဘူးလား၊ မသနားဘူးလားဟင်"

"တော်ဝင် ဖေဖေကို ဒီကဒေါက်တာနဲ့ တခြား ဆရာဝန်သူနာပြုတွေက ဂရုစိုက်ကြည့်ထားကြမှာပါ"

"လာပါအချစ်ရယ် သွားကြပါစို့နော်၊ တော်ဝင်ကို ကိုယ်ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်တာ တော်ဝင် မသိတော့ဘူးလား အချစ်ရယ်"

နေဗလက ဖွတ်တရွတ်။ လူကလည်း ဂနာမငြိမ်။ နောက်ကြောင်းကမအေးရသည့်အထဲ ဒေါက်တာထင်စည်ဆိုသူနှင့် သွားတိုးတော့ အခြေအနေက သူဖြစ်ချင်တိုင်းဖြစ်မလာတော့။

"တော်ဝင် ကြိုက်သလို ဆုံးဖြတ်ပါ၊ အဖေနဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင် ဘယ်သူ့ကို ရွေးမလဲ"

"ဟင်"

"အို"

သွားပြီဟု နေဗလ သိလိုက်သည်။ ဒီလိုမေးခွန်း အမေး ခံရမှတော့ ဘယ်သားသမီးပဲဖြစ်ဖြစ် ကိုယ့်မိဘနှင့်ချစ်သူ။ မိဘကိုပဲ ရွေးမည်။ ဒါကိုသိရဲ့နဲ့ ဒီလူ။

"ဟော..ဟိုမှာ ဟိုမှာ နေဗလ"

"သား..သား"

"နေဗလ"

"ဟာ ဟိုမှာ မာမီနဲ့ အန်ကယ်လေးတို့ ပြေးလာနေပြီ တော်ဝင်"

"တော်ဝင်"

ချစ်သူလက်ကလေးကို အားကုန်ဆုပ်ညှစ်ရင်း နေဗလ မျက်နှာ ပြုံမည့်မိုးနှယ် အုံ့ဆိုင်းညို့မှောင်သွားသည်။ ကံကြမ္မာက သူ့ကို မျက်နှာသာထပ်မပေးတော့။ တော်ဝင်ကို ဆုံးရှုံးသွားပြီဆို သောအသိမှာ နေဗလ အသည်းနှလုံးအစုံ ဆတ်ဆတ်ခါသွား၏။

"ညည်း ညည်း ငါ့သားလေးကို ဒီအထိအောင် လိုက် လာပြီး ဒုက္ခပေးနေတာလားဟင်"

"မမ စိတ်ကိုထိန်းလေ"

"မာမီ"

"ဘာလဲ...ဘာလဲ မင်းဘာမှဝင်မပြောနဲ့ နေဗလ၊ မင်း





ကြောင့် အခုမာမီ သေရတော့မယ်သိလား"

"ငါ့သားကို နောက်ဘယ်တော့မှ မဆက်သွယ်ပါနဲ့လို့ ပြောထားတဲ့ကြားက"

"ကဲဟယ်"

"မာမီ"

"တော်ဝင်"

နေဗလ မျက်လုံးထဲ ပြာသွားသည်။ မာမီ လက်တစ်ဖက် မြှောက်တက်လာတာ မြင်လိုက်ထဲက သူ့ရှေ့ရောက်နေသည့် အန်ကယ်လေးကိုယ်ကြီးကို တွန်းတိုက်ပြီး ချစ်သူကိုကာကွယ်ဖို့ အားထုတ်ကြိုးစားပေမယ့် မရ။

အန်ကယ်လေးက သူ့ကိုယ်ကြီးကို ဆွဲထားသလို ခေါက်တာထင်စည်ကလည်း တော်ဝင်အသားကို အထိမခံ။ တော်ဝင်ပါးကို ရိုက်ရန် ရွယ်လိုက်သည့် နေဗလမာမီလက်ကို ရုတ်ခနဲ သူ့လက်ဖြင့် ဆွဲယူဖယ်ရှားလိုက်သလို တည်ကြည်ခန့်ညား သည့်အသွင် မားမားကြီးဖြင့် ရှက်လန့်တုန်လှုပ်နေသော တော်ဝင် ရှေ့မှာ ပိတ်ရပ်ကာ နေဗလ မာမီကို ရဲရင့်စွာ ရင်ဆိုင်လိုက်သည်။

"သားသမီးချင်း ကိုယ်ချင်းစာမှပေါ့ အန်တီ၊ ပါးစပ်က ပြောတာတောင် လွန်နေပါပြီ၊ တော်ဝင်ကို ကိုယ်ထိလက်ရောက် ဆော်ကားဖို့ ကြိုးစားလာရင် ဘယ်လိုလူမျိုးကိုမှ ကျွန်တော်ထ ခွင့်လွှတ်မှာမဟုတ်ပါဘူး"

"အောင်မယ် မင်းလိုလူကများ စကားကြီးစကားကျယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဒီမိန်းကလေးဘက်က နာနေရအောင် မင်းက သူ့အကြောင်း ဘယ်လောက်များသိလို့လဲဟင်''

''တော်ဝင်ဆိုတာ ကျွန်တော်နဲ့ မကြာခင်လက်ထပ်တော့မယ့် မိန်းကလေးပဲ၊ ဘာဖြစ်လို့ ကျွန်တော်က သူ့အကြောင်းမသိရမှာလဲ''

''ဟင်''

''အန်တီသားကို အခုချက်ချင်း ကျွန်တော့်မျက်စိရှေ့က ခေါ်သွားပါ၊ နောက်ဘယ်တော့မှလည်း ကျွန်တော့်ဇနီးလောင်းနဲ့ လာမပတ်သက်ပါစေနဲ့''

''လာ တော်ဝင် ကိုကိုတို့သွားကြမယ်''

''တော်ဝင်''

''တော်ဝင်''

ရင်ကွဲမတတ် အော်ဟစ်လိုက်သော ချစ်သူ့အသံကို ကြားပေမယ့် တော်ဝင် လှည့်မကြည့်ရဲတော့ပါ။ ဒေါက်တာထင်စည် ဆွဲခေါ်ရာနောက်သို့ မျက်ရည်ပေါက်ပေါက်ကျရင်း အတူလိုက်ပါလာခဲ့သည်။

မောင်ရယ်။

တော်ဝင့်တို့ ဘာများတတ်နိုင်ဦးမှာလဲကွယ်။

''ကိုကို့ကို ဘာမှအားနာငဲ့ကွက်နေစရာ မလိုဘူး တော်ဝင်ကိုကိုကိုယ်တိုင်လည်း ရည်းစားဦးနဲ့ ကွဲလာခဲ့ဘူးတာပဲ၊ တော်ဝင်ရင်ထဲ ဘယ်လောက်ထိခိုက်နာကျင် ကြေကွဲရမယ်ဆိုတာ ကိုကို





သိတယ်''

''အားရအောင်သာ ငိုချလိုက်၊ ဒါမှ တော်ဝင် ရင်ထဲမှာ ကျိတ်မှိတ်မျိုသိပ် ချုပ်တည်းထားရသမျှ နာကျင်မှုတွေ လျော့ပါးသက်သာသွားမယ်''

''အိး…အဟင့် ဟင့်''

တော်ဝင်လေးရယ်။

လှုရှင်းသည့်နေရာလည်းဖြစ်။ သူ့အနားယူသည့် အခန်းလေးထဲ ဆွဲခေါ်လာပြီး တော်ဝင်ကို ရင်ထဲခံစားရသမျှ နာကျင်ဒေါက်ကွဲစေခွင့်ပြုလိုက်ရခြင်းကို သူ နောင်တမရပါ။

သူ့အလှည့်တုန်းက ဒေါက်တာထင်စည်ဆိုသည့် လူငယ်လေးတစ်ယောက် ချစ်ဦးသူနှင့် ကွဲခဲ့ရတုန်းက အရူးတစ်ယောက်လို ခံစားနာကျင်ခဲ့သမျှ တော်ဝင့်ကို စာနာစိတ်ဖြင့် ငေးကြည့်ရင်း သူ့ရင်ထဲမှာ ချစ်ခြင်းမေတ္တာစိတ်တွေ ပို၍ဖိတ်လျှံလာခဲ့ရ၏။

တော်ဝင်က မည်သူ့ကိုမှ ဂရုစိုက်မနေနိုင်တော့။ ရင်ကွဲမတတ် ခံစားနေရရှာသော ချစ်သူနှင့်ထပ်တူ နေဗလကို ထာဝရလက်လွှတ်ဆုံးရှုံးလိုက်ရခြင်းအပေါ်မှာ မျက်ရည်မိုး သည်းထန်စွာရွာသွန်းမိသည်။

အချစ်အတွက် တော်ဝင်ဘဝမှာ ပထမဆုံးနှင့် နောက်ဆုံးကျရသည့် မျက်ရည်တွေ ဖြစ်ပါရစေဟု ဆုတောင်းသံလေးကိုကမည်သူမျှမကြား။

''တော်ဝင်ရယ်''

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာထင်စည်က ကိုယ်လေးသိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေသည့် ချစ်ရသူကိုယ်လေးကို ပခုံးမှ အသာဆွဲယူကာ သူ့ရင်ခွင်မှာ အညင်သာဆုံး ပိုက်ထွေးထားလိုက်သည်။

"အခုချိန်ကစပြီး တော်ဝင်ဘဝမှာ ဝမ်းနည်းနာကြည်းစရာကောင်းတဲ့ အချစ်နေ့ရက်တွေ ပြီးဆုံးသွားပြီလို့ မှတ်ထားလိုက်ပါကလေးရယ်"

"တော်ဝင်ကို ကိုကို စာနာတယ်၊ နားလည်တယ်၊ ပြီးတော့ သိပ်ချစ်တယ်ဆိုတာ တော်ဝင် သိထားပါ"

တိုးတိတ်ညင်သာသော ဒေါက်တာထင်စည် စကားသံတွေက တော်ဝင် ရှိုက်ငင်သံတွေကြားမှာ ရောထွေးကွယ်ပျောက်သွားသည်။

• • •



## အခန်း (၂၄)

လက်ထပ်ပြီးစီးခြင်းဆိုသည့် စာလုံးမည်းကြီးတွေနှင့် နေဗလနှင့် ဖူးအိတို့ မင်္ဂလာသတင်းတွေ ပါလာတော့ မိုးတိမ်ကြောင်သွားသည်။ ချစ်သူနှင့်တွေ့ပြီး ပြန်လာတာ ဘာမှမကြာသေးရက်ပိုင်းအတွင်းမှာ အပြောင်းအလဲတွေ ဖြစ်သွားပုံက သူလိုက်မမှီအောင်ပါလား။

လက်ထဲက သတင်းစာကိုချပြီး ဖူးအိဖုန်းကို ခေါ်သည် မရ။ တော်ဝင်ကို မေးတော့လည်း ဆေးရုံမှာတဲ့။ ငွေတစ်ထပ်ဆွဲထည့်ပြီး ဖူးအိရှိရာ ချက်ချင်းထွက်လာတော့ ပန်းရဂုံမှာ ဖူးအိတို့မိသားစု မရှိကြ။ ပန်းရဂုံအိမ်ကြီးကို သော့အထပ်ထပ်ခတ်ပြီးချောင်းသာကို မိသားစု ဟန်းနီးမွန်းခရီး ထွက်သွားသည်ဟု ဆားအိမ်က ခြံစောင့်မာလီ ပြောပြသည်။

သွားပြီ။ ဖူးအိကို သူဆုံးရှုံးသွားပြီ။

ဖူးအိနာမည်ကို အရှုးတစ်ယောက်လို အကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ပေါက်ကွဲပစ်ချင်စိတ်ကို မိုးတိမ် ဖွတ်အတင်း ကြိုးစား မျိုသိပ်ထားလိုက်ရသည်။

တော်ဝင်။

နေဗလချစ်သူက တော်ဝင်လို့ ဖူးအိပြောတာကို ပြန်အမှတ်ရပြီး မိုးတိမ် တော်ဝင်ရှိရာ ဆေးရုံကို အပြေးထွက်လာခဲ့သည်။ ဦးချမ်းငြိမ်းနာမည်ကိုမေးပြီး လူနာအခန်းကို ရောက်လာတော့ ဆေးပိုက်တန်းလန်းဖြင့် နှစ်မြိုက်စွာ အိပ်ပျော်နေသော ဦးချမ်းငြိမ်းနှင့် သူနာပြုဆရာမလေးတစ်ယောက်၊ တော်ဝင်တို့ လူနာစောင့်လုပ်နေတာကို တွေ့လိုက်ရ၏။

"တော်ဝင်"

"မိုးတိမ်"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် စူးစိုက်ကြည့်ပြီး နှုတ်ဆွံ့အနေသူတွေလို ဘာတစ်ခွန်းမှ စကားမပြောနိုင်ဘဲ ဖြစ်နေ၏။

သို့သော် ထိုသို့ ဆိတ်ငြိမ်နေခြင်းက သူတို့နှစ်ယောက်တည်းသာ နားလည်နိုင်သော စကားပေါင်းမြောက်မြားစွာကို ပြောနေသည့်အလား ထိရောက်လှပေသည်။

"တော်ဝင်ရယ်"

ပိန်သွယ်ပါးလျသွားသည့် တော်ဝင်ကို ကြည့်ပြီး မိုးတိမ်ရင်မှာ နာကျင်သွားသလို ခရီးအဝေးနှင်လာခဲ့ရသော မိုးတိမ်၏ ပင်ပန်းနွမ်းနယ်နေသော မျက်နှာချောချောကိုကြည့်ကာ တော်ဝင်





ကိုယ်တိုင်လည်း ရင်မှာမချိပါ။

"ဘယ်လိုဖြစ်တာလဲ တော်ဝင်ရယ် ငါလည်း ဘာတစ်ခုမှ မသိလိုက်ရပါလား၊ နင်ကလည်း ငါ့ကို ဘာတစ်ခုမှ အကြောင်းမကြားဘူး"

"ငါကိုယ်တိုင်လည်း အခုလိုဖြစ်လာလိမ့်မယ်လို့မှ မထင်ဘဲ"

မိုးတိမ်အသံက စို့နင့်ကြေကွဲနေသလို တော်ဝင် ပါးပြင်ပေါ် လိမ့်ဆင်းလာသည့် မျက်ရည်ပူတွေကို တော်ဝင် မဖယ်ရှားမိပါ။

ငိုစမ်း မိတော်ဝင်ရယ်။

နင်မှမငိုရင် ဘယ်သူငိုမလဲ။

"နင်နဲ့တော်ဝင် အဖြစ်က ရယ်ရတယ်နော် မိုးတိမ်၊ ပြီးတော့ နေဗလဆိုတဲ့ ကိုနဲ့ နင့်ရဲ့ဖူးအိ အဖြစ်ကလည်း တကယ်ရယ်စရာကောင်းတယ်သိလား"

"တော်ဝင်ရယ်"

ရယ်စရာကောင်းပါသည်ဟု ပြောနေသည့် တော်ဝင်ပါးပြင်ပေါ်မှာ စီးကျလာသည့် မျက်ရည်တွေနှင့်။ ငိုရှိုက်သံရောထွေးနေသည့် စကားတွေကလည်း ဗလုံးဗထွေး။

မိုးတိမ်ရှေ့မှာတော့ ရင်ထဲက ခံစားချက်တွေကို ဘာတစ်ခုမှ ထိန်းချုပ်မထားချင်။ ချစ်သောသူနဲ့ ကွေကွင်းရခြင်းဒဏ်က တော်ဝင်ရင်ကို မီးနယ်ပူလောင်စေသည့်အဖြစ်ကို မိုးတိမ်သာ သိပေ



www.burmeseclassic.com

www.burmeseclassic.com



မည်။

မိုးတိမ်ကိုယ်တိုင်လည်း တော်ဝင်နှင့်ထပ်တူ ဝေဒနာ ခံစားနေရရှာပေမယ့် တော်ဝင်လိုတော့မငို။

တော်ဝင်ရှေ့မှာမို့လားမသိ

"နင့်ကို ဒီထက်ရယ်စရာကောင်းတဲ့စကား ပြောရဦးမယ် မိုးတိမ်"

"တော်ဝင်လည်း ဖေဖေ့ဆန္ဒအတိုင်း ဦးထင်စည်နဲ့ လက်ထပ်ရတော့မယ်"

"ရယ်စရာကြီးနော် မိုးတိမ်"

"ဟင်"

တော်ဝင်မျက်နှာလေးကို မိုးတိမ် စိတ်ဆင်းရဲစွာ လှမ်းကြည့်လိုက်သည်။ တော်ဝင်က သူ့ကိုမကြည့်ဘဲ မျက်နှာကို လက်ဖဝါးနှစ်ဖက်ပေါ် မှောက်အပ်ပြီး အားရအောင် ငိုချပစ်လိုက်သည်။

ဖေဖေ အခြေအနေက စိတ်မချရ။ ဒါကြောင့် ဖေဖေက သူ မျက်စေ့မှိတ်မသွားခင် တော်ဝင်ကို သူစိတ်ချရသည့် ဒေါက်တာ ထင်စည်လက်ထဲကို အပ်သွားချင်သည်။ ဆေးရုံခုတင်ထက်က လူမမာဖခင်ကြီး၏စကားကို မည်သူငြင်းရက်နိုင်ပါမည်နည်း။

ဖေဖေ့အလိုကျ ဦးထင်စည်ကို ဖေဖေသဘောကျ လက်ထပ်ဖို့ တော်ဝင် ခေါင်းညိတ်ခဲ့သည်။ ဦးထင်စည်ကိုယ်တိုင်ကလည်း မငြင်း။





"နင်တို့အကြောင်း သူမသိဘူးလား"

"သိတယ်"

"ဟင် ဒါနဲ့တောင် နင့်ကိုလက်ထပ်ဦးမယ်"

"အေး"

"သူလည်း ရည်းစားဦးနဲ့ကွဲဘူးတယ်၊ တော်ဝင်ကိုလည်း နားလည်တယ်တဲ့"

"နားလည်တယ်"

မိုးတိမ်စကားကို တော်ဝင် ခေါင်းညိတ်လိုက်သည်။ ဘာကိုဘယ်လို နားလည်သလည်းဆိုတာကို တော်ဝင် မတွေးလို။ မစဉ်းစားလိုတော့ပါ။ အသည်းကွဲဘူးသော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့လျှင် အခုချိန် တော်ဝင်နှလုံးသားမှာ ဒဏ်ရာတွေ ဗလပွနှင့် အချစ်ဆိုတာကို ဘာတစ်ခုမှ မခံစားနိုင်ဘဲ ကြေကွဲနာကျင်နေတာက လွဲပြီး ဘာမှမရှိတာကို သိပေမည်။

"အေးလေ နင်တို့ကိစ္စကို သူကိုယ်တိုင်သိထားပြီးသားဆိုတော့ နင်တို့အိမ်ထောင်ရေးမှာ ဘာပြဿနာမှ မရှိနိုင်တော့ဘူးပေါ့"

"တစ်မျိုးတော့လည်း ကောင်းပါတယ်"

ဖခင်ကြီးကို ဆရာမအစောင့်ထားပြီး သူငယ်ချင်းနှစ်ယောက် ရင်ဖွင့်နေကြခြင်းဖြစ်သည်။

"တော်ဝင်ကိုသာ ပြောနေတယ် အခု နင်ကိုယ်တိုင်ရော ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ၊ ဖူးအိပြန်လာတဲ့အချိန်အထိ စောင့်တွေဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုတော့ပါဘူးလေ သူလည်း သူလမ်းသူလျှောက်နေပြီပဲ၊ အစထဲက ဒီလိုဖြစ်မယ်မှန်းသိလို့ ငါနောက်ကို လိုက်ခဲ့ပါလို့ အကြိမ်ကြိမ်ခေါ်တာ သူမှနားမထောင်ဘဲ"

"အခုချိန်ကြမှတော့ မယားနိုးမှုနဲ့ တရားစွဲခံရတာပဲ အဖတ်တင်မှာသေချာတယ်"

မိုးတိမ်က ဖူးအိကို စိတ်နာနာ ရင်နာနာနှင့် အပြတ်ပြောနေပေမယ့် သူ့ကို ဖူးအိ ဘယ်လောက်ချစ်တယ်ဆိုတာ သိနေတော့ ပိုပြီး ရင်နာနာ အခံရခက်နေသည်။

"နင်နဲ့ဦးထင်စည် ဘယ်တော့လက်ထပ်မှာလဲ"

"လာမယ့်ဆန်းဒေး"

"အေး ငါလည်း နင်တို့မင်္ဂလာပွဲပြီးမှပြန်မယ်"

"အကျဉ်းချုံး လက်မှတ်ထိုးရုံလေးပါ"

"ဘာပဲဖြစ်ဖြစ်လေ ဦးလေးလည်း ငါရှိတော့ အားရှိတာပေါ့"

"နင့်သဘောပါ"

မင်္ဂလာပွဲက တော်ဝင်ပြောသလိုပင် အကျဉ်းချုံး စီစဉ်သဖြင့် တိတ်တိတ်ဆိတ်ဆိတ်ပင် ပြီးသွားသည်။ မိုးတိမ်က တော်ဝင်တို့မင်္ဂလာပွဲပြီးမှ ပြန်မည်ဟုပြောပေမယ့် တကယ်တမ်း မပြန်သေး။

ဖူးအိအလာကို တမင်စောင့်နေမှန်း တော်ဝင်သိပေမယ့် မသိသလိုနေလိုက်သည်။ ဖူးအိမျက်နှာလေးကို မိုးတိမ် နောက်ဆုံး မြင်တွေ့ခွင့်ရချင်သလို တော်ဝင်ကိုယ်တိုင်လည်း ကို့မျက်နှာလေးကို





တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် တွေ့မြင်ချင်မိသည်။

"တော်ဝင်"

"ရှင်"

"စိတ်ချမ်းသာသလိုနေနော်၊ ဦးလေးစိတ်ချမ်းသာအောင် တော်ဝင်ကို အခုလိုအချိန်မှာ လက်ထပ်လိုက်ရပေမယ့် တော်ဝင် စိတ်ညစ်အောင် တော်ဝင် စိတ်မချမ်းသာအောင် ကိုကို ဘာတစ်ခုမှ မလုပ်ဘူးလို့ ခုံးဖြတ်ထားပြီးသားပါ"

"ဟောဒီ မင်္ဂလာအိပ်ခန်းမှာ တော်ဝင်နေပါ၊ ကိုကို ဟိုဖက်အခန်းမှာပဲနေမယ် ဟုတ်လား"

"ဦးထင်စည်"

"တော်ဝင်အတွက် အချိန်တွေ အများကြီးလိုဦးမယ်ဆိုတာ ကိုကိုသိပါတယ်ကွာ၊ တော်ဝင် စိတ်ချမ်းသာသလိုနေပါ"

"ဂွတ်နိုက်နော် အချစ်"

"ဂွတ်နိုက်"

တော်ဝင် နဖူးပြင်မှာ နွေးခနဲဖြစ်သွားသည်။ အခန်းတံခါးကို သူကိုယ်တိုင် စေ့ပိတ်ပေးသွားသည့် ဒေါက်တာထင်စည်ကို အထင်ကြီးလေးစားစွာ တော်ဝင် စိတ်ထဲက ကျေးဇူးအထပ်ထပ်တင်မိသည်။

သူသာ မစောင့်စည်းရင် တော်ဝင် ဘယ်လောက်များ စိတ်ဆင်းရဲ ထိခိုက်နာကျင်ရမည်ဆိုသည်ကိုက မတွေးရဲစရာ။ ကြိုတင်စီစဉ်ထားသည့်အတိုင်း တော်ဝင်တို့သားအဖ ဒေါက်တာထင်စည်တို့သားအမိ အိမ်ကိုပြောင်းရွှေ့ခဲ့ကြသည်။ အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ တော်ဝင်တို့ လှည့်ကြည့်စရာမလိုအောင် အန်တီဒေါ်ဒေစီက စီစဉ်ထားသည်။

သားအမိနှစ်ယောက်စလုံး တော်ဝင်တို့သားအဖကို ဂရုစိုက်လိုက်ကြသည်မှာလည်း ဖေဖေမပြောနှင့် တော်ဝင်ကိုယ်တိုင်တောင် အနေရခက်မိသည်အထိ ဖြစ်နေချိန်။ နေဗလနှင့် ဖူးအိတို့မှာလည်း ကိုယ်စီကြေကွဲနေသော နှလုံးသားကိုယ်စီဖြင့် တစ်ခန်းထဲ အတူနေရပေမယ့် တစ်ယောက်တစ်နေရာစီ စိတ်ဆင်းရဲနေကြသည်။ နှစ်ယောက်စလုံးကို အခုချိန်ထိ နှစ်ဖက်မိဘတွေက မျက်နှာအောက်က အပျောက်မခံနိုင်ကြသေး။

သူတို့ဘာသာ ဟန်းနီးမွန်းခရီးဟု စီစဉ်ကြပြီး နှစ်ဖက်စလုံးမိသားစုလိုက် အစောင့်အရှောက်ကိုယ်စီနှင့် စိတ်နှလုံးမသာမယာထွက်လာခဲ့ရသည့်ခရီးက ဘယ်လိုဟန်းနီးမွန်းမှန်းလည်း မသိတော့ပါ။ နှစ်ယောက်စလုံး၏ စိတ်ထဲမှာ ကိုယ်စီ အကျယ်ချုပ်ကျနေသလို ထင်နေမိသည်။

"အခုလိုဖြစ်ရတာ နင် အသုံးမကျလို့သိလား နေဗလ၊ ယောကျ်ားဖြစ်ပြီး မိန်းမတစ်ယောက်ကို ကိုယ့်ဘက်ပါလာအောင် ဖြစ်ဖြစ်မြောက်မြောက် မခိုးပြေးနိုင်လို့ အခုတော့ နှစ်ယောက်စလုံး စိတ်ဆင်းရဲနေရပြီ"

"အီး…ဟီး…ဟီး"

"ဖူးအိကတော့ ကိုကိုပဲချစ်တယ်၊ ကိုစကားကို နားထောင်မိရင် ဖူးအိလည်း ခုလိုငိုနေရတော့မှာမဟုတ်ဘူး"

"အခုတော့ မချစ်မနှစ်သက်သူရဲ့ ရင်ခွင်ထဲမှာ ဖူးအိဘဝ





ကို ဒီလိုပဲ အဆုံးရှုံးခံရတော့မယ် ကိုရဲ့"

"ဟာကွာ အရေးထဲမှာ နားကိုညည်းနေတာပဲ၊ နင့်ပါးစပ်ကို ပိတ်ထားစမ်း ဖူးအိ၊ မချစ်မနှစ်သက်သော သူ့ရင်ခွင်ထဲမှာလို့ ပြောရအောင် နင့်ကို ဘယ်သူကများ ရင်ခွင်ထဲ ထည့်ထားနေလို့တုန်း"

"အံမယ် ထည့်လို့ရောရမလား၊ သတ္တိရှိရင် ဖူးအိအသားထိကြည့်စမ်းပါလား"

"တော်းမ်းပါဟာ ဒီမှာ စိတ်ညစ်နေရတဲ့အထဲ"

"ဖူးအိက သေချင်နေတာသိလား"

မျက်ရည်တွေ၊ နှပ်တွေပေလူးပြီး အရူးမလေးတစ်ယောက်လို စုတ်ဖွာညစ်ပေနေသော မျက်နှာ။ ဖြစ်သလို ဝတ်ထားသည့် အဝတ်အစားများနှင့် တစ်အီးအီးအသံထွက်ပြီး ငိုနေသော ဖူးအိကို စိတ်ပျက်သလိုကြည့်ပြီး နေဗလ နေရာက ကျောခိုင်းထွက်ခဲ့သည်။

ပင်လယ်ကမ်းစပ်ကို လှမ်းမျှော်ကြည့်လိုက်တော့ ကိုယ့်အုပ်စုနှင့်ကိုယ် ရယ်မောပျော်ရွှင်နေသည့် မျက်နှာတွေ၊ ရယ်မောသံတွေကို လှိုင်းပုတ်သံနှင့်အတူ ကြားနေရသည်။ ဘယ်သူမှလည်း နေဗလနှင့် ဖူးအိလို စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေသူမရှိကြပါလား။

လူတွေအားလုံး ပြုံးနေသည်။ ပျော်နေသည်။ မပြုံးနိုင် မပျော်နိုင်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငိုနေမိသူဆိုလို့ သူတို့ပဲရှိမည်ထင်သည်။

ဒါလား လက်ထပ်ပြီး ညားကာစလင်မယား။ တော်ဝင်မျက်နှာလေး မျက်ဝန်းထဲ ဖျတ်ခနဲရောက်လာတော့ စိတ်ထိခိုက်သွားသည်။ မာမီက တော်ဝင်အပေါ် ရက်ရက်စက်စက် ခါးသီးစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပြောဆိုလိုက်တာကို နေဗလ မမေ့သလို တော်ဝင်လည်း မေ့နိုင်မည်မထင်။

သူတို့အသိုင်းအဝိုင်းကို တော်ဝင် စိတ်နာသလို နေဗလတို့သားအမိကို ပို၍စိတ်နာမှာ သေချာသည်။ နေဗလရှေ့မှာ မာမီကိုယ်တိုင် အပြောခံရတာဆိုတော့ တော်ဝင် ရင်မှာပို၍နာပေမည်။

နေဗလကိုယ်တိုင် ကိုယ့်ချစ်သူရှေ့မှာ မားမားရပ်ပြီး ဘာကာကွယ်မှုမှမပေးနိုင်ခဲ့တာကို ပြန်တွေးမိတော့ ကိုယ်ကိုယ်ကိုလည်း စိတ်ပျက်မိသည်။ ဒီကြားထဲ ဖူးအိကတစ်မျိုး။ သူ့ချစ်သူနဲ့ကွဲရသည့် အဓိကတရားခံမှာ နေဗလပါဟု အမျိုးမျိုးစွပ်စွဲကာ ငိုယိုနေသည်မှာ ပြီးပဲမပြီးစီးနိုင်တော့။

စိတ်ညစ်ရတာကတစ်မျိုး။ နားညည်းနားပူရတာက တစ်ဖုံမို့ စိတ်လေလေနှင့် ကမ်းစပ်အနှံ့ လျှောက်သွားရင်း ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ပြီး ပုစွန်ကင်၊ ငါးကင်တွေနှင့် အရက်ပါ သောက်မိသည်။ အစတုန်းက နည်းနည်းပါးပါးလောက်သာ ရည်ရွယ်သော်လည်း စိတ်ညစ်၍သောက်၊ သောက်ရင်းနဲ့ စိတ်ညစ်ပြီး အတော်များသွားမှန်း တည်းခိုသည့် ဟိုတယ်ရောက်မှ ကိုယ့်ကိုယ်ကို သတိထားမိလာ၏။

မူးမူးနှင့် အခန်းထဲဝင်လာတော့ ငိုရလွန်းသဖြင့် မောပန်းနွမ်းနယ်စွာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဖူးအိကို တွေ့လိုက်ရသည်။

''ဖူးအိ အရူးမ''

''ငါ့ကိုချည်း အပြစ်တင်နေတယ်၊ အစထဲက နင်သာ





မိုးတိမ်နောက်ကို လိုက်သွားရင် အခုချိန် ငါလည်း အခုလို ဖြစ်နေရမှာ မဟုတ်ဘူးဆိုတာ နည်းနည်းမှ မတွေးမိဘူးလားဟင်''

''ဖူးအိ ထစမ်း''

အရက်မူးမူးနှင့် နေဗလ ဖူးအိနားရောက်သွားပြီး ဖူးအိကိုယ်လေးကို လှုပ်နှိုးခါဆွဲရမ်းမည်ဟု ပခုံးကို ဆုပ်ကိုင်လိုက်ချိန် နေဗလမျက်လုံးထဲ အိပ်ပျော်နေသော ဖူးအိနေရာမှာ တော်ဝင်ဖြစ်နေတာကို မြင်လိုက်ရတာမို့ အံ့ဩသွားသည်။

''တော်ဝင်''

''ကို''

''တော်ဝင်''

''တော်ဝင် အချစ် ကို့ကိုပြစ်မသွားပါနဲ့၊ တော်ဝင်ကို ကိုယ်ချစ်တယ်''

''နေဗလ နင် အရက်တွေသောက်လာတယ်''

''နည်းနည်းပါ တော်ဝင်အချစ်ရယ်''

''ဟင်''

ပြိုကျလာသော နေဗလကိုယ်ကြီးကို တွန်းဖယ်ပြီး နေရာက ထပြေးဖို့ ကြိုးစားချိန်မှာ တစ်ခန်းလုံး အမှောင်ကျသွားသလို ဖူးအိတစ်ဖြုဖြုလေးသည်လည်း အနက်ရောင် ချောက်ကမ်းထဲသို့ အရှိန်ပြင်းစွာ ရောက်ရှိသွားပါသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

''ဖူးအိ''

''လူယုတ်မာ''

''ဟင်''

''ကဲဟယ်''

''ဖြန်း''

အသားချင်း ပြင်းထန်စွာ ထိခတ်မိသံနှင့်အတူ နေ

မျက်နှာ လည်ထွက်သွားသည့်အဖြစ်ကို ဂရုမစိုက်နိုင်။ အ

ငိုချလိုက်သည့် ဖူးအိထံမှ ယူကျုံးမရ ရှိုက်ငိုသံ အကျယ်ကြီး

နေဗလကိုယ်တိုင် သွေးပျက်သွားသည်။

မှားပြီဆိုသောအသိက နေဗလကိုယ်ကြီးကိုရော သ

ပါ အဆုံးတိုင် ဝါးမျိုပစ်လိုက်ပြီဟု သိလိုက်သည်။ ထိုအ

သူ့မှာ အမှားပြင်ဆင်ခွင့်မရှိ။

''ဖူးအိ...ငါ''





''ထွက်သွား နင့်မျက်နှာကို ငါမမြင်ချင်ဘူး နေဗလ''

''သွား''

''နင့်ကို ဖူးအိသတ်ချင်တယ်၊ သေအောင်သတ်ပစ်ချင်တယ်သိရဲ့လား''

ဖူးအိရယ်။

အာခေါင်ခြစ်၍ သည်းသည်းခိုက် ငိုချလိုက်သည့် ဖူးအိကို မကြည့်ရက်စွာ နေဗလ ကျောခိုင်းလိုက်သည်။ အိပ်ရာထက်မှာ လူးလိမ့်ငိုယိုနေသော ဖူးအိအဖြစ်က နေဗလကိုယ်ကြီးကို ကျောက်ရုပ်ကြီးလို ဖြစ်သွားစေသည်။ သူကိုယ်သူလည်း နာကြည်း၍မဆုံး။ အခြေအနေတွေအားလုံး လွန်ကုန်ပြီးမှ ဘာမှမတတ်နိုင်ကြသည့်ဘဝ။

''ပြန်မယ် နေဗလ၊ ဖူးအိ ဒီနေရာမှာ တစ်စက္ကန့်တောင် ထပ်မနေချင်တော့ဘူး၊ နင့်ကြောင့် ဖူးအိဘဝရော ဖူးအိအချစ်ပါ ထာဝရ ဆုံးရှုံးသွားခဲ့ရပြီသိလား''

''နင် ငါ့ကို ကြိုက်သလိုအပြစ်ပေးတော့ ဖူးအိရယ်၊ နင် ငါ့ကို သတ်ပစ်ချင်သလို ငါကိုယ်တိုင်လည်း ငါ့ကိုယ်ငါ သတ်ပစ်ချင်နေတယ် ဖူးအိရယ်''

ဖူးအိက နေဗလကို လှည့်မကြည့်ဘဲ သူမအဝတ်တွေကို မြှစ်သလို စုပုံတိုးကျိုတ်ပြီး အဝတ်သေတ္တာထဲ ထိုးကျိုတ်ထည့်ရင်း ငိုရှိုက်နေဆဲ။ နေဗလကိုယ်တိုင် ဘာမှမလုပ်နိုင်ဘဲ ပင်လယ်ပြင်ဘက်ကို ထွက်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေးကြပြီ တော်ဝင် အချစ်ရေ။

အခုမှ တကယ်ကို အဝေးကြီးဝေးကြရတဲ့ အဖြစ်ပဲ။ ဖူး... ဆန္ဒအတိုင်း မိသားစုတွေအားလုံး ရန်ကုန်ကို ပြန်ခဲ့ကြသည်... ဖူးအိက ကားပေါ်မှာရော လမ်းခရီးတစ်လျှောက်လုံး ဘယ်သူ... မှ စကားမပြောတော့သလို ဘာမှလည်း မစားတော့သည်... သူတို့အတွက် လက်ဖွဲ့ပေးထားသည့်အိမ်ကို ပြန်ရောက်သည့်အ... ဖြစ်ပါသည်။

နေဗလကိုယ်တိုင်လည်း ကိုယ့်အမှားကိုယ်မို့ တစ်ယော... တစ်ခန်းစီ ခွဲနေကြရင်း ဖူးအိကို ဘယ်လိုစကားနှင့် ချော့မော့... သိမ့်ရမှန်းမသိ ဖြစ်နေသည်။ စကားလုံးလည်း ရှာမတွေ့။ ... ထည့်ပေးလိုက်သည့် အိမ်ဖော် ဒေါ်မိက စားသောက်ဖွယ်... အမျိုးမျိုး လုပ်ပေးပေမယ့် ဖူးအိက ဘာတစ်ခုမှ မတို့မထိ။

ကြာတော့ ဖူးအိအတွက် နေဗလ စိုးရိမ်လာသည်။

"နင်ဘယ်လိုလုပ်နေတာလဲ ဖူးအိ၊ ဘာမှမစားမသော... ဘဲ နင့်ကိုယ်နင် အသေခံမလို့လား"

"အေး"

"ဟင်"

ဖူးအိထံမှ သွေ့ခြောက်အေးစက်သော အမူအရာနှင့် ထွ... အဖြေစကားက နေဗလရင်ကို အရှိန်ပြင်းပြင်းနှင့် ရိုက်ခတ်... သည်။

"ငါ့ကြောင့်တော့ နင့်ကိုယ်နင် အသေမခံပါနဲ့၊ အ...





တဲ့ ငါကပဲ နင့်ကိုယ်စား သေပေးပါ့မယ်ဖူးအိရယ်"

"အဲဒါလည်း ကောင်းတာပဲ၊ နင်လည်းသေ ဖူးအိလည်း သေမှ အေးမယ်၊ တော်ဝင်လည်း ဟိုဆရာဝန်နဲ့ လက်ထပ်လိုက်ပြီ"

"ဘာ"

"မိုးတိမ်ကလည်း ဖူးအိကို ဖုန်းဆက်ပြီး အစထဲက သူ့ကို တကယ်မချစ်ဘဲနဲ့ သူ့နှလုံးသားကို ချစ်တမ်းကစားသွားတဲ့ နေဗလဆိုပြီး ပက်ပက်စက်စက်ပြောသွားပြီ"

"ဖူးအိ ဘယ်လိုမှ မခံစား"

"ဖူးအိ"

"ဟာ"

"ဖူးအိ…ဖူးအိ"

"ဒေါက်"

ကြမ်းပြင်ပေါ် လဲပြိုကျသွားတော့မည့် ဖူးအိကိုယ်လေးကို ဆွဲယူလိုက်ပေမယ့် အချိန်မမီတော့။ ဖူးအိက နေဗလရင်ခွင်ထဲ ပျော့ခွေသတိလစ်မေ့မြောနေပြီ ဖြစ်သလို ဖူးအိလက်ထဲက လွတ်ကျလာသည့် အိပ်ဆေးပုလင်းကြောင့် နေဗလရင်ထဲ ပူထူသွား၏။

ဖူးအိကိုယ်လေးကို ပွေ့ယူပြီး ကားပေါ်တင်ကာ ဆေးရုံကို ကမန်းကတန်း မောင်းထွက်လာချိန်မှာ မိုးက သည်းထန်စွာ ရွာချသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မိုးရေတွေ ဖုံးသွားသည်။

နင်မသေပါနဲ့ ဖူးအိရယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်မသေလိုက်ပါနဲ့။

နင်သာ တစ်ခုခုဖြစ်သွားခဲ့မယ်ဆိုရင် ဒီတစ်သက် ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာမဟုတ်တော့ဘူးဆိုတာ နင်သိရဲ့လားဟင်။

''ကျွီး''

ကားကို ဆေးရုံရှေ့မှာ ထိုးရပ်ပြီး ဖူးအိကိုယ်လေးကို နေဗလ ပွေ့ယူလိုက်သည်။

''ဒေါက်တာ ဒေါက်တာ ဖူးအိအသက်ကို အမြန်ဆုံး ကယ်ပေးပါ၊ သူ သူ အိပ်ဆေးတွေအများကြီး သောက်ထားတယ်''

''သူသေလို့မဖြစ်ဘူး၊ သူ့အသက်ကို ကယ်ပေးပါဗျာ''

''ဖူးအိ…ဖူးအိ''

''စိတ်ကိုငြိမ်ငြိမ်ထားပါရှင်၊ ကျွန်မတို့ တတ်နိုင်သလောက် ကြိုးစားပါ့မယ်၊ လူနာလက်ကို လွှတ်လိုက်ပါ''

အရူးတစ်ယောက်လို ဖြစ်နေသည့် နေဗလမျက်လုံးထဲမှာ ဖူးအိ၏ သနားစရာကောင်းသော မျက်နှာလေးကလွဲပြီး ဘာကိုမှ မမြင်တော့ပါ။ သူ့စိတ်ထဲမှာ သူ့ကြောင့် ဖူးအိ အခုလိုဖြစ်ရတာဆိုသည့် အတွေးနှင့် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင် ဖြစ်နေသည်။

''ဟော ဟိုမှာ ဒေါက်တာလာပြီ''

''ဟင်''

သူတို့ရှိရာသို့ အပြေးရောက်လာသည့် ဒေါက်တာ ထင်စည်ကို တွေ့လိုက်ရတာမို့ နေဗလ ဦးခေါင်းမှာ ချာချာလည်





သွားသည်။ ဒေါက်တာထင်စည်နှင့်အတူ လိုက်ပါလာသူက တော်ဝင်။ သတိမေ့နေသည့် ဖူးအိနှင့် အရူးတစ်ယောက်လို ဗျာယာ တ်နေသော နေဗလတို့ဖြစ်အင်ကို စဝင်လာထဲက တွေ့မြင်ထား မို့ လှုပ်ရှားတုန်ရီသော နှလုံးသားအစုံဖြင့် ချစ်သူရှေ့မှောက် ို ရောက်လာခဲ့ရသူရင်ထဲမှာ ပြင်းထန်သော ခံစားချက်တွေက ါက်ကွဲထွက်လုမတတ်ဖြစ်သည်။

''ဖယ်…ဖယ် ပေးရှင့်ကိုဆရာကြည့်မယ်''

လိုအပ်တာတွေ စီစဉ်ညွှန်ကြားပြီး ဖူးအိကို လက်တွန်း ည်းပေါ်တင်ကာ အရေးပေါ်ခန်းသို့ ဆွဲယူသွားရာနောက်သို့ ပ်ကြပ်မကွာပင် တော်ဝင်ရော နေဗလပါ အတူလိုက်ပါသွားကြ ည်။

ဘယ်သူမှ စကားမဆိုမိ။

အခန်းအပြင်မှာ စိတ်လှုပ်ရှားစွာ စောင့်နေခိုက်မှာ ဘာ ွက်ကြောင့် ဖူးအိ အိပ်ဆေးတွေ အလွန်အကျွံသောက်တာ ည်းဟု တော်ဝင် မမေးသလို နေဗလကလည်း မဖြေပါ။

တစ်ယောက်ရင်ကို တစ်ယောက် ထွင်းဖောက်တွေ့မြင် သော အကြည့်များဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် က်ထွက်မတတ် စူးစိုက်ကြည့်လျက် ကိုယ်စီ စိုးနင့်ကြေကွဲနေ ကြသည်။

''လူနာ စိတ်ချရပါပြီ နေဗလ''

''ကျေးဇူးတင်ပါတယ် ဒေါက်တာ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာထင်စည်က နေဗလမျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။ သည်နောက်မှာတော့ မိမိဇနီးဖြစ်သူ တော်ဝင်၏ ချစ်သူဟောင်း နေဗလနှင့် တော်ဝင်မျက်နှာကို တစ်လှည့်စီကြည့်ရင်း

"တော်ဝင်ပြန်ချင်ရင် ပြန်နှင့်လေ၊ ခဏနေကြမှ ကိုကိုနဲ့အတူ ဖူးအိကို လာကြည့်ကြတာပေါ့ ဟုတ်လား၊ ဖေဖေ့အတွက် ဆေးကို တော်ဝင်ပဲ ယူသွားပြီးတိုက်လိုက်တော့နော်"

"ဟုတ်ကဲ့"

ဘာတစ်ခွန်းမှ တော်ဝင်ဘက်က စောဒကတက်စရာ စကားမရှိ။ ဒေါက်တာထင်စည်က တော်ဝင်ကို နေဗလနားက အနုနည်းဖြင့် သွားခိုင်းလိုက်မှန်း နှစ်ယောက်စလုံးသိပေမယ့် မတတ်နိုင်။ ဘယ်လောက်ပဲ သဘောထားကြီးပါသည်ဆိုဆို ကိုယ့်ဇနီးကို အရင်ရည်းစားဟောင်းနှင့်အတူ ရှိနေခြင်းအပေါ်မှာတော့ ဘယ်သူမှ သဘောထားကြီးဖြစ်နိုင်ကြမည်မဟုတ်။

နေဗလနှင့် ဒေါက်တာထင်စည် တစ်ယောက်မျက်နှာကို တစ်ယောက်စိုက်ကြည့်လိုက်ကြသည်။ စူးရှနက်ရှိုင်းသည့် အကြည့်တွေက တစ်ယောက်ရင်ကို တစ်ယောက် ထွင်းဖောက်သွား၏။

နေဗလမှာ ဖူးအိရှိနေ၍ ရင်ထဲ နာကြည်းခံပြင်းရသမျှကို ထိန်းချုပ်မျိုသိပ်လိုက်ရသည်၊ လောလောဆယ် ဖူးအိအသက်ကို ဒေါက်တာထင်စည်ဆိုသည့်လူက ကယ်တင်ထားသည်ဆိုတော့ ဘာပဲဖြစ်ဖြစ် သူ့ကျေးဇူးက နေဗလအပေါ် တင်သွားသည်။





ဒါကြောင့်လည်း တော်ဝင်ရှေ့မှာ ကိုယ့်ချစ်သူကို ရယူသွားသူအား ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

"ဖူးအိက မင်းဇနီးနော်"

"သိရဲ့သားနဲ့ ဘာလို့မေးနေသေးလဲ"

"ပိုပြီးသေချာအောင်လို့ပါဗျာ၊ ခဏနေရင် မင်းမိန်းမကို ကြည့်လို့ရပါပြီ"

ဒီတစ်ခါတော့ နေဗလ ထင်စည်ကို ကျေးဇူးတင်စကား မဆိုတော့ဘဲ ငြိမ်၍ကြည့်နေလိုက်သည်။ ရင်ထဲမှာ စပ်ဖျင်းဖျင်း ခံစားချက်တွေနှင့် ဘယ်သူ့ကို စိတ်ဆိုးဒေါသဖြစ်ရမှန်းမသိဘဲ ပေါက်ကွဲချင်နေသည်။

ဆိုင်သူကိုယ်စီရှိထားပြီးသား ဘဝမှာ နေဗလကိုယ်တိုင် ဘာမှမတတ်နိုင်ကြသည့် အဖြစ်တွေနှင့် လက်သီးတင်းတင်းဆုပ်ပြီး အံကြိတ်လိုက်မိ၏။

"ကိုနေဗလ"

"မိုးတိမ်"

တစ်ယောက်နှင့်တစ်ယောက် ကျွမ်းဝင်ရင်းနှီးကြသူတွေ မဟုတ်ပေမယ့် မြင်တာနှင့် သိနိုင်ကြသူတွေအဖြစ် ဖူးအိချစ်သူ မိုးတိမ်နှင့် နေဗလတို့မျက်နှာချင်းဆိုင် စိုက်ကြည့်မိကြသည်။

"တော်ဝင် ပြောပြလို့ ဖူးအိ ဆေးရုံရောက်နေတာသိတယ်၊ ခွင့်ပြုပေးနိုင်မယ်ဆိုရင် ဖူးအိနဲ့ နောက်ဆုံးတစ်ခါတော့ တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့နိုင်ပါတယ် ဒီတစ်ခါမှမဟုတ်ပါဘူး၊ နောက်ကိုလည်း အရင်းအနှီးဆုံး မိတ်ဆွေတွေအဖြစ် ဝင်ထွက်သွားလာနိုင်ပါတယ် မိုးတိမ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်အတွက် ဒီတစ်ခါဆို ပြည့်စုံလုံလောက်ပါပြီ"

မိုးတိမ်က လှိုက်လှဲကျေးဇူးတင်သော အကြည့်ဖြင့် ကျေနပ်နှစ်သိမ့်စွာ ပြောလာတော့ နေဗလ ခေါင်းတစ်ချက်ညိတ်လိုက်၏။ ဖူးအိရှိနေသည့်အခန်းကို ညွှန်ပြပြီး သူကတော့ အခန်းအပြင်မှာပဲ နေရစ်ခဲ့သည်။

သူတို့ချင်း လွတ်လပ်စွာ တွေ့ဆုံကြပါစေလေ။

"ကျွီး"

အခန်းတံခါးကို အသာတွန်းဖွင့်လိုက်တော့ ဖြူဖွေးဖျော့တော့သောအသွင်ဖြင့် ငြိမ်သက်တိတ်ဆိတ်စွာ လဲလျောင်းနေသည့် ဖူးအိကို ဆေးပိုက်တွေနှင့် တွေ့လိုက်ရတော့ မိုးတိမ်ရင်ထဲ နင့်ခနဲဖြစ်သွားသည်။

နောက်ဆုံးအကြိမ် ချစ်သူမျက်နှာလေးကို ကိုယ်တိုင်တွေ့မြင်သွားလိုသော သူ့စိတ်ဆန္ဒတွေ ပြည့်ဝသွားခဲ့ရသလို ရင်ထဲမှာလည်း ဝမ်းနည်းကြေကွဲခြင်းတွေ လှိုင်းထန်နေ၏။

"ဖူးအိ"

မိုးတိမ်ထံမှ ချစ်သူအမည်ကို လှိုက်လှဲစွာ ခေါ်ငင်လိုက်သံက မျက်ဝန်းအစုံကို မှေးမှိတ်ငြိမ်သက်စွာ တိတ်တဆိတ် ခံစား





နာကျင်နေရသော ဖူးအိနှလုံးသားအစုံကို ဖျတ်ခနဲ တုန်ရီလှုပ်ရှားလျက် စေ့ပိတ်ထားသော မျက်ဝန်းအစုံကို ဖျတ်ခနဲ ဖွင့်လိုက်မိ၏။

"ဖူးအိ"

"မောင် မောင်ရယ်"

"ဖူးအိ"

"မငိုနဲ့လေ"

"ဟင့်အင်း…ဟင့်အင်း ဖူးအိငိုပါရစေမောင်ရယ်၊ အခိုက်မဖူးအိမှမငိုရင် အခုအချိန်မှာ ဘယ်သူငိုနိုင်ဦးမှာလဲ၊ ဖူးအိကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့"

"ဖူးအိ သတ္တိကြောင်ခဲ့လို့ အခုလို မောင်နဲ့ တစ်ဘဝစာ ဝေးဖို့ဖြစ်ခဲ့ရတာပဲ"

"ဖူးအိရယ်"

တသိမ့်သိမ့်ရှိုက်ငိုနေသော ချစ်သူအဖြစ်ကို မကြည့်ရက်ပေမယ့် မိုးတိမ်ကိုယ်တိုင် စိတ်ဆင်းရဲစွာ ကြည့်နေမိသည်။

အခုချိန်ကြမှ ဘယ်လောက်ပဲ ချစ်ချစ် ဘာမှမတတ်နိုင်ကြသည့်အဖြစ်တွေနှင့် ဘဝတွေပါ ခြားသွားကြသည့် အနေအထားမှာ ဖူးအိကို ဆက်ချစ်နေလို့ သူပဲ ငရဲကြီးရတော့မည်။

ထို့အတူ ဖူးအိကိုယ်တိုင်လည်း မိုးတိမ်ဆိုသည့် သူ့ကိုမေ့မရနိုင်လျှင် ငရဲကြီးရဦးမည်။ နှစ်ဦးနှစ်ဖက် နှစ်နာဆုံးရှုံးမှုတွေ ပြည့်နေသည့် ခရီးလမ်းကို ဘာအတွက် သူတို့ရွေးချယ်ရမည်နည်း။

"ဖူးအိ ရင်ထဲက ခံစားချက်တွေကို မောင်နားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဖူးအိရယ်၊ မောင်ကိုယ်တိုင်လည်း ဖူးအိနဲ့ထပ်တူ ခံစားနေရတယ်ဆိုတာ ဖူးအိယုံပါကွယ်''

''ဒါပေမယ့်''

''ဖူးအိကို ဘာမှတရားချဖို့ ကြိုးစားမနေပါနဲ့မောင်ရယ်၊ အခု ဖူးအိ သေချင်တယ်၊ ဖူးအိ သေပါရစေ''

''သေခွင့်ပဲလိုချင်တယ်၊ မောင်နဲ့ဝေးပြီးမှတော့ ဖူးအိက ဘာအတွက် အသက်ဆက်ရှင်နေရဦးမှာလဲ''

ပြောရင်း ဖူးအိ ငိုသည်။ အရက်ကြောင့် ဖူးအိဘဝလည်း အချစ်လည်း ဆုံးရှုံးရသည့်အဖြစ်ကို မောင်မသိပေမယ့် ဖူးအိသိသည်။

''ဖူးအိ မှားနေပြီကွယ်၊ အခုကိစ္စမှာ ဖူးအိလည်း မောင့်ကို သစ္စာဖျက်ချင်လို့မဟုတ်ဘူး၊ နေဗလကိုယ်တိုင်လည်း တော်ဝင်ကို မချစ်လို့မဟုတ်ဘူး၊ အခြေအနေမပေးတော့တဲ့ ကံတရားကြောင့် အခုလို ဖြစ်လာခဲ့ရတာလို့ မောင်ကိုယ်တိုင် လက်ခံစဉ်းစားလာနိုင်ခဲ့ပါပြီ''

''ဖူးအိလည်း မောင့်လိုပဲ နားလည်လက်ခံလိုက်ပါ''

မိုးတိမ် ဘာပြောပြော ဖူးအိနားထဲ ဘာတစ်ခုမဝင်။ ချစ်သူကို တွေ့မြင်လိုက်ရ၍ ဝမ်းနည်းစိတ်ဖြင့် ပိုတိုးငိုနေမိတာပဲရှိသည်။ မိုးတိမ်ကိုယ်တိုင်လည်း ဖူးအိကိုကြည့်ပြီး စိတ်မချမ်းသာ။

''နေဗလက လူတော်တစ်ယောက်ပါ ဖူးအိ''

''အဲဒါ ဖူးအိက ဘာလုပ်ရမှာလဲ၊ ဖူးအိက နေဗလနဲ့





လက်ထပ်ပြီးသားကြီးမို့ မောင်က ဖူးအိကို မသတီတော့တာနဲ့ အခုလို''

''တော်တော့ ဖူးအိ၊ မဆိုင်တာတွေမပြောနဲ့၊ ဗိုလ်တာဆိုတာ မောင်စိတ်မဝင်စားဘူး၊ အခုချိန်ကြမှ ဖူးအိက မောင့်ကို ဘာဖြစ်စေချင်သေးလို့လဲ''

''ပြောစမ်း''

''မောင် နေဗလဲကို သတ်ပစ်ရမှာလား၊ မင်းကို နေဗလလက်ထဲက ခိုးပြေးရဦးမှာလား''

ပြောရင်း မိုးတိမ်ရင်တွေ ပေါက်ကွဲလာတာ ဖူးအိကိုယ်လေးကို ဆွဲယူလှုပ်ခါပစ်လိုက်တော့ ဖူးအိက သူ့ရင်ခွင်ထဲမှာ အီးခနဲငိုချသည်။

''ဖူးအိ မောင့်ကိုပဲချစ်တယ်''

''မောင့်ကိုချစ်တယ်''

''ဖူးအိရယ်''

''အခုကြမှ အခုအခြေအနေကြမှ မောင့်ကို မယားခိုးမှုနဲ့ တရားစွဲခံစေချင်လို့လားဟင်''

''ဟင့်အင်း…ဟင့်အင်း''

မျက်ရည်တွေနှင့် ဖူးအိက သူ့ရင်ခွင်ထဲကနေ ဦးခေါင်းကို ဘယ်ညာခါယမ်းသည်။ မိုးတိမ်ကိုယ်တိုင်လည်း ဖူးအိအကြောင်းကို ကြည့်ပြီး ရင်ထဲနာနေသည်။

''ဖူးအိနဲ့ မောင် ဘဝချင်းခြားသွားပြီ၊ ဖူးအိလည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝ ကိုယ်နေပျော်အောင်နေပါ၊ မောင်လည်း ဒီနေ့ ဒီအချိန်ကစပြီး ဖူးအိကို မေ့ပစ်လိုက်ပြီ''

''အခု ဖူးအိကို နောက်ဆုံးလာနှုတ်ဆက်တာ''

''မောင်သွားမယ် ဖူးအိ''

''မောင်''

''မောင့်''

သူ့ရင်ခွင်ထဲက မိုးတိမ်ကိုယ်လေးကို ရင်နာစွာဖယ်ခွာရင်း ရင်နာစွာ ဖူးအိကို ကျောခိုင်းလမ်းခွဲလိုက်တော့ နောက်ပါးမှ ဖူးအိ ခေါ်သံနှင့်အတူ ငိုရှိုက်သံက မိုးတိမ်ရင်ပြင်ကို လောင်မြိုက်သွားစေ ပေမယ့် မတတ်နိုင်။

နေရစ်ခဲ့တော့ အချစ်ဆုံးရယ်။

နေရစ်ခဲ့တော့။

ယောက်ျားတန်မဲ့ မိုးတိမ်မျက်လုံးအိမ်မှာ ပြည့်လျှံလာသည့် မျက်ရည်တွေကြောင့် အမြင်အာရုံတွေအားလုံး ဝေဝါးသွားသည့် အတွက် သူ ဖြတ်ကျော်လာရာလမ်းတစ်လျှောက်က လူတွေကို မမြင်မတွေ့နိုင်တော့ပါ။

ခြေလှမ်းကျဲကြီးတွေနှင့် ခေါင်းငိုက်စိုက်ထားပြီး အချစ်ဆုံး ချစ်သူကို ကျောခိုင်းလမ်းခွဲရာ လမ်းတစ်လျှောက်မှာ သူနှင့်ဖူးအိတို့ အဖြစ်ကိုကြည့်ပြီး ကျိတ်၍မျက်ရည်ကျနေသည့် တော်ဝင်ကိုလည်း သူမတွေ့။

ထို့အတူ ဆေးရုံနံရံတစ်ခုကို ကျောမှီပြီး မျက်ရည်တွေ





တွေကျနေသည့် တော်ဝင်အဖြစ်ကို ရင်နင့်စွာ ငေးကြည့်နေသော နေဗလအချစ်ကိုလည်း တော်ဝင် မတွေ့မမြင်လိုက်ရှာပါ။

အပြင်မှာ မိုးတွေက သည်းထန်စွာရွာနေသလို ကိုယ်စီ ရင်ထဲက သောကမိုးတွေကလည်း သည်းထန်စွာ ရွာနေကြပါ သည်။

အချိန်မည်မျှကြာမည်မသိရသော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ချစ်တတ်သူတွေရင်ထဲ နှလုံးသားထဲမှာ အသစ် ဖြစ်ပေါ်လာမည့် အချစ်နက္ခတ်နှင့်ယှဉ်သော နေ့သစ်များဆီသို့ မျှော်လင့်စောင့်စားကြရဦးမည် ဖြစ်ပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်



www.burmeseclassic.com